ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ (၂) အမှတ် (၁၂)

ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အရေးတော်ပုံဂျာနယ်

အတွဲ (၂) အမှတ် (၁၂)

ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

စာတည်းအဖွဲ့အမှာ

ဒီမိုးဒီလေ-ဒီလူတွေနဲ့

(၁)

အုပ်စိုးသူတွေရဲ့ အကျပ်အတည်း

၂၀၁၈ ခုသြဂုတ်လက စပြီး စက်တင်ဘာ ပထမပတ်အထိ ဗမာပြည် အစိုးရ(စစ်တပ်+ ဒီချုပ်) အဖို့ကတော့ ဘေးကျပ်နံကျပ် အဖြစ်ဆုံးအချိန်ပဲ။ ကြီးကြီးမားမား ပြဿနာတွေကတော့ - ကုလလုံခြုံရေးကောင်စီ အချက်အလက် ရှာဖွေရေးအဖွဲ့ အစီရင်ခံစာ၊ ဖေ့စ်ဘွတ်လူမှုကွန်ရက်ရဲ့ အရေးယူမှု၊ ကုလ-အီးယူ- အမေရိကန်ရဲ့ သဘောထားဖော်ပြချက်တွေ၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စ အထွေထွေ၊ သဘာဝဘေးဒဏ်နဲ့ အစိုးရပယောဂကြောင့် ပြည်သူတွေ အငတ်ဘေးဆိုက် ဆူပူလာကြတာ၊ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေမှာ ပိတ်ဆို့ပုံကျပ်လာတဲ့ အစိုးရပေါ်လစီတွေကို ဆန့်ကျင်အုံကြွတဲ့ကိစ္စ .... စသဖြင့် ပြည်တွင်းပြည်ပ ဖိအားတွေက အုပ်စိုးသူတွေရဲ့ လည်ပင်းကို လာညှစ်နေကြပါပြီ၊ အလုပ်သမား၊ လယ်သမား မြို့နေဆင်းရဲသားတွေနဲ့ ကျောင်းသားတွေရဲ့ဆန္ဒပြမှုတွေ တနေ့ထက်တနေ့ပိုမိုများပြားလာနေပါတယ်။ သူတို့ အစမ်းသပ်ခံကြရတော့မယ်။

(၂)

ဖိအားပေးမှုတွေ

ပြည်ပ-ကုလသမဂ္ဂရဲ့ 'လွတ်လပ်သည့် အချက်အလက် ရှာဖွေရေးအဖွဲ့' တွေ့ရှိချက်တွေကနေ (၁) စစ်ခေါင်းဆောင်တွေကို လူမျိုးတုံးသတ်ဖြတ်မှုတွေအတွက် စွဲချက်တင်ဖို့ ဖော်ထုတ်လာပြီး (၂) ဒေါ်အောင် ဆန်းစုကြည်ကိုလည်း မတားဆီးရကောင်းလားဆိုပြီး အပြစ်တင်လိုက်တယ်။ ဆက်တိုက် လိုက်လာတာက ဖေ့စ်ဘွတ်လူမှုကွန်ရက်ကနေ စစ်ခေါင်းဆောင်အကြီးအကဲအပြင် စစ်ဗိုလ်ကြီးအချို့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွေဟာ လူ့အခွင့်အရေးကို တိုက်ရိုက် ချိုးဖောက်(သို့မဟုတ်) သွယ်ဝိုက်အားပေး ချိုးဖောက်တာတွေ လုပ်နေကြလို့ဆိုပြီး သူတို့ရဲ့အကောင့်တွေကို ပိတ်ပစ်လိုက်တာပဲ။ ဒီကိစ္စဟာ အမျိုးသားရင်ကြားစေ့ရေးကို ထိခိုက်နိုင်တယ်လို့ စစ်တပ်ဘက်က ပြောထွက်လာတယ်။ သက်ဆိုင်သူတွေ ရိပ်မိကြစေဆိုတဲ့သဘောလည်း ပြောပါတယ်။ ချက်ချင်းလိုပဲ ဒီချုပ်က 'ဒီကိစ္စ မိမိတို့နဲ့ မဆိုင်ဘူး'လို့ ဖြေရှင်းပါတယ်။

တကယ်က ရိုဟင်ဂျာ(သူတို့အသုံးအနှုန်း) ဆိုတဲ့လူတွေအပေါ် လူသားမဆန်တဲ့ပြစ်မှုတွေ ကျူးလွန်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်ဟာ လူ့အခွင့်အရေးအဖွဲ့ကြီး ၄ ဖွဲ့က နိုင်ငံတကာ ရာဇဝတ်ပြစ်မှုခုံရုံး(ICC) တင်ဖို့ ကုလသမဂ္ဂကို တောင်းဆိုနေ

ကြတာ မေလကတည်းက ဖြစ်တယ်။ သူတို့ထုတ်ပြန်ချက်တွေထဲမှာ နောက်ပိုင်းရောက်လေ - အသတ်ခံရသူ၊ ဒဏ်ရာရသူ၊ အဓမ္မကျင့်ခံရသူ အရေအတွက်ဟာ ပိုပိုများလေ ဖြစ်လာတယ်။ သူတို့ကွင်းဆင်းလေ့လာချက်တွေအရ မတူကွဲပြားတဲ့ အရေအတွက်တွေ ထုတ်ပြန်ပါတယ်။ ပြည်တွင်း - ရခိုင်ပြဿနာ ဖြေရှင်းရေးအတွက် ပြည်တွင်းပြည်ပ ဖွဲ့လိုက်ကြတဲ့ ကော်မတီတို့ မစ်ရှင်အဖွဲ့တို့ကလည်း 'လေ့ကြီးပေါ် လေ့ငယ်တင်' လိုက်ကြတာ မျက်စိနောက်လောက်အောင် ဖြစ်လာပြီ။ ပြည်ပကလာတဲ့ အဖွဲ့တွေကို စစ်အုပ်စုက မလိုလားဘူး။ သူတို့လည်ပင်း ကြိုးကွင်းစွပ်ဖို့လာတယ်ဆိုတာ သူတို့သိနေကြတယ်။ ပြည်တွင်းက ဖွဲ့ပေးတဲ့ (တည့်တည့်ပြောရရင် ဒေါ်အောင်ဆန်းစုကြည် ဖွဲ့ပေးတဲ့)အဖွဲ့ဆိုရင်လည်း သံသယနဲ့ ကြည့်တယ်။ ဥပမာ-'လွတ်လပ်သော စုံစမ်းရေးကော်မရှင်' ဆိုပါတော့ - သူတို့ကို ကာချုပ်က တွေ့ဆုံပြီး "ခင်ဗျားတို့ သမာသမတ် ရှိရမယ်၊ မြန်မာနိုင်ငံအပေါ် အပြစ်ရှာသည့်လုပ်ရပ်များ မလုပ်မိကြပါစေနဲ့" လို့ ဘေးဆီးရန်ကာ ပြောလွှတ်လိုက်တယ်။

(၃)

ဒီချုပ်နဲ့စစ်အုပ်စု

ဒီကာလမှာ စစ်အုပ်စု မိုးကြိုးပစ်ခံနေရတယ်။ ဟိုနေရာက ပစ်လိုက်၊ ဒီနေရာက ပစ်လိုက်ပဲ။ "အမေ ကယ်ပါ-အဘကယ်ပါ" အခြေအနေပဲ။

ဒီအထဲ 'ကြောက်ပါတယ်ဆိုမှ ဖြဲခြောက်ကြသူ' တွေက ရှိသေးတယ်။ ICC ပို့ရမယ်၊ အထူးခုံရုံးဖွဲ့ စစ်ဆေးနိုင်တယ်၊ စစ်တပ်တင်မက အစိုးရကိုလည်း ရိုက်ခတ်လိမ့်မယ်။ ပြည်ပ ထွက်ရင် အဖမ်းခံရမှာပဲဆိုတဲ့လုနှိုးချီတွေ ပေးလာတယ်။

ပေါက်တဲ့နဖူး မထူးတော့ဘူး ဆိုရမလားပဲ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က 'ပြည်ထောင်စု အစိုးရ' ကိုယ်စားပြုပြီး စစ်တပ်အပေါ် တင်လာတဲ့ စွဲချက်တွေကို ပယ်ချပေးနေရတယ်။ အခု အိုင်စီစီတရားသူကြီးအဖွဲ့က သူတို့မှာ "ရှိဟင်ဂျာ" (သူတို့အသုံးအနှုန်း)အရေး တရားစီရင်ပိုင်ခွင့်ရှိတယ်လို့ ကြေညာလိုက်တယ်။ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာ ကိုင်ထားတဲ့ နိုင်ငံကြီးတွေအနေနဲ့ ကိုယ်တွက်ကျန်အောင်ချည်း မလုပ်သင့်ကြဘဲ မီးဝိုင်းနေတဲ့နိုင်ငံငယ်လေးတွေ ဒုက္ခရောက်သွားမှာလည်း ထည့်တွက်သင့်ကြပါတယ်။ ဒါတောင် ဆက်တိုက်လို ဖိအားတွေအပေးခံနေရတဲ့ စစ်အုပ်စုဟာ မာန်မာနတွေ ကျကြသေးတာ မဟုတ်ကြောင်း တွေ့နေရတယ်။

လွှတ်တော်ထဲမှာ ၂၅ ရာခိုင်နှုန်းသော စစ်တပ်ကိုယ်စားလှယ် ဗိုလ်ချုပ်တယောက်က သူ့အလုပ်သူ လုပ်နေတဲ့ မီဒီယာသမားတယောက်ကို အသားလွတ်ဆဲဆို ကြိမ်းမောင်းတာ ရှိတယ်။ ငြိမ်းချမ်းရေးညီလာခံမှာ တာဝန်ယူနေတဲ့ ဒု ဗိုလ်ချုပ်ကြီးဟောင်းက အင်တာဗျူးလုပ်တဲ့ မီဒီယာအမျိုးသမီးကို "နားမလည်ဘူးလား၊ ငါဗမာလို ပြောနေတာ၊ အင်္ဂလိပ်လို ပြောရမှာလား"လို့ ဟောက်ခဲ့တယ်။ သူတို့ မာန်မကျကြပါဘူး။

ဒေါ်စုက '၂၁ ပင်လုံညီလာခံ' ကနေ ငြိမ်းချမ်းရေးလမ်းကြောင်း ဖွင့်ချင်တယ်။ ဒီနည်းနဲ့ အပြောင်းအလဲ လုပ်ရမယ်ထင်နေတယ်။ ဒါပေမဲ့ စစ်အုပ်စုက "၂၀၀၈ ခြေဥဖျက်ရေး"အထိ ဆွဲဆန့်လာတာကို ကြောက်နေတယ်။ အဲဒီအဆင့်ထိ ရောက်မလာအောင် တားထားဖို့လိုတယ်။ ဒါကြောင့် ဆွေးနွေးပြီး အဖြေရှာချင်တဲ့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် KIA ကို (၁) တို့တာဝန်အရေး သုံးပါးကို လက်ခံရမယ် (၂) ပြည်ထောင်စုက ခွဲမထွက်ဘူး ကတိပေးရမယ် (၃) လက်ရှိသွားနေတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်း (NCA, JMC, UPDJC စသည်) အတိုင်း အပြည့်အဝ သွားရမယ်။ လိုက်ပါရမယ်။ ဒီ ၃ ချက်ကို လက်ခံကျင့်သုံးမှ ဆွေးနွေးနိုင်မယ်လို့ ပွဲဖျက်စကားပြောပြီး ငြိမ်းချမ်းရေးတံခါးပိတ်ပစ်လိုက်တယ်။ နောက် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် ဘက်တွေမှာ ထိုးစစ်တွေဝင်၊ တိုက်ပွဲတွေ ဆက်တိုက်တယ်။ ကန့်ကွက်သံတွေ ထွက်လာတဲ့ အခါမှာ "သမ္မတက အခြေခံဥပဒေနဲ့အညီ အမိန့်ပေးရင် ထိုးစစ်တွေ ရပ်ပေးနိုင်တယ်"လို့ (စဉ်းစားစရာတွေ ဖြစ်အောင် ပြောပြန်တယ်။) ဘာသဘောလဲ စောကြောကြည့်သင့်ကြပါတယ်။

တကယ်က စစ်အုပ်စုဟာ ထရမ့်လိုပဲ ကုန်သည်အတွေးအခေါ်နဲ့ ကုန်သည်လုပ်ဟန် အပြည့်ရှိတယ်။ ရေနောက်ပြီး ငါးဖမ်းတယ်၊ ငါးမရရင် ရေချိုးပြန်မယ် ..... ဆိုတဲ့ လူစားမျိုးပဲ။ ထရမ့်ဆိုတဲ့လူက သူ့ဘက်ပါမလား၊ ငါ့ဘက်ပါမလား -

မေးတတ်တဲ့လူမျိုး မဟုတ်၊ စဉ်းစားချိန် မပေး၊ ငါပြောသလိုလုပ်ရမယ်၊ မလုပ်ရင် ဒုက္ခရောက်စေမယ်..... ဆိုတဲ့သူ။ ဘာထူးသလဲ။ စစ်အုပ်စုဟာ ကျန်တဲ့အဖွဲ့တွေ (လက်မှတ်ထိုးသူရော မထိုးသူပါ) ကိုလည်း ဒီအနစ်သာရအတိုင်း အကျပ်ကိုင်လိုက်နာစေတာတွေ ဆက်လုပ်နေတယ်။ ပြေလည်မှုအရှိဆုံးလို့ သတ်မှတ်ခြင်းခံရတဲ့ KNU သည်ပင် ကျောချမှ ဓားပြမှန်းသိပြီး သေနတ်ပြန်ဖောက်နေရတယ်။

စစ်တပ်လုပ်ချင်ရာ လုပ်ခဲ့လို့ ပေါ်လာတဲ့ ရိုက်တာသထင်းထောက် ၂ ဦး အမှုမှာ စစ်တပ်ဘက်က ရပ်တည်ခဲ့လို့ ဒေါ်အောင်ဆန်းစုကြည် သိက္ခာကျခဲ့ရပြီ။ ထောင်ချောက်ဆင်ဖမ်းခဲ့တဲ့ အမှုမှန်း ထင်ရှားပါလျက်၊ ကိုယ့်လူကိုယ် ကာကွယ်ခဲ့တာဟာ - တည်မြဲသန့်ရှင်းအကွဲ ရန်ကုန်ဘဆွေရဲ့ ရပ်တည်ချက်ကို သတိရစေ ပါတယ်။ "တည်မြဲတွေ မကောင်းတာ သိတယ်၊ ဒါပေမဲ့ သူတို့ဟာ ငါ့ရဲဘော်တွေဖြစ်လို့ သူတို့ဘက်ကပဲ ငါရပ်တည်မယ်" ....လို့ မီးဒုတ်သတင်းစာ ထုတ်ပြီး ရပ်ခံကာကွယ်ခဲ့တယ်။ အမှုစီရင်ချက် မချခင် တရားသူကြီးကို တပတ်လောက်ဖျားသွားစေတဲ့ ဒီအမှုရဲ့ဂယက်ဟာ ခုအထိ ရိုက်ခတ်နေဆဲပါ။

(၄)

နိဂုံး

ချုပ်လိုက်ရင် - စစ်အုပ်စု (ဟောင်း-သစ်) အကျိုးစီးပွားကို အကောင်အထည်ဖော်ပေးရတဲ့ အာဏာကိုင် ဗိုလ်ချုပ်တွေကတဖက်-စစ်အုပ်စုရဲ့ လောဘ ဒေါသ မောဟမီးတွေကို ပရိတ်ရွတ် ရေမန်းတိုက်ပြီး ငြိမ်းသတ်ချင်တဲ့ လစ်ဘရယ် သမားတွေကတဖက် ဖြစ်နေတဲ့ အစိုးရအဖွဲ့ထဲက လမ်းစဉ်တိုက်ပွဲဟာ ဆက်တည်ရှိ နေပါတယ်။ ဒါပေမဲ့ တချိန်တည်းမှာ အပြန်အလှန် အမှီသဟဲ ပြုနေကြတယ်။

၂၀၀၈ ခြေဥကို အသိအမှတ်ပြုထားမိတဲ့ ဒီချုပ်ဟာ ကာချုပ်ရဲ့ လုပ်ပိုင်ခွင့်ကို သတိထားနေရတော့ လက်ရှိက လက်မဲ့အဖြစ်မခံနိုင်ဘူး၊ ရှန်းမထွက် နိုင်တဲ့ မြွှးထဲက ငါးပဲ။

တခါ နိုင်ငံတကာရာဇဝတ်ကောင်တွေ ဖြစ်နေတဲ့ စစ်အုပ်စုမှာလည်း ဒီချုပ်မရှိရင် မဖြစ်ဘူး။ ဒါကြောင့် တတွဲတည်း ချည်နှောင်ထားရတယ်။ ကြားထဲက ထွေးခါးနာဖြစ်နေတဲ့ ပြည်သူတွေအဖို့တော့ သူတို့ချင်း ရင်ကြားစေ့နေတာကို မခံနိုင်တော့တဲ့အခြေအနေ ဖြစ်နေပြီ။ ငတ်လည်း ငတ်နေကြပြီ။ သေလည်း သေနေကြရပြီ။ ပြေးလည်း ပြေးနေရပြီ။ ဒုက္ခသည်တွေ တိုးပြီးရင်းတိုးလာနေပြီ။ တာဝန်ရှိအစိုးရ ဘာလုပ်ပေးသလဲ။ ဒုက္ခသည်တွေ တိုးသထက်တိုးအောင်ပဲ လုပ်ပေးနေကြတယ်။

ဒီတော့ လျှောက်ရမယ့်လမ်းက ရှေ့မှာ ၂ လမ်းပဲ ရှိတယ်။ တခုက တော်လှန်တဲ့လမ်း-နောက်တခုက ဒီအတိုင်းပဲ ခေါင်းငုံ့ခံနေရမယ့် သိက္ခာမဲ့လမ်း- ဂုဏ်ရောင်ပြောင်ပြောင်နဲ့ ပြည်သူတွေ အဆုံးအဖြတ်ပေး မယ့်အချိန် မဝေးတော့ဘူးလို့ ကျွန်တော်တို့က ယုံတယ်။

စာတည်းအဖွဲ့
(၆၊ ၉၊ ၂၀၁၈)

ဒီတိုင်းပြည်၊ ဒီပြည်သူနဲ့ဒီဒီမိုကရေစီ

ရဲဘော်ဖိုးသံချောင်း

အခုတလောဗမာပြည်ရဲ့အကြောင်းပြောလေတိုင်း ဒီမိုကရေစီအစိုးရ၊ ဒီမိုကရေစီအခွင့်အရေး၊ ဒီမိုကရေစီအပြောင်းအလဲ စတဲ့စကားတွေ ထိပ်တန်းကပါနေပါတယ်။ ဒီနေ့အခါ ဒီနိုင်ငံမှာ ဒီမိုကရေစီအခွင့်အရေးတွေကို တကယ်ခံစားနေရပြီလား၊ ဘယ်လောက်ခံစားနေကြရသလဲ စတဲ့အကြောင်းတွေလည်း သဘာဝကျစွာပြောဆိုငြင်းခုံနေကြပါတယ်။ ပြည်ပမှာလည်း ပြောကြ၊ ပြည်တွင်းမှာလည်းပြောကြနဲ့ ပြဿနာကြီးတခုလိုကို ဖြစ်နေတာပါ။ ဘာကိစ္စ၊ ဘာပြဿနာပဲပြောပြော ဒီအကြောင်းအရာကိုပဲ ထိပ်တန်းတင်တင်လာကြတာတွေ့ရပါတယ်။ လူသတ်မှုတွေပြောမလား၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ပြောမလား၊ ငြိမ်းချမ်းရေးအကြောင်းပြောမလား၊ ကဗျာရွတ်ပွဲကိစ္စပြောမလား၊ ဘာကိစ္စ၊ ဘာအကြောင်းပြောပြော နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်ရတယ်ဆိုတာလိုဖြစ်နေပါတယ်။ ရွေးကောက်ပွဲမှာမဲရဖို့အတွက်လည်း ဒီအကြောင်းပဲပြော၊ ကိုယ့်အာဏာကိုထိန်းသိမ်းကာကွယ်ဖို့လည်း ဒီဟာနဲ့အကာအကွယ်ယူ၊ ဒီအကြောင်းဟာ တကယ့်ကို ပွဲတိုင်းကျော်ဖြစ်နေပါတယ်။

ဒါကြောင့် ဒါတွေနဲ့ပတ်သက်ပြီး ကိုယ်စဉ်းစားမိတာလေးတွေ ရေးကြည့်မိပါတယ်။ ဒီနေ့ဗမာပြည်မှာ ဒီမိုကရေစီ မရှိတာမဟုတ်ပါဘူး၊ ရှိပါတယ်။ ရှိတာမှရာခိုင်နှုန်း ၁၀၀၊ ၁၀၀ကျော် ခံစားနေရသူတွေတောင် ရှိပါတယ်။ ဒီမိုကရေစီရဲ့ အဓိက ပြဿနာဟာ ဘယ်သူတွေမှာဒီမိုကရေစီရှိပြီး ဘယ်သူတွေမှာဒီမိုကရေစီမရှိဘူးလဲဆိုတာဖြစ်ပါတယ်။ ဒီမိုကရေစီ ခံစားရမှု အနည်းအများပြဿနာဖြစ်ပါတယ်။

ဒါ ဒီမိုကရေစီဆိုတာကြီးက မျက်နှာလိုက်၊ ဘက်လိုက်လို့မဟုတ်ပါဘူး။ တိုင်းပြည်အာဏာကို ချုပ်ကိုင်ထားသူတွေက မျက်နှာလိုက်၊ ဘက်လိုက်လို့ ဖြစ်ပါတယ်။ လူတန်းစားတွေ၊ လူ့အလွှာတွေ ကွဲပြားနေတဲ့လူ့အဖွဲ့အစည်း (တိုင်းပြည်တွေအပါအဝင်)တခုမှာ ဒီမိုကရေစီကို ဘယ်သူတွေ၊ ဘယ်လူတန်းစားတွေ၊ ဘယ်အုပ်စုတွေက ဘယ်လောက်ခံစားစေဆိုတာကို အဲဒီကာလမှာ အုပ်စိုးနေတဲ့၊ အာဏာရှိသူတွေက ဆုံးဖြတ်ပါတယ်။ သူတို့ရဲ့ အုပ်စိုးတဲ့စနစ်က ပြဋ္ဌာန်းပါတယ်။ ကျွန်တော်တို့ မမေ့သင့်တာက လူတန်းစားကွဲပြားနေတဲ့ လူ့အဖွဲ့အစည်းတခုမှာ နိုင်ငံရေးအခွင့်အရေးခံစားရခြင်းနဲ့ အရင်းအနှီးပိုင်ဆိုင်မှုဟာ တိုက်ရိုက်ဆက်စပ်နေတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီနေ့ လက်ရှိဗမာနိုင်ငံလို တိုင်းပြည်တွေမှာ ဥစ္စာဓနအချမ်းသာဆုံးလူတွေဟာ ဒီမိုကရေစီအခွင့်အရေး အခံစားရဆုံးဆိုရင် မမှားပါဘူး။ အာဏာရလို့ချမ်းသာ-ချမ်းသာလို့ အာဏာရဆိုတဲ့ တရားအတိုင်းပါ။ ဒါနဲ့တဆက်တည်း ဆက်ဖြည့်လိုက်ချင်တာက အဲဒီချမ်းသာကြွယ်ဝမှုကြောင့်ပဲ အာဏာကို အသေဖက်တွယ်ထားကြတာလည်းဖြစ်ပါတယ်။ တနည်းပြောရရင် အဲဒီချမ်းသာကြွယ်ဝမှုတွေအတွက် သူများ

တွေနဲ့ ဒီမိုကရေစီကို ဝေမျှမခံစားနိုင်ကြတာဖြစ်ပါတယ်။ ဒီကနေ နိဂုံးချုပ်လို့ရတာက ဒီမိုကရေစီခံစားရမှု ပြဿနာဟာ လူတန်းစားပြဿနာဖြစ်တယ် ဆိုတာပါ။

ဒီမှာရှင်းသွားတာက ဒီမိုကရေစီဆိုတာမရှိတာမဟုတ်၊ လူတချို့က မောင်ပိုင်စီးထား၊ လက်ဝါးကြီးအုပ်ထားခြင်း ခံရတာသာ ဖြစ်တယ်ဆိုတာပါ။ တရုတ်စကားပုံတခုမှာညွှန်းတဲ့ "အရာရှိမင်းကျတော့ ရွာတွေကို မီးတိုက်ခွင့်ရှိပြီး ရွာသားတွေကျတော့ မီးခွက်လေးတောင်ထွန်းခွင့်မရှိဘူး" ဆိုတာလို ဒီနိုင်ငံမှာ တချို့လူတွေဟာ လေယာဉ်ပျံကွင်းက လူမြင်ကွင်းထဲ၊ စီစီတီဗီကင်မရာအောက်မှာ အစီအစဉ်တကျ လူသတ်ခွင့်ရှိပြီး ဆင်းရဲသားတွေကျတော့ ကိုယ့်ဘိုးဘွားပိုင်မြေလေး လုသွားတာတောင် ပြန်တောင်းခွင့် မရှိတာတွေ ဖြစ်ပေါ်နေပါတယ်။

ဗမာပြည်မှာ ဒီမိုကရေစီကို ဘယ်သူတွေ၊ ဘယ်ရွေ့ဘယ်မျှ ခံစားခွင့်ရှိစေဆိုတာကိုဆုံးဖြတ်တာဟာ အုပ်စိုးသူတွေလို့ အထက်မှာရေးခဲ့တော့ အဲဒီအုပ်စိုးသူကဘယ်သူတွေလဲလို့ မေးစရာဖြစ်လာပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ တိုင်းပြည်ကိုအုပ်စိုးမယ့်လူတွေကို ရွေးချယ်တင်မြှောက်တာမဟုတ်ဘူးလားလို့ မေးကောင်းမေးလာနိုင်ပါတယ်။ ဒါဆိုရင် ကျွန်တော်ကလည်း အခုအခါ ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ ဒီချုပ်ကိုယ်တိုင် ရွေးကောက်ပွဲတုန်းက သူတို့ကတိပေး မဲတောင်းခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်သူ့ဘဝ တိုးတက်ရေး စတာတွေကို ဘယ်လောက် လုပ်ခွင့်ရနေပြီလဲ၊ ဘာတခုများ အကောင်အထည်ဖော်နိုင်ပြီလဲလို့၊ သူတို့တွေ မဲတော့ရပါရဲ့ အာဏာမရဘူးဆိုတာ ရှင်းနေပါတယ်။ အထက်မှာပြောခဲ့တဲ့ အာဏာရှိသူတွေလို ဒီချုပ်အစိုးရအနေနဲ့ ဒီမိုကရေစီကို ဘယ်သူတွေ ဘယ်လောက်ခံစားခွင့်ရှိစေရမယ်လို့ ဆုံးဖြတ်ခန့်ခွဲခွင့်ရှိနေပါသလား။ ဒါမှမဟုတ် သူတို့ကိုယ်တိုင် သူများခန့်ခွဲပေးတဲ့ ဒီမိုကရေစီကိုခံစားနေရတာလား။

တိုင်းပြည်တပြည်မှာ၊ ဒါမှမဟုတ် အစိုးရတရပ်က ဘယ်လိုနိုင်ငံရေးစနစ်ကျင့်သုံးနေတယ်ဆိုတာကို ဒီမိုကရေစီ အခွင့်အရေးခံစားရမှုအပေါ်ကနေ သတ်မှတ်ပြောဆိုလေ့ရှိကြပါတယ်။ အစိုးရ ဝါဒဖြန့်ချိရေးယန္တရားတွေက ဘာတွေ၊ ဘယ်လောက်ကြီးပြောနေနေ ဘယ်သူတွေ ဒီမိုကရေစီခံစားရပြီး ဘယ်သူတွေ ဒီမိုကရေစီနဲ့ဝေးနေတယ်ဆိုတာကို သတိပြုကြည့်ရပါမယ်။

တကယ်ကျတော့ နိုင်ငံတော်/အစိုးရဆိုတာဘာလဲ။ လူတွေရဲ့စိတ်ထဲရင်ထဲမှာ နားလည်ယူဆထားတာက ဘာကြီးပဲဖြစ်ပစေ၊ လက်တွေ့မြင်ရမှာက နိုင်ငံတော်/အစိုးရဆိုတာဟာ ပုလိပ်(ပြည်ထဲရေးဝန်ကြီးလက်အောက်)၊ စစ်တပ်(ကာကွယ်ရေးဝန်ကြီးလက်အောက်)၊ ရုံးနဲ့ထောင် (ပြည်ထဲရေးဝန်ကြီးလက်အောက်)စတာတွေဖြစ်ပါတယ်။ အခု အဲဒီဝန်ကြီးဌာနတွေဟာ ဘယ်သူ့လက်ထဲမှာလဲ။ ဝန်ကြီးဌာနတိုင်းလိုလိုမှာ စစ်ဗိုလ်နဲ့စစ်ဗိုလ်ထွက်တွေက နေရာကောင်းတွေကို ယူထားကြတယ် မဟုတ်ဘူးလား။ ဒါတွေအပြင် ဗမာနိုင်ငံရဲ့ထူးခြားချက်အနေနဲ့ အချိန်မရွေး အာဏာသိမ်းနိုင်တယ်ဆိုတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကြီးကိုရော၊ ထည့်မပြောကြတော့ဘူးလား။ စစ်အုပ်စုက အပြည့်အဝ ခံစားနေရပြီး ပြည်သူတွေမှာတော့ စစ်အုပ်စုထိပ်သီးတွေက ပေးကမ်းတာလောက်ပဲ ခံစားရတဲ့ဒီမိုကရေစီ။ ဒီအပေါ်မှာ စိတ်ကူးမယဉ်ကြသင့်ပါဘူး။

ဗမာပြည်သမိုင်းကနေ တကမ္ဘာလုံးကရလိုက်တဲ့ သင်ခန်းစာတခုဟာ ဒီမိုကရေစီအခွင့်အရေးတွေ ပိတ်ပင်ရုပ်သိမ်းမှုကနေ ပြည်တွင်းစစ်တွေဖြစ်တတ်တယ်၊ မပြီးနိုင်မဆုံးနိုင်ဖြစ်နေတတ်တယ်ဆိုတာပါပဲ။ ဒီ့အပြင် ဒီဒီမိုကရေစီပြဿနာကိုမဖြေရှင်းဘဲ ပြည်တွင်းစစ်ပြဿနာကိုလည်း မဖြေရှင်းနိုင်ဘူးဆိုတာ ဖြစ်ပါတယ်။

ရဲဘော်ဖိုးသံချောင်း



၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းမှ

ဒီမိုကရေစီလမ်းစပွင့်မယ်။

စောအယ်ထူး

• ခေတ်သစ်ဗမာပြည်ရဲ့ နိုင်ငံရေးသမိုင်းဟာ နယ်ချဲ့ကိုလိုနီ ကျွန်ပြုတဲ့စနစ်ကို ဆန့်ကျင်တဲ့တိုက်ပွဲက စတင်ခဲ့ပါတယ်။ ဒီအချိန်မှာ ကမ္ဘာပေါ်မှာ လွှမ်းမိုးနေတာ အရင်းရှင်နယ်ချဲ့စနစ်ဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၁၇ ခုနှစ် ရုရှားနိုင်ငံမှာ မဟာ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကြီး အောင်ပွဲခံပြီးတဲ့နောက် ဆိုရှယ်လစ်စနစ်ဟာ လက်တွေ့ အကောင်အထည်ပေါ်တဲ့ စနစ်တခု ဖြစ်လာပါတယ်။ ဒါကြောင့် အဲဒီအချိန်ကစပြီး ကမ္ဘာပေါ်မှာ အရင်းရှင်စနစ်နဲ့ဆိုရှယ်လစ်ဟာ အတူတည်ရှိတဲ့ စနစ်နှစ်ခုဖြစ်လာပါတယ်။ ဒါပေမဲ့ အရင်းရှင်နယ်ချဲ့စနစ်ဟာ လွှမ်းမိုးတဲ့အဆင့်နေရာမှာ ကနေ့အထိ ရှိမြဲရှိနေပါသေး တယ်။ ဆိုရှယ်လစ်စနစ်ကလည်း အရင်းရှင်စနစ်ကိုအစားထိုးဖို့ လုံးပန်းနေရဆဲပဲ ရှိပါတယ်။ ဗမာပြည် ခေတ်သစ်နိုင်ငံရေး ဟာ ဒီကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်းကြီးထဲမှာ ကူးခတ်ရုန်းကန်နေရတာပါ။ ဒီလို တိုက်ပွဲဆင် ရုန်းကန်လာခဲ့ရာမှ ၁၉၃၈ ခု နှစ်ကို ရောက်တဲ့အခါမှာ ၁၃၀၀ ပြည့်အရေးတော်ပုံလို့ ကျော်ကြားတဲ့ လူထုအုံကြွမှု တိုက်ပွဲကာလကို ရောက်လာတယ်။ ဒီအုံကြွတိုက်ပွဲဝင်မှုဟာ လူတန်းစားအသီးသီးပါဝင်တဲ့ တမျိုးသားလုံးအုံကြွတိုက်ပွဲဝင်တဲ့ အရေးတော်ပုံကြီးလည်း ဖြစ်ပါတယ်။ ဒီအရေးတော်ပုံကနေ ဗမာပြည်လူမျိုးစုံ ပြည်သူလူထုကြီးတရပ်လုံး ရရှိလိုက်တဲ့ အကျိုးရလဒ် နှစ်ခု ရှိပါတယ်။ ပထမ တခုကတော့ ဗမာပြည်နိုင်ငံရေးလမ်းကြောင်းဟာ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး ဆိုတာကို မြင်တွေ့ရရှိလိုက်တာပဲ ဖြစ်တယ်။ ဒုတိယတခုကတော့ ၁၉၃၉ ဩဂုတ်လ ၁၅ ရက်နေ့မှာ ဖွဲ့စည်းလိုက်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီပဲဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ စတင်ပေါက်ဖွားလာကတည်းက ၁၃၀၀ ပြည့်အရေးတော်ပုံက ညွှန်ပြလိုက်တဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဆိုတဲ့ လမ်းကြောင်းအတိုင်း မမိုတ်မသုန် လျှောက်လှမ်းလာခဲ့တာ ကနေ့အထိပဲ။ လွတ်လပ်ရေးတိုက်ပွဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ တခြားနိုင်ငံရေးအင်အားစုတွေနဲ့ အတူ လက်တွဲပြီးတိုက်ပွဲဝင်ခဲ့တယ်။ ဒါကြောင့် ဖက်ဆစ်ဂျပန်ကိုလည်း အောင်မြင်စွာတော်လှန်နိုင်ခဲ့ပြီး လွတ်လပ်ရေးအောင်ပွဲလည်း ရရှိခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတာနဲ့တပြိုင်နက်တည်း ဗမာပြည်ရဲ့လက္ခဏာဟာလည်း ပြောင်းလဲသွားပါတယ်။ ဗမာပြည်ဟာ နိုင်ငံရေး အရလွတ်လပ်ပေမယ့် စီးပွားရေးအရမလွတ်မြောက်သေးတာကြောင့် ဗမာပြည်ရဲ့လက္ခဏာဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လက္ခဏာ ဖြစ်သွားပါတယ်။ ဒီလိုဖြစ်သွားတာဟာလည်း လွတ်လပ်ရေးရပြီးတဲ့နောက် အုပ်စိုးသူလူတန်းစားက ဒီမိုကရေစီဟောင်းလမ်းကြောင်းကိုလျှောက်ဖို့ ရွေးချယ်ခဲ့တာကြောင့် ဖြစ်တယ်။ ဒီမိုကရေစီဟောင်းလမ်းကြောင်းဟာ ဓနရှင် ဒီမိုကရေစီဖြစ်တယ်။ တနည်းအားဖြင့် လစ်ဘရယ်ဒီမိုကရေစီလို့လည်း ခေါ်တယ်။ ဒီ ဒီမိုကရေစီဟာ ပြည်သူတရပ်လုံး ဒီမိုကရေစီ အခွင့်အရေးမရရှိနိုင်ဘဲ အုပ်စိုးသူဓနရှင်လူတန်းစားကသာ ဒီမိုကရေစီအခွင့်အရေးရရှိနိုင်တယ်။ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူတရပ်လုံး ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိစေနိုင်တဲ့ ဒီမိုကရေစီသစ် (ဝါ) ပြည်သူ့ ဒီ

မိုကရေစီလမ်းကြောင်းကို တင်ပြခဲ့တာပဲ။ ပြည်သူ့ဒီမိုကရေစီဆိုတာ အလုပ်သမားလူတန်းစား၊ လယ်သမားလူတန်းစား၊ ဓနရှင်ပေါက်စလူတန်းစားနဲ့ အမျိုးသားဓနရှင်လူတန်းစား (တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ ဓနရှင်လူတန်းစား) တို့ရဲ့ ဒီမိုကရေစီကို ဆိုလိုတာဖြစ်တယ်။ ဒီလူတန်းစား (၄) ရပ်ကို ပြည်သူလို့ခေါ်တယ်။ ဒီအထဲမှာ အာဏာရ လက်ဝေခံဗျူရိုကရက် ဓနရှင်လူတန်းစား (ယနေ့အခေါ် စစ်ခရိုနီ) မပါဘူး၊ ဒီလူတန်းစား (၄) ရပ် ပြည်သူထဲမှာ လူမျိုးပေါင်းစုံပါဝင်ပြီးသားဖြစ်တယ်။

ဖဆပလ အစိုးရဟာ အုပ်စိုးသူ ဗျူရိုကရက်ဓနရှင်လူတန်းစားကို ကိုယ်စားပြုပါတယ်။ ဖဆပလ အစိုးရတင်ပြတဲ့ ဒီမိုကရေစီဟောင်းလမ်းကြောင်း(ဓနရှင်ပါလီမန်ဒီမိုကရေစီ)နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကတင်ပြတဲ့ ဒီမိုကရေစီသစ်လမ်းကြောင်း(ပြည်သူ့ဒီမိုကရေစီလမ်းကြောင်း)ပြဿနာကို ဒီမိုကရေစီနည်းကျကျ ဖြေရှင်းမယ်ဆိုရင် ပြည်တွင်းစစ်ဖြစ်စရာအကြောင်းမရှိပါ။ ဖဆပလအစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် သူနဲ့အမြင်မတူတဲ့ အင်အားစုတွေကို လက်ဦးမှုယူပြီး တဖက်သတ် အကြမ်းဖက်ဖိနှိပ်ချုပ်ချယ်လိုက်တာကြောင့်ပြည်တွင်းစစ်မီးဟာ အရှိန်အဟုန်နဲ့တောက်လောင်ပြီး ကနေ့အထိမငြိမ်းမချမ်းဖြစ်နေတာဖြစ်ပါတယ်။

အုပ်စိုးသူလူတန်းစားဟာ ဂိုဏ်းအသီးသီးကွဲကြပြီး အာဏာလုကြတဲ့ဖြစ်စဉ်ဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်ရောက်တဲ့အခါမှာ ဂိုဏ်း(၃)ဂိုဏ်း သိသိသာသာကွဲပါတယ်။ တည်မြဲ ဖဆပလ၊ သန့်ရှင်းဖဆပလနဲ့ စစ်အုပ်စုဆိုတဲ့ ဂိုဏ်းတွေက သိသာထင်ရှားပါတယ်။ ၁၉၆၂ ခုနှစ် ရောက်တဲ့အခါမှာ စစ်အုပ်စုဂိုဏ်းဟာ အာဏာအမိအရဆုပ်ကိုင်လိုက်နိုင်ပြီး ကျန်တဲ့ဂိုဏ်းအားလုံးကို ရပ်တည်ခွင့် မပေးတော့ပါ။ အဲ့ဒီအချိန်ကစပြီး ဗမာပြည်ဟာစစ်အာဏာရှင်စနစ်အောက် လုံးဝကျဆင်းသွားပြီး ဓနရှင်ဒီမိုကရေစီဆိုတဲ့ ပါလီမန်ဒီမိုကရေစီလို့လည်းခေါ်တဲ့ လစ်ဘရယ်ဒီမိုကရေစီဟာ ဆိတ်သုဉ်းသွားခဲ့တာ ကနေ့အထိပဲ။ ပြည်တွင်းစစ်ဟာလည်း ရေရှည်သည်ထက်ရေရှည်လာတာ ကနေ့အထိပဲ။

စစ်အာဏာရှင်စနစ်အောက်မှာ မဆလဆိုတဲ့ ဆိုရှယ်လစ်အတုနဲ့ လိမ်ညာခဲ့ပေမယ့် တော်လှန်တဲ့လူထုကြီးကို လိမ်ညာမှိုင်းတိုက်လို့ မရနိုင်ဘူးဆိုတာ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအုံကြွမှုကြီးက သက်သေထူလိုက်တယ်။ ဒါကြောင့် မဆလ တပါတီအာဏာရှင်စနစ် ချုပ်ငြိမ်းသွားတယ်။ ဒါပေမဲ့ စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကို မဖျက်သိမ်းနိုင်ခဲ့ပါ။ ဒါကြောင့် စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကို ပြောင်ပြောင်ပဲ ထိန်းသိမ်းတဲ့ နဝတ၊ နအဖ ဆိုတဲ့ပုံစံနဲ့ စစ်အုပ်စုက ဆက်ပြီး စခန်းသွားခဲ့တယ်။ နဝတ၊ နအဖ က အမျိုးသားညီလာခံဆိုတဲ့ ဇာတ်မျောကြီးကိုခင်းပြီး ဒီမိုကရေစီစကား ပြောလာတယ်။ ၂၀၀၈ အခြေခံဥပဒေကို မရမက ရအောင်ချမှတ်တယ်။ ဒီနည်းနဲ့ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို အပြီးပယ်ဖျက်လိုက်တယ်။ ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပပြီး စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို ကိုယ်ရောင်ဖျောက်လိုက်တယ်။ ဦး(ဗိုလ်)သိန်းစိန်ရဲ့ ကြံ့ဖွံ့အစိုးရတက်လာပြီး ဒီမိုကရေစီကိုဖော်ဆောင်ပါပြီလို့ ကြွေးကြော်လိုက်တယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ် အစိုးရဖွဲ့လာနိုင်တယ်။ ၂၀၀၈ အခြေခံဥပဒေအရ ဖက်စပ်အစိုးရပဲဖြစ်လာတယ်။ အရပ်သားကိုယ်စားလှယ်နဲ့ စစ်အုပ်စုကိုယ်စားလှယ်တို့ ဖက်စပ်အစိုးရတရပ် ထူထောင်ပြီး တိုင်းပြည်ကိုအုပ်ချုပ်နေပါတယ်။ ဒီမိုကရေစီကတော့ အရိပ်အယောင်တောင် မမြင်ရသေးပါ။

ယေဘုယျဒီမိုကရေစီတောင် အပြည့်အဝ မရသေးပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာလည်း အုပ်စိုးသူဘက်က တကယ်တမ်း စေ့စပ်ပြေငြိမ်းလိုတဲ့သဘောထား မရှိခဲ့တော့ လက်နက်ချတာပဲအဖတ်တင်ပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးက ဘယ်တုန်းကမှ မရရှိခဲ့ပါ။ ၁၉၄၈ ခုနှစ်ပြည်တွင်းစစ်စကတည်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာ၊ ကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်တင်ပြလုံးပန်းချက်ကို အုပ်စိုးသူအဆက်ဆက်က ငြင်းဆန်ခဲ့တယ်။ အဲ့ဒီတုန်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်း အမှူးပြုတဲ့ ငြိမ်းချမ်းရေးကြိုးပမ်းချက်ကြောင့် လက်ဝဲညီညွတ်ရေး မူ (၁၅)ချက် ပေါ်လာခဲ့တယ်။ အဲ့ဒီမူဟာ ငြိမ်းချမ်းရေးရဖို့ အတော်နီးစပ်ပါတယ်။ ဒါပေမဲ့ လိပ်-ကန် အနောက်အုပ်စုက ဗမာပြည်နီသွားပြီ ဆိုပြီး ကွန်မြူနစ်တစ္ဆေ အခြောက်ခံရလိုက်တဲ့အခါ ဦးနုကိုယ်တိုင်ပဲ နုမူ (၁၄) ချက်ဆိုပြီးလုပ်ပစ်လိုက်တယ်။ ဦးနုပယ်ဖျက်လိုက်တဲ့ မူတချက်ကတော့ မာက်စ်ဝါဒကို လွတ်လွတ်လပ်လပ်လေ့လာနိုင်ပြီး မာက်စ်ဝါဒအသင်းအပင်း ဖွဲ့စည်းခွင့်ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို တရားဝင် ရပ်တည်ခွင့်ပြုဖို့ဖြစ်ပါတယ်။ မူလ ၁၅ ချက်ကို ရဲဘော်မူလို့ခေါ်တယ် (ပြည်သူ့ရဲဘော်က ဆက်လက် ကိုင်စွဲထား

လို့ပါ)။ ဒီလိုနဲ့ နမူ(၁၄ ချက်) နဲ့ ရဲဘော်မူ (၁၅ ချက်) အပြိုင်ဖြစ်လာပါတယ်၊ ၁၉၅၈ ခုနှစ်မှာ ဒီမိုကရေစီနဲ့ လက်နက် လဲမယ်ဆိုပြီး ငြိမ်းချမ်းရေးကြိုးပမ်းမှုတခု လုပ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့ လက်နက်ချပါတယ်။ လက်နက်ချတာသာ အဖတ်တင်ပြီး ငြိမ်းချမ်းရေးမရရှိပါ။ လက်နက်ချတဲ့အဖွဲ့အစည်းအားလုံး လုံးပါးပါးပြီး တိမ်ကောပပျောက်သွားပါတယ်။

၁၉၆၃ ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အုပ်စုက ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ ခေါ်ပါတယ်။ စစ်ရေးအရ လက်ဦးမှုယူလုပ်တဲ့ ဆွေးနွေးပွဲဖြစ်တော့ မအောင်မြင်ပါဘူး။ ဆွေးနွေးပွဲအောင်မြင်ပါတယ်ဆိုတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာ နှစ်အနည်းငယ်အတွင်းမှာ တိမ်ကောပပျောက်သွားပါတယ်။ သခင်စိုးနဲ့သူ့ရဲ့ အလံနီပါတီဟာ အဲ့ဒီဆွေးနွေးပွဲရဲ့ရလဒ်ဒဏ်ကို ခံစားသွားရပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ နိုင်ငံရေးအရ တောက်တောက်ပြောင်ပြောင် ခေါင်းဆောင်မှုပေးခဲ့တဲ့ ခေါင်းဆောင်တယောက်ဟာ ဗိုလ်နေဝင်းစစ်အာဏာရှင်စနစ်အောက်မှာ နိုင်ငံရေးအရ မရှုမလှ သေဆုံးပျက်ပြုန်းသွားတာပဲ အဖတ်တင်ခဲ့တယ်။ ပြည်တွင်းစစ်မီးကတော့ တောက်လောင်ဆဲပါ။

နဝတ၊ နအဖ လက်ထက်မှာလုပ်တဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ဟာ ဗကပ မှ ပုန်ကန်ခွဲထွက်လာတဲ့ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများကို စီးပွားရေးအခွင့်အရေး ပေးပြီး (နိုင်ငံရေးမဆွေးနွေး) စစ်အုပ်စု ယာယီထွက်ပေါက်ရရေးအတွက် ဆွဲဆောင်သိမ်းသွင်းထားတဲ့ ငြိမ်းချမ်းရေးပဲဖြစ်တယ်၊ လက်နက်ကိုင်အဖွဲ့အစည်း တခုနဲ့တခု မဆက်ဆံနိုင်အောင်လုပ်ထားပြီး စစ်အစိုးရနဲ့သာ အပစ်အခတ်ရပ်စဲပြီး စစ်အစိုးရနဲ့သာ ဆက်ဆံရေးလုပ်ရတာဖြစ်တယ်။ ဒီ့အပြင် စစ်အစိုးရက လက်နက်ကိုင်အဖွဲ့အစည်းတွေကို ထိုးခွဲပြီး ကွဲထွက်သွားတဲ့အစုတွေကို သီးခြားအဖွဲ့အစည်းတွေအဖြစ် အသိအမှတ်ပြုလိုက်ပါတယ်။ သီးခြားစီခွဲပြီး အပစ်အခတ်ရပ်စဲရေး လုပ်ပါတယ်။ ဒီနည်းနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ မှီလိုပေါက်အောင်လုပ်လိုက်တယ်။ ဘယ်အဖွဲ့အစည်းမှ စစ်အစိုးရကို မလှန်နိုင်အောင်လုပ်ထားတဲ့ ငြိမ်းချမ်းရေးပါ။ စစ်အုပ်စုက အပေါ်စီးယူတဲ့ ငြိမ်းချမ်းရေးပါ။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေမှာ လွတ်လပ်စွာ လူထုစည်းရုံးခွင့်မရှိ၊ ဘဏ္ဍာငွေစုဆောင်းခွင့်၊ လူသစ်စုဆောင်း လေ့ကျင့်ခွင့်မရှိဘဲ လုပ်ထားပါတယ်။ ဒါ့အပြင် နယ်ခြားစောင့်တပ် ဖွဲ့ရေးဆိုတဲ့နည်းနဲ့ လက်နက်ကိုင်တပ်ဖျက်သိမ်းရေး လုပ်လာပြန်ပါတယ်။ ဒီနည်းနဲ့ အဖွဲ့အစည်းတွေ လုံးပါးပါးအောင် လုပ်နေပြန်ပါတယ်။ ဦး(ဗိုလ်)သိန်းစိန် အမှူးပြုတဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရလဒ်ဖြစ်တဲ့ NCA သဘောတူညီချက်စာချုပ်မှာလည်း ကာချုပ်မူ (၆) ချက်နဲ့ ထိန်းထားလိုက်တော့ လက်နက်ချရေးကိုပဲ ဦးတည်နေတာပါပဲ။ အားလုံးညီညီညွတ်ညွတ်နဲ့ ကျေကျေနပ်နပ်ဖြစ်ကြရင် ငြိမ်းချမ်းရေးဟာ တကယ်တည်ရှိလာမှာဖြစ်ပြီး၊ ငြိမ်းချမ်းရေး တကယ်တည်ရှိလာရင် ဒီလက်နက်ကို ဘယ်သူမှကိုင်တော့မှာမဟုတ်တာကို ဘယ်သူမဆို သိနေကြတာပဲ။ ဒီလိုသိနေရက်နဲ့ အုပ်စိုးသူအဆက်ဆက်က ဘာကြောင့် လက်နက်ချရေးကို အဆောတလျင် လုပ်ချင်နေရတာလဲ။ ရှင်းပါတယ်။ နိုင်ငံရေး၊စစ်ရေးလက်ဦးမှု ယူချင်လို့ပါ။

၂၀၁၅ ရွေးကောက်ပွဲအပြီး ဒီချုပ်ဖက်စပ်အစိုးရတက်လာတော့ ၂၁ ရာစုပင်လုံ အစည်းအဝေးလုပ်တယ်။ NCA ကို ဆက်လက်ကိုင်စွဲမယ် ဖြစ်လာတယ်။ ဒီတော့ စစ်အုပ်စုက အပေါ်စီးယူထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး ဖြစ်နေတယ်။ ဒါကြောင့် အစည်းအဝေးမှာ တက်ခွင့်ရှိသူ၊ တက်ခွင့်မရှိသူတွေဖြစ်လိုဖြစ်၊ အပစ်အခတ်ရပ်စဲပြီးသား အဖွဲ့အချို့တိုက်ခိုက်မှုတွေ ဖြစ်လိုဖြစ်နဲ့ လုံးလည်လိုက်နေတယ်။ ၂၁ ရာစု ပင်လုံအစည်းအဝေး တခုနဲ့တခုကြားမှာလည်း သတ်မှတ်ရက်အတိုင်း မကျင်းပနိုင်တာတွေ ဖြစ်လိုဖြစ်နဲ့ ဖြစ်နေတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အချိန်ယူရမှာဖြစ်ပေမယ့် ဒီအချိန်ယူမှုဟာ အုပ်စိုးသူအတွက် လက်ဦးမှုယူ ပြင်ဆင်ချိန်ရပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် အချိန်နဲ့အမျှ လုံးပါးပါးသွားတာမျိုးဖြစ်စေတဲ့ အချိန်ယူမှုမျိုးနဲ့ကတော့ ထာဝရငြိမ်းချမ်းရေးမပြောနဲ့ တမိနစ်တောင် ငြိမ်းချမ်းရေးရမှာ မဟုတ်ပါ။

ဒီ့အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးနဲ့ အချိန်ဆွဲလေလေ- ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးနဲ့ အလှမ်းဝေးလေလေ၊ စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးဦးတည်ချက် ပျက်ပြားလာလေလေ ဖြစ်ပါလိမ့်မယ်။ ပြည်သူလူထုကြီးဟာ

အဖိနှိပ်ခံနေရတာကြောင့် ပင်ကိုယ်သဘာဝကိုက တော်လှန်တဲ့လူထုကြီးဖြစ်ပါတယ်။ မကုန်ခန်းနိုင်တဲ့ အင်အားကြီးလည်း ဖြစ်ပါတယ်၊ ပြန့်ကျဲနေတဲ့ ပြည်သူလူထုကြီး (လူမျိုးစုံပါဝင်တဲ့ လူတန်းစား ၄ ရပ်) ကို စုစည်းနိုင်မယ်ဆိုရင် စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်နိုင်မှာအမှန်ပါပဲ။

ဖက်ဆစ်ဂျပန်တော်လှန်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲစဉ်တလျှောက်မှာ လူထုကြီးကိုစည်းလုံးမိအောင် စည်းရုံးနိုင်တာကြောင့် မကုန်ခန်းနိုင်တဲ့တော်လှန်ရေးအင်အားကို ရရှိကာ အောင်ပွဲအလီလီ ရရှိခဲ့တာဖြစ်တယ်။ ဖက်ဆစ်တော်လှန်ရေးအပါအဝင် လွတ်လပ်ရေးတိုက်ပွဲစဉ်တလျှောက် ပြည်သူတွေဟာ အသက်ပေးသွားကြတယ်။ ဒါကြောင့်လည်း တောက်ပြောင်တဲ့ တော်လှန်ရေးသမားတွေ၊ သူရဲကောင်းတွေ ပေါ်ထွန်းတာပဲ။ လွတ်လပ်ရေးရပြီးတဲ့နောက် အလုပ်သမား၊ လယ်သမား ဆင်းရဲသားပြည်သူတွေနဲ့အတူ ခနရှင်ပေါက်စတွေ၊ တိုင်းချစ်ပြည်ချစ်အရင်းရှင်တွေပါ အုပ်စိုးသူအဆက်ဆက်ကို အသက်ပေးပြီး တော်လှန်ကြလို့ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေပေါ်ပေါက်နိုင်တာပဲ။ ပြည်သူတွေဘက်ကရပ်တည်တဲ့ ဥပဒေတွင်း၊ ဥပဒေပ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ပေါ်ပေါက်နိုင်တာပဲ။ တဖက်က ကြည့်ရင် ပြည်သူဘက်ကရပ်တည်တဲ့ ဥပဒေတွင်း၊ ဥပဒေပ လက်နက်ကိုင်၊ လက်နက်မဲ့ နိုင်ငံရေးအင်အားစုအားလုံးဟာ အမျိုးသားတပ်ပေါင်းစုကြီးတရပ်အဖြစ် တိုက်ပွဲကြားမှာ ညီညွတ်ရေးတည်ဆောက်ကာ စည်းစည်းလုံးလုံးနဲ့ လူထုကြီးကို စုစုစည်းစည်းဖြစ်အောင် စည်းရုံးပြီး မှန်ကန်တဲ့ဦးဆောင်မှုကိုပေးဖို့ လိုအပ်နေပါတယ်။ လူထုဘက်က ရပ်တည်တဲ့ ဘယ်နိုင်ငံရေးအင်အားစုမဆို ကနေ့ အလုပ်သမားလူတန်းစားရဲ့တိုက်ပွဲ၊ လယ်သမားလူတန်းစားရဲ့တိုက်ပွဲ၊ ဆင်းရဲသားပြည်သူတွေရဲ့တိုက်ပွဲ၊ ကျောင်းသားလူငယ်တွေရဲ့တိုက်ပွဲနဲ့ ခနရှင်လူတန်းစားတွေရဲ့တိုက်ပွဲတွေကို ထောက်ခံအားပေးပြီး မှန်ကန်တဲ့လမ်းကြောင်းကို ညွှန်ပြကာ အတူတိုက်ပွဲဝင်ကြမယ်ဆိုရင် ၂၀၀၈ အခြေခံဥပဒေကိုဖျက်သိမ်းနိုင်ပြီး စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုကိုပါ ဖျက်သိမ်းနိုင်မှာဖြစ်ပါတယ်။ ၂၀၀၈ ဖျက်သိမ်းရေး၊ စစ်သုံးစစ်ဆန့်ကျင်ရေး၊ လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူများ သွေးစည်းညီညွတ်ရေး ဘုံလုပ်ငန်းစဉ်အောက်မှာ စုစည်းကြဖို့လိုပါတယ်၊ ဒီတိုက်ပွဲမှာ စစ်အုပ်စုနဲ့ သူ့အဆွယ်အပွားတွေကလွဲပြီး တပ်မတော်ထဲမှာရှိတဲ့ တပ်မှူးတပ်သားအားလုံးဟာ မိမိရဲ့ခံစားနေရတဲ့ဘဝနဲ့ နှိုင်းစာပြီး ပြည်သူလူထုဘက်က ရပ်တည်ကာ ပြည်သူ့ဘက်တော်သားတွေအဖြစ် ခံယူလိုက်ကြဖို့ လိုအပ်ပါတယ်။ တနည်းအားဖြင့် တပ်မတော်ကို လက်ကိုင်တုတ်အဖြစ်အသုံးချနေတဲ့ စစ်အုပ်စုတစုဟာ မတရားတဲ့အမိန့်အာဏာတွေထုတ်ပြီး တပ်မတော်ကို ပြည်သူ့ဆန့်ကျင်ရေးတပ်၊ တော်လှန်ရေးကိုဆန့်ကျင်တဲ့တပ်ဖြစ်အောင် လုပ်နေတယ်ဆိုတာ မြင်ကြဖို့လိုပါတယ်။ ဒီကနေ့ အချိန်အခါမှာ ပြည်သူလူထုဘက်ကရပ်တည်တဲ့ ဥပဒေတွင်း၊ ဥပဒေပ လက်နက်ကိုင်၊လက်နက်မဲ့ နိုင်ငံရေး ပါတီအဖွဲ့အစည်း အင်အားစုများ၊ ပြည်သူလူထုဘက်ကရပ်တည်တဲ့ တပ်မတော်ထဲက တပ်မှူးတပ်သားများဟာ အလုပ်သမား လယ်သမား၊ ခနရှင်ပေါက်စ၊ တိုင်းချစ်ပြည်ချစ်အရင်းရှင်လူတန်းစားတွေနဲ့ ကျောင်းသားလူငယ်တွေရဲ့တိုက်ပွဲတွေကို အားပေးထောက်ခံ ပါဝင်ကူညီခြင်း ပူးပေါင်းလက်တွဲချိတက်ဖို့ လိုအပ်နေပါတယ်။ အဲဒီလိုလုပ်နိုင်မှ ၂၀၀၈ အခြေခံဥပဒေတိုက်ဖျက်ရေး၊ စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုသစ်ကို ထူထောင်ဖို့ လမ်းစပွင့်သွားမှာဖြစ်ကြောင်း ၇၉ ခုနှစ်မြောက် ဗမာပြည်ကွန်မြူနစ်ပါတီမွေးနေ့အခါသမယမှာ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

စောအယ်ထူး



* ၇၊ ၇၊ ၆၂ ကို မမေ့ကြနဲ့

မောင်မိုးဦး

၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့ ညနေမှောင်ရီပျိုးချိန်မှာ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့အမိန့်အရ ဗိုလ်စိန်လွင်ဦးစီးတဲ့ စစ်တပ်က ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမပေါ်မှာ ကျောင်းသားအများအပြားကို ရက်ရက်စက်စက်ပစ်သတ်ခဲ့တယ်။ အဲ့ဒီတုန်းက မန္တလေးကျောင်းဆောင်ကိုလည်းပစ်လို့ ကျောင်းသားအတော်များများသေဆုံးခဲ့တယ်။ မန္တလေးအဆောင်နံရံမှာ သေအံ့ မူးမူး ကျောင်းသားတဦးက သူ့သွေးနဲ့အထက်ပါစာတမ်းလေးကိုရေးခဲ့တယ်။ ဇူလိုင် ၈ ရက်နေ့နံနက်လင်းအားကြီး အချိန်မှာတော့ တကာသ အဆောက်အဦ မိုင်းခွဲဖျက်ဆီးခံလိုက်ရပါတယ်။ ဒီကနေ့အထိ ကျောင်းသားထုတရပ်လုံး မျိုးဆက် အဆက်ဆက်၊ ပြည်သူတရပ်လုံးမျိုးဆက် အဆက်ဆက် ဘယ်မေ့နိုင်ပါ့မလဲ။ စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်တဲ့ တိုက်ပွဲမှာ ကျောင်းသားတွေရာနဲ့ချီပြီး အသတ်ခံရတာ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်ကိုကျောင်းသားတွေ အသက် သွေးချွေးတွေပေးပြီး ဆန့်ကျင်တာကို ဘယ်လိုလုပ်ပြီးမေ့နိုင်မှာလဲ။ စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်တည်ရှိနေသရွေ့ သတိ ရနေမှာဖြစ်တယ်။ ဝမ်းနည်းနာကြည်းမှုကို အင်အားအဖြစ်ပြောင်းပြီး စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကိုလည်း ဆန့်ကျင်မြဲ ဆန့် ကျင်နေမှာပဲဖြစ်တယ်။

အဲ့ဒီအချိန်ကစပြီး ဗိုလ်နေဝင်းစစ်အုပ်စုက ကျောင်းသားလူငယ်တွေကို နိုင်ငံရေးနဲ့မပတ်သက်ရ၊ နိုင်ငံရေးမလေ့ လာရ၊ နိုင်ငံရေးစကားမပြောရဆိုတဲ့ ကန့်သတ်ပိတ်ပင်ချက်တွေလုပ်တယ်။ ကျောင်းသားလူငယ်တွေကို ဖမ်းဆီးထောင်ချ တာတွေ လုပ်တယ်။ ကျောင်းသားသမဂ္ဂတွေ ဖျက်သိမ်းခံရတယ်။ ကျောင်းသားထုကို သွေးခွဲဖိနှိပ်တာတွေ လုပ်တယ်၊ ကျောင်းသားလှုပ်ရှားမှုအားလုံးကို ပိတ်ပင်တာ ကနေ့အထိပဲ။ အဲ့ဒီလိုလုပ်လို့လည်း ဗမာပြည်ပညာရေးဟာ နိမ့်ကျပျက်စီး ခြင်းမလှ ပျက်စီးခဲ့ရပါတယ်။

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုဟာ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုရဲ့ အစိတ်အပိုင်းတခု အမြဲတမ်း ဖြစ်ခဲ့တယ်။ တ နည်းအားဖြင့်ပြောရရင် ဗမာပြည်ကျောင်းသားလူငယ်တွေရဲ့လှုပ်ရှားမှုဟာ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုနဲ့ အမြဲတမ်းပတ် သက်ယှက်နွယ်နေရပါတယ်။ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်ဟာ ကိုလိုနီကျွန်ပညာရေးစနစ်ကိုဆန့်ကျင်ပြီး အမျိုးသား ပညာရေးကို ထူထောင်ရေးဖြစ်လာတယ်။ ဒါဟာ ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးနဲ့ တဆက်တည်း ဖြစ် လာတာပါပဲ။ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ဟာ ဗမာပြည်ခေတ်သစ်တိုးတက်တဲ့နိုင်ငံရေး ဒါမှမဟုတ် လက်ဝဲနိုင် ငံရေး အစပျိုးချိန် ဖြစ်နေပါပြီ။ ဒါကြောင့်လည်း ၁၃၀၀ ပြည့်အရေးတော်ပုံရောက်တဲ့အချိန်မှာ ကျောင်းသားသမဂ္ဂ ခေါင်း ဆောင်တွေဟာ အလုပ်သမားတိုက်ပွဲတွေကို သွားရောက် အားပေး၊ အားဖြည့်တာ လုပ်တယ်။ အဲဒီကနေ ၁၃၀၀ ပြည့် အရေးတော်ပုံလည်း ပေါက်ကွဲတာပဲ။ ဒီအရေးတော်ပုံဟာ ဗမာပြည်မှာ နယ်ချဲ့စနစ်ဆန့်ကျင်ရေး လွတ်လပ်ရေးရရှိရေး လမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ညွှန်ပြနိုင်ခဲ့တယ်။ လက်ဝဲနိုင်ငံရေး အားကောင်းလာလို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ဝဲနိုင်ငံရေးကို လေ့လာလိုက်စားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေနဲ့ အလုပ်သမားလှုပ်ရှားမှုက ခေါင်းဆောင်တွေ စု ဖွဲ့မိကြပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ထူထောင်ခဲ့တာပဲ။ အဲဒီတုန်းက နိုင်ငံရေးမှာ လက်ဝဲ၊ လက်ယာဆိုပြီး ကွဲပေမယ့်

လွတ်လပ်ရေးတိုက်ပွဲမှာတော့ လက်တွဲနိုင်ခဲ့ကြတယ်။ နယ်ချဲ့ဆန့်ကျင်ရေးကို အတူတကွ လုပ်ဆောင်နိုင်ကြတယ်၊ ဒီနေရာမှာ တွေ့ရတာက ကျောင်းသားလူငယ်တွေ ကျောင်းသားဘဝမှာ နိုင်ငံရေးကို ပြင်းပြင်းထန်ထန် လေ့လာပါတယ်။ အဲသလို လေ့လာရင်း ကျောင်းသားအရေးဟာ မိဘပြည်သူများရဲ့အရေးနဲ့ တဆက်တစပ်တည်း ဖြစ်နေတာ၊ ကိုလိုနီပညာရေးစနစ် ဆန့်ကျင်တဲ့တိုက်ပွဲဟာ ပြည်သူတွေရဲ့ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲတွေနဲ့ တဆက်တစပ်တည်း ဖြစ်နေတာတို့ ကြောင့် ကျောင်းသားတွေဟာ ပြည်သူလူထုတွေရဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကဲ့သို့သော ပြည်သူ့တိုက်ပွဲတွေနဲ့ ပူးပေါင်း လက်တွဲပါဝင်လုပ်ဆောင်ခဲ့ကြတာ ဖြစ်လာပါတယ်။

ဒီအစဉ်အလာအရပဲ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုတွေဟာ ကျောင်းသားလှုပ်ရှားမှုကို ဗမာပြည် နိုင်ငံရေးအခြေအနေနဲ့အညီ ကျောင်းသားလောကနဲ့ ပညာရေးနယ်ပယ်မှာလှုပ်ရှားကြပြီး ကျောင်းပြီးသွားချိန်မှာ တသုတ်ပြီးတသုတ် နိုင်ငံရေးလောကထဲ ရောက်ကုန်ပါတယ်။ ကျောင်းသားလောကမှာလည်း တသုတ်ပြီးတသုတ် တာဝန်လွှဲယူတာတွေ အဆက်မပြတ်ဖြစ် လာခဲ့ပါတယ်၊

ဒါကြောင့် လွတ်လပ်ရေးရပြီးတဲ့နောက်မှာ ကျောင်းသားလောကမှာ လက်ယာနိုင်ငံရေး၊ လက်ဝဲနိုင်ငံရေး လေ့လာသူ စသည်ဖြင့် သမဂ္ဂမှာ ကွဲပြားနေကြပေမယ့် ဒီမိုကရေစီပညာရေးအတွက် အတူလက် တွဲတိုက်ပွဲဝင်ပါတယ်။ လွတ်လပ်ရေးရပြီး ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရ အစိုးရအဆက်ဆက် လက်ထက်မှာလည်း ဒီမိုကရေစီနိုင်ငံနဲ့ အညီ ဒီမိုကရေစီပညာရေးကိုဖော်ဆောင်ဖို့ အစိုးရကို တောင်းဆိုတိုက်ပွဲဝင်ခဲ့တာပဲလုပ်ပါတယ်။ ကျောင်းသားသမဂ္ဂတွေက နိုင်ငံရေးအာဏာသိမ်းပြီး အစိုးရဖွဲ့မယ်ဆိုတာ စဉ်းတောင်မစဉ်းစားပါဘူး။ ကျောင်းသားသမဂ္ဂဝင်တွေဟာ ကျောင်းသားလောက-က ထွက်ပြီးနောက်မှ နိုင်ငံရေးလောကထဲ ဝင်ကြပါတယ်။ နိုင်ငံရေးလောကထဲ ဝင်တဲ့အခါမှာတော့ လက်ယာသန်သူက လက်ယာနိုင်ငံရေး၊ လက်ဝဲသန်သူက လက်ဝဲနိုင်ငံရေးလောကထဲ ဝင်ကြတာပါပဲ။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အာဏာသိမ်းမှု လုပ်တဲ့အခါမှာ နိုင်ငံရေးလောကက လူပုဂ္ဂိုလ်တချို့ နိုင်ငံရေး အင်အားစုတချို့က ထောက်ခံကြပေမယ့် ကျောင်းသားသမဂ္ဂက စစ်အာဏာသိမ်းမှုကို အလိုမရှိဆိုပြီး ကန့်ကွက်ခဲ့ပါတယ်။ ဗိုလ်နေဝင်းဟာ ကျောင်းသားသမဂ္ဂတွေရဲ့ ကန့်ကွက်မှုကို မျက်မုန်းကျိုးပါတယ်။ ဒါကြောင့် ကျောင်းသားလောကမှာ ချုပ်ချယ်မှုတွေ လုပ်လာတယ်။ အဲ့ဒီချုပ်ချယ်မှုတွေကို ကျောင်းသားသမဂ္ဂတွေ (တကသ၊ ဗကသ) က ဆန့်ကျင်ကြတယ်။ ချုပ်ချယ်မှုတွေ ဖျက်သိမ်းဖို့နဲ့ ဒီမိုကရစီပညာရေး အကောင်အထည်ဖော်ရေးပဲ ကျောင်းသားလူငယ်တွေက သမဂ္ဂတွေရဲ့ ဦးဆောင်မှုနဲ့ လုပ်ပါတယ်။ ဒါကို ဗိုလ်နေဝင်းစစ်အုပ်စုက ကျောင်းသားတွေကို သူပုန်တွေ၊ ကျောင်းသားသမဂ္ဂ အဆောက်အဦဟာ သူပုန်ဌာနချုပ်ဖြစ်တယ်ဆိုပြီး ရက်ရက်စက်စက် အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ချိုးနှိမ်ခဲ့တယ်။ အကျိုးဆက်ကတော့ ပညာရေးလောကတခုလုံး နိမ့်ကျသွားတာပါပဲ။ ဗိုလ်နေဝင်းစစ်အုပ်စုဟာ လက်ဝဲလေသံနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထူထောင်ပြီး သူ့ရဲ့ဖောက်ပြန်တဲ့ လက်ယာနိုင်ငံရေးဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို ဖုံးကွယ်ခဲ့တယ်။ ဒါကို ကျောင်းသားမဂ္ဂတွေနဲ့ လက်ဝဲနိုင်ငံရေးအင်အားစုတွေက ဖွင့်ချတိုက်ခိုက်ခဲ့တယ်၊ ဒါကြောင့်ကျောင်းသားတွေ သမဂ္ဂမဖွဲ့ရ၊ နိုင်ငံရေးနဲ့ ကင်းရှင်းရမယ်ဆိုပြီး ဗိုလ်နေဝင်းစစ်အုပ်စုက လုပ်လာတာပဲ။ ဒီအချက်ကို စစ်အုပ်စုအဆက်ဆက်က ပေါ်လစီတရပ်အနေနဲ့ကို ကျင့်သုံးပါတယ်။

ဗိုလ်နေဝင်းဟာ သူ့ရဲ့ဖောက်ပြန်တဲ့ လက်ယာနိုင်ငံရေးဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို သူ့ရဲ့ စစ်တက္ကသိုလ်၊ စစ်ကျောင်းတွေမှာ အပီအပြင်ကို ရိုက်သွင်းပါတယ်။ ဒါကြောင့် အဲ့ဒီစစ်တက္ကသိုလ်နဲ့ စစ်ကျောင်းတွေက ဆင်းလာတဲ့ စစ်ဗိုလ်တွေဟာ လက်ဝဲနိုင်ငံရေးကို မုန်းတီးဆန့်ကျင်ကြပါတယ်။ ဒီနည်းနဲ့ စစ်အာဏာရှင်စနစ်ကိုဆက်ခံထိန်းသိမ်းမယ့် မျိုးဆက်တွေကို မွေးမြူနိုင်ခဲ့တယ်။

ကျောင်းသားလူငယ်နဲ့ ပြည်သူလူထုကြီးက စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ရင်း လက်ဝဲနိုင်ငံရေးဘက်ကို ယိမ်းကြပါတယ်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ဘယ်အင်အားစုနဲ့မဆို လက်တွဲဖို့လည်း အသင့်ရှိကြပါတယ်။ ၁၉၈၈၊ ရှစ်လေးလုံး လူထုအုံကြွမှုကို ကြည့်ပါ။ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်တွေမှာ လက်ဝဲလက်ယာ မခွဲဘဲ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရရှိရေးကို အတူတကွလက်တွဲတိုက်ပွဲဝင်တယ်၊ ဒီတော့ မဆလ ပါတီလည်း ချုပ်ငြိမ်းသွား

ရတာပဲ။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ကို စစ်အုပ်စုက ဆက်ထိန်းနိုင်တယ်။ စစ်အုပ်စုမျိုးဆက်ဟောင်းက စစ်အုပ်စုမျိုးဆက်သစ်လက်ထဲ အာဏာလွှဲပေးနိုင်ခဲ့တယ်။ အခုတော့ တစည လို ကြံ့ဖွံ့လို နိုင်ငံရေးပါတီတွေဖွဲ့နိုင်ပြီး ၂၀၀၈ အခြေခံ ဥပဒေကိုပါ အပီအပြင်ချနိုင်တယ်၊ အမျိုးသားနိုင်ငံရေး၊ ပါတီနိုင်ငံရေးဆိုတာတွေနဲ့ ရှုပ်ထွေးအောင်လုပ်ပြီး သူ့ရဲ့ ဖောက်ပြန်တဲ့လက်ယာနိုင်ငံရေး တနည်းအားဖြင့် အာဏာရှင်စနစ်ကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်နေပါတယ်။

တကယ်တော့ နိုင်ငံရေးမှာ လက်ယာနိုင်ငံရေးနဲ့လက်ဝဲနိုင်ငံရေးဆိုပြီး နှစ်ခုပဲရှိပါတယ်။ ဒါပေမဲ့ လက်ယာနိုင်ငံရေးမှာက လက်ယာအစွန်းရောက် ရှိတယ်။ လက်ဝဲလေသံနဲ့ဖွဲ့တဲ့ လက်ယာနိုင်ငံရေးအင်အားစုရှိတယ်။ ကိုယ့်ကိုယ်ကိုယ်လက်ဝဲသမားလို့ အထင်ရောက်နေတဲ့ လက်ယာနိုင်ငံရေးရှိတယ်။ အထူးသဖြင့် ခေနရှင်ပေါက်စတွေမှာ ဖြစ်လေ့ရှိတယ်။ လက်ဝဲမှာတော့ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ ဒါမှမဟုတ် ကွန်မြူနစ်ဝါဒ၊ ဒါမှမဟုတ် မာ့က်စ်ဝါဒဆိုတာ တခုပဲရှိတယ်။ ဒီတော့ တိုးတက်တဲ့အမြင်ရှိသူ ကျောင်းသားလူငယ်တွေဟာ မာ့က်စ်ဝါဒကို အလွယ်တကူ တိမ်းညွှတ်ကြပါတယ်။ စစ်အာဏာရှင် စနစ်ကို တကယ်ဆန့်ကျင်သူတွေဟာ မာ့က်စ်ဝါဒဘက်ကို တိမ်းညွှတ်ပါတယ်။ အဲဒီလိုဖြစ်လေ့ရှိတာကြောင့် စစ်အစိုးရအဆက်ဆက်ဟာ မာ့က်စ်ဝါဒကိုသရုပ်ဖျက်ပြီး လူတွေကို မျက်စိလည်အောင်လုပ်တယ်။ မာ့က်စ်ဝါဒကို မလေ့လာရ ဆိုပြီး တားမြစ်တယ်။ ကွန်မြူနစ်ပါတီကို မတရားအသင်းကြေညာပြီး အပြတ်ရှင်းဖို့ ကြိုးစားတယ်။ မတရားအသင်း ဥပဒေ၊ ပုဒ်မတွေနဲ့ လူတွေကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်တာလုပ်တယ်။ ကျောင်းသားသမဂ္ဂတွေ ကနေ့အထိ တရားဝင်ဖွဲ့ခွင့် မပေးဘူး။ ကျောင်းသားတွေရဲ့ ဒီမိုကရေစီပညာရေးတောင်းဆိုချက်တွေကို အဖျက်သမားတွေရဲ့ သွေးထိုးလှုံ့ဆော်ချက်အဖြစ် ပုံဖျက်နေတယ်။

ဒါကြောင့်ကျောင်းသားလူငယ်တွေရဲ့ ဒီမိုကရေစီပညာရေးတောင်းဆိုချက်တွေ၊ သမဂ္ဂဖွဲ့စည်းခွင့်ရရှိရေး တောင်းဆိုချက်တွေကို လမ်းမှန်ကမ်းမှန်ရောက်အောင် နိုင်ငံရေးကိုလေ့လာဖို့ အထူးလိုအပ်ပါတယ်။ အထူးသဖြင့် ကျောင်းသားလှုပ်ရှားမှုသမိုင်းကို လေ့လာဖို့ အထူးလိုအပ်ပါတယ်၊ အထူးသဖြင့် ကျောင်းသားလှုပ်ရှားမှုကိုလေ့လာရာမှာ နိုင်ငံရေးနောက်ခံသမိုင်းကို လေ့လာဖို့လိုပါတယ်၊ အဲဒါမှ ကနေ့ရောက်ရှိနေတဲ့ နိုင်ငံရေးအခြေအနေမှာ ဒီမိုကရေစီပညာရေး အတွက် ဘာတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာကို မြော်မြင်နိုင်မယ်။ စစ်အုပ်စုရဲ့ နိုင်ငံရေးအရ လိမ်လည်လှည့်ဖြားပြီး ပညာရေးကို စစ်ဗျူရိုကရေစီပညာရေးအဖြစ် အကောင်အထည်ဖော်နေတာကို ဖော်ထုတ်ဖွင့်ချနိုင်မှာဖြစ်တယ်။ အဲဒါမှ ဒီမိုကရေစီပညာရေးကိုဖော်ဆောင်ဖို့ မြော်မြင်နိုင်မှာဖြစ်တယ်။ အထူးသဖြင့် ၁၉၆၂ စစ်အာဏာရှင်စနစ်ထူထောင်ပြီး စစ်ဗျူရိုကရေစီပညာရေးကို အုတ်မြစ်ချကတည်းက ဒီမိုကရေစီပညာရေးအတွက် ကျောင်းသားလူငယ်တွေဟာ အသက်သွေးချွေးတွေလည်း ပေးခဲ့ကြရတယ်ဆိုတဲ့သမိုင်းကို မမေ့ကြဖို့နဲ့ ကနေ့ကျောင်းသားလူငယ်လှုပ်ရှားမှုတွေဟာ အဲ့ဒီတိုက်ပွဲသမိုင်းတွေရဲ့အဆက်တွေပဲဆိုတာကို မြင်ဖို့လိုပါတယ်။ အဲဒီလိုမြင်ပြီဆိုရင် နိုင်ငံရေးနယ်ပယ်မှာ စစ် အာဏာရှင်စနစ် ဆန့်ကျင်ရေးနဲ့ ဒီမိုကရေစီတိုက်ပွဲဟာ သမိုင်းနောက်ခံပဲဆိုတာကိုလည်း မြင်မှာမလွဲပါ။ ဒီတိုက်ပွဲဟာ ကနေ့အထိ မပြီးဆုံးသေးဘူး ဆိုတာလည်း မြင်မှာအသေအချာပါပဲ။ ဒါဆိုရင် ရှင်းရှင်းကလေးပဲ။

၇၊ ၇၊ ၆၂ ကိုမမေ့ကြနဲ့။ ဆက်လက်တိုက်ပွဲဝင်ကြ။

မောင်မိုးဦး

၂၁ ဂလိုဘယ်ပင်လုံ

မောင် သန်းမြွှေ

ပလုံတော့မလိုဖြစ်နေတဲ့ ၂၁ပင်လုံဟာ တရုတ်အစိုးရပေါင်းကူးပေးမှုနဲ့ မြောက်ပိုင်း ၇ ဖွဲ့ တက်ရောက်လာမှုကြောင့် လှုပ်လှုပ်ခတ်ခတ် ပြန်ဖြစ်လာခဲ့တယ်။ စစ်လည်းမနိုင် အပြုတ်တိုက်လို့လည်းမရ ရွေးကောက်ပွဲလည်းရှုံး ၂၀၀၈ လည်း လူထုကဆန့်ကျင် ဆိုတဲ့ အခြေအနေအောက်မှာ ICC နိုင်ငံတကာရာဇဝတ်ခုံရုံး အတင်ခံရမယ့်အန္တရာယ်နဲ့ မရှုနိုင်မကယ်နိုင် ရင်ဆိုင်နေရတဲ့ စစ်ဗျူရိုကရက်လူတန်းစားရဲ့ ကိုယ်စားလှယ် တပ်ချုပ်ကလေးဟာ အာဏာသိမ်းမယ် ခြိမ်းခြောက်လိုက် မီးပွင့်သွားမယ်ထအော်လိုက် လုပ်နေရာကနေ တရုတ်ကြားဝင်မှုကို လက်ခံတယ်လို့ လုပ်လာတယ်။

ငြိမ်းချမ်းရေးလည်းမရှိ ဒုက္ခသည်တွေလည်းတိုးပွား သယံဇာတတွေလည်းပြောင် စီးပွားရေးလည်းကျဆင်း အဖက်ဖက်က ယိုယွင်းနေတဲ့တိုင်းပြည်မှာ ၂၀၀၈ ခြေဥ (ခေါ်ဆိုလေ့ရှိတဲ့ ပေးထားချက် သို့မဟုတ် စပေ့) အောက်မှာ အမည်ခံ (အရပ်သားတပိုင်း) ဒီချုပ်အစိုးရအဖို့လည်း ခြေကုန်လက်ပန်း ကျနေပြီဖြစ်တယ်။ ၅ ကြိမ်မြှောက် ဆိုင်း ၁၃လနောက်ကျပြီးကျင်းပခဲ့ရတဲ့ ငွေကုန်ကြေးကျများလှတဲ့ တတိယပင်လုံညီလာခံဟာ တကယ်တော့ ဆွေးနွေးအတည်ပြုစရာ သိပ်မရှိလှပါဘူး။ ပြဿနာမများနိုင်တဲ့ ကျားမတန်းတူအခွင့်အရေး ဆိုတဲ့ကိစ္စလောက်ပဲ ပွဲဖြစ်ရုံဆွေးနွေးကြမှာပါ။ တကယ့်ပွဲကတော့ ပြည်တွင်းပြည်ပ အကျပ်အတည်း ကြီးထွားလာတဲ့အောက်မှာ ကြံရာမရဖြစ်ကာ ဘုတ်ထိုင်ထိုင်နေတဲ့ စစ်အုပ်စု ဘယ်လမ်းလိုက်မလဲ ဘယ်လောက်ခေါင်းမာနိုင်မလဲ သံခင်းတမန်ခင်းအရ စမ်းသပ်တဲ့ပွဲလည်း ဖြစ်ပါတယ်။ တိုင်းပြည်ကို ဆယ်စုနှစ်များစွာ စစ်အာဏာရှင်စနစ်နဲ့အုပ်ချုပ်ခဲ့၊ စစ်အေးခေတ် စစ်အေးလွန်ခေတ် တလျှောက်လုံး ခွတုတ်ပေါ်လစီနဲ့ အနေချောင်ခဲ့တဲ့ စစ်အုပ်စုဟာ (မင်းသားဖြစ်မလားလို့ ဇာတ်ထဲလိုက်ပါတယ် နဲ့ကြီးတက်နင်းမိလို့ နဖူးကွဲဒူးပြဲ ဆိုသလို) ပြည်တွင်းမှာ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူလူထုရဲ့ ဆန့်ကျင်မှုကိုခံနေရသလို ပြည်ပမှာ ကုလသမဂ္ဂနဲ့ ရန်ဖြစ်နေရတယ်။ စစ်အာဏာရှင်တွေ ခေါင်းမာမှုကြောင့် တိုင်းပြည်ဟာ ကျဆုံးနိုင်ငံဖြစ်မယ့်အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။

UNHRC, EU , AI တို့က မင်းအောင်လှိုင်အပါ စစ်ဘက်အရာရှိ ၁၃ ဦး ကို အရေးယူမယ့်သတင်း၊ ICC က ဇူလိုင် ၂၇ နောက်ဆုံးထား ဖြေရှင်းချက်ပေးဖို့ ရာဇသံပေးတဲ့သတင်း၊ ကုလလုံခြုံရေးကောင်စီမှာ ဗမာပြည်အရေး တံခါးပိတ် ဆွေးနွေးမယ့်သတင်းတွေ ထွက်ပေါ်လာပြီးနောက်၊ နိုင်ငံတကာသံတမန်တွေ ဗမာပြည်ထဲ ချောင်းပေါက်အောင် ရောက်ရှိလာခဲ့ပါတယ်။(ဇွန် ၂၈) တပ်ချုပ်မင်းအောင်လှိုင် မီဒီယာကောင်စီနဲ့တွေ့တော့ (ဒေါ်စုနဲ့တပ် ဆက်ဆံရေးကောင်း၊ တက်လာတဲ့ အစိုးရကို တပ်က လေးလေးစားစားဆက်ဆံ၊ ယနေ့နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ ပြဿနာတွေကြီးထွားနေရတာ ပြည်တွင်းအချို့နဲ့ ကမ္ဘာ့မီဒီယာ ဝင်နှောက်လို့ဖြစ်တာ) လို့ပြောလာတယ်။ မင်းအောင်လှိုင်ဆီက 'ဆက်ဆံရေးကောင်း' 'လေးလေးစားစားဆက်ဆံ' စတဲ့သတင်းစကား ထွက်လာပြီးနောက် မြောက်ပိုင်း ၇ ဖွဲ့ကိုပါ ဖိတ်ကြားတဲ့ တတိယ၂၁ ပင်လုံ လှုပ်လှုပ်ရွရွပြန်ဖြစ်လာတယ်။

(ဇူလိုင် ၁၁) ညီလာခံအဖွင့် နှုတ်ခွန်းဆက်မိန့်ခွန်းမှာ တပ်ချုပ်မင်းအောင်လှိုင် မိန့်ခွန်းက အသစ်အဆန်းမပါပါဘူး။ ၂၀၀၈ ခြေဥအောက်မှာ NCA အတိုင်းသွားကြဖို့ပါတဲ့။ တက်လာတဲ့ မြောက်ပိုင်း ၇ ဖွဲ့က တရုတ်ကြားဝင်စေ့စပ်မှုနဲ့ (ပြန်လည်ညှိနှိုင်းပြီး) NCA မူသစ်ပြင်ဖို့ တင်ပြလာမှာကို ကြိုကာထားတဲ့သဘောပါပဲ။ လေလုံးမိုးလုံးတွေနဲ့ တန်ဆာဆင်ထားတဲ့ မိန့်ခွန်းဟာ သမိုင်းလိမ်သမိုင်းပဲ့တွေ ကိုးကားထားတယ်။ ဒ့ါအပြင် စစ်အုပ်စုမင်းဆက် အာဏာသိမ်းမှုကို ခုခံကာကွယ်ကာ၊ စစ်ပဒေသရာဇ်မင်းတရားကြီး ယိုခဲ့တဲ့မစင်ပုံပေါ်ခွထိုင်ပြီး ငါ့ဟာလုပ်နေပါတယ်။ စစ်အာဏာရှင်အဆက်ဆက် ယိုခဲ့တာ

တွေ ဘာ့ကြောင့် ခေါင်းခံချင်နေတာလဲ။ 'စည်းစိမ်မက္ကာ မင်းချမ်းသာကား……..ရေပွက်ပမာ တသက်လျာတည်း' ဆိုတာ နလုံးမသွင်းနိုင်လောက်အောင် မိုက်လုံးကြီးပြီး အတွေးအခေါ်ဟောင်းကို ဘာကြောင့် ဖက်တွယ်နေရတာလဲ။ ဆန်းသလို လိုရှိတဲ့(အသစ်မဟုတ်) လေလုံးမိုးလုံးတွေထဲမှာ 'အင်အားချည့်နဲ့နေလို့မဟုတ်ဘူး' 'ကိုယ့်လူကိုယ်သာ နိုင်အောင်ထိန်းဖို့"မသက်ဆိုင်တဲ့ကိစ္စတွေ ဆွဲသွင်းလာခြင်းမပြုဖို့"တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ပြည်သူတရပ်လုံးကို ကိုယ်စားမပြု - နိုင်ငံရေးပါတီများဟာ သူတို့ထောက်ခံသူများကို(သာ) ကိုယ်စားပြု - တပ်မတော်ဟာ နိုင်ငံနဲ့ပြည်သူကို ကိုယ်စားပြု' ဆိုတာတွေပါပဲ။ သူဟာ လက်တွေ့ဖြစ်ရပ်တွေနဲ့ ပြောင်းပြီပြောင်းပြန်ပြောပြီး တိုင်းရင်းသားတွေ နိုင်ငံရေး ပါတီတွေရဲ့အခန်းကဏ္ဍကို ပစ်ပယ်တဲ့အပြင် စော်ကားခြိမ်းခြောက်တာတွေ လုပ်သွားတာ တွေ့ရတယ်၊ (ဇူလိုင် ၁၂)

မင်းအောင်လှိုင်နဲ့ မြောက်ပိုင်းကိုယ်စားလှယ်အဖွဲ့ ၄ ဖွဲ့ (ဝ ၊ မိုင်းလား ၊ SSPP ၊ KIO) တွေ့တယ်။ စိုးဝင်းနဲ့ ၃ ဖွဲ့ (ကိုးကန့်၊ တအာန်း၊ AA) တွေ့တယ်။ ဒေါ်စုနဲ့ ၇ ဖွဲ့တွေ့တယ်။ Protocol တွေ ကျော်လွှားပြီး အလွတ်သဘော တွေ့ တယ်လို့ ဆိုသော်လည်း၊ ၂၁ပင်လုံလိုမဟုတ်ဘဲ အပြန်အလှန်အသိအမှတ်ပြုတဲ့ အစီအစဉ်တမျိုးနဲ့ဆွေးနွေးဖို့၊ NCA မှာ လိုအပ်ချက်တွေရှိတာ ဆွေးနွေးဖို့ တင်ပြခဲ့တယ်လို့ သတင်းများကဆိုတယ်။ ဝ အဖွဲ့ ခေါင်းဆောင်နှစ်ဦး နေမကောင်းတာကြောင့် သတင်းစာရှင်းလင်းပွဲ မလုပ်နိုင်ဘူး၊ ဒါပေမဲ့ လက်ကမ်းဖြန့်ဝေတဲ့ စာတမ်းအရ (NCA လက်မှတ်ရေးထိုးပြီးနောက် ပြင်ဆင်ခွင့် နုတ်ထွက်ခွင့်ကို တရားဝင်စာဖြင့် ထုတ်ပြန်မပေးနိုင်ခြင်း၊ လက်မှတ်ထိုးပြီးနောက်လည်း တိုက်ပွဲဆက် ဖြစ်နေခြင်း၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင် PTFA လည်း ပိုမိုဆိုးဝါးတဲ့ ချွတ်ယွင်းချက်တွေ ပါရှိနေခြင်း၊ မည်သည့်အဖွဲ့မျှမချန် အားလုံးပါဝင်စေလိုခြင်း) တို့ကြောင့် NCA ပြင်ရေးလမ်းကြောင်းကို တင်ပြတာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

တတိယ ၂၁ ပင်လုံကို ဆက်ကျင်းပနေသော်လည်း ပွဲကပြီးသွားပါပြီ။ ဒေါ်စုကတော တပ်ချုပ်မင်းအောင်လှိုင်ကပါ ညီလာခံကို နောက်ထပ်သုံးကြိမ် ကျင်းပပြီး ၂၀၂၀ မှာ ပြီးပြည့်စုံအောင်လုပ်ဖို့ အချိန်ဇယားချသွားပါတယ်။ ဇာတ် မျောလေနာလေဆိုတာ သူတို့သိပါတယ်။ တရုတ်ကြားဝင်မှုကြောင့် ပွဲမပျက်အောင် ပြန်လည်တာစုနိုင်တာကိုပဲ အောင်မြင်မှုလို့ မြင်ရမလိုဖြစ်နေပါတယ်။ ခရီးတွင်ဖို့ကတော့ အတော်လုပ်ရဦးမှာပါ။ မင်းအောင်လှိုင်မိန့်ခွန်း နိဂုံးချုပ်ရာမှာ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများကို ရည်ညွှန်းပြီး ထည့်ပြောသွားတာက (ထာဝရငြိမ်းချမ်းတည်တံ့တဲ့ နယ်စပ်ဒေသတွေ ဖြစ်စေရေးအတွက် အလေးထားညှိနှိုင်းဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်) တဲ့။ တရုတ်ဟာ အိမ်နီးချင်းလည်းဖြစ်တယ်၊ ကိုလိုနီဘဝက လွတ်မြောက်လာတာချင်းလည်း တူတယ်၊ တိဘက် ထိုင်ဝမ် ဟောင်ကောင် အချုပ်အခြာအာဏာ အတွေ့အကြုံကောင်းတွေ ရှိတယ်၊ ဆင်းရဲမှုပပျောက်ရေး ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေး လက်တွေ့အတွေ့အကြုံတွေကို တကမ္ဘာလုံးမှာ လေးစားနေကြတာတွေ ရှိတယ်။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်တယ်။ ၂၁ ရာစု ကမ္ဘာမှ ခေတ်မှာ မျှဝေခံစားမှုအနာဂတ် share future ဆိုတဲ့ ဆက်ဆံရေးသစ်ကို တင်ပြနေတယ်။ ကိုယ့်ရှေ့က လျှောက်ခဲ့သူထံမှ အတွေ့အကြုံကောင်းကိုယူ ချို့ယွင်းချက်ကိုပယ်ပေါ့။ သူလည်းအမှားထဲမှ အမှန်ရှာတဲ့ဖြစ်စဉ်ကို ဖြတ်သန်းခဲ့ရတာပါပဲ။

ဒါပေမဲ့ သူက အပြင်လူပါ။ သူ့အခြေအနေနဲ့ သူ့အတွေ့အကြုံကို ထပ်တူကူးချလို့ မဖြစ်ပါဘူး။ ဗမာပြည်ရဲ့ ကံကြမ္မာကို ဗမာပြည်သူတွေကိုယ်တိုင် ဖန်တီးရမှာပါ။ ဗမာပြည်မှာက ဒီချုပ်အစိုးရ စစ်တပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဆိုတဲ့ သုံးပွင့်ဆိုင်ဖိုခနောက်ဟာ ပြည်သူမပါရင် မရပ်တည်နိုင်ပါဘူး။ ၂၁ ရာစု ဗမာပြည်မှာ စစ်အာဏာရှင်စနစ် ကို အန်တုလာခဲ့တဲ့ လူမျိုးစုံပြည်သူအပေါင်းဟာ နိုင်ငံရေးနိုးကြားမှု မနိမ့်ပါဘူး။ နိုင်ငံရေးအရ စုစည်းမိရာက စည်းရုံးရေး အရ စုစည်းမိလာရင် မိုးအောက်မြေပြင် ဗမာပြည်သစ်ကို အမှီအခိုကင်းစွာ ဖန်တီးကြပါလိမ့်မယ်။

မောင်သန်းမြရွှေ (၁၄ ဇူလိုင် ၂၀၁၈)

ဖွတ်ထွက်မှ တောင်ပို့မှန်းသိလို့ကတော့

စောထွန်းဇင်

ကာချုပ် ဗိုလ်မင်းအောင်လှိုင်က တပ်မတော်မှာ တရားမဲ့ အကြမ်းဖက်သတ်ဖြတ်တဲ့၊ အဓမ္မပြုကျင့်တဲ့အစဉ်အလာ မရှိဘူး ဆိုပြီး ပြောင်လိမ်ညာပြန်ပြီ။ NCA ဟာ လက်နက်ချရေးမဟုတ်ဘူးလို့လည်း ဗိုလ်မင်းအောင်က အခါခါ ပြောဖူးပါတယ်။ တချိန်တည်းမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့တပ်တွေကို ဖျက်သိမ်းပြီး လက်နက်တွေ သိမ်းဆည်းမယ်လို့လည်း ပြောပြန်တယ်၊ လက်တွေ့မှာအပြုတ်တိုက်ရေးပေါ်လစီကို ကျင့်သုံးနေတယ်။

ဒါပေမဲ့ ဒါဟာ ဗိုလ်မင်းအောင်လှိုင်တယောက်သာ ဒီလိုပြောတာမဟုတ်ပါဘူး။ စစ်အာဏာရှင်စနစ်အောက်မှာ ဗိုလ်မင်းအောင်လှိုင်လို ရာထူး၊ အာဏာ၊ ဥစ္စာစည်းစိမ်ရရှိတဲ့ စစ်ဗိုလ်တော်တော်များများကလည်း ဒီလိုပဲ ပြောဆိုလေ့ရှိပါတယ်။ တကယ်တော့ ဗမာပြည်မှာ စစ်အုပ်စုနဲ့ သူ့ရဲ့အသိုင်းအဝိုင်းဝင်တွေဟာ ဒီလိုပဲ လိမ်လည်လှည့်ဖျားပြီး ကြမ်းကြုတ်ရက်စက်တတ်တဲ့ အလေ့အကျင့်ရှိပါတယ်။

ဖဆပလ အစိုးရက ရိုင်းစိုင်းရက်စက်တဲ့ ပြည်တွင်းစစ်ကို ဖန်တီးခဲ့တယ်။ ပြည်တွင်းစစ်ကို ရက်ရက်စက်စက် တိုက်နေတဲ့ စစ်ဦးစီးချုပ်ဗိုလ်နေဝင်းဟာ စစ်အုပ်စုကိုဖွဲ့စည်းပြီး စစ်အာဏာသိမ်းကာ စစ်အာဏာရှင်စနစ်ကို ထူထောင်တယ်။ ဖက်ဒရယ်စနစ်ဟာ ခွဲထွက်ရေးဖြစ်တယ်။ ပြည်ထောင်စု ပြိုကွဲတော့မယ့်အန္တရာယ် ရှိတယ်ဆိုပြီး ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ နိုင်ငံရေးအာဏာ သိမ်းခဲ့တယ်။ ဒါဟာ နိုင်ငံရေးအရ လိမ်ညာတာပဲဖြစ်တယ်။ စစ်အာဏာရှင်စနစ် ထူထောင်တာကို မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်နဲ့ ဆိုရှယ်လစ်စနစ်ကို ချီတက်မယ်ဆိုပြီး လိမ်ညာခဲ့တယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲအကြောင်းပြုပြီး စစ်ရေးအရ လက်ဦးမှုယူပြီး ပြည်တွင်းစစ်ကို ပိုမိုသဲသန်ပြင်းထန်စေကာ ပိုမိုရက်စက်တဲ့နည်းတွေ ကျင့်သုံးခဲ့တယ်။ ဒါကြောင့် ပြည်သူတွေမှာ စစ်ဒဏ်ကို အလူးအလဲ ခံရပြီး စီးပွားပျက်၊ ဘဝပျက်ဖြစ်ကုန်တယ်။ ဒါကြောင့် ဗမာပြည်ဟာ စစ်အာဏာရှင်စနစ်အောက်မှာ ဆုတ်ယုတ်ပျက်ပြားမှုတွေဖြစ်ခဲ့တယ်။

ဆင်းရဲမွဲတေပြီး ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံဘဝ ရောက်သွားရပါတယ်။ စစ်အာဏာရှင်စနစ်အောက်မှာ ပြည်တွင်းစစ်ကို ဖြတ်လေးဖြတ်စနစ်နဲ့ တိုက်တာပါ။ ဖြတ်လေးဖြတ်ဆိုတာ စစ်ဆင်ရေးကာလအတွင်းမှာ စစ်တပ်က ဘာတရားဥပဒေတွေမှ လိုက်နာစရာမလိုဘဲ စစ်ရေးအရပြုမူလှုပ်ရှားနိုင်တာကို ပြောတာဖြစ်တယ်။ ပြည်တွင်းစစ် စတင်ကတည်းက ဖဆပလ အစိုးရတပ်ဟာ မြေလှန်စနစ်ကိုကျင့်သုံးခဲ့တာပါပဲ။ စစ်အာဏာရှင်စနစ်အောက်မှာကတော့ ပိုမိုစနစ်ကျတဲ့ ပိုမိုရက်စက်တဲ့စနစ်ဖြစ်သွားတာပါ။

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ဖြတ်လေးဖြတ်စတင်လုပ်တယ်ဆိုတာ ကျေးရွာတွေကို အကျပ်ကိုင်တာက စတင်ပါတယ်။ ကျေးရွာစဉ် စည်းရိုးခတ်ရတယ်။ ရွာသားတွေကို ဒူးလေး၊ ဝါးချွန်တွေ ကိုင်ဆောင်စေပြီး ဒူးလေး၊ ဝါးချွန်တပ်တွေ ဖွဲ့ပါတယ်။ ရွာပြင်ကို သတ်မှတ်တဲ့အချိန်အတွင်းပဲ ထွက်ရတယ်။ ဒီတော့ ရွာသားတွေမှာ အလုပ်အကိုင်ပျက်လာတယ်။ စစ်ကြောင်းတွေနဲ့အတူ ဒူးလေး၊ ဝါးချွန်တပ်တွေက လိုက်ရတဲ့အပြင် အထမ်းသမားတွေအဖြစ်လည်း လိုက်ရတယ်။ မြေယာစနစ်မှာလည်း လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတဲ့မူနဲ့ လယ်ယာမြေအားလုံးဟာ နိုင်ငံတော်ပိုင်ဖြစ်တယ် ဆိုပြီး လုပ်လာတယ်။ တာဝန်ကျေစပါး ပေးသွင်းရတာတွေ ဖြစ်တယ်။ အဲဒီလို မူ ပေါ်လစီတွေအောက်မှာ ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင်

တော့ တောင်သူလယ်သမားတွေမှာ ပိုမို ဆင်းရဲ၊ ပိုမိုညှင်းဆဲအသတ်အဖြတ်ခံရတာတွေ ဖြစ်လာတယ်။ သောင်း ကျန်းသူ လို့ စွပ်စွဲသတ်မှတ်လိုက်ရင် ဖမ်းဆီးစစ်ဆေးပြီး ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်လေ့ရှိတယ်၊ ဖမ်းမမိဘူးထင်ရင် ပစ်ခတ် သတ်ဖြတ်ပစ်တာလည်းလုပ်တယ်။ အမျိုးသမီးတွေကို မတရား ပြုမူဆက်ဆံတာ၊ မတရားပြုကျင့်တာကတော့ လုပ်ရိုးလုပ်စဉ် တခုလို ဖြစ်နေပါတယ်။ ဒီတော့ ကုန်ထုတ်လုပ်ရေး ကျဆင်းလာပါတယ်၊ မြန်မာ့စပါးကျီလည်း ပြိုလဲသွားရတဲ့ အခြေအနေ ဖြစ်ကုန်တယ်။

ပဲခူးရိုးမမှာဆိုရင် တောင်ပေါ်ကရင်ရွာတွေကို ကွင်းစပ်ဒေသတွေဆီ ပြောင်းရွှေ့ပြီး စုစည်းရွာတွေအဖြစ် လုပ် လိုက်တယ်။ အဲ့ဒီစုစည်းရွာတွေဆီ မပြောင်းရွှေ့လိုသူတွေက ရွာပုန်းရွာရှောင်အဖြစ် နေကြတယ်။ အဲဒီလိုရွာမျိုးနဲ့ ရွာ သားတွေကိုတော့ တွေ့တဲ့နေရာမှာပဲ ဖမ်းဆီးညှဉ်းဆဲသတ်ဖြတ်ပစ်လေ့ရှိတယ်။ သောင်းကျန်းသူ ဒါမှမဟုတ် သောင်းကျန်း သူအမာခံဆိုတဲ့ နာမည်တပ်လိုက်တာပဲ။ အဲဒီလိုရွာပုန်းက အမျိုးသမီးတွေဘဝကတော့ အမျိုးသားတွေထက် ပိုဆိုးတာ ပေ့ါ။ ပဲခူးရိုးမမှာ ဘယ်တော်လှန်ရေးအဖွဲ့မှ မရှိတော့တဲ့အခါမှာ ပဲခူးရိုးမကျွန်းတောကြီးလည်း ပြုန်းသွားတာပါပဲ။ ဒီတော့ ဗမာပြည် မမွဲဘဲဘယ်ခံနိုင်မလဲ။ စစ်အစိုးရရဲ့ စီးပွားရေးသောင်းကျန်းတဲ့ဒဏ်ကို ဗမာပြည် ပြည်သူတွေနဲ့အတူ ပဲခူးရိုးမ ကျွန်း တောကြီးလည်းခံသွားရတာပဲ။

အဲဒီ ပဲခူးရိုးမအတွေ့အကြုံနဲ့ မြစ်ဝကျွန်းပေါ်အတွေ့အကြုံတွေကိုယူပြီး စစ်အစိုးရက ရှမ်း၊ ကယား၊ ကရင်၊ ချင်း၊ ကချင်၊ ရခိုင် စတဲ့ပြည်နယ်တွေနဲ့ တိုင်းတွေအားလုံးမှာ ဖြတ်လေးဖြတ်စနစ်ကို တိုးချဲ့ကျင့်သုံးပါတယ်။ စစ်အုပ်စုနဲ့ စစ် အစိုးရအဆက်ဆက်ဟာ တနေရာကိုစစ်ဆင်မယ်ဆိုရင် တခြားတနေရာကိုချုံထားတာ လုပ်လေ့ရှိတယ်။ ဒီနည်းနဲ့ သူ့ရဲ့ သာလွန်တဲ့အင်အားကို စုစည်းပြီး တနေရာကို ဝိုင်းခတ် အပြတ်ရှင်းချေမှုန်းတာ လုပ်လေ့ရှိတယ်။ မြစ်ဝကျွန်းပေါ်ကို ထိုး နေတဲ့အချိန်မှာ ပဲခူးရိုးမနဲ့ကျန်ဒေသတွေကို ထိန်းထားရုံလောက်ပဲချုံထားပြီး မြစ်ဝကျွန်းပေါ်ဒေသကိုအပြတ်ရှင်းပါတယ်။ ပဲခူးရိုးမကိုထိုးတော့လည်း ပဲခူးရိုးမကို ဝိုင်းခတ်ပြီး ကျန်ဒေသတွေကို ချုံထားလိုက်တာပဲ။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် တ နင်္သာရီတို့ကို စစ်ဆင်တော့လည်း ရှမ်းပြည်နယ် ရခိုင်ပြည်နယ်၊ ချင်း၊ ကချင် စတဲ့ပြည်နယ်တွေကို ချုံထားလိုက်တာပဲ။ အဲဒီ ဒေသတွေမှာ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေကများတော့ လက်နက်ကိုင်တပ်တချို့ကို ဦးတည်ရှင်း၊ ကျန်လက် နက်ကိုင်တပ်တွေကို ချုံထားလိုက်တဲ့နည်းကိုပဲ လုပ်လေ့ရှိပါတယ်။ အချိန်တည်းမှာ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ တွေအတွင်း ဖြိုခွဲစည်းရုံးတာတွေ၊ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့အချင်းချင်း ပဋိပက္ခပြင်းထန်အောင်လုပ်တာတွေကို နည်းမျိုးစုံနဲ့လုပ်ပါတယ်။

ရှစ်လေးလုံး လူထုအုံကြွမှုကြီး ပေါက်ကွဲထွက်လာတဲ့အခါမှာတော့ ကျေးလက်တွေမှာသာမက မြို့တော်ရန်ကုန် အပါအဝင် မြို့ကြီးတွေမှာ ပြည်သူလူထုကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်တာ၊ မတရား ဖမ်းဆီး နှိပ်စက် သတ်ဖြတ် တာ၊ ထောင်ချတာတွေကို စစ်အုပ်စုက ထင်တိုင်းကြဲလုပ်တော့တာပါပဲ။ ဒေသလိုက်ကွက်ပြီး စစ်ဆင်တာမဟုတ်တော့ဘဲ တပြည်လုံး ထင်တိုင်းကြဲပစ်လိုက်တော့ နီးစပ်ရာနယ်စပ်ဒေသတွေကို ထွက်ပြေးခိုလှုံသူတွေ သိန်းနဲ့ချီဖြစ်ကုန်ပါတယ်။ မြို့တွေကို နေသားတကျထိန်းချုပ်လာနိုင်တဲ့အခါမှာ ကျေးလက်ဒေသတွေကို ယခင်ကလိုပဲ ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင် ပါတယ်။ ဒီတခါမှာတော့ ငြိမ်းချမ်းရေး ဒေသဖွံ့ဖြိုးရေးအတွက် အပစ်အခတ်ရပ်စဲရေးဆိုတဲ့အစီအစဉ်နဲ့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အချို့နဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တယ်။ အပစ်အခတ်ရပ်စဲရေး မလုပ်တဲ့အဖွဲ့တွေကို ဦးတည် ထိုး စစ်ဆင်ပါတယ်။ အဲဒီတုန်းက ဝ အဖွဲ့၊ မိုင်းလားအဖွဲ့၊ ကိုးကန့်အဖွဲ့၊ ကေအိုင်အေအဖွဲ့ စတဲ့အရှေ့မြောက်နဲ့မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တယ်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်အဖွဲ့အချို့နဲ့လည်း အပစ်အ ခတ်ရပ်စဲခဲ့တယ်။

ဒီတခါမှာ အပစ်အခတ်ရပ်စဲရေးမလုပ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဘက်က အဖွဲ့အစည်း တွေကို ထိုးစစ်ကြီးတွေဆင်ပါတယ်။ ဖြတ်လေးဖြတ်စနစ်နဲ့ပါပဲ။ ဒါကြောင့် ဒီစစ်ဆင်ရေးကာလတွေမှာ ရက်စက်မှုတွေက ကမ်းကုန်ပါတယ်။ အထမ်းသမားတွေဆိုရင် မလိုက်နိုင်တော့ရင် ပစ်ထားခဲ့လို့ သေဆုံးသွားတာတွေ၊ တချို့အထမ်းသမား တွေဆို ဆဲဆိုရိုက်နှက်ခံရပြီး လက်လွန်လို့သေဆုံးတာတွေအထိ ဖြစ်ပါတယ်။ ကျေးရွာသူ၊ကျေးရွာသားတွေဆိုရင်လည်း KNU အမာခံဆိုပြီး ရိုက်နှက်ခံရပြီး သတ်ဖြတ်တာခံရတာ အများအပြားပါပဲ။ ကျေးရွာသူကျေးရွာသားတွေရဲ့ ရိက္ခာသီးနှံ

တွေလည်း ဖျက်ဆီးခံရ၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်တွေက သတ်ဖြတ်စားသောက်ပစ်တာလုပ်တော့ ဘယ်ရွာသူရွာသားမှ စစ်အစိုးရတပ်ကို အတွေ့မခံချင်ကြပါဘူး။ ဒါကြောင့် တောထဲပုန်းရှောင်နေကြ၊ တဖက်နိုင်ငံကို ဒုက္ခသည်အဖြစ်နဲ့ ထွက်ပြေးတိမ်းရှောင်ကြနဲ့ ဖြစ်လာပါတယ်။ အဲ့ဒီတုန်းက ရက်စက်မှုတွေကို သာဓကတခုအနေနဲ့ ကေ(တောင်တန်းပြာ) ဆိုသူရေးတဲ့ ဆောင်းပါးတပုဒ်ကို ညွှန်းလို့ရပါတယ်။

ကေ(တောင်တန်းပြာ) ဟာ သူရေးသားတဲ့ ဆောင်းပါးအရ တပ်မ ၃၃ လက်အောက်ခံ ခမရ ၁၃ က တပ်စုမှူးတယောက်လို့ သိရပါတယ်။ မြန်မာသံတော်ဆင့်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၄ ဇန်နဝါရီလ ၁၄-၂၀ ၂၀၁၇ ခုနှစ်ထုတ်မှာ ကေ(တောင်တန်းပြာ) က "မဲကလာက မြေစာပင်ကလေးများ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတပုဒ်ရေးပါတယ်။ KNU တပ်မဟာ ၆ နယ်မြေ၊ မဲကလာဒေသ နယ်မြေစိုးမိုးရေးလုပ်စဉ်ကအဖြစ်အပျက်လို့ ဆိုပါတယ်။ ကေ(တောင်တန်းပြာ) က စစ်တပ်က ဖမ်းမိသူတွေကို စစ်ဆေး၊ ရိုက်နှက်ညှဉ်းပမ်းနှိပ်စက်ပြီး၊ သတ်ပစ်ရတဲ့အခါကျမှ သူ့တပ်စုကိုပဲ တာဝန်ပေးတာဖြစ်လို့ သူအဲဒီအလုပ်ကိုမလုပ်ချင်တော့ကြောင်းလည်း ဖော်ပြထားတယ်။ ဒါပေမဲ့ အထက်အမိန့်ကိုလည်း မလွန်ဆန်နိုင်ကြောင်းလည်း ဖော်ပြထားတယ်။

တခါမှာ လူလတ်ပိုင်းအရွယ် လူနှစ်ယောက်ကိုသတ်ဖို့ သူ့တပ်စုကိုအပ်ပါတယ်။ ထုရိုက်ထားတာလည်း အညိုအမဲ စွဲနေပြီး KNU က မိုင်းလာထောင်သူတွေလို့ စွပ်စွဲထားတယ်။ ကေ (တောင်တန်းပြာ)က အဲ့ဒီလူနှစ်ယောက်ဟာ KNU က မိုင်းလာထောင်သူတွေမဟုတ်ဘဲ အနီးအနားသစ်စက်က အလုပ်သမားတွေဆိုတာ သူတပ်အပ်သိတယ်။ ဒါပေမဲ့ အထက်အမိန့်အရ မလွန်ဆန်နိုင်လို့ သတ်ပစ်လိုက်ရတယ်လို့ ရေးထားတယ်။ နောက်တခုကတော့ ကိုယ်ဝန်အရင့်အမာနဲ့ ဖြူဖြူချောချောအမျိုးသမီးတဦးပါ။ မိုင်း လာထောင်သူလို့စွပ်စွဲပြီး ထုရိုက်ထားတာလည်း အညိုအမဲစွဲနေပါပြီ။ အဲ့ဒီအမျိုးသမီးကို သွားသတ်ဖို့ ကေ(တောင်တန်းပြာ) ကို အထက်က အမိန့်ပေးပါတယ်။ ကေ (တောင်တန်းပြာ) ကလည်း အဲ့ဒီအမျိုးသမီးဟာ မိုင်းထောင်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်မှန်း သူသိတယ်။ ဒါပေမဲ့ အထက်အမိန့်ကို သူမလွန်ဆန်နိုင်ဘူး။ ဒါပေမဲ့ အမိန့်လာပေးသူကို သတ်စရာရှိ သူ့တပ်စုကချည်း သတ်ရတယ်၊ ဒါကြောင့် ဒီတခါတော့ အခြားတပ်စုကိုတာဝန်ပေးဖို့ ကေ(တောင်တန်းပြာ) က ပြောကြည့်ပါတယ်။ ဒီအခါမှာ အနီးအနားမှာရှိတဲ့ အခြားတပ်စုက တပ်ကြပ်တယောက်က သူ့ကို ဒီတာဝန်ပေးဖို့ပြောလာတယ်။ ဒါကြောင့် အဲ့ဒီတပ်ကြပ်ကို သတ်ဖို့တာဝန်ပေးလိုက်တယ်။ကေ(တောင်တန်းပြာ)က မှတ်ချက်တခု ရေးပါတယ်။ အဲဒီတပ်ကြပ်ဟာ မဟုတ်တာအကုန်လုပ်တဲ့အကောင်ဆိုတာ သူသိတယ်ဆိုတာပါပဲ။ ဆိုလိုတာက အဲ့ဒီတပ်ကြပ်ဟာ ဒီအမျိုးသမီးကို သွားသတ်တဲ့အခါ မဟုတ်တာအကုန်လုပ်ပြီး သတ်ပစ်မယ်ဆိုတာပါပဲ။ ဒီလို တရားမဲ့ဖမ်းဆီးရိုက်နှက်၊ ညှဉ်းဆဲသတ်ဖြတ်၊ အဓမ္မပြုကျင့်မှုတွေဟာ စစ်အစိုးရတပ်တွေ စစ်ဆင်တဲ့ဘယ်နေရာ၊ ဘယ်ဒေသမှာမဆို ဖြစ်တာပါ။ အဲဒီလိုကိစ္စတွေ ဖော်ထုတ်ဖွင့်ချတာတွေလည်း အများအပြားရှိပါတယ်။ ဒါပေမဲ့ စစ်အစိုးရအဆက်ဆက်က ဒါကို ဘူးကွယ်ခဲ့တာချည်းပါပဲ။

စစ်အစိုးရဟာ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ပတ်သက်ရင် လက်နက်ချရင်ချ၊ မချရင် အပြတ်တိုက်ရေးပေါ်လစီကို စိုက်လိုက်မတ်တပ် ကျင့်သုံးပါတယ်။ ဒါကြောင့် အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ အဖွဲ့အစည်းတွေကို နယ်ခြားစောင့်တပ်ဖွဲ့ဖို့ လုပ်ပါတယ်။ ဆိုလိုတာက စစ်အစိုးရက နိုင်ငံရေးအရ ဆွေးနွေးပွဲမလုပ်ဘဲ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင်တပ်တွေကို တိုက်ရိုက်ချုပ်ကိုင်တာ၊ ကာကွယ်ရေးတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဖြစ်အောင် လုပ်ဖို့ပါ။ ဒါပေမဲ့ ဒီဟာလည်း မတတ်သာလို့ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်တပ်ဖွဲ့လုပ်ရတဲ့ အဖွဲ့ငယ်တွေကလွဲရင် ဘယ်လက်နက်ကိုင် တပ်ဖွဲ့ မှ နယ်ခြားစောင့်တပ်လုပ်ဖို့ကို လက်မခံပါဘူး။ တဆက်တည်းမှာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ဆက်လုပ်ပါတယ်။ KNU လို အဖွဲ့အစည်းတွေကစပြီး အပစ်အခတ်ရပ်စဲရေးလုပ်လာတော့ နောက်ဆုံးမှာ NCA ခေါ် တပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးတဲ့အထိ ဖြစ်လာတယ်။ အဖွဲ့အစည်းအချို့ လက်မှတ်ထိုးတယ်။ အဖွဲ့အစည်းအချို့က လက်မှတ် မထိုးဘူး။ တဆက်တည်းမှာ ဒီချုပ်အစိုးရကလည်း NCA ကို ဆက်လုပ်မယ်။ ၂၁ ရာစုပင်လုံညီလာခံလုပ်မယ်။ ငြိမ်းချမ်းရေးဖော်ဆောင်မယ်ဆိုပြီး လုပ်လာတယ်။ တချိန် တည်းမှာ ကာချုပ်ကလည်း NCA လက်မှတ်ရေးထိုးရာမှာ မူ ၆ ချက်ကို ဆုပ်ကိုင်ထားမယ်ဆိုတာ လုပ်လာတယ်။ အဲဒီလို ဖြစ်ပျက်နေစဉ်မှာ နယ်ခြားစောင့်တပ်ကိုလက်မခံတဲ့ အဖွဲ့အချို့နဲ့ရော NCA လက်မှတ်မထိုးတဲ့ အဖွဲ့အချို့နဲ့ပါ စစ်အစိုးရတပ်တွေ လက်နက်ကိုင်ပဋိပက္ခဖြစ်လာတယ်။ ပလောင်၊ ကိုးကန့်နဲ့ AA စတဲ့အဖွဲ့တွေကို မတရားသင်းအဖြစ်

ကြေညာတယ်။ ကိုးကန့် ပလောင် အေအေ ကို အကြမ်းဖက်အဖွဲ့အစည်း (မတရားသင်း)အဖြစ် ကချင်ပြည်နယ်အစိုးရက စစ်တပ်ဖိအားအောက်မှာ ကြေညာတာဖြစ်တယ်။ ၂၁ ရာစု ပင်လုံညီလာခံကိုလည်း မတရားအသင်း ကြေညာခံရတဲ့ အဖွဲ့တွေ တက်ခွင့်မရှိဖြစ်လာတယ်။ ဒီလိုနဲ့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဆိုတာ ပေါ်လာတယ်။ အဲ့ဒီအဖွဲ့က NCA လမ်းကြောင်းကို လက်မခံဘူးဆိုတာ ကြေညာတယ်။ အဓိက ၀ အဖွဲ့က ကမကထ လုပ်တယ်။

ဒီလိုအခြေအနေမှာ ဗမာပြည်တောင်ပိုင်းအဖွဲ့တွေကိုချိုထားပြီး မြောက်ပိုင်းအဖွဲ့တွေကို စစ်ဆင်တယ်။ ဒါပေမဲ့ စစ်အုပ်စုဟာ ၀ အဖွဲ့ကို လက်ဖျားနဲ့တောင် မတို့ဘဲ ချိုထားတယ်။ KIA ၊ ပလောင်နဲ့ AA ကိုပဲ ဦးတည်တိုက်ပါတယ်။ ဖြတ်လေးဖြတ်စနစ်နဲ့ပါ။ ဒါကြောင့် ဘယ်ကျေးရွာမှ ဒီစစ်အုပ်စုရဲ့တပ်ကို အတွေ့မခံပါဘူး။ ဒီလိုနဲ့ စစ်ရှောင်ဒုက္ခသည် တွေဆိုတာ ပေါ်လာတယ်။

ဒီအတောအတွင်းမှာ ရခိုင်မြောက်ပိုင်း မွတ်စလင်တွေကိစ္စ ပေါ်လာတယ်။ ဖြတ်လေးဖြတ်စနစ်နဲ့ လက်ယဉ်နေတဲ့ စစ်တပ်ဆိုတော့ ပြောဖို့မလိုတော့ဘူး။ တရားမဲ့သတ်ဖြတ်ညှဉ်းဆဲတာ။ အဓမ္မပြုကျင့်တာတွေ လက်လှမ်းမီသလောက် လုပ်တော့တာပဲ။ ဒီတော့ တရားဝင်ရော၊ တရားမဝင်ရောနေထိုင်တဲ့ မွတ်စလင်တွေဟာ တဘက်နိုင်ငံကို အလုံးအရင်းနဲ့ ထွက်ပြေးကြရတော့တယ်။

ပြည်တွင်းပြည်ပ ဖိအားပေးတာကြောင့် ရခိုင်ဒေသမှာနဲ့ ပလောင်ဒေသတွေမှာ တရားမဲ့သတ်ဖြတ်မှုတွေကို မတတ်သာဘဲ ဖော်ထုတ်ပြီး ဟန်ပြအရေးယူမှုလုပ်ခဲ့ရတယ်။ ဒါကြောင့် ကာချုပ်က တပ်မတော်မှာ ဒီလိုတရားမဲ့ အဓမ္မပြုကျင့်တဲ့ အစဉ်အလာမရှိဘူးလို့ မျက်နှာပြောင်တိုက် ထပ်ပြောနေပြန်တယ်။ တကယ်တော့ ၂၀၀၈ အခြေခံဥပဒေအောက်မှာ ကျင်းပတဲ့ရွေးကောက်ပွဲနဲ့ တက်လာတဲ့အစိုးရအဖွဲ့တွေက ဒီမိုကရေစီ အပြောင်းအလဲလုပ်နေတယ်ဆိုတဲ့ လိမ်လည်မှုကြီးအောက်မှာ ကာချုပ်အနေနဲ့ ဒီလိုထွက်လိမ်တာ မဆန်းပါဘူး။

စစ်အုပ်စုဟာ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်တည်မြဲဖို့၊ စစ်ဗျူရိုကရေစီယန္တယားကြီး ခိုင်မြဲဖို့ စစ်အုပ်စု ခရိုနီတွေရဲ့ စီးပွားရေးခိုင်မြဲဖို့ဆိုရင် လိမ်ညာတာလည်း လုပ်မယ်။ သပ်လျိုသွေးခွဲတာလည်း လုပ်မယ်။ ပြည်တွင်းစစ်ကိုလည်း ဆက်ဖန်တီးနေမယ်။ ရက်ရက်စက်စက် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်တာတွေလည်း လုပ်မယ်။ တကယ်တော့ အဲဒါတွေကို စစ်အုပ်စုဟာ လုပ်ခဲ့တယ်။ လုပ်နေတယ်။ နောင်လည်း ဆက်လုပ်နေလိမ့်မယ်။ ဗမာပြည်မှာ စစ်အုပ်စုတည်ရှိနေသရွေ့ စစ်အာဏာရှင်စနစ် တည်ရှိနေသရွေ့ ဗမာပြည်လူမျိုးစုံပြည်သူလူထုကြီးဟာ အဖိနှိပ်ခံဘဝနဲ့ပဲ စခန်းသွားရလိမ့်မယ်။ တမျိုးသားလုံး စည်းလုံးညီညွတ်ရေးဟာ အစိတ်စိတ်အမြွာမြွာ အခွဲခံရမှာပဲ။ ဒီမိုကရေစီအရေးဟာလည်း မျှော်တိုင်းဝေးမှာပဲ။ ပြည်တွင်းငြိမ်းချမ်းရေးဟာလည်း ဇာတ်မျောကြီး ဖြစ်နေဦးမှာပဲ။ ၂၀၀၈ အခြေခံဥပဒေအရ ကြံ့ဖွံ့အစိုးရပဲဖွဲ့ဖွဲ့၊ ဒီချုပ်အစိုးရပဲဖွဲ့ဖွဲ့၊ ဘယ်နိုင်ငံရေးပါတီပဲ အစိုးရဖွဲ့ဖွဲ့ စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကို မတတ်သာဘဲ အောင့်ကာနမ်းနေရဦးမှာကတော့ အမှန်ပါပဲ။

ခေတ်မီပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေရှိနေတဲ့ နိုင်ငံတကာပတ်ဝန်းကျင်မှာ ဗမာပြည်ဟာ အခွင့်ကောင်းတွေကို လက်လွှတ်ဆုံးရှုံးရပြီး ဖွတ်ကျောပြာစုဘဝနဲ့ စခန်းသွားနေရဦးမှာတော့ သေချာနေပါတယ်။ အဖိနှိပ်ခံပြည်သူများအနေနဲ့ကတော့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းပြိုလဲသည်အထိ မလျှော့တမ်းဖွဲ့နပဲနဲ့ တိုက်ပွဲဝင်သွားမှာလည်း အသေအချာပါပဲ။

စောထွန်းဇင်

စည်းကမ်းပြည့်ဝသော

ဒီမိုကရေစီစည်းဝိုင်းထဲမှာ

သေနတ်နဲ့သတိအမြဲရှိနေမှ

(ဇော်လတ်)

"တောက်လျှောက် ဒီအသက်ဒီအရွယ် ဒီအခြေအနေအထိ ဒီလိုရှင်သန်ခဲ့တာလည်း လုံခြုံရေးအတွက် လိုအပ်တဲ့သတိနဲ့ နေပြီးတော့ လုပ်ခဲ့လို့ပါ။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နိုင်ဖို့အတွက် လိုအပ်တဲ့ အဲဒီသေနတ်ကို လိုင်စင်နဲ့ကိုင်ပြီးတော့ ကိုယ်သွားတဲ့ နေရာ ယူဆောင်သွားနေခြင်းပါ " တဲ့။

ဒီလိုဆိုတော့ ရဟတ်ယာဥ်ပျက်ကျလို့ သေသွားတဲ့ (နဝတ) "တွင်း ၂ - ဗိုလ်တင်ဦး" ကိစ္စကို သွားသတိရမိတယ်။ သူ့ကို လုပ်ကြံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ကြတယ်။ သူ့အိမ်ကို ပါဆယ်ဗုံးပို့လိုက်တယ်။ ဒါပေမဲ့ သူမသေဘဲ အဲဒီ ပါဆယ်ထုပ်ကိုဖွင့်တဲ့ သူ့သမီး သေသွားရတယ်။ အဲဒီလုပ်ကြံသတ်ဖြတ်မှုမှာ တရားခံဘယ်သူလဲဆိုတာ (နဝတ-နအဖ) စစ်အုပ်စုက ဒီနေ့အထိ ဖော်ထုတ်ပေးခြင်း မရှိဘူး။ ကိုယ့်အစွယ်ကိုယ် ထုတ် ပြရတာမျိုး ဖြစ်မှာ စိုးပုံရတယ်။

နောက်တခု သတိရမိတာက (နဝတ) ဥက္ကဋ္ဌ ဗိုလ်စောမောင် သေနတ်ဆောင်ထားတဲ့ကိစ္စ။ ဗိုလ်စောမောင် လည်း သူ့ကိုယ်သူ မလုံခြုံဘူးဆိုတာ သိပုံရတယ်။ နောက်ဆုံး သူဆောင်ထားတဲ့ သေနတ်ထဲက ကျည်ဆန်ဟာ ပစ်လို့မရ တဲ့၊ ပစ်ရင်မထွက်တဲ့ "ကျည်အ" တွေဖြစ်နေအောင် လုပ်ကြံထားသူဟာ ဗိုလ်ခင်ညွန့်နဲ့ သူ့ထောက်လှမ်းရေးပဲ။ ဒီလိုလုပ်ထားကြောင်း သူ့စာအုပ်ထဲ ရေးထားတာပဲ။ တကယ်တော့ ဒီလုပ်ရပ်ဟာလည်း အင်မတန်ပက်စက်တဲ့ အရုပ်ဆိုး အကျည်းတန်လှတဲ့ စစ်အုပ်စုရဲ့ လုပ်ရပ်တစ်ခုပဲဖြစ်တယ်။

စစ်အုပ်စုတွင်းမှာ အကောက်ကြံပက်စက်မှုတွေဟာ အုံနဲ့ကျင်းနဲ့ အလုံးနဲ့အထွေးနဲ့ရှိပုံပါပဲ။ ဒါတွေကို အခုမှ တစတစ မစို့မပို့ ဖော်ပြနေကြတယ်။

ဒ့ါအပြင် " သစ္စာဖောက်တွေ - သာကူးတွေ - လက်နက်ချတွေ" လို့ သူတို့အချင်းချင်း အပြန်အလှန် အပုပ်ချ လက်ညှိုးထိုးလိုက်တော့မှ စကားထဲက ဇာတိပြဆိုတာလို သူတို့ စကားနဲ့ သူတို့လက္ခဏာဟာ တထပ်တည်းပါလားဆိုပြီး ပြည်သူတွေ တွေးထင်ယူဆထားချက်တွေ ကွက်တိကိုက်ညီနေတာ တွေ့ရတယ်။ သူတို့စကားထဲက "သစ္စာရှိမှု"ဆိုတာ ဟာ စစ်အုပ်စုခေါင်းဆောင်နံပါတ်ဝမ်းအပေါ်ထားတဲ့ "သစ္စာ" ပဲ။ တိုင်းပြည်နဲ့ပြည်သူလူထုအပေါ်ထားတဲ့ သစ္စာမဟုတ်ပါဘူး။ "သစ္စာဖောက်" ဆိုတာကလည်း တိုင်းပြည်နဲ့ပြည်သူလူထုအကျိုးကို ဖောက်ဖျက်လို့ မဟုတ်ဘဲ "နံပါတ်ဝမ်းနဲ့ စစ်အုပ်စုအကျိုးစီးပွား"ကို သွေဖီလို့ပေးတဲ့ဘွဲ့ပဲ ဖြစ်တယ်။ ဒီတော့ သူတို့အပေါ် ပြည်သူတွေက ကရုဏာသက်စရာမရှိလှဘူး။

ဒ့ါအပြင် စစ်အုပ်စုက အာဘောင်အာရင်းသန်သန် အော်ဟစ်လာခဲ့တဲ့ "ဘယ်သူခွဲခွဲ ဒို့ မကွဲ အမြဲစည်းလုံးမည် " ဆိုတဲ့အော်သံကို ဗိုလ်စောမောင်၊ ဗိုလ်တင်ဦးတို့ရဲ့လက်တွေနဲ့ ဗိုလ်ရွှေမန်းရဲ့ ပြောစကားတွေက ပျက်ရယ်ပြု ဖော်ကောင် လုပ်နေတယ်။ ဗိုလ်ရွှေမန်းပြောစကားက သူ ဒီအသက်ဒီအရွယ်အထိ အသက်နဲ့ကိုယ်အိုးစားမကွဲသေးတာ သေနတ်နဲ့ သတိ ရှိနေလို့သာဖြစ်တယ်လို့ ဝန်ခံလိုက်တာပဲဖြစ်တယ်။ ဒီတော့ လေးလောင်းပြိုင်၊ ငါးလောင်းပြိုင်သတ်ဖြတ်မှု၊ ရှေ့နေ ကြီးဦးကိုနီ လုပ်ကြံသတ်ဖြတ်ခံရမှုတွေ အမှုမှန်မပေါ်ပေါက်နိုင်တာ၊ ဒီလို လူမဆန်တဲ့ ယုတ်မာပက်စက်မှုတွေ နောက် ကွယ်မှာ ဘယ်သူတွေရှိနေတယ်။ ဘယ်သူတွေ ကြိုးကိုင်စီမံခြယ်လှယ် အမိန့်ပေးနေသလဲဆိုတဲ့အချက်ကို ပြက်ပြက်ထင် ထင် နားလည်သိမြင်စေပါတယ်။

ဗိုလ်ရွှေမန်းဟာ စစ်အုပ်စုရဲ့ အမှတ်စဉ်မှာ "နံပါတ်သုံး" လို့ သူ့ကိုယ်သူ ထုတ်ပြောခဲ့သူ၊ ရည်မှန်းချက်ကြီးသူ ဖြစ်တယ်။ သူလိုလူကတောင် လိုင်စင်ခံပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ ကိုယ်နဲ့မကွာ သေနတ်ဆောင်ထားရတယ်ဆို တော့ စစ်အုပ်စုတွင်း အကောက်ကြံမှု၊ ခြေပုန်းခုတ်လုပ်ကြံမှုတွေရဲ့ ပွေလီကောက်ကျစ်ယုတ်မာမှုကို ဖျတ်ခနဲ မြင်လိုက်ရ တယ်။ ဒါဆိုရင် ပင်စင်ယူသွားသူ၊ အနားပေးခံရသူ၊ အပယ်ခံရသူ စစ်ဗိုလ်ချုပ်ကြီးတွေဟာ ကိုယ်စီသေနတ်တွေ ကိုင်ထား ကြမှာပဲဆိုတဲ့အချက်ကိုလည်း ဆက်တွေးမိစေပါတယ်။ လက်နက်ဆိုလို့ အပ်တိုတချောင်းမျှမပါတဲ့ ပြည်သူတွေ၊ ကျောင်း သားတွေ၊ ရဟန်းသံဃာတွေကို လမ်းမပေါ်မှာ မိုက်မိုက်ကန်းကန်းပစ်သတ်ဖို့ အမိန့်ပေးတဲ့ ပစ်ခတ်တဲ့ စစ်ဗိုလ်ချုပ်ကြီး တွေဟာ သူတို့အသက်ကျတော့ စိုးရိမ်တတ်ရန်ကော။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစည်းဝိုင်းထဲမှာ သေနတ်နဲ့သတိ အမြဲရှိနေမှ အသက်နဲ့ကိုယ် အိုးစားမကွဲမှာဖြစ်တယ်။ စစ်အုပ်စုဝင်တွေ၊ စစ်အုပ်စုသင်းကွဲတွေဟာ သူတို့ကိုယ်သူတို့ ခုခံ ကာကွယ်ဖို့ သေနတ်ဆောင်ထားနိုင်တယ်ရင် သူတို့ရဲ့အကြမ်းဖက်ဖိနှိပ်တာကို ခံနေရတဲ့ ပြည်သူတွေမှာလည်း သူတို့ကိုယ် သူတို့ တရားသဖြင့် ခုခံကာကွယ်နိုင်ဖို့ လက်နက်စွဲကိုင်တာဟာလည်း အမြဲမှန်ကန်ပြီး တရားမျှတတဲ့လုပ်ဆောင်မှုပဲ ဖြစ် နေပါလိမ့်မယ်။

ဒီတော့ DDR/SSR လုပ်ကြရမယ့် (NCA) လက်မှတ်ထိုးထားသူတွေ၊ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ဗိုလ်ရွှေ မန်း စကားထဲမှာ သင်ခန်းစာယူစရာပါနေမလား။ စစ်အုပ်စုဟာ အစိမ်း၊ အကျက်မရွေးဘူး။ "စစ်အုပ်စုထာဝရအကျိုးစီးပွား" ပဲရှိတယ်။ အဲဒီ "ထာဝရအကျိုးစီးပွား" ကို ထိပါးဖောက်ဖျက်လာရင် စိမ်းကျက်နီးဝေး ဘယ်သူဖြစ်ဖြစ် "ရန်သူ" ဖြစ်တယ် ဆိုတာကို ဗိုလ်ရွှေမန်းရဲ့ ဇာတိပြနေတဲ့ စကားတွေထဲကနေ တွေးကြည့်လို့ရတယ်။

ဗိုလ်ရွှေမန်းတို့ နောက်ထပ်ထုတ်ဝေလိုက်တဲ့ (နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ နုတ်ထွက်ခြင်း ဆိုင်ရာ လေ့လာတွေ့ရှိချက်) စာအုပ် အမှာစာမှာ ဗိုလ်ရွှေမန်းက " နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ နုတ် ထွက်ခြင်း ဖြစ်စဉ်သည် နိုင်ငံတော်၊ အစိုးရ၊ လွှတ်တော်နှင့်ခုံရုံးအဖွဲ့တို့အတွက် အကျည်းတန်အရုပ်ဆိုးသည်" လို့ ရေးထား ပါတယ်။

တကယ်တော့ ဒီဖြစ်ရပ် (ခုံရုံးဥက္ကဋ္ဌ ဗိုလ်သိန်းစိုးနဲ့တဖွဲ့လုံးထွက်သွားရတာ) ဟာ အုပ်စိုးသူအဆက်ဆက် ဖိနှိပ် အကြမ်းဖက်ခဲ့ကြလို့ ပြည်သူတွေရဲ့ သွေးတွေစွန်းပေပြီး အင်မတန် အရုပ်ဆိုးအကျည်းတန်လွန်းလှတဲ့ သူတို့မျက်နှာတွေ ကို "၂၀၀၈ အခြေခံဥပဒေဘောင်" ထဲမှာ သူတို့ အချင်းချင်းအပြန်အလှန် အိုးမဲထပ်သုတ်ကြတာ၊ အကြေးခွံ လှန်ကြ တာပဲဖြစ်ပါတယ်။

တကယ်ကတော့ "ကိုယ့်အုပ်စု ကိုယ့်အကျိုးစီးပွားကို ဦးထိပ်ပန်၊ ပြည်သူလူထုအပေါ် ရက်စက်ရမ်းကားနေတဲ့ ဖောက်ပြန်ရေးသမားတွေအဖို့ သေနတ်ဆောင်ထားလည်း တကယ် လုံခြုံမှာမဟုတ်ပါဘူး။ ပြည်သူနဲ့အတူနေ ပြည်သူနဲ့ အတူစား ပြည်သူ့ဘဝ ခံယူထားသူများသာ ပြည်သူလူထု မေတ္တာခြံရံလို့ လုံခြုံနိုင်တာပါ"

(ဖော်လတ်)

အာဏာလက်မလွှတ်ရေးအမြင်နဲ့ ရမ်းရမ်းမိုက်မိုက်ပြောသွားတဲ့

ကာချုပ်မိန့်ခွန်း

ညိုစိန်ဝင်း

ကာချုပ်မင်းအောင်လှိုင်ပြောသွားတဲ့မိန့်ခွန်းဟာ တိုင်းပြည်ကို ကာကွယ်တဲ့အမြင်မဟုတ်၊ စစ်အုပ်စုအကျိုးစီးပွား၊ စစ်အုပ်စုအတ္တအကျိုး၊ စစ်ခေါင်းဆောင်အဆက်ဆက်ကို ကာကွယ်တဲ့အမြင်နဲ့ ပြောသွားတဲ့မိန့်ခွန်း။ အာဏာလက်မလွှတ်ရေး အမြင်နဲ့ ပြောသွားတာ။ ကိုယ့်စစ်အုပ်စု၊ ကိုယ့်စစ်တပ်ကို ကိုယ့်ဘာသာ ကာကွယ်ရင်း တခြားသူတွေကို ဝှါစကားနွှားရ တိုက်ခိုက်ပုတ်ခတ်တာကိုလည်း သူ့ထုံးစံအတိုင်းလုပ်သွားသေးတယ်။ ငြိမ်းချမ်းရေးအစည်းအဝေးမှာ သိမ်သိမ့်မွေ့မွေ့ သိမ်းသွင်းစည်းရုံးတဲ့အလုပ်ကို မလုပ်တတ်။ လူမိုက်ဗိုလ်ရဲ့ လူမိုက်စကားပြောနည်းမျိုး ပြောသွားတဲ့ပုံစံမျိုး။ တိုင်းပြည်မှာ ငြိမ်းချမ်းရေးအရင်းအမြစ်ကောင်းတွေ လိုအပ်နေဆဲပဲတဲ့။ ကာချုပ်က သူမထင်ရင် မထင်သလို စစ်ထတိုက်နေတဲ့ ပြည်တွင်းစစ်မြေယံမှာ ငြိမ်းချမ်းရေးအတွက် ဘယ်လိုရင်းမြစ်ကောင်းမှ ထွက်မလာနိုင်။ အဆိပ်ပင်လွှမ်းနေတဲ့ မြေယံမှာ ပန်းကောင်းပန်းမြတ် မပွင့်နိုင်။ စစ်အုပ်စုအမြစ်ကို နုတ်နိုင်မှ ငြိမ်းချမ်းရေးရင်းမြစ်ကောင်း ထွက်လာနိုင်မယ်။ အစွဲကင်းကင်းနဲ့ သမိုင်းကို ကြည့်ရမယ်တဲ့။ သူကိုယ်တိုင်ကတော့ စစ်အုပ်စုနဲ့ သူ့လက်ကိုင်တုတ်စစ်တပ်ကို ကာကွယ်တဲ့အစွဲနဲ့ သမိုင်းကို ကြည့်မြင်တယ်။ ဗမာလူမျိုးကြီးဝါဒအစွဲနဲ့ သမိုင်းကို ကြည့်မြင်တယ်။

ကိုလိုနီလက်ထက်ကစပြီး အင်္ဂလိပ်တွေရဲ့ သွေးခွဲအုပ်ချုပ်မှုအကျိုးဆက်အဖြစ် တိုင်းရင်းသားတွေ အထင်အမြင်လွဲမှားမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ရတာလို့ ပုံဖော်တယ်။ တိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ဖက်ဆစ်တော်လှန်ရေးစိတ်ဓာတ်တွေကို တလုံးမှ အသိအမှတ်မပြု ပြောမသွား။ တိုင်းရင်းသားတွေ အမြင်မှားမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ရတဲ့ပုံမျိုး ဆွဲပြောတယ်။

လွတ်လပ်ရေးရပြီးနောက် ဗကပ- က ဦးနု ဖဆပလကို ဝါဒရေးရာအရ ဆန့်ကျင်ပြီး တောခိုသွားလို့ လက်နက်ကိုင် ပဋိပက္ခ စဖြစ်တယ်တဲ့။ ကာချုပ်ဟာ သမိုင်းအသိအမြင် ခေါင်းပါးလွန်းတယ်။ နည်းနည်းမှ မှန်ကန်မှုမရှိတဲ့ အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်မှုပဲ။ အုပ်စိုးသူဖဆပလအစိုးရက သတင်းစာတိုက်တွေ ဝင်ရောက်ဖျက်ဆီး ရိုက်ချိုးပြီး ဒီမိုကရေစီအခွင့်အရေးတွေကို အကြမ်းဖက်ဖိနှိပ်တာ၊ ဗကပ ပါတီဝင်တွေကို လိုက်လံဖမ်းဆီးသတ်ဖြတ်လို့ ပါတီဝင်တွေ အဖမ်းခံရတာ၊ တချို့ပဲ လွတ်မြောက်သွားတာ။ အဲဒီအချိန်အထိ ဗကပမှာ လက်နက်ကိုင်လမ်းစဉ်ဆိုတာလည်း မရှိသေး၊ တောခိုဖို့ အစီအစဉ်လည်း မရှိသေး။ သူတို့ဖမ်းဆီးသတ်ဖြတ်မှ လက်နက်နဲ့ဖိနှိပ်လာမှုကို လက်နက်နဲ့ တုံ့ပြန်တွန်းလှန်တာ တရားတယ်-လို့ ဆုံးဖြတ်ပြီး မလွှဲမရှောင်သာ ခုခံစစ်ဆင်နွှဲရတာဆိုတဲ့ သမိုင်းမှန်ကို ကာချုပ် ကြားမှ ကြားဖူးပါလေစ။ သူ့ လေသံက ဖဆပလ ဆိုရှယ်လစ်အုပ်စုလေသံနဲ့ တပေါက်တည်းပါလား။ တကယ်မရှိခဲ့တဲ့ ဂိုရှယ်စစ်တမ်းဆိုတာကို အကိုးအကားလုပ်ပြောနေတဲ့အထိ သမိုင်းအသိ ဆွံ့အထိုင်းမှိုင်းသူ။ ဦးနုက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလိုက်လို့ ကေအိုင်အေ ပေါ်ပေါက်လာတာတဲ့။ ဒီပြောဆိုချက်ဟာ နိုင်ငံရေးနဲ့ဘာသာရေးကို ရည်ရွယ်ချက်ရှိရှိ ရှုပ်ထွေးအောင် လုပ်ခြင်းဖြင့် ကေအိုင်အေရဲ့နိုင်ငံရေးပုံရိပ်ကို ထိခိုက်အောင်လုပ်နေတာ ဖြစ်ပါတယ်။ သူက စစ်တပ် ထုတ်ထားတဲ့ သမိုင်းလိမ်တွေကိုပဲ အမှန်ထင် ကိုးကားနေတာပါ။ ဒါကို ကေအိုင်အေကိုယ်တိုင် တုံ့ပြန်တာက ပိုသင့်တော်လိမ့်မယ်လို့ထင်ပါတယ်။ ဒါပေမဲ့ နည်းနည်းထောက်ပြချင်တာကတော့ ၄၉ ကတည်းက အမှတ်(၁)ကချင်သေနတ်ကိုင် တပ်ရင်းက ဗိုလ်

နော်ဆိုင်း တောခိုသွားခဲ့တာ ကာချုပ်မင်းအောင်လှိုင်က ထည့်မစဉ်းစားဘူး။ ၁၉၆၀ ပြည့်နှစ်မှာ ကေအိုင်အို ကချင်လွတ်မြောက်ရေးအဖွဲ့ကို မြေအောက်အသွင်နဲ့ ဖွဲ့ပြီးခဲ့ပြီးပြီ။ ၁၉၆၁ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ လားရှိုးငွေတိုက်ကို စတင်စီးနင်းတိုက်ခိုက်ပြီး လက်နက်ကိုင်လှုပ်ရှားမှုကို စတင်လိုက်ပြီ။ ၆၁ ဩဂုတ် ၂၆ မှာမှ ဦးနုက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလာတာ။ ဒါဟာ ကချင်တိုင်းရင်းသားတွေရော တခြားတိုင်းရင်းသားတွေရော မကျေနပ်တာတော့ မှန်လိမ့်မယ်။ တိုင်းရင်းသားတွေရဲ့လက်နက်ကိုင်တော်လှန်ရေးတွေ ပေါ်ပေါက်လာရတဲ့ အဓိက အကြောင်းရင်းဟာ ဖောက်ပြန်တဲ့ အုပ်စိုးသူတွေက ဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ပိတ်ပင် ချုပ်ချယ်ကာ မတရားဖိနှိပ် အုပ်စိုးနေမှုကြောင့် ကချင်အပါအဝင် တိုင်းရင်းသားအားလုံးက ငုံ့ခံနိုင်လို့ တုံ့ပြန်ရာကနေ တိုင်းရင်းသားတွေရဲ့ တော်လှန်ရေးတွေ ပေါ်ပေါက်လာခဲ့ရတာပဲ။ ကူမင်တန်ကျူးကျော်မှုအကြောင်းပြပြီး ပြည်နယ်တွေထဲကို စစ်တပ်တွေပို့လွှတ်ရာကနေ အဲဒီတပ်တွေက ဒေသခံတိုင်းရင်းသားတွေအပေါ် မတရားကျင့်၊ သတ်ဖြတ်လွန်းလို့ နောက်ပိုင်း လက်နက်ကိုက်ပုန်ကန်မှုတွေပေါ်လာတာလည်း အကြောင်းရင်းတခုပဲ။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အကြောင်းလည်း ကာချုပ်က ထည့်ပြောတယ်။ တော်လှန်ရေးကောင်စီလက်ထက်က စပြီး စစ်အစိုးရတွေရဲ့ လုပ်ဆောင်မှုတွေကို အမွှမ်းတင် အလှခြယ်ပေးချင်လို့ပဲ။ အဲသလို ပြောရင်း ကျွဲကူးရေပါ တပ်မတော်က ဘယ်လို ပါဝင်ကြိုးစားခဲ့တယ်ဆိုတာ ထည့်ပြောတယ်။ ၁၉၈၈ နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် အဖွဲ့ ၄၀ နဲ့ ငြိမ်းချမ်းရေး ရယူနိုင်ခဲ့တယ်လို့ မရှက်မကြောက်ပြောပြန်တယ်။ တနပ်စားငြိမ်းချမ်းရေး၊ ရေရှည်မတည်မြဲတဲ့ အတုအယောင် အကြံအဖန်ငြိမ်းချမ်းရေး၊ ပြည်သူတွေရဲ့ တံတွေးခွက်ထဲ ပက်လက်မျောခဲ့တဲ့ ငြိမ်းချမ်းရေးကို ချေးခြောက် ရေနူးပြီး အမွှမ်းတင်နေပြန်တယ်။

NCA စာချုပ်အကြောင်းပြောပုံကိုလည်း ကြည့်ပါဦး။ တိုင်းရင်းသားအားလုံး ဒို့တာဝန်အရေးသုံးပါးကို လက်ခံရမယ်။ ခွဲထွက်ရေးကိစ္စ ပြောတောင်မပြောနဲ့ဆိုပါလား။ ဒါကြောင့် အခု ၂၁ ရာစု တတိယအကြိမ် ငြိမ်းချမ်းရေးအစည်းအဝေးမှာ ဆွေးနွေးရမယ့်ခေါင်းစဉ်တွေကို တိုင်းရင်းသားတွေက စိတ်ပျက်လက်ပျက် ဖြစ်နေကြတာပဲ။ ရွေးကောက်ပွဲလမ်းကြောင်းသည်သာ အဓိကတဲ့။ ၂၀၀၈ ခြေဥအောက် ငုံ့လျှိုးဝင်ရောက်ပြီး ရွေးကောက်ပွဲဝင်ဖို့ပြောတာပဲ။ လက်နက်ချခိုင်းတာပဲ။ လက်နက်နဲ့ ၂၀၀၈ ခြေဥအောက်က ရွေးကောက်ပွဲ အလဲအလှယ်လုပ်ခိုင်းတာပဲ။ ဦးနုရဲ့ လက်နက်နဲ့ ဒီမိုကရေစီ အလဲခိုင်းတာနဲ့ သိပ်မကွာဘူး။ ကွာတာက ဦးနုက ဖြားယောင်းတယ်။ ကာချုပ်က မောက်မောက်မာမာ အထက်စီးနဲ့ ပြောတယ်။ ကွာတာက ဒါပဲ။

တပ်မတော်က ငြိမ်းချမ်းရေးအလိုချင်ဆုံးတဲ့။ ပြည်သူတွေကိုတော့ ငြိမ်းချမ်းရေးစကားကို လေသံတောင် ဟခွင့်မပြုဘူး။ ပြည်တွင်းစစ်မီး အမြဲတောက်လောင်စေသူတွေက ငြိမ်းချမ်းရေးစကား အသံကောင်းဟစ်နေတာဟာ ရယ်စရာမကောင်းတဲ့ ပြက်လုံးတခုထက် မပိုဘူး။

သူ့ရဲ့ငြိမ်းချမ်းရေးအစည်းအဝေး အဖွင့်မိန့်ခွန်းမှာ စည်းရုံးသိမ်းသွင်းမှုသဘော နည်းနည်းမှမပါဘဲ ဗကပ၊ ကေအိုင်အေ၊ ကေအင်န်ယူနဲ့ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့အစည်းတချို့ကို ပုတ်ခတ်တိုက်ခိုက်ထားတာ တွေ့ရတယ်။ (ပစ်ခတ်တိုက်ခိုက်မှုတွေမရှိလို့ လက်မှတ်ရေးထိုးစရာမလိုဘူးလို့ ပြောဆိုနေတာတွေ၊ ယခင်သဘောတူညီချက်တွေ ရှိပြီးဖြစ်တယ်လို့ ပြောဆိုနေတာတွေဟာ ဒီမိုကရေစီကျင့်ဝတ်တွေနဲ့ ညီညွတ်မှုမရှိဘူး) ဆိုတဲ့ သူ့ပြောကြားချက်ဟာ တိုင်းရင်းသားအဖွဲ့အစည်းတချို့ကို ရည်ညွှန်းအပြစ်တင်လိုက်တာပဲ။ ဒီအဖွဲ့တွေကိုသာမက အစိုးရတွေကိုပါ အပြစ်တင်တယ်။ သူတို့စစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေက ဘာပြဿနာမှမရှိပါဘူးတဲ့။ သမိုင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့အစိုးရသာ ပဋိပက္ခတွေ ရှိခဲ့တာပါတဲ့။ ဗမာပြည်အစိုးရတွေထဲမှာ စစ်အုပ်စုက အစိုးရအဆက်ဆက်အဖြစ် နှစ်ပေါင်းဘယ်လောက်ကြာအောင် မတရားအုပ်ချုပ်ခဲ့တယ်ဆိုတာကို သူ ထည့်မစဉ်းစားဘူး။ ခုအချိန်အထိ စစ်အုပ်စုက တိုင်းပြည်အာဏာ ချုပ်ကိုင်ထားဆဲဆိုတာကို သူ ထည့်မစဉ်းစားဘူး။ တကယ်က ဒီချုပ်အစိုးရကို အောက်တန်းကျစွာ စောင်းမြောင်းပြောတာပဲ။ တခြားဘယ်အစိုးရကိုမှ ပြောချင်တာမဟုတ်ဘူး။ အစိုးရနာမည်ခံ ဒီချုပ်အစိုးရနဲ့ ပူးပေါင်းပါတယ်ပြောရင်းက နာမည်ခံဒီချုပ်အစိုးရကို တဖက်က လှည့်တိုက်တာပဲ။ အိုင်စီစီ ကိစ္စပေါ်လာချိန်က သူတို့က အစိုးရအမိန့် နာခံလုပ်ရပါ

တယ်။ သမ္မတအမိန့်အရ လုပ်ရပါတယ်ဆိုပြီး နာမည်ခံဒီချုပ်အစိုးရကို သေဖော်ညှိခဲ့တယ်။ အခုကျတော့လည်း ဒီချုပ်အစိုးရကို အခြောက်တိုက် အပုပ်ချချင်တဲ့ သဘောပဲ။

NCA ကို တိုင်းရင်းသားအဖွဲ့အစည်းတိုင်းက လက်မှတ်ထိုးရမယ်တဲ့။ စည်းရုံးသိမ်းသွင်းမှုသဘော နည်းနည်းမှ မပါဘူး။ ကာချုပ်မိန့်ခွန်းအပေါ် ပြည်သူတွေ မကျေနပ်ဆုံး အမုန်းတီးဆုံးကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတွေရော နိုင်ငံရေးပါတီတွေရောဟာ ပြည်သူ ၅၂ သန်းကို ကိုယ်စားမပြုဘူး။ သူတို့သာ ကိုယ်စားပြုတယ်လို့ မရှက်မကြောက်ပြောကြားလိုက်တာပဲ။ ဒါကို လူပုဂ္ဂိုလ်အသီးသီး အဖွဲ့အစည်းအသီးသီးက မကျေမနပ် ဆန့်ကျင် ထုတ်ဖော်လာနေကြတာ တွေ့ရပါတယ်။ ကြံ့ဖွံ့ပါတီ မဲနိုင်တုန်းကတော့ ပြည်သူတရပ်လုံးက ရွေးချယ်ပေးလိုက်တာပါတဲ့။ ခုကျမှ နိုင်ငံရေးပါတီတွေဆိုတာ ပြည်သူတွေကို ကိုယ်စားမပြုဘူးတဲ့။ တကယ်တော့ ဒါဟာ နိုင်ငံရေးပါတီတွေကို စော်ကားလိုက်တဲ့ ပြောဆိုချက်ပဲ။ ပြည်သူတရပ်လုံးရဲ့ ဆန္ဒအရ ရွေးကောက်တင်မြှောက်ပေးရတဲ့ ရွေးကောက်ပွဲကို ပုံဖျက်ပစ်လိုက်တဲ့ ပြောဆိုချက်ပဲ။ အလေးအနက်စဉ်းစားလိုက်ရင် ဒီမိုကရေစီစနစ်ကို ချိုးဖဲ့စော်ကားလိုက်တာပဲ။ သူတို့ကို ပြည်သူတရပ်လုံးက ရွံရှာမုန်းတီးနေကြတာကို မျက်နှာပြောင်တိုက်ပြီး ပြည်သူတရပ်လုံးကို သူတို့သာ ကိုယ်စားပြုတယ်လို့ ပြောလိုက်တာဟာ ကမ္ဘာမှာ ငါသာအလှဆုံးလို့ ကိုယ့်ဘက်ကို ကိုယ်ယက်ပြောတဲ့ ဖိုးရွှေလိပ်ရဲ့ ပြောနည်းမျိုးပါပဲ။ တကယ်က ပြည်သူလူထုအတွက် သူတို့ကိုယ်စားပြုတာ မဟုတ်ပါဘူး။ ပြည်သူက ကိုယ်စားပြု ရွေးချယ်ပေးခြင်းမဟုတ်ဘဲ အာဏာစင်ပေါ်မှာ မတရားနည်းနဲ့ အခန့်သား တက်ထိုင်နေသူတွေက ဘယ်လိုလုပ် ပြည်သူကိုကိုယ်စားပြုသူတွေ ဖြစ်မလဲ။ စစ်အုပ်စု၊ စစ် အာဏာရှင်စနစ်ကိုသာ သူတို့ကိုယ်စားပြုနေတာ ရှင်းနေပါတယ်။

ဘယ်နိုင်ငံမှာမဆို တခုတည်းသော တပ်မတော်တရပ်သာ ရှိပါတယ်တဲ့။ သူတို့လိုချင်တာက လက်နက်ကိုင်လမ်းစဉ်တွေ ချုပ်ငြိမ်းသွားရေး(တကယ်က မတရားဖိနှိပ်မှုကို တွန်းလှန်ဆန့်ကျင်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့လှုပ်ရှားမှုတွေ ရပ်ဆိုင်းပြီး လက်နက်ချရေး)၊ တိုင်းပြည်ရဲ့ တခုတည်းသော တပ်မတော်ဖြစ်အောင် သူတို့ခေါင်းဆောင်မှုအောက်မှာ ကျန်တိုင်းရင်းသားတပ်တွေက နယ်ခြားစောင့်တပ်တွေလိုမျိုး ပြည်သူ့စစ်တပ်ဖွဲ့သာသာ လက်အောက်ခံတပ်ဖွဲ့ငယ်အဖြစ် ခေါင်းလျှိုဝင်ရေးသာ ဖြစ်ပါတယ်။ တခုတည်းသောစစ်တပ်ဟာ အစိုးရရဲ့ လက်အောက်ခံဖြစ်ရမယ် ဆိုတာတော့ သူကထည့်မပြောဘူး။

ချုပ်လိုက်ရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ကာချုပ်က စစ်အာဏာရှင်စနစ်နဲ့ စစ်ခေါင်းဆောင်တွေ၊ ၅၂ သန်းသော ပြည်သူတွေကို ကိုယ်စားပြုနိုင်ပါတယ်လို့ သူပြောနေတဲ့စစ်တပ် စတာတွေကို ကာကွယ်၊ ရပ်ခံ၊ အမွှမ်းတင်ပြီး ငြိမ်းချမ်းရေးအစည်းအဝေးလာတက်သူ အဖွဲ့အစည်းတိုင်းကိုတော့ ၂၀၀၈ ခြေဥအောက် ခေါင်းငုံ့ဝင်ရေးကို ဝေါက်ဝေါက်ငမ်းငမ်း ရမ်းရမ်း ကားကားနဲ့ မရိုးမသား ပြောဆိုသွားတာပါပဲ။ တပ်မတော်ဟာ ငြိမ်းချမ်းရေး အလိုချင်ဆုံးပါ၊ ဒီအစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးအရယူဖို့ ကြိုးစားသွားလိုပါတယ်ဆိုတာတွေကိုလည်း ကာချုပ်ပြောသွားခဲ့တယ်။ ကာချုပ်သာ တကယ်ရိုးသားတယ်ဆိုရင်...ငြိမ်းချမ်းရေးကို တကယ်ဖော်ဆောင်လိုတဲ့ဆန္ဒ တကယ်အစစ်အမှန် ရှိတယ်ဆိုရင် "ဒီချုပ်အစိုးရနဲ့အတူ တပြည်လုံးအပစ်အခတ်ရပ်စဲကြောင်း" ကြေညာချက်ထုတ်ကြည့် လိုက်ပါလို့ပဲ ပြောလိုက်ပါရစေ။

ကာချုပ်မိန့်ခွန်းကို ဘာလို့ အခုလို ဝေဖန်နေရသလဲ။ ကာချုပ်ဟာ စစ်အုပ်စုကို ကိုယ်စားပြုနေလို့ဖြစ်တယ်။ အစိုးရအဖွဲ့ရဲ့အထက်မှာ အာဏာကို မတရားချုပ်ကိုင်ထားသူဖြစ်လေတော့ သူ့သဘောထားအမှားတွေဟာ တိုင်းပြည် အတွက် အန္တရာယ်ကြီးကြီးမားမား ပေးနိုင်လို့ ဖြစ်တယ်။ တိုင်းပြည်ကို ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခတွေ ရောက်စေပြီး ကမ္ဘာမှာ အောက်ကျနောက်ကျ အနိုင်ဆုံး အမွဲတေဆုံး နိုင်ငံတနိုင်ငံအဖြစ် ကျရှုံးစေခဲ့တာ သူတို့ပဲ။ အခုလည်း တိုင်းပြည် နဲ့ ပြည်သူတွေကို ဒုက္ခပေးနေတုန်းပဲ။ ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ ကာချုပ်မိန့်ခွန်းပါ သဘောထားတွေအရ လိုက်နာဆောင်ရွက်နေရင် ဘယ်လိုမှ အခွန့်ရှည်တည်တံ့ပြီး တကယ်တမ်းစစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်မှာ မဟုတ်ဘူး။

ဦးဝင်းတင်ပြောနည်းမျိုး ပြောရမယ်ဆိုရင် - စစ်အုပ်စုအနေနဲ့ ဒီသဘောမျိုး ဆက်လက်ကျင့်သုံးနေလို့ကတော့ မင်းတို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဘယ်လိုနည်းနဲ့မှ မအောင်နိုင်ဘူး။ဘာလို့လဲဆို တော့ မင်းတို့ မရိုးသားကြလို့ပဲ။ ။

အရေးတော်ပုံဂျာနယ်

စာအုပ်၊စာပေနဲ့စာပေဝေဖန်ရေးကဏ္ဍ

ဗိုလ်ရွှေမန်းရေးတဲ့စာအုပ်ထဲက

ဗိုလ်ရွှေမန်းတို့တတွေအကြောင်း

မောင်ထွန်းကျော်မြိုင်

(၁၀ ဇူလိုင် ၂၀၁၈)

အပိုင်း(၁)

စစ်ဗိုလ်ဟောင်းတွေ ရေးထုတ်နေတဲ့ စာအုပ်တွေ ဖတ်နေတာဟာ ပစ်ကွင်းကြည့်ပြီး မြားပစ်ရမယ်ဆိုတဲ့ ဥက္ကာဋ္ဌမော် ရဲ့ သြဝါဒနဲ့ အညီပဲ ဖြစ်ပါတယ်။

စစ်အုပ်စုအကြောင်း၊ စစ်အုပ်စုတွင်းပဋိပက္ခတွေအကြောင်း ဖတ်ရှုလေ့လာတယ်ဆိုတာဟာ စစ်အုပ်စုက စစ်တပ်ကို ခါးပိုက်ဆောင်တပ်သဖွယ်လုပ်ပြီး နိုင်ငံရေး၊ တိုင်းပြည်စီးပွားရေး အသက်သွေးကြောမှန်သမျှကို ထင်သလို လက်ဝါးကြီးအုပ် မောင်ပိုင်စီးထားတဲ့ကိစ္စတွေကို အကုန်အစင် တိုက်ဖျက်ချေမှုန်းပစ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လေ့လာဖတ်ရှုနေတာပါ။

စစ်အုပ်စု အုပ်စိုးမှုကလည်း ၁၉၆၂ ကနေ ရေတွက်ကြည့်ရင် ရာစုနှစ်ဝက်ကျော် (၅၆) နှစ် ရှိနေပြီမဟုတ်လား။ ဒီတော့ နေရာများစွာမှာ စစ်အုပ်စုရဲ့ ဆိုးသွမ်းမိုက်မဲမှုတွေဟာ မိဆိုင်ဖဆိုင်သဖွယ် အခြေကျအမြစ်စွဲနေတာပါ။ ဒါတွေဟာ

တဖက်မှာ ဟောင်းနွမ်းဆွေးမြေ့ ပုပ်သိုးနေပြီဆိုပေမယ့်၊ လက်တွေ့မှာ ထုနဲ့ထည်နဲ့ ရှိနေသေးတယ်ဆိုတဲ့အချက်ကို ကျွန်တော်တို့ နည်းနည်းလေးမှ သတိပေါ့လျော့လို့ မဖြစ်ပါဘူး။

အဲဒီအမြင်၊ အဲဒီသဘောထားတွေနဲ့ စစ်အုပ်စုထဲကနေ ရာထူးအဆင့်နေရာအသီးသီး၊ အကြောင်းအရာအမျိုးမျိုး၊ ဇာတ်လမ်းအဖုံဖုံနဲ့ လွင့်စင်ပဲ့ထွက်လာတဲ့၊ သင်းကွဲလာတဲ့ စစ်ဗိုလ်ဟောင်းတွေ ရေးတဲ့ စာအုပ်တွေကို ဖတ်တာဖြစ်ပါတယ်။

အခု ဒီဆောင်းပါးမှာ "သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး" ဆိုတဲ့ ဗိုလ်ရွှေမန်းရေးထားတဲ့စာအုပ်ထဲကနေ မြင်ရ၊ သိရ၊ တွေးယူလို့ရတဲ့ အချက်တချို့ကို ရွေးထုတ်တင်ပြမှာဖြစ်ပါတယ်။

"နိုင်ငံရေးသမားတစ်ဦးဖြစ်လာသည် "

"စေတနာ" လို့ အမည်တပ်ထားတဲ့ အမှာစာမှာ "ကျွန်တော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (SPDC) အဖွဲ့ဝင် စစ်ဗိုလ်ချုပ် တစ်ဦးကနေ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးသမားတစ်ဦးဖြစ်လာသည် " တဲ့။

ဒီအချက်ကို ချက်ချင်းလက်တန်းပြောနိုင်တာကတော့ ၈၈ မျိုးဆက်တွေလောက် နိုင်ငံရေးဆားဗစ် မရှိသေးဘူး ဆိုတဲ့ အချက်ပါပဲ။ ဗိုလ်ရွှေမန်းပြောချင်တာ ဒီအချက်လောက်တင် မဟုတ်လောက်ပါဘူး။ ပထမတချက်က သူဟာ (နဝတ) အဖွဲ့ဝင် မဟုတ်ခဲ့ဘူးဆိုတာကို ခွဲပြောချင်ပုံရတယ်လို့ ထင်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် (နအဖ) ဟာ (နဝတ)ကို ဆက်ခံထားတာပဲဖြစ်တယ်။ ၁၉၉၀ ရွေးကောက်ပွဲကို ပြုလုပ်ပေးပြီး အနိုင်ရသူကို အာဏာ မအပ်တာမှာတော့ (နဝတ)နဲ့ (နအဖ)ဟာ တကြိတ်တည်း တဉ၁ဂဏ်တည်း ဖြစ်ပါတယ်။ ဒါဟာ တကသအဆောက်အအုံကို ဒိုင်းနမိုက်နဲ့ ဖြိုချပြီး ဗိုလ်နေဝင်းနဲ့ဗိုလ်အောင်ကြီးတို့ သမိုင်းတရားခံ နံပတ်တစ်နေရာကို အပြန်အလှန်လက်ညှိုးထိုး နေရာလုနေသလိုမျိုးသာဖြစ်ပါတယ်။ သေချာတာတော့ နှစ်ယောက် စလုံး သမိုင်းတရားခံတွေဖြစ်ပါတယ်။

ဒုတိယအချက် "၂၀၁၁ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးသမားတစ်ဦးဖြစ်လာသည်" ဆိုတာက (နအဖ) အဖွဲ့ဝင် တပြုံလုံးဟာ သူတို့စိတ်ကြိုက်ရေးပြီး အဓမ္မအတည်ပြုခဲ့တဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့အတူ ကွက်ပြည့်နေရာချလာတဲ့ စစ်အုပ်စု ရဲ့ အစီအမံ အခင်းအကျင်းအသစ်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်ဗိုလ်ရွှေမန်းတယောက်တည်း ကွက်ပြီး "နိုင်ငံရေးသမား" ဖြစ်လာတာမဟုတ်ဘဲ ဗိုလ်ရွှေမန်းအပါအဝင်(နဝတ-နအဖ) ထိပ်သီးစစ်ဗိုလ်အားလုံး ဗိုလ်သန်းရွှေရဲ့အကွက်ရွှေ့နေရာချထားမှုနဲ့ "နိုင်ငံရေးသမားဖြစ်စေသတည်း" ဆိုလို့ ဖြစ်လာကြတဲ့အချက်ပါပဲ။ နိုင်ငံရေးပါတီမဟုတ်ပါဘူးလို့ သံပြိုင်အော်ဟစ်ခဲ့ကြတဲ့ "ကြံ့ဖွံ့အသင်း"လည်း ဗိုလ်သန်းရွှေအမိန့်နဲ့ "ကြံ့ဖွံ့ပါတီ" နေ့ချင်းညချင်း ဖြစ်လာတယ်။ ကျွဲကူးရေပါ ဆိုတာလို ကြံ့ဖွံ့ဝင်တွေအားလုံး အလိုအလျောက် ကြံ့ဖွံ့နိုင်ငံရေးပါတီဝင်တွေဖြစ်လာတယ်။ ဒါဟာ (နအဖ) စစ်အုပ်စုရဲ့ နံပတ်ဝမ်း ဗိုလ်သန်းရွှေရဲ့ စေတလုံးအမိန့်နဲ့ သူတို့ အား လုံး နိုင်ငံရေးပါတီနဲ့နိုင်ငံရေးသမားတွေ ဖြစ်သွားကြတဲ့ ဇာတ်လမ်းဇာတ်ကွက်ဖြစ်ပါတယ်။

"နိုင်ငံ့အရေး"

"နိုင်ငံ့အရေးကို ကျွန်တော် အတော်အတန် သိရှိနားလည်သည်" လို့ ဗိုလ်ရွှေမန်းက သူ့အမှာစာ အစမှာပိုဒ်ဖော်ပြထားပုံက လည်း သူ့အထာနဲ့သူ၊ သူ့အကွက်နဲ့သူ ခပ်ကြွားကြွားလေသံလေးနဲ့ အစချီလိုက်တာပါပဲ။

"နိုင်ငံရေး"လို့မသုံးဘဲ "နိုင်ငံ့အရေး"လို့သုံးတာမှာလည်း အကြောင်းနှစ်ချက်ရှိမယ်လို့ ထင်ပါတယ်။

ပထမအချက်က "နိုင်ငံ့အရေး" ဆိုတာ နိုင်ငံရေးရဲ့ အထက်မှာ၊ တပ်မတော်ရဲ့ခေါင်းပေါ်မှာ "စစ်အုပ်စု" ရှိတယ် ဆိုတဲ့ စစ်အုပ်စုရဲ့ဗိုလ်ကျဖိနှိပ်ရေး အတွေးအခေါ်၊ အမူအကျင့်ကနေ မြစ်ဖျားခံလာတာပါ။ ဒီအချက်က "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်

သည်”ဆိုတာနဲ့ တလေသံတည်းပဲ ဖြစ်တယ်။ တဆက်တည်းပဲဖြစ်တယ်။ ဒါကို တိုက်ရိုက်ထင်ဟပ်ထားတာလည်း ဖြစ်တယ်။

ဒုတိယအချက်က ဒီအချက်က ပင်မအချက်လည်းဖြစ်တယ်။ ဘာလဲဆိုတော့ စစ်အုပ်စုအကျိုးစီးပွား တခုတည်းကို ကမူးရှူးထိုး၊ တုံးဆိုတိုက် ကျားဆိုကိုက်၊ အရိုးကျေကျ အရေခန်းခန်း တာဝန်သိသိသစ္စာရှိရှိ ထမ်းဆောင်ရင်း သူတို့တတွေဟာ ဒီနေရာ၊ ဒီအဆင့်၊ ဒီဘဝကို တက်လှမ်းရောက်ရှိလာကြခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် စစ်အုပ်စုရဲ့ဖိနှိပ်အုပ်စိုးမှုဆိုတဲ့ ပုပ်သိုးနေတဲ့အနှစ်သာရကို “နိုင်ငံ့အရေး သို့မဟုတ် အမျိုးသားနိုင်ငံရေး” ဆိုတဲ့ နံငယ်ပိုင်းလေးနဲ့ ဖုံးကွယ်ပေးလိုက်တာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ “အတော်အတန် သိရှိနားလည်သည်” ဆိုတဲ့အပိုင်းကတော့ စစ်ဗျူရိုကရေစီ ဖိနှိပ်ရေး ယန္တရားထဲမှာ သူတို့ဟာ အံခွနေပြီ၊ လက်ယဉ်နေပြီဆိုတာကို ကြွားလုံးထုတ်ပြတာဖြစ်ပါတယ်။

ပြီးတော့ “နိုင်ငံရေး”လို့ပြောရင် တကယ့်အဖြစ်မှန်နဲ့လည်း မကိုက်ညီသလို သူတို့ အပုပ်ချနေတဲ့ “ပါတီနိုင်ငံရေး” နဲ့ ရောထွေးသွားမှာကိုလည်း စိုးရိမ်ပုံရတယ်။ ဒါကြောင့် သူတို့ တလျှောက်လုံး တသမတ်တည်းလုပ်ခဲ့ကြတဲ့ စစ်အုပ်စု အကျိုးစီးပွား ထိန်းသိမ်းကာကွယ်တဲ့အလုပ်ကို “နိုင်ငံ့အရေး”ဆိုတဲ့ စကားလုံးသုံးပြီး ကြံဖန်ဖုံးကွယ်လိုက်တာသာ ဖြစ်ပါတယ်။ တကယ်တော့ စစ်အုပ်စုက ပြောဆိုရေးသားနေတဲ့ “နိုင်ငံ့အရေး”နဲ့ “အမျိုးသားနိုင်ငံရေး” ဆိုတာ စာလုံးပေါင်း သာ အနည်းငယ် ကွဲလွဲတာပါ။ အနှစ်သာရကတော့ စစ်အုပ်စုအကျိုးစီးပွား ထိန်းသိမ်းကာကွယ်တိုးချဲ့ရေး ဆိုတာပဲ ဖြစ်ပါတယ်။

ဗိုလ်ရွှေမန်းက သူအပါအဝင် သူတို့စစ်အုပ်စုကို ကာကွယ်ထားတဲ့အချက်ကို သူ့အမှာစာထဲမှာ မပျက်မကွက် ထည့်သွင်းထားတာလည်း အခုလို ဖတ်ရပါတယ်။ “ခေတ်အဆက်ဆက် ခေါင်းဆောင်များသည် ကိုယ်ခေါင်းဆောင်ဖြစ်ချိန်တွင် နိုင်ငံတိုးတက်အောင် ဖွံ့ဖြိုးအောင်၊ အခြားနိုင်ငံများထက်သာအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည်သာ ဖြစ်သည်” တဲ့။

ဒီအချက်ဟာ အရှက်ကင်းမဲ့လှတဲ့ မျက်နှာပြောင်လွန်းလှတဲ့ အုပ်စိုးသူအဆက်ဆက်ကို အကာအကွယ်ပေးတဲ့ အချက်ဖြစ်ကြောင်း (LDC)ဘဝ ကျရောက်ခဲ့ရတဲ့၊ (LDC)ဆင်းရဲတွင်းနွံထဲကရုန်းမထွက်နိုင်ခဲ့တဲ့ တိုင်းပြည်နဲ့ လူထု လက်တွေ့ဘဝ အခြေအနေတွေက သက်သေခံနေပါတယ်။ တိုင်းပြည်နဲ့လူထုကို ဗိုလ်နေဝင်းစစ်အုပ်စု ထိုးချခဲ့တဲ့ (LDC)ဆင်းရဲတွင်းထဲကနေ (နဝတ-နအဖ) စစ်အစိုးရတွေက ဆယ်တင်နိုင်ခဲ့ပါသလား။ ဝါးကူလို့ ထိုးခဲ့ကြတာပဲမဟုတ်ပါလား။ (နဝတ-နအဖ) စစ်အုပ်စုထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေသာ သူဌေးသူကြွယ်ကြီးတွေ ဖြစ်လာတယ်မဟုတ်လား။ အဲဒီသူဌေးတွေထဲမှာ ဗိုလ်ရွှေမန်းလည်းတစ်ယောက်အပါအဝင်ပဲမဟုတ်ပါလား။

“ သူ့ခေတ်သူ့အခြေအနေအရ ဆောင်ရွက်ကြသည် ”

မိမိကိုယ်စားပြုတဲ့ လူတန်းစား၊ အကျိုးစီးပွား၊ အာဏာ၊ အုပ်စိုးသူအစိုးရအတွက် ရပ်တည်ပြီးကာကွယ်ကြတာမှာ ပြောင်ပြောပြီး ပြောင်ကာကွယ်ကြတာဟာ ရှင်းပါတယ်။ ဒီလိုမဟုတ်ဘဲ ဆင်ခြေဆင်လက်အမျိုးမျိုးနဲ့ အကြောင်းပြပြီး ဖုံးဖိကာကွယ်တာမျိုးဟာ အင်မတန်မှ မုန်းတီးစက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါတယ်။ ဗိုလ်ရွှေမန်းက သူ့စာအုပ်ထဲမှာ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး စစ်အုပ်စုရဲ့အပြုအမူကို အခုလို ဖုံးဖိကာကွယ်ခဲ့ပါတယ်။

“ကျွန်တော်တို့နိုင်ငံတွင် အာဇာနည်နေ့နှင့်စပ်လျဉ်း၍ ယခင်ကကျင်းပကြရာ၌ သူ့ခေတ်သူ့အခြေအနေအရ ဆောင်ရွက်ကြသည်ကို စိတ်ထဲတွင် အားမလို အားမရရှိနေခဲ့သည် ”

“သူ့ခေတ်သူ့အခြေအနေအရ ဆောင်ရွက်ကြသည်”ဆိုတဲ့စာကြောင်းက အတော်“တာ”သွားတဲ့ စာကြောင်းဖြစ်ပါတယ်။ အင်မတန်ကောက်ကျစ်တဲ့ စကားပါ။ သူတို့လုပ်ခဲ့သမျှ “မှန်တယ်၊ တရားတယ်”လို့ဆိုတဲ့ အဓိပ္ပာယ်တောင် ထွက်ပါတယ်။

ဗိုလ်နေဝင်း စစ်အုပ်စုက ၁၉၆၂ အာဏာသိမ်းတာ၊ ဆဲဗင်းဇူလိုင်အရေးအခင်းနဲ့ တကသအဆောက်အအုံ ဒိုင်းနမိုက်နဲ့ ဖြိုချတာ၊ ၇၄ - ၇၅ - ၇၆ အရေးအခင်းတွေကို ဖိနှိပ်ချေမှုန်းခဲ့တာ၊ (နဝတ-နအဖ) စစ်အုပ်စုက "၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး"ကို အကြမ်းဖက်ချေမှုန်းပစ်တာ၊ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ပြီး ကျောင်းသားလူငယ်တွေ၊ နိုင်ငံရေးသမားတွေ၊ တက်ကြွလှုပ်ရှားသူတွေကို အကျဉ်းထောင်တွေထဲမှာ မသေသေအောင် စိတ်ပိုင်းရုပ်ပိုင်းညှဉ်းပန်း နှိပ်စက်ခဲ့တာ၊ ပြည်တွင်းစစ်ဖြစ်ပွားရာဒေသတိုင်းမှာ မီးရှို့ လုယက်၊ သတ်ဖြတ်၊ မုဒိမ်းကျင့် ဖြတ် ၄ ဖြတ်လုပ်ခဲ့တာတွေ၊ "၁၉၉၀ ရွေးကောက်ပွဲရလဒ်"ကို ဖျက်သိမ်းပစ်တာ၊ ၂၀၀၈ အခြေခံဥပဒေကို စိတ်ကြိုက်ရေးပြီး အဓမ္မအတည်ပြုခဲ့တာ၊ အင်းဒင်ရွာမှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့တာတွေအထိ စစ်အုပ်စု အဆက်ဆက် လုပ်ခဲ့တဲ့လုပ်ရပ်တွေ ဖြစ်ရပ်တွေဟာ "သူ့ခေတ် သူ့အခြေအနေအရ ဆောင်ရွက်ကြ " တာတွေချည်းပဲလို့ ဖုံးဖိကာကွယ်ပေးလိုက်တာပါ။

ဒီအချက်က ဗိုလ်ရွှေမန်းဟာ သူ့ကိုယ်သူရော သူရပ်တည်ကိုယ်စားပြုရာ စစ်အုပ်စုအဆက်ဆက်ရဲ့ လုပ်ရပ်တွေနဲ့ အကျိုးစီးပွားတွေကို တခါတည်း တပြိုင်တည်း တချက်ခုတ်သုံးချက်ပြတ်နည်းနဲ့ ဖုံးဖိကာကွယ်ပေးလိုက်တာဖြစ်ပါတယ်။

"စိတ်ထဲ အားမလိုအားမရ ရှိနေခဲ့သည်" ဆိုတဲ့စကားကတော့ အရုက်အကင်းမဲ့ဆုံးနည်း၊ မျက်နှာအပြောင်ဆုံးနည်းနဲ့ ဗိုလ်ရွှေမန်းဟာ သူ့ကိုယ်သူ အရောင်တင်လိုက်တာဖြစ်တယ်။ ဒါကြောင့် ဗိုလ်ရွှေမန်းရဲ့ ဖုံးဖိကာကွယ်ပုံ နည်းလမ်းဟာ အင်မတန်မှ စုတ်ပဲ့ပြီး မုန်းတီးရွံ့ရှာ စက်ဆုပ်ဖွယ်ကောင်းပါတယ်။

ဒါကြောင့် စစ်တပ်ပိုင် မြဝတီသတင်းစာကနေ ဗိုလ်ရွှေမန်းကို "ယခုလို ဆောင်ရွက်မှုဟာ အရုပ်ဆိုးအကျည်းတန်လှသလို ကာယကံရှင်သည် အပြင်မှ အဆင်းလှပြီး အထဲမှာ လောက်အတိပြီးတဲ့ သဖန်းသီးပုံစံ သဘောထားရှိနေတာကို ဖော်ပြလိုက်တာပဲ ဖြစ်ပါသည်" လို့ တခြံထဲပေါက် အကြောင်းသိချင်း အရေခွံလှန်ပြလိုက်တာပဲ ဖြစ်ပါတယ်။ [၂၈-၄-၂၀၁၆ မြဝတီသတင်းစာ ကြည့်]

တကယ်တော့ မြဝတီသတင်းစာဆောင်းပါးဟာ "တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့" က ဗိုလ်ရွှေမန်း (FB) မှာ ဖော်ပြခဲ့တဲ့ "စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)၏ (၄၇)နှစ်မြောက် ကျောင်းဆင်းပွဲနေ့ မေတ္တာမွန်စာလွှာ"ပါ ရေးသားချက်များကို ကန့်ကွက်ကြောင်း (၂၆ - ၄ - ၂၀၁၆) ရက်စွဲနဲ့ ထုတ်ပြန်ချက်ထုတ်ပြီးနောက်ပိုင်းမှာ ရေးသားဖော်ပြခဲ့တဲ့ ဆောင်းပါး ဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ အချက်အလက်တွေက ဗိုလ်ရွှေမန်းဟာ စစ်အုပ်စုရဲ့ မူလအကျိုးစီးပွားကို ခေတ်စနစ်နဲ့ အညီ ကာကွယ်နေသူ (ဝါ) "သူ့ခေတ်သူ့အခြေအနေအရ" ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဗိုလ်ရွှေမန်းအုပ်စုနဲ့ စစ်အုပ်စု ခွာပြဲနေကြတယ်ဆိုတာ ယုံကြည်ဖို့ အင်မတန်ခက်တဲ့ ဗလာစကားဖြစ်နေတယ်။ ဒီလိုပြောလိုက်တော့ စစ်အုပ်စုတွင်း ပဋိပက္ခ မရှိဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ စစ်အုပ်စုတွင်းမှာ ပဋိပက္ခတွေ၊ ဗိုလ်လုပွဲတွေ၊ ဂိုဏ်းတိုက်ပွဲတွေဟာ ရှိမြဲရှိနေပြီး အဲဒီပဋိပက္ခတွေဟာ ပုံစံနှစ်မျိုးနဲ့ ဖော်ပြနေပါတယ်။

ပထမအမျိုးအစားပုံစံက "နံပတ်ဝမ်း" နေရာလုတဲ့ ပဋိပက္ခဖြစ်ပါတယ်။ နံပတ်ဝမ်းဖြစ်ချင်ရင် နံပတ်ဝမ်းကို ဖြုတ်ချမှဖြစ်မယ်။ ဗိုလ်သန်းရွှေဟာ ရှောင်တခင်အားဖြင့် အခွင့်သာချက်နှစ်ရပ် ကြုံခဲ့ရမှုကြောင့် "နံပတ်ဝမ်း" ဖြစ်လာစေခဲ့တာပါပဲ။ ပထမအခွင့်သာချက်က ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်တယ်။ ဒီအရေးတော်ပုံကြီးက ဗိုလ်နေဝင်းစစ်အုပ်စုကို နိုင်ငံရေးဇာတ်ခုံပေါ်ကနေ လုံးဝဖယ်ရှားပစ်လိုက်တယ်။ ဒုတိယအခွင့်သာချက်က "၁၉၉၀ ရွေးကောက်ပွဲရလဒ်"နဲ့ ပတ်သက်ပြီး "ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို အာဏာအပ်ပြီး စစ်တပ်က စစ်တန်းလျားပြန်မယ်"လို့ နှုတ်လွှန်ခြေလွှန်ပြောမိတဲ့ (နဝတ)ဥက္ကဋ္ဌဗိုလ်စောမောင် ကိစ္စပါပဲ။

ဗိုလ်စောမောင်ဟာ ဒီဖြစ်ရပ် (၁၉၉၀ ရွေးကောက်ပွဲရလဒ်) နဲ့ သူ့စကားက စစ်အုပ်စုရဲ့မူလအကျိုးစီးပွားနဲ့ ဆန့်ကျင်ဖီလာ ဖြစ်နေတယ်။ ဒီအချက်တွေက ဗိုလ်စောမောင်ကို ဖယ်ရှားပစ်ရေးဟာ စစ်အုပ်စုထဲက ဂိုဏ်းအားလုံးရဲ့ ဘုံအကျိုးစီးပွား ဖြစ်သွားတယ်။

နောက်တစခုတော့ တက်လာတဲ့ နံပါတ်ဝမ်းကို ခွာရာတိုင်းလာတဲ့ ဗိုလ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေးဂိုဏ်း ဖြစ်ပါတယ်။ ဒီဂိုဏ်းကို ဗိုလ်သန်းရွှေက ပိုင်ပိုင်နိုင်နိုင်ဖယ်ရှားနိုင်လိုက်တယ်။ ဒီအချက်က ဗိုလ်သန်းရွှေအတွက် ပြိုင်ဖက်ကင်းတဲ့ နံပါတ်ဝမ်းဖြစ်လာစေခဲ့တာပါပဲ။ ဗိုလ်ခင်ညွန့်ဂိုဏ်းရှင်းလင်းရေးမှာ ဗိုလ်စိုးဝင်း၊ ဗိုလ်သိန်းစိန်၊ ဗိုလ်ရွှေမန်းတို့ ဘယ်နေရာက ပါခဲ့သလဲဆိုတာ အားလုံးမှတ်မိကြမှာပဲ။ သူတို့ဟာ ဗိုလ်သန်းရွှေဘက်ကနေ သစ္စာရှိရှိ ရပ်ခဲ့ကြတယ်မဟုတ်လား။ ဒါကြောင့်ပဲ သူတို့တတွေကို "နံပါတ်ဝမ်း" ဖြစ်လာတဲ့ ဗိုလ်သန်းရွှေက " ဝန်ကြီးချုပ်၊ သမ္မတ၊ ညီနိုင်းကွပ်ကဲရေးမှူး" ဆိုတဲ့ "ဆုတွေ" ချခဲ့တာဖြစ်ပါတယ်။

ဒုတိယအမျိုးအစားပုံစံက ဖြစ်နိုင်ခြေရှိတဲ့ နံပတ်ဝမ်း အလောင်းအလျာတွေအကြားက ဗိုလ်လုမှုတွေဖြစ်ပါတယ်။ ဒီပဋိပက္ခအမျိုးအစားက စစ်အုပ်စုရဲ့လက်ရှိအကျိုးစီးပွားကို ဘယ်လိုပုံဘယ်လိုနည်းနဲ့ အရှည်သဖြင့် ထိန်းသိမ်းကာကွယ်တိုးချဲ့မှာလဲ ဆိုတဲ့ "နည်းနာ" အပေါ်မှာ အခြေခံပြီး ဖြစ်ပွားတဲ့ အုပ်စုချင်းတိုက်ပွဲဖြစ်ပါတယ်။

ကြံ့ဖွံ့ပါတီထိပ်သီးပိုင်းထဲက ဗိုလ်ရွှေမန်း၊ ဗိုလ်အေးမြင့်၊ ဗိုလ်သိန်းဇော်တို့အစုနဲ့ ဗိုလ်သိန်းစိန်၊ ဗိုလ်စိုးသိန်း၊ ဗိုလ်ဌေးဦး၊ ဗိုလ်သန်းဌေးတို့အုပ် ဖြစ်ကြတဲ့ ဂိုဏ်းတိုက်ပွဲဟာ အဲဒီဒုတိယအမျိုးအစားပုံစံဖြစ်တယ်လို့ ယူဆပါတယ်။ ဗိုလ်သိန်းစိန်၊ ဗိုလ်စိုးသိန်း၊ ဗိုလ်ဌေးဦး၊ ဗိုလ်သန်းဌေးတို့အုပ်ကို အလွယ်စကားနဲ့ "အမာအုပ်စု"လို့ ခွဲခြားပြောမယ်ဆိုရင် ဗိုလ်ရွှေမန်းတို့ အမှူးပြုတဲ့အစုဟာ ပျော့ပျော့လေးနဲ့ အင်မတန်နံတဲ့ "ကြောင် ဟိုဒင်းဂိုဏ်း"လို့ ပြောရမှာပေ့ါ။

ဒီပဋိပက္ခဟာ၊ ဒီဂိုဏ်းတိုက်ပွဲဟာ "၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ညဖြစ်ရပ်" အနေနဲ့ ဖော်ပြပါတယ်။ ဒါဟာ ကြံ့ဖွံ့ပါတီ ထိပ်သီးတွေအတွင်းမှာ ဖြစ်ပွားတဲ့ ဂိုဏ်းတိုက်ပွဲ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို ဗိုလ်ရွှေမန်းက သူ့စာအုပ်ထဲမှာ တတိယလူကပြောဟန်နဲ့ အခုလို ဖော်ပြထားတယ်။

"ထိုဖြစ်စဉ်ကို အချို့က သန်းခေါင်ယံအာဏာသိမ်းပွဲဟု ဆိုကြသည်"တဲ့။ အနှစ်သာရလည်း ကြံ့ဖွံ့ပါတီဥက္ကဋ္ဌ ဖြစ်နေတဲ့ ဗိုလ်ရွှေမန်းရဲ့ "ဥက္ကဋ္ဌအာဏာ"ကို ဗိုလ်သိန်းစိန်၊ ဗိုလ်စိုးသိန်း၊ ဗိုလ်ဌေးဦး၊ ဗိုလ်သန်းဌေး တို့အုပ်က စစ်အုပ်စု လက်သုံးနည်းအတိုင်း သိမ်းပိုက်လိုက်ကြတာပဲဖြစ်တယ် မဟုတ်ပါလား။

ဗိုလ်ရွှေမန်း လိုင်စင်နဲ့ သေနတ်ဆောင်ထားတဲ့ကိစ္စကို ထည့်ရေး၊ ထည့်ပြောတယ်ဆို ဒီကိစ္စတွေနဲ့ဆက်စပ်ပြီးတော့ ပြောနေတာလို့ မှတ်ယူရမှာဖြစ်ပါတယ်။ သေနတ်တွေ ကိုင်ထားကြသူတွေဟာ ဗိုလ်ရွှေမန်းတယောက်တည်း မဟုတ်ပါဘူး။ အားလုံး တရားဝင်ရော တရားမဝင် ကိုယ်စီကိုင်ထားကြတာပါ။ တရားမဝင် သက်တော်စောင့်တပ်ဖွဲ့လည်း ကိုယ်စီ ရှိနေကြတာပါ။ အရေးကြီးတဲ့အချက်က ဗိုလ်စောမောင်ကိုင်တဲ့ သေနတ်ထဲက "ကျည်အ"တွေ ကိုယ်ကိုင်ထားတဲ့ သေနတ် ဆုံလည်ထဲ၊ မဂ္ဂဇင်းဘောက်ထဲ ရောက်မနေဖို့ သတိထားပြီး မပြတ်စစ်ဆေးကြည့်နေကြဖို့ပါပဲ။

ဗိုလ်စောမောင်ဟာ ပစ်မထွက်တဲ့ "ကျည်အ"တွေနဲ့ ခြောက်လုံးပြူး ခါးထိုးထားရတဲ့၊ ထောက်လှမ်းရေးနပ်ပစ်တာကို လုံးလုံးလျားလျားခံရတဲ့ကာချုပ်ကြီး၊ (န၀တ) ဥက္ကဋ္ဌကြီးလို့ ပြောရတော့မှာပါပဲ။ စစ်အုပ်စုဟာ သူတို့အကျိုးစီးပွားနဲ့ ဆန့်ကျင်သွေဖီသွားတဲ့အခါ သူတို့ရဲ့ပထမဆုံး "ဗိုလ်ချုပ်မှူးကြီး" ရာထူး ခံယူစေခဲ့သူကို ဘယ်လိုမှ သက်ညှာထောက်ထားခြင်း မပြုနိုင်ကြတော့ဘဲ၊ "စိတ်ဝေဒနာသည်" အဖြစ် သရုပ်ဖျက်ပြီး ရာထူးကနေ ဖယ်ရှားပစ်ခဲ့ကြပါ တယ်။ ဒီလိုအလုပ်တွေကို (CO)ဂိုဏ်းနဲ့ (IO)ဂိုဏ်းဟာ ဥ ာဏ်ညစ်ပလီတွေ သုံး၊ လက်ဝါးချင်းရိုက်ပြီး လုပ်ခဲ့ကြတာပဲဖြစ်ပါတယ်။

"၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ ည ဖြစ်ရပ်" နဲ့ပတ်သက်ပြီး ဗိုလ်ရွှေမန်းက သူ့စာအုပ်ထဲမှာ "ကျွန်တော်က နိုင်ငံ့အကျိုးစီးပွားအတွက် ပါတီများ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အပေါ် လုပ်ဖော်ကိုင်ဖက် အချို့က ကျွန်တော့်အား အမြင်မကြည်လင်ရာမှ ဩဂုတ်လ ၁၂ ရက်နေ့ည ဖြစ်စဉ် ဖြစ်ပေါ်လာသည့် အခြေအနေအထိ ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်" လို့ ဖုံးတဝက် ဖော်တဝက်နဲ့ ခြေရာကောက်ပြထားပါတယ်။ (စာ - ၃၅ ကြည့်)

ဒီနေရာမှာ ဗိုလ်သူရအောင်ကို (လက်ရှိသာသနာရေးဝန်ကြီး)ရဲ့ ပြောကြားချက်ကို ကြားဖြတ်ဖော်ပြပါရစေ။ သူ့ပြောကြားချက်က ဗိုလ်ရွှေမန်းရေးတာထက် ကြံ့ဖွံ့ပါတီ ထိပ်ပိုင်းတွေအတွင်းက ဂိုဏ်းတိုက်ပွဲရဲ့သရုပ်သကန် ပိုပြီး ကွက်ကွက်ကွင်းကွင်း သိမြင်စေနိုင်လို့ပါ။ ပြည်တွင်းမီဒီယာ တခုသို့ ဗိုလ်သူရအောင်ကို ပြောတာမှာ

"ပြည်ခိုင်ဖြိုးမှာ ခေါင်းဆောင်နှစ်ယောက် ဖြစ်နေပါတယ်။ သမ္မတကြီး ဦးသိန်းစိန်ရော၊ သူရဦးရွှေမန်းရော၊ ထိပ်သီးခေါင်းဆောင်တွေပေါ့။ သူတို့နောက်မှာမှ ပထမတန်းခေါင်းဆောင်တချို့ရှိပါတယ်။ ခေါင်းဆောင်နှစ်ယောက် နေရာခွဲဝေမှု၊ ညီညွှတ်မှု မရှိတာတွေ့ရပါတယ်။ ခေါင်းဆောင်နှစ်ယောက် ညီညွှတ်မှု မရှိရတဲ့ကြားထဲမှာ ပထမတန်း ခေါင်းဆောင်အချို့ထဲမှာလည်း သမ္မတလုပ်ချင်သူ၊ သမ္မတရောဂါထနေသူတွေရှိနေပါတယ်။ ဒါကြောင့် ထိပ်သီးခေါင်းဆောင်နှစ်ယောက် စိတ်ဝမ်းကွဲပြားအောင် သွေးထိုးသွေးခွဲကြတယ်လို့ ပါတီဝင်အောက်ခြေက သုံးသပ်ကြပါတယ်။ အကယ်၍ ထိပ်သီးခေါင်းဆောင်နှစ်ယောက် အပြန်အလှန်တိုက်ခိုက်ကြပြီး မှောက်ရက်လဲသွားရင် ပထမတန်းထဲမှာရှိတဲ့ ပုဂ္ဂိုလ်တချို့က ဖျာလိပ်ပိုက်ပြီး စောင့်နေကြသူတွေရှိပါတယ်။ သဘောပြောရရင် ပွဲလန့်တုန်း ဖျာခင်းကြမယ်ပေါ့။ သူတို့က သမ္မတနေရာကို မျှော်နေကြသူတွေပေါ့ဗျာ"တဲ့။

ဗိုလ်သူရအောင်ကိုရဲ့ ဒီပြောဆိုချက်က ကြံ့ဖွံ့ပါတီထိပ်သီးတွေဟာ အကောက်ကြံမှုကိုယ်စီ၊ မျှော်မှန်းချက်ကိုယ်စီ၊ ဖျာလိပ်ကိုယ်စီနဲ့ အသင့်ရှိနေကြတယ်ဆိုတဲ့အချက်ကို ဗိုလ်ရွှေမန်းလို ဟိုဖုံး၊ ဒီဖိ မလုပ်ဘဲ ခပ်ပြောင်ပြောင်အထုပ်ဖြေပြလိုက်တာပါ။

ဒီအရင် ၂၀၁၂ ခုနှစ်ထဲမှာလည်း ဗိုလ်သိန်းစိုး ဦးစီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (CTU) တဖွဲ့လုံး နုတ်ထွက်သွားရတဲ့ကိစ္စ ရှိပါတယ်။ ဒီကိစ္စကလည်း ကြံ့ဖွံ့ပါတီထိပ်သီးတွင်း ဂိုဏ်းအုပ်စုတိုက်ပွဲအနက် အထင်အရှား မြင်တွေ့လိုက်ကြရတဲ့ တိုက်ခိုက်မှုတခုပဲ ဖြစ်ပါတယ်။

သူ့စာအုပ်ထဲမှာ ဗိုလ်ရွှေမန်းက သူ့ကိုယ်သူ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်လိုသူအဖြစ်ပုံဖော်ပြီး အခြားတဖက်မှာတော့ "အခြေခံ ဥပဒေကို ပြင်ဆင်ရန် မလိုလားသူတွေ" ကြံ့ဖွံ့ပါတီ ခေါင်းဆောင်ပိုင်းမှာ အများအပြားရှိနေတဲ့အကြောင်း ဝန်ခံသလိုလိုနဲ့ ဗိုလ်သိန်းစိန်၊ ဗိုလ်စိုးသိန်း၊ ဗိုလ်ဌေးဦး၊ ဗိုလ်သန်းဌေးတို့အုပ်စုကို တွန်းတွန်းထိုးထိုး ဖော်ထုတ် ဖွင့်ချထားပါတယ်။ (စာ - ၂၉ ကြည့်)

သူဟာ ၂၀၀၈ အခြေခံဥပဒေကို ဘယ်ပုံဘယ်နည်းပြင်ဆင်လိုသူဖြစ်သလဲဆိုတာကိုလည်း သူ့စာအုပ်မှာ အခုလို ဖော်ပြထား ပါတယ်။

"ပြည်သူ့ဆန္ဒအလုံးစုံကို အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ခြင်းမဟုတ်ပါ။ ပြည်သူများလိုလားသည့် အချက်များထဲမှ တိုင်းပြည်အတွက်လည်းကောင်းပြီး၊ လက်တွေ့လည်း အမှန်တကယ် ပြုပြင်နိုင်ဖွယ်ရှိသည့် ပုဒ်မများကို ဦးစားပေး၍ ပြင်ဆင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်ရာတွင် လုံးဝမပြင်သင့်သော ပုဒ်မများကို ဆက်လက်ထားရှိရမည်။ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ပြီး၊ ထားရှိသင့်သည်တို့ကို ဆက်လက်ထားရှိမှသာ အထက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်မည်ဟု ယုံကြည်သည်။ " တဲ့။ (စာ - ၂၈ ကြည့်)

ပထမအချက် ပြည်သူ့လိုလားချက်မှန်သမျှကို ကြိုတင်ဈေးဆစ်ကန့်သတ်ထားတဲ့ သဘောထားနဲ့ အစချီချက် ဖြစ်တယ်ဆိုတာ တန်းခနဲ မြင်နိုင်ပါတယ်။ ဒုတိယအချက်က ကြံ့ဖွံ့ပါတီတဖက်အုပ်စုဂိုဏ်းနဲ့ ပြင်လို့ မဖြစ်နိုင်ဘူး။ သူနဲ့ပေါင်းပြီး ၂၀၀၈ အခြေခံဥပဒေကို တစတစ ပြင်ဆင်သွားမှ လိုရာခရီးရောက်မယ်ပေါက်မယ်လို့ ပြောင်ကြော်ငြာသွားတဲ့ အချက်ဖြစ်ပါတယ်။ တတိယအချက်က "တိုင်းပြည်အတွက်လည်းကောင်းပြီး၊ လက်တွေ့လည်းအမှန်တကယ် ပြုပြင်နိုင်ဖွယ်ရှိသည့် ပုဒ်မများ" ဆိုတာကို ဘယ်သူက ဆုံးဖြတ်မှာလဲ။ ပြည်သူက ဆုံးဖြတ်ပေးမှာမဟုတ်တာ သေချာတယ်။ ဒီအချက်က စစ်အုပ်စုရဲ့အသက်ဘူးကို ကာကွယ်မယ့် အချက်ဖြစ်တယ်။ ဒါ့အပြင် ဒီအချက်က စစ်တပ်ကို ကုပ်ခွစီးထားတဲ့ "ကာချုပ်" ကို အချက်ပြလိုက်တာပဲဖြစ်တယ်။ တကယ်တော့ ဒီအချက်က သူတို့ချင်း နားလည်မှု ရှိပြီးသားအချက် ဖြစ်ပါတယ်။

ဘယ်ပုဒ်မကိုမဆို ဘယ်စကားရပ်ကိုမဆို၊ ဘယ်စကားလုံးကိုမဆို ပြင်ဆင်မယ်လို့ လွှတ်တော်က ဘယ်လောက်ပဲ သဘောတူညီနေပါစေ တပ်ရဲ့ထောက်ခံမဲ "တမဲ" မပါဘဲ ဘယ်လိုမှ ပြင်ဆင်လို့မရဘူးဆိုတာ ပုဒ်မ ၄၃၆ မှာ ပြဋ္ဌာန်း

ထားတဲ့အချက် ဖြစ်ပါတယ်။ ပြီးတော့ တပ်ထောက်ခံမဲ "တမဲ" ဆိုတာကလည်း "ကာချုပ်"က အမိန့်မပေးဘဲ "၁၆၆ ယောက်" ထဲမှာပါတဲ့ ဘယ်စစ်ဗိုလ်က ပေးဝံ့မှာလဲ။

ဒီအချက်တွေပေါ်ကနေ ကြည့်လိုက်ရင် ဗိုလ်ရွှေမန်းနဲ့ စစ်အုပ်စု ကွဲပြနေတယ်ဆိုတာ ယုံဖို့ အင်မတန်ခက်တဲ့ ပဟေဠိတခု ဖြစ်နေပါတယ်။ ဗိုလ်ရွှေမန်း ပြောစကား၊ ဗိုလ်ရွှေမန်းအရေးအသားတွေနဲ့ သူ့ရေးသားဖော်ပြထားတဲ့၊ သူခံယူထားတဲ့သဘောထားနဲ့ လော့ဂျစ်အရဆိုရင် အထင်အရှားတွေမြင်နိုင်တဲ့အချက်က ဗိုလ်ရွှေမန်းဟာ စစ်အုပ်စုအရင်းမူလရဲ့ အကျိုးစီးပွားကို သူရောက်ရှိ၊ ရရှိထားတဲ့ "သူ့ခေတ်သူ့အခြေအနေအရ" ထိန်းသိမ်းကာကွယ် တိုးချဲ့ပေးနေသူသာဖြစ်တယ်ဆိုတာပါပဲ။

ဒီနေရာမှာ မပျက်မကွက် ထည့်သွင်းဖော်ပြရမယ့်ကိစ္စကတော့ ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ ဂျိုကာဖဲချပ်ပါပဲ။ စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို (န၀တ-နအဖ) စစ်အစိုးရက "သူ့ခေတ်သူ့အခြေအနေအရ" အိမ်ချုပ်ချပြီး ပြည်တွင်းနဲ့နိုင်ငံတကာ ဖိအားတွန်းအားတွေကို ရင်ဆိုင်ခဲ့သလို၊ "၂၀၀၈အခြေခံဥပဒေ" အသက်ဝင်လာတဲ့ ယနေ့ခေတ်ကာလမှာလည်း "၂၀၀၈ အခြေခံဥပဒေ" နဲ့ တုပ်နှောင်ပြီး " သူ့ခေတ် သူ့အခြေအနေအရ" အသုံးချနေတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းထားနိုင်ရင် လူထုကို တစုံတရာ ထိန်းထားနိုင်တယ်ဆိုတာ စစ်အုပ်စုရော၊ အနောက်အုပ်စုကပါ လက်တွေ့သဘောပေါက်ခဲ့ကြပြီးဖြစ်တယ်။

တခြားဝေးဝေး ရှာမကြည့်ပါနဲ့၊ ၂၀၁၂ ခုနှစ်က လက်ပံတောင်းကိစ္စဖြေရှင်းရေးမှာ ဒေါ်အောင်ဆန်းစုကြည်ကို လက်ပံတောင်းကိစ္စ (မီးလောင်ပုံး) စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖို့ ဖုန်းဆက်တိုက်တွန်းပေးခဲ့သူဟာ ဗိုလ်ရွှေမန်းပါပဲ။

"ထိုအခါ သမ္မတက သူပြောရင် ရမှာမဟုတ်ဘူး၊ ကိုရွှေမန်းပြောပေးမှ ရမယ်ထင်တယ်ဟု ဆိုလာသည်၊ ကျွန်တော့်မှာ ပြည်ပခရီးစဉ် ထွက်ခွာမည့်ဆဲဆဲ လေယာဉ်ပေါ်တက်ခါနီးဖြစ်၍ အချိန်လုပြီး သူ့ထံ ဖုန်းဆက်၍ တိုက်တွန်းမေတ္တာ ရပ်ခံခဲ့ရသည်" တဲ့။ အဲဒီ "သမ္မတ" ဆိုတာ ဗိုလ်သိန်းစိန်ကို ရည်ညွှန်းတာပါ။ (စာ - ၈ ကြည့်)

"ထိုနေ့တွင်ပင် (ဒေါ်စုထံ လေယာဉ်ကွင်းကနေ ဖုန်းဆက်တဲ့နေ့ လို့ဆိုလိုဟန်ရှိ) နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၉၅/၂၀၁၂) ဖြင့် သူ ဦးဆောင်သော အဖွဲ့ဝင် ၁၆ ဦးပါ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခဲ့ပါသည်" တဲ့။ ဘယ်လောက် လက်မြန်ခြေမြန် ရှိပါသလဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ရွှေမန်းက ဟန်ဆောင်ပန်ဆောင် မိကျောင်းမျက်ရည် ဘယ်လိုကျပြသလဲဆိုတာ ဖော်ပြမှ ဇာတ်ရည် လည်ပါလိမ့်မယ်။ ဖော်ပြပါရစေ။

"ထိုတာဝန်ယူပြီးနောက် သူ့အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်ရိုက်မှုများကြုံရပြီး စွန့်စွန့်စားစားလုပ်ဆောင်ရသည့်အခါ ယင်းတာဝန်ကိုယူပေးရန် တိုက်တွန်းခဲ့သူတယောက်အနေဖြင့် ကျွန်တော့်မှာ စိုးရိမ်တကြီး စောင့်ကြည့်နေခဲ့သည်။ တာဝန်မကင်းသလိုလည်း ခံစားရသည်။ စာနာစိတ်လည်းဖြစ်မိသည်။ ကျွန်တော်တစ်ယောက်တည်းတင်မဟုတ် ကျွန်တော့် မိသားစုသည်လည်း အလားတူပင် စိတ်ပူနေခဲ့ကြသည်" တဲ့။ (စာ - ၉ ကြည့်)

ရေးထားပုံလေးက ဘယ်လောက် "သင်း" လိုက်ပါသလဲ။ မိတ်စစ်ဆွေရင်းဆိုတာ မိမိမိတ်ဆွေ လုပ်ဖော်ကိုင်ဖက်ကို ဒုက္ခပြွမ်းတဲ့လမ်းကို လျှောက်ဖို့ သွေးဆောင်တိုက်တွန်း၊ တွန်းပို့ပွဲမလား။ မိတ်ဆွေစစ်နဲ့ပတ်သက်တဲ့ ပုံဝတ္ထုတွေ၊ နီတိတွေ ဖတ်ခဲ့ကြဖူးတာပဲမဟုတ်ပါလား။ အဲဒီမိတ်စစ်ဆွေရင်း နီတိတရားတွေနဲ့ ဗိုလ်ရွှေမန်းရဲ့ သဘောထားပုံဟာ ကိုက်ညီပါရဲ့လား။

ဘယ်လောက် ပုပ်အဲ့တဲ့၊ ကိုယ်ကျိုးကြည့်တဲ့ မိကျောင်းမျက်ရည် ဖြစ်ပါသလဲ။ သေတွင်း တွန်းပို့တုန်းက တွန်းပို့ခဲ့ပြီး နောက်မှ ဘယ်များနာသွားသေးသလဲလို့ မေးသလိုဖြစ်နေပါတယ်။ ဒီလိုလမ်းလျှောက်ရင် (လက်ပံတောင်း စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌလုပ်ရင်) ဒီလိုဘေးတွေ့မယ်ဆိုတာ ကြိုတင်တွက်ချက် မတွေးဆမိလောက်အောင် ဗိုလ်ရွှေမန်းက "နုံအ" နေတာမို့လား။ အ ချင်ဟန်ဆောင်တာလား။

ဒါကြောင့် ဒီလိုလုပ်ရပ်တွေဟာ အသုံးချတာလား၊ လူထုနဲ့ ထိပ်တိုက်တည်ပေးပြီး ဩဇာချတာလား၊ သွေးရိုးသားရိုး အကူအညီတောင်းတာလားဆိုတာ ဦးနှောက်ပုံမှန်ရှိသူတိုင်း၊ ကိုယ့်ဆင်ခြင်တုံတရားကို ကိုယ့်ဘာသာ ရှိသေလေးစားသူတိုင်း ဆင်ခြင်စဉ်းစားတတ်ပါလိမ့်မယ်။ ဒီကိစ္စမှာ ဗိုလ်ရွှေမန်း ဘယ်လိုရပ်တည်ခဲ့သလဲ။ ဖုန်းဆက်ပြီး တိုက်တွန်းခဲ့တယ် မဟုတ်ပါလား။

ဒီလိုဖုန်းဆက်ပေးတာဟာ လက်ပံတောင်းမှာဒေသခံပြည်သူလူထုနဲ့ထိပ်တိုက်တိုးနေတဲ့ စစ်အုပ်စုအကျိုးစီးပွား (ဝါ) ကြံ့ဖွံ့ပါတီအကျိုးစီးပွားကို ကာယကံမြောက် အကာအကွယ်ပေးလိုက်တာပဲမဟုတ်ပါလား။ သူတို့မှာ "ထာဝရစစ်အုပ်စုအကျိုးစီးပွား"မှအပ တခြားအရာ ဘာမျှမရှိပါ။ ကျန်တဲ့ အရာခပ်သိမ်းဟာ "ထာဝရစစ်အုပ်စုအကျိုးစီးပွား"ရဲ့ လက်အောက်ခံကိစ္စတွေမျှသာဖြစ်ပါတယ်။ ရသာလျှင် ဘနဖူး သိုက်တူးမယ့်အစားတွေပါ။ လက်ပံတောင်း ဒေသခံပြည်သူလူထုနဲ့ ထိပ်တိုက် ပဋိပက္ခမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဒိုင်းသဖွယ် သွေးအေးအေးနဲ့ အသုံးချခဲ့ကြတာပဲ မဟုတ်ပါလား။

ဒီလိုလက်တွေ့သာဓကတွေ ဒီလိုအထိုင်တွေပေါ်ကနေ စဉ်းစားကြည့်လိုက်တော့ စစ်အုပ်စုဟာ ဒေါ်အောင်ဆန်းစုကြည်အနား ဗိုလ်ရွှေမန်းကို တွန်းပို့ပြီး အသေကပ်ထားဖို့ ဒီဇာတ်လမ်းတွေ ဇာတ်ညွှန်းတွေ ထွင်ပြီး ကခိုင်းနေသလားဆိုတဲ့ အချက်ဟာ လက်တွေ့ စဉ်းစားတွေးတော ယူဆရမယ့် အချက် ဖြစ်လာပါတယ်။

ဗိုလ်ရွှေမန်းက သူ့စာအုပ်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဖော်ပြထားပုံကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူတွဲ ဆောင်ရွက်ခဲ့တာတွေထဲက သူ့အတွက် တွက်ချေကိုက်လောက်မယ့် အကွင်းအကွက်တချို့ကိုသာ ပြူးပြူးပြဲပြဲ "ကွက်"ဖော်ပြပြီး သူ့ကိုယ်သူ အရောင်တင်အသုံးချနေတဲ့အချက်။ တပြိုင်နက်တည်းမှာ ဒီအချက်က ဒေါ်အောင်ဆန်းစုကြည်ကို လေးစားချစ်ခင်ကြတဲ့၊ ကရုဏာတရားထားရှိကြတဲ့၊ ယုံကြည်ကိုးစားမျှော်လင့်နေကြတဲ့ ပြည်သူလူထုကြီးကို လှည့်စားဖို့ ပစ်မှတ်ထားတာလည်းဖြစ်တယ်။ စိန်နားကပ်ရောင်နဲ့ ပါးပြောင်လာစေဖို့ ဗိုလ်ရွှေမန်း ကြိုးစားပမ်းစားလုပ်နေတာတွေပဲလို့ ပြောရမှာပါ။

ဗိုလ်သန်းရွှေနဲ့ တွေ့တဲ့ကိစ္စ

ဗိုလ်ရွှေမန်းဟာ (နအဖ) စစ်အုပ်စုထဲက ထိပ်သီးတွေအနက် တဦးဖြစ်တယ်။ သူ့ကိုယ်သူ သူဟာ "နံပါတ် ၃" ဖြစ်တယ်လို့ တခါက ထုတ်ပြောဖူးတယ်။ သူ့အနေအထားက စစ်အုပ်စု (ဝါ) တပ်ကနေ တာဝန်ထမ်းဆောင်နေတုန်း ထုတ်ပယ်ခံရသူ မဟုတ်ဘူး။ ဒါဟာ တော်လှန်ရေး ကောင်စီခေတ်၊ (မဆလ) ခေတ်က ဗိုလ်နေဝင်းနဲ့ ခွာပြဲခဲ့ကြသူတွေနဲ့ မတူတဲ့အချက်ဖြစ်တယ်။ ပြီးတော့ ဗိုလ်ခင်ညွန့်တို့ ထောက်လှမ်းရေးဂိုဏ်းကိစ္စနောက်ပိုင်း(၂၀၀၄)ကနေ သန်းခေါင်ယံ အာဏာသိမ်းပွဲ (၂၀၁၅) အထိ စစ်အုပ်စုထိပ်ပိုင်းအတွင်း ကြီးမားတဲ့ဖြုတ်ထုတ်ပွဲ မရှိခဲ့ပါဘူး။ ဗိုလ်ရွှေမန်းဟာ စစ်အုပ်စုထဲမှာ နံပါတ်ဝမ်းအလောင်းအလျာ စာရင်းဝင်ခဲ့ပုံပဲ။ ပြီးတော့ သူဟာ ကြည်း -ရေ -လေ (ညိုကွပ်) ရာထူး ပထမဆုံး ရရှိခဲ့သူ ဖြစ်တယ်။

ဒါပေမဲ့ ၂၀၀၈ အခြေခံဥပဒေအရ အခင်းအကျင်းမှာ ဗိုလ်သန်းရွှေ စီမံနေရာချပေးတဲ့ အနေအထားအတိုင်း ကခဲ့ရတာတော့ သေချာတယ်။ သေချာတဲ့အချက်က "နံပါတ်ဝမ်း" ကို သူဟာ ခွာရာတိုင်းနေတာ မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ ပြီးတော့ သူ ဖယ်ထုတ်ခံရတာဟာ ကြံ့ဖွံ့ပါတီထိပ်ပိုင်းကနေဖြစ်တယ်။ ဗိုလ်သန်းရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည် ၂၀၁၅ ရွေးကောက်ပွဲပြီး မတွေ့ဆုံခင်အထိ "ဗိုလ်သန်းရွှေနဲ့ ၂ ကြိမ်တိုင်တိုင်တွေ့ဆုံ စကားပြောဆိုရတယ်" လို့ ဗိုလ်ရွှေမန်းက သူ့ စာအုပ်ထဲမှာဖော်ပြထားတယ်။ (စာ - ၅၁ ကြည့်)

ဒါ့အပြင် ဗိုလ်သန်းရွှေနဲ့ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပြီးနောက် " ဗိုလ်သန်းရွှေထံ သူ နောက်တစ်ခေါက်ထပ်မံသွားရောက် တွေ့ရသေးတယ်" လို့ ဗိုလ်ရွှေမန်းက ဖော်ပြထားတယ်။

ဒီအချက်တွေက ဘာကိုဖော်ပြနေသလဲဆိုတော့ ဗိုလ်ရွှေမန်းဟာ ကန်လန့်ကာ နောက်ကွယ်က နံပါတ်ဝမ်းနဲ့ မကွေမကွာရှိနေတယ်။ "နံပါတ်ဝမ်း၊ စစ်အုပ်စုနဲ့ စစ်အုပ်စုအကျိုးစီးပွား" ဆိုတာ "သရီးအင်ဝမ်း" ဖြစ်တယ်။ တစုတည်း တပေါင်းတည်းဖြစ်တယ်။ တခုချင်းစီကို သီးခြားစီ ခွဲထုတ်ဖယ်ရှားပစ်ပယ်လို့ မရနိုင်ဘူးဆိုတဲ့အချက်ကိုလည်း ဗိုလ်ရွှေမန်း

ကောင်းကောင်းနားလည်ထားပြီးသားဖြစ်တယ်။ ဒီအချက်ဟာ ဗိုလ်ရွှေမန်းတင်မကပါဘူး။ စစ်အုပ်စုထဲက ထိပ်သီးစစ်ဗိုလ်ချုပ်အားလုံးရဲ့ သဘောပေါက်နားလည်ချက်လည်း ဖြစ်မှာပါ။ ဒီလိုအကြောင်းတွေရှိနေပြန်တာကြောင့် ဗိုလ်ရွှေမန်းဟာ ဗိုလ်သန်းရွှေရဲ့ "မမြင်ရတဲ့လက်တဖက်" ဖြစ်နိုင်သေးတယ်လို့ ယူဆလို့လည်း ရနေပြန်တယ်။

ဒါ့အပြင် စာလုံးမည်းနဲ့ အထူးပြုဖော်ပြထားတဲ့ "၂၀၂၀ မှာလည်း ပြည်သူကရွေးရင် တို့ အသိအမှတ်ပြုရမယ်၊ သူတိုင်းပြည် ကောင်းအောင်လုပ်ရင် တို့ ကူရမယ် " (စာ - ၅၀ ကြည့်) ဆိုတဲ့ ဗိုလ်သန်းရွှေ စကားကို ကြည့်ပါ။

ဒီစကားဟာ ဗိုလ်ရွှေမန်းတယောက်ထဲကို မှာတဲ့စကားလား၊ ကြံ့ဖွံ့ပါတီထိပ်သီးတွေကို မှာတဲ့ စကားလား၊ စစ်အုပ်စု တအုပ်လုံးကို ညွှန်ကြားလိုက်တဲ့ စကားလား။

ဒါကြောင့် ပထမအချက် ၂၀၂၀ အတွက် ဗိုလ်ရွှေမန်း စဉ်းစားချက်နဲ့မျှော်မှန်းချက်က ဘာတွေဖြစ်မလဲ။ ကြံ့ဖွံ့ ပါတီနဲ့ လုံးလုံးလျားလျား ပြတ်စဲပြီး သီးခြားပါတီတခု ဖွဲ့စည်းမလား။ (ဒါကလည်း မသေချာဘူး) ဒီချုပ်ပါတီထဲ ခေါင်းလျှို ဝင်မယ့်ပုံတော့ လုံးဝ မတွေ့ရသေးဘူး။ ဒီအချက် ၃ ချက်ကတော့ စောင့်ကြည့်ရဦးမယ့်အချက်တွေသာဖြစ်ပါတယ်။

အထက်မှာ ဖော်ပြခဲ့တာတွေဟာ ဗိုလ်ရွှေမန်းရေးသားတဲ့ "သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး" စာအုပ် ဖတ်ပြီးတဲ့နောက် တွေ့ရ၊ မြင်ရတာတွေထဲက ဗိုလ်ရွှေမန်းနဲ့သက်ဆိုင်တဲ့ အချက်တချို့ကိုသာ ရွေးထုတ်တင်ပြလိုက်တာ ဖြစ်ပါတယ်။

ဒီစာအုပ်ကို အမြောက်အမြားထုတ်ဝေခြင်းအားဖြင့် ဗိုလ်ရွှေမန်းဟာ ကြံ့ဖွံ့ထဲက ခေါင်းမာဂိုဏ်းနဲ့မတူဘဲ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရင်းနှီးသူ၊ ဒီချုပ်ပါတီနဲ့ ပြေလည်သူ၊ သဘောထားပျော့ပျောင်းသူ၊ "၂၀၀၈အခြေခံဥပဒေ"ကို ပြင်ဆင်လိုသူ ဖြစ်တယ်ဆိုတဲ့ ကြော်ငြာမှိုင်းကို အကျယ်အပြန့် ဖြန့်ဖြူးတာလို့လည်း ယူဆတယ်။ မြန်မာဘာသာစာအုပ်က တတိယအကြိမ် (၂၀၁၈ ဧပြီ) ထုတ်ဝေထားပြီး အုပ်ရေတသောင်း ဖြစ်ပါတယ်။ ဒီစာအုပ်ကို အင်္ဂလိပ်ဘာသာပြန်ပြီး ထုတ်ဝေထားတယ်။

ဗိုလ်ရွှေမန်းစာအုပ်ကနေ မြင်နိုင်တာတခုက ဗိုလ်ရွှေမန်းဟာ စစ်တပ်တခုလုံးကို ကုပ်ခွစီးထားတဲ့၊ ခါးပိုက်ဆောင်တပ်သဖွယ် လုပ်ထားတဲ့ လက်ရှိစစ်အုပ်စုနဲ့သော်လည်းကောင်း၊ စစ်အုပ်စုရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကျိုးစီးပွားနဲ့သော်လည်းကောင်း ပဋိပက္ခဖြစ်နေတာမဟုတ်ဘဲ၊ ကြံ့ဖွံ့ပါတီထဲက ထိပ်သီးလို့ဆိုတဲ့ ဗိုလ်ရွှေမန်းတို့လို ချိုတူဘို့တူတွေအကြားက ဗိုလ်လုပွဲမျှသာ ဖြစ်တယ်ဆိုတဲ့ အချက်ကိုလည်း တွေ့နိုင်မှာဖြစ်ပါတယ်။ ကြံ့ဖွံ့ပါတီထဲက ဗိုလ်လုပွဲဆိုတဲ့ အမျိုးမီးကြောင့် စစ်အုပ်စုအကျိုးစီးပွားဆိုတဲ့ ပြဿဒ်ကိုတော့ မီးလောင်ခံကြလိမ့်မယ်လို့ မထင်ပါဘူး။

ပြီးတော့ ဒီလို အမျိုးမီးအစအနလေးတွေဆိုတာကလည်း ဗိုလ်ရွှေမန်းတို့အဖို့ သူတို့ကိုယ်သူတို့ ကြွားလုံးထုတ်ဟန်ရေးပြစရာ၊ အရောင်တင်ပွဲထွက်စရာ အကွင်းအကွက်လေးတွေပဲ ဖြစ်ပါလိမ့်မယ်။ ဒီလိုကိစ္စတွေကို ပီပီပြင်ပြင် ဟန်ရေးပြနိုင်ဖို့ ဗိုလ်ရွှေမန်းတို့၊ ဗိုလ်သိန်းစိန်တို့၊ ဗိုလ်စိုးသိန်းတို့ဟာ အကွက်ချပြီး စာအုပ်တွေ ရေးထုတ်နေကြတာလို့လည်း ထင်မြင်ယူဆပါတယ်။

(၁၀ ဇူလိုင် ၂၀၁၈)

၁၉၆၀ ခုနှစ်များက ဖေဖေ။

ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။

ဆောင်းပါးအမှတ်(၄၇)။
ကျောင်းသားနဲ့နိုင်ငံရေး။

လှကျော်ဇော

၂၀၁၈-မေလ(၃၁)ရက်နေ့က - ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနက တက္ကသိုလ်၊ ကောလိပ်များတွင် နိုင်ငံရေးနှင့်ပတ်သက်၍ ဟောပြောခြင်း၊ စာတမ်းဖတ်ခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်သည်။---ဆိုတဲ့ သတင်းတရပ် ထွက်ပေါ်လာပါတယ်။ ဒီတော့ ဗမာပြည်မှာခေတ်အဆက်ဆက်က (ကိုလိုနီခေတ်ကစလို့)ပေါ်ပေါက်ခဲ့တဲ့-ကျောင်းသားများ နိုင်ငံရေးမှာ ပါဝင်သင့်မပါဝင်သင့်-ဆိုတဲ့ပြဿနာ တကျော့ပြန်ပေါ်လာပါတယ်။ ဩော်-သေချာတာကတော့ ဗမာပြည်သူ တွေရဲ့-အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်ကြီး မပြီးသေးဘူး။--ဆိုတာပါပဲ။

၁၃၀၀ ပြည့် အရေးတော်ပုံ(၁၉၃၈-၃၉) ကာလက ရန်ကုန်ကြည့်မြင်တိုင် ဆရာဖြစ်သင်အထက်တန်းကျောင်းက ကျောင်းသားခေါင်းဆောင်အဖြစ် ပါဝင်လှုပ်ရှားခဲ့တဲ့ဖေဖေဟာ- ဒီဇင်ဘာ(၂၀)ရက်-အတွင်းဝန်ရုံးဝိုင်း သပိတ်တားရာမှာ ပါ ဝင်ခဲ့ပါတယ်။ အဲဒီအရေးအခင်းကို အင်္ဂလိပ်နယ်ချဲ့အစိုးရက- မြင်းစီးဂေါ်ရာပုလိပ်တွေသုံးပြီး အကြမ်းဖက်ဖြိုခွဲရာမှာ-ဗိုလ် အောင်ကျော် ကျဆုံးပြီး-ကျောင်းသူကျောင်းသားအများအပြား ဒဏ်ရာရခဲ့ပါတယ်။ ဖေဖေကိုယ်တိုင်လည်း မြင်းနင်းခံရလို့ ခြေမကြီးကွဲထွက်သွားပါတယ်။ ဖေဖေကအဲဒီတုန်းက-ကြည့်မြင်တိုင်က သူ့အဒေါ်နဲ့ ဦးလေး(ကျွန်မတို့က ဘွားလေးစောနဲ့ ဘိုးလေးလှ- လို့ခေါ်ပါတယ်။) တို့အိမ်မှာ နေနေရတာပါ။ ဘိုးလေးလှက-အတွင်းဝန်များရုံးက စာရေးကြီးပါ။ ဖေဖေ ခြေ ထောက်ကျိုးနဲ့ အိမ်ပြန်လာတော့ - ကိုလိုနီဝန်ထမ်း သူ့ဦးလေးက - သူ့အမေ(--)-တွေကို သွားစတာကိုး။ ခံရမှာပေါ့။--လို့ ဆို ပါတယ်။

ဒီတင် ဖေဖေ သိပ်စိတ်ဆိုးပြီး စောင်တထည်ပိုက် - အဲဒီအိမ်ကဆင်းပြီး မြို့မကျောင်းမှာ သွားနေလိုက်တော့ တယ်။---လို့ ကျွန်မတို့ကို ဖေဖေက ပြောပြခဲ့ဖူးပါတယ်။ တကယ်တော့ ကျွန်မတို့ဗမာပြည်ကြီးရဲ့ အမျိုးသားလွတ်မြောက် ရေးလှုပ်ရှားမှုအဆင့်ဆင့်တွေမှာ - အခုပြောခဲ့တဲ့ ဖေဖေတို့ရဲ့ - ၁၃၀၀ပြည့်အရေးတော်ပုံကြီးဟာ ဗမာ့လွတ်လပ်ရေး တိုက် ပွဲစဉ်ကြီးအတွင်းက - ကျောင်းသားလှုပ်ရှားမှုရဲ့ အဆင့်တရပ်လို့လည်း ဆိုလို့ရမယ် ထင်ပါတယ်။ ၁၃၀၀ ပြည့် အရေး

တော်ပုံမှာ နေရာအသီးသီးက ပါဝင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်အများစုဟာ - ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ကိုသွားရာမှာဖြစ်ဖြစ်၊ ပြည်တွင်းက နေရာပေါင်းစုံမှာ ဆက်လက်နိုင်ငံရေးလှုပ်ရှားရာမှာဖြစ်ဖြစ်-ပါဝင်ဆောင်ရွက်ခဲ့တာတွေတွေ့ရပါတယ်။

ဒီတော့ - ကိုလိုနီအစိုးရဝန်ထမ်း - ဘိုးလေးလုက - ကိုလိုနီအစိုးရအာဏာစက်ယန္တရားကို ခြိမ်းခြောက်လာတဲ့ ကျောင်းသားတွေရဲ့လှုပ်ရှားမှုကို ဆန့်ကျင်တာ သဘာဝကျပါတယ်။ သူ့အကျိုးစီးပွားကို ကာကွယ်တာပါ။ သိပ်တော့ မထူးဆန်းလှပါဘူး။ ထို့အတူ ရေရှည် မိမိတို့(တကိုယ်ရေ)အကျိုးစီးပွားကို ထိခိုက်လာနိုင်တယ်-ဆိုတာမြင်လာရင် ဘာကိုမဆို တားဆီးပိတ်ပင်လာတာပါပဲ။ အဓိက-ကတော့-မိမိတို့အကျိုးစီးပွားနဲ့ ပြည်သူတွေအကျိုးစီးပွား တထပ်တည်း ထားနိုင်သူများသာလျှင်-ဘာကိစ္စမဆိုရင်ကျယ်ကျယ်ထားနိုင်တာပါ။

ကျောင်းသားတွေ နိုင်ငံရေးမှာ ပါဝင်သင့်သလား။ နိုင်ငံရေးမှာ စိတ်ဝင်စားသင့်သလား။ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်နိုင်ပြီး-အာဏာရလာတဲ့- ဦးနုရဲ့ပြည်ထောင်စု(ပထစ)ပါတီရဲ့အစိုးရဟာ ၁၉၆၂ - စစ်တပ်အာဏာသိမ်းတဲ့ကာလအထိ - ဗမာပြည်တွင်းမှာ ဒီမိုကရေစီအခွင့်အရေးတွေ အတော်အသင့်ပေးခဲ့တယ်--လို့ ဆိုနိုင်ပါတယ်။ ဦးနုအနေနဲ့ - ပြည်တွင်းစစ်ကြီးရှိနေသရွေ့ စစ်တပ်ဩဇာကြီးနေမယ်-ဆိုတာ သိတဲ့အတွက်-ငြိမ်းချမ်းရေးစကား ပြောလာရပါတယ်။ ဒီတော့ဖေဖေတို့က ဒါကိုအခွင့်ကောင်းယူပြီး - အိမ်စောင့်အစိုးရလက်ထက် (၁၉၅၈-၁၉၆၀)ရပ်ထားခဲ့ရတဲ့-ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို ပြန်လည်စုစည်းပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ထို့အတူ-နိုင်ငံရေးအင်အားစု အတော်များများလည်း လှုပ်ရှားလာပါတော့တယ်။ ဖေဖေအနေနဲ့ အဲဒီကာလအတွင်း-ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့လုပ်ငန်းများရော၊ တရုတ်ဖြူကျူးကျော်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီလုပ်ငန်းတွေရော၊ တခြားအဖွဲ့များကဖိတ်ကြားတဲ့ အခမ်းအနားတွေတက် မိန့်ခွန်းပြောရတာရော၊ သတင်းစာ-ဂျာနယ်များက ဆောင်းပါးတောင်းရင် ရေးပေးရတာနဲ့--လုပ်နိုင်သမျှ နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်နေတာ တွေ့ခဲ့ရပါတယ်။ အဲဒါတွေထဲမှာ-တကသ က ဦးစီးပြီး လုပ်ခဲ့တဲ့ နိုင်ငံရေးဟောပြောပွဲများလည်း ပါရှိပါတယ်။ တခြားနိုင်ငံရေးခေါင်းဆောင်တွေဖြစ်တဲ့-ဒေါက်တာဗမော်၊ ဦးကျော်ငြိမ်း၊ ဦးသိန်းဖေမြင့်---စသူများလည်း အဲဒီဟောပြောပွဲတွေမှာ ပါဝင်တာတွေ့ရပါတယ်။

ဖေဖေရဲ့ တချို့ဟောပြောချက်စာတမ်းတွေ၊ တချို့ဆောင်းပါးတွေပြန်ရတော့-စုစည်းပြီး စာအုပ်တွေလည်း အခုပြန်ထုတ်ဖြစ်ပါတယ်။ ဖေဖေပြောခဲ့တဲ့ တချို့အကြောင်းအရာတွေဟာ အခုကာလအထိ အသုံးတည့်နေတာ တွေ့ရပါ တယ်။ အခုလည်း---ရန်ကုန်တက္ကသိုလ်အနှစ်(၃၀)မြောက် - ၁၉၆၀ ခုနှစ် ကျောင်းသားများရဲ့ အိုးဝေမဂ္ဂဇင်းမှာ-"ကျောင်း သားနှင့် အမျိုးသားရေး"ခေါင်းစဉ်နဲ့ ဖေဖေရေးပေးခဲ့တဲ့ ဆောင်းပါးထဲက တချို့အချက်အလက်များကို ပြန်လည်ဖော်ပြ လိုပါတယ်။ (ကိုးကား။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ။ နေရီရီစာပေ။ နာ-၈၈)

အဲဒီဆောင်းပါးမှာ-နိဒါန်းအဖြစ်--ဖေဖေက--သူတို့လူငယ်ဘဝ သမိုင်းပေးတာဝန်ဖြစ်တဲ့ ကိုလိုနီစနစ်ဆန့်ကျင်ရေး (လွတ်လပ်ရေးလှုပ်ရှားမှု)ကာလအတွင်းက ကျောင်းသားလှုပ်ရှားမှုများကို ဘက်စုံက ခွဲခြမ်းစိတ်ဖြာပြီး ဒီလိုသုံးသပ်ရေးထားပါတယ်။

--------နည်းအမျိုးမျိုးဖြင့် ဗမာအမျိုးသားတို့မှာ ကိုလိုနီဖိနှိပ်သွေးစုပ်မှုကို ခံခဲ့ရပေသည်။ ဤမတရားမှုကြီးကို တွန်းလှန်ရန်အတွက် ဤခေတ်တွင် လူဖြစ်လာရသော ဗမာတိုင်းရင်းသား မျိုးချစ်အပေါင်းတို့အပေါ် တာဝန်ကျရောက်ပေသည်။ ထို့ကြောင့် တိုင်းရင်းသားအမျိုးသားအားလုံးတို့သည် သူ့ခေတ်နှင့်သူ အမျိုးသားလွတ်လပ်ရေး ကိုလိုနီဆန့်ကျင်ရေး အရေးတော်ပုံကြီးများ အဆင့်ဆင့် ဆင်နွှဲခဲ့ကြပေသည်။--လို့ ရေးထားပြီး အဲဒီကာလတွင်းက ပါဝင်လှုပ်ရှားခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုအကြောင်းများကိုလည်း----

-----ထို့ကြောင့် ယင်းနေ့(၁၉၂၀-တန်ဆောင်မုန်းလဆုတ်-၁၀-ရက်)ကို ထိုခေတ်၏ နယ်ချဲ့ဆန့်ကျင်ရေး အကြီးဆုံး အောင်ပွဲအဖြစ်--အမျိုးသားအောင်ပွဲနေ့--ဟူ၍ ကျင်းပနေခဲ့ပေသည်။ ထိုနောက်တွင် ကျောင်းသားများသည် ဆရာစံ လယ် သမားသူပုန်မှတပါး အမျိုးသားလှုပ်ရှားမှုများတွင် အစဉ်တစိုက် ပါဝင်ခဲ့ကြပေသည်။-----

-----

*၁၉၃၆ - ၃၇ ဒုတိယအကြိမ်ကျောင်းသားအရေးတော်ပုံ၊

*၁၉၃၈-၃၉ "သခင်"ခေတ်အတွင်းဖြစ်ခဲ့သော ၁၃၀၀ ပြည့်အရေးတော်ပုံ၊

*၁၉၄၁-၄၂ တွင်လက်နက်ကိုင် နယ်ချဲ့ဆန့်ကျင်ရေးအရေးတော်ပုံတို့တွင် တပ်ဦးမှပါဝင်ခဲ့ပေသည်။-----

ပထမဆုံး ဗမာအမျိုးသားတို့၏တော်လှန်ရေး အမျိုးသားလက်နက်ကိုင်တပ်မတော် တည်ထောင်ရန် ဂျပန်ပြည်သို့ သွားကြသော ရဲဘော်သုံးကျိပ်မှာပင် ၁၃၀၀ ပြည့်အရေးတော်ပုံမှ ပေါက်ဖွားလာသော ကျောင်းသား ခေါင်းဆောင်များနှင့် ကျောင်းသားများမှ ဆင်းသက်လာသော သခင်ခေါင်းဆောင်များဖြစ်ကြသည်။------

------*ပထမအမျိုးသားတပ်မတော်ဖြစ်သည့် ဘီအိုင်အေတပ်တွင် ကျောင်းသားများနှင့် သခင်များသာ အများအားဖြင့် ဦးစီးခဲ့ကြပေသည်.။

*ဖက်ဆစ်တော်လှန်ရေးကြီးတွင်လည်း ကျောင်းသားများသည် အာရှလူငယ်များနှင့် တပ်မတော်တွင်းသို့ ဝင်ရောက်ပြီး လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲခဲ့ကြပေသည်။------လို့ရေးပြီး

---အနှစ်၃၀(၁၉၁၈-ဆရာတော်ဦးဥတ္တမခေတ်မှ ၁၉၄၈ ဗိုလ်ချုပ်အောင်ဆန်းခေတ်အထိ) အမျိုးသား လွတ်လပ်ရေး တိုက်ပွဲကြီးအတွင်း ကျောင်းသားများက ပြည်သူလူထုတရပ်လုံးနဲ့အတူ ဘယ်လိုပါဝင်ဆင်နွှဲခဲ့တယ်-ဆိုတာကို ဖော်ပြထားပါတယ်။ ၁၉၄၈-လွတ်လပ်ရေးရပြီးတဲ့နောက် - အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု-အဆင့်သစ်(ဒုတိယအဆင့်) ရောက်လာတယ်-လို့ ဖေဖေကသုံးသပ်ပြီး ဒီအဆင့်အတွင်း ဗမာပြည်သူတရပ်လုံး ရဲ့တာဝန်ဟာ-လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ ကိုယ်ပိုင် စက်မှုလက်မှုနိုင်ငံတော်သစ်ထူထောင်ရန်--နဲ့ ခေတ်နောက်ကျပြီး ဆင်းရဲပင်ပန်းဆင်းရဲလှတဲ့ လယ်ယာစနစ်ကို ပြုပြင်ရန်ဖြစ်ပြီး ကျောင်းသားနဲ့ ပညာရှင်များရဲ့ အမျိုးသားရေးလုပ်ငန်းတာဝန်များကတော့ စီးပွားရေးအတွက် စက်မှုလက်မှုလုပ်ငန်းကြီးများ တိုးတက်တည်ထောင်နိုင်ရန် အတတ်ပညာသည်များနဲ့ ခေတ်မီလယ်ယာလုပ်ငန်းများ အတွက် စိုက်ပျိုးရေးပညာရှင်များ ပေါ်ထွက်လာအောင် ကြိုးပမ်းရေး၊ ပြည်သူအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း-အကြားချစ်ကြည်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့ကို အကျိုးပြုစေမယ့် အမျိုးသားစာပေယဉ်ကျေးမှုများကို ဖန်တီးရေး---လို့လည်းဆိုထားပါတယ်။ ဒီခရီးလမ်း လျှောက်ရာမှာ အခက်အခဲ အနှောင့်အယှက်အမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး- ဒါတွေကို ကျော်ဖြတ်နိုင်ဖို့အတွက်-ပြည်သူတွေရဲ့ အမျိုးသားလွတ်မြောက်ရေတိုက်ပွဲနဲ့ ကျောင်းသားများရဲ့ အမျိုးသားပညာရေးလှုပ်ရှားမှုဟာ ဆက်စပ်ယှဉ်တွဲနေရမှာဖြစ်ပြီး-ဒါမှသာတဦးကိုတဦးအကျိုးပြုနိုင်ပေလိမ့်မယ်။---လို့ရေးသားထားပါတယ်။

ဖေဖေကတော့ ကျောင်းသားများကို ပြည်သူလူထုနဲ့အတူ ရပ်တည်ခံစားပြီး၊ အဆင့်ဆင့်သော လွတ်မြောက်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်ဖို့အားပေးထားတာပါ။

ဒါတွေကတော့၊ ၁၉၆၀ နှစ်များအတွင်းကဖေဖေရေးခဲ့တဲ့-ကျောင်းသားများနဲ့ နိုင်ငံရေးဆက်စပ်မှု အ ကြောင်းဆောင်းပါးထဲကအချက်အချို့ပါ။

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့ စစ်တပ်အာဏာသိမ်းချိန်ကစလို့ ဗမာပြည်သူတွေ တောက်လျှောက် ဆင်နွှဲခဲ့တဲ့ -စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးတိုက်ပွဲစဉ်ကြီးတလျှောက်- အစ-ကနေ(စစ်တပ်အုပ်စုရာယ်ကို အစောဆုံးသိရှိပြီး အစော

ဆုံး အာခံခဲ့သူတွေဟာ ကျောင်းသားတွေပါ။ -၁၉၆၂ ဇူလိုင်(၇)ရက်အရေးအခင်း) ယခုထိ-ဘယ်နေရာမှာမှ တွေ့ဝေတို့ ဆိုင်းခြင်းမရှိခဲ့ဘဲ အမြဲရှေ့တန်းကပါဝင်-ဦးဆောင်ခဲ့ပြီး အစွန့်လွှတ်ဆုံး အနစ်နာ အခံခဲ့ဆုံးဟာ ကျောင်းသားထုပါပဲ။ ၁၉၇၅-၇၆ ကျောင်းသားလှုပ်ရှားမှုများအပြင်-ကမ္ဘာနဲ့ချီပြီးတောင်တွေ့ရခဲတဲ့ မူလတန်း-အလယ်တန်းကအစ ပါဝင်တဲ့ ကျောင်းသားတရပ်လုံးနဲ့ပြည်သူတရပ်လုံးပါ စုစည်းသွားတဲ့- ရှစ်လေးလုံးအရေးတော်ပုံကြီးကိုပါ ကျောင်းသားများကပဲ ဦး ဆောင်ဖောက်ခွဲခဲ့တာပါ။ ဒီအတွက် ကျောင်းသားများ-အသက် သွေးချွေးတွေ၊ ဘဝတွေအကုန် ပေးနိုင်သမျှ အရာအား လုံးကို ပေးဆပ်ခဲ့ကြရပါတယ်။ စစ်အာဏာရှင်တွေဟာ မကြားဝံ့မနာသာ-ကျောင်းသားထုကို ရက်ရက်စက်စက် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ လူသက်တမ်းနဲ့တောင် မမျှတဲ့ ထောင်ဒဏ်ချမှုတွေသာမက၊ အာဃာတကြီးမားစွာနဲ့ ပညာရေးစနစ်တခုလုံးကိုပါ ဖျက်ဆီးပစ်ခဲ့ကြပါတယ်။

ကျောင်းသားတွေကလည်း ကမ္ဘာပေါ်မှာ တခုတည်းပေါ်ပေါက်ဖူးတဲ့ ကျောင်းသားတပ်မတော်တရပ်ကို ဖွဲ့စည်းပြီး စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်တိုက်ခိုက်ခဲ့ပါတယ်။ ပြည်တွင်း(သို့မဟုတ်) ပြည်ပမှာပဲဖြစ်ဖြစ်-ထောင်တွင်းမှာပဲ ဖြစ်ဖြစ်၊ ဘယ်နေရာရောက်ရောက်--အဓိကရန်သူကို မျက်ခြည်ပြတ်ခြင်း အလျဉ်းမရှိခဲ့ပါဘူး။ ဆိုလိုချင်တာကတော့ ဗမာ ပြည်သူတွေရဲ့လွတ်မြောက်ရေးတိုက်ပွဲတလျှောက် ကျောင်းသားထုအနေနဲ့ တာဝန် ကျေခဲ့တယ်--ဆိုတာပါပဲ။

အခုလည်း ကျောင်းသားများအပါအဝင် ပြည်သူလူထုကြီးတရပ်လုံးရဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး တိုက်ပွဲအဆက်ဆက်ရဲ့အကျိုးကြောင့် ရရှိခဲ့တဲ့- (စစ်တပ်က တမတ်သား ပါနေသေးတဲ့) အရွေးကောက်ခံ ဒီချုပ် အစိုးရလက်ထက်မှာလည်း-ဒီမိုကရေစီအပြည့်အဝရေးအတွက်-ဆက်လက် လုပ်ဆောင်စရာရှိတာတွေကို ဆက်လုပ်ဆောင်ရပါလိမ့်ဦးမယ်။ ဗမာပြည်သူတရပ်လုံး မလွတ်မြောက်သေးသရွေ့ ပြည်သူတွေရဲ့သားသမီးတွေဖြစ်တဲ့ ကျောင်းသားများဟာလည်း လွတ်လွတ်ကျွတ်ကျွတ် စိတ်အေးလက်အေး ကျောင်းသင်ခန်းမှာပဲနေ၊ ကျောင်းစာပဲ ကုန်းကျက်နေလို့ မရပါဘူး။ အရင်းခံ ပြဿနာကြီးတွေဖြစ်တဲ့--ဗမာပြည်ကြီး ငြိမ်းချမ်းရေးရဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ တရားဥပဒေစိုးမိုးဖို့၊ -လမ်းအသွယ်သွယ် ရှာကြရဦးမှာပါ။ ဒီအတွက် ကျောင်းတွေမှာ-သင်ရိုးညွှန်းတမ်းများအပြင်-တခြားနယ်ပယ်အသီးသီး(စီးပွားရေး၊ နိုင်ငံရေး၊ အားကစား၊ စာပေ၊ ယဉ်ကျေးမှု-အကအခုန် အဆိုအတီးစသဖြင့်)ဗဟုသုတဆိုင်ရာဟောပြောပွဲတွေ၊ ပြခန်းတွေ၊ သင်တန်းတွေ၊ စာတမ်းဖတ်ပွဲတွေ----စတာစတာ တွေ ဆက်လုပ်ကြရပါလိမ့်ဦးမယ်။

ဒါဖြင့် အခုလတ်တလော ပေါ်ထွက်လာတဲ့ မေလ(၂၁)ရက်နေ့က ထုတ်ပြန်ချက်ကရော။ ဘယ်သူတွေက၊ ဘာရည်ရွယ်ချက်နဲ့ ထုတ်ခဲ့တာလဲ။ ဒီအဖြေကို-ဖေဖေရဲ့ပြောစကားတချို့(နောက်ဆုံးအင်တာဗျူး-အာရ် အက်ဖ်အေ-၂၀၁၁၊ ဇွန်) နဲ့ပဲ အဖြေပေးလိုက်ပါရစေ။

-ဒီမိုကရေစီအလင်းရောင်အောက်မှာ မနေနိုင်သူများဟာ၊ ပြည်သူတွေကိုဒီမိုကရေစီပေးမှာမဟုတ်ပါ ဘူး။----တဲ့။

(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော။သတင်းဌာနများနဲ့အင်တာဗျူး။နေရီရီစာပေ။နာ၁၉၆)

လှကျော်ဇော။၃-၆-၂၀၁၈။

၂၃-၁-၁၉၇၂-ဒေဝီမင်္ဂလာပွဲမှာတွေ့ရတဲ့ဖေဖေနဲ့မေမေ။

ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။

ဆောင်းပါးအမှတ်(၄၈)။

ဖေဖေရဲ့မင်းသားကြီး

လှကျော်ဇော။

၁၉၅၈ခုနှစ်လောက်ကစလို့ ဖေဖေငြိမ်းချမ်းရေးအဖွဲ့ထဲ ဝင်လှုပ်ရှားခဲ့စဉ်ကတည်းက တောက်လျှောက် ဖေဖေနဲ့အလွန် ရင်းနှီးခဲ့တဲ့ ရဲဘော်ကြီး-ဦးသန့်စင်ခေါ် ဦးအောင်ဇေယျာ-တော်ဘုရားကလေးဆိုတဲ့-နောက်ဆုံးဘုရင်သီပေါမင်းရဲ့မြေးတော်ပါ။ ဖေဖေတို့ကတော့---မင်းသားကြီး--လို့ခေါ်ပါတယ်။

ဆရာကြီးမှိုင်းက ဖေဖေတို့ကို-သူတို့-တို့ဗမာအစည်းအရုံး-အတွက် နယ်လှည့်စည်းရုံးရေးဆင်းတုန်းက-သခင်ထိပ်တင်ကိုယ်တော်ကြီးကို ထိပ်ဆုံးကနေရာပေးထားရကြောင်း၊ ကျေးလက်လူထုကလည်း မင်းသားပါလာတယ်ဆိုရင် သိပ်ထောက်ခံကြကြောင်း၊ ဒ့ါကြောင့်- "မင်းတို့လည်းဂရုစိုက်ကြ၊ တော်ဘုရားလေးကိုရှေ့တင်ပြီး စည်းရုံးရေးဆင်းကြ၊ လို့

မှာဖူးကြောင်း၊ တကယ်လည်း နယ်တွေစည်းရုံးရေးဆင်းတဲ့အခါ-သီပေါမင်းမြေးတော် ပါလာတယ်-ဆိုတဲ့သတင်းကြောင့် ရွာတွေက လူထုတွေ တက်လာကြကြောင်း၊--စတာတွေကို ဖေဖေကသူ့စာအုပ်မှာ ရေးထားတာတွေ့ရပါတယ်။ ဒ့ါ အပြင်-ဖေဖေကဒီလိုဆက်ရေးထားပါတယ်။

-----မင်းသားကြီးမှာ လူပုံပန်းကလေးက နွဲ့နွဲ့နှောင်းနှောင်း ပုပုပျပ်ပျပ်ကလေးသာ ဖြစ်သည်။ စကားပြော အလွန်ချိုသာအေးဆေးပြီး ရိုးသားပွင့်လင်းသူလည်း ဖြစ်ပါသည်။ အလွန်ချစ်စရာ ကောင်းသူလည်း ဖြစ်ပါသည်။ လူပုံက အေးဆေးပျော့ပျောင်းသော်လည်း စိတ်ဓာတ်ကတော့ အလွန်မာကျော ခိုင်မာသူဖြစ်ပြီး သူ့တသက်တာလုံး ပြည်သူများဘက်က တစိုက်မတ်မတ်ရပ်ခံသွားသူသာဖြစ်ပါသည်။ ဖမ်းဆီးထောင်ချ၊ ညှဉ်းပန်းမှုများလည်း ခံခဲ့ရသူဖြစ်ပါသည်။-

-(ဗိုလ်မှူးချုပ်ပောင်းကျော်ဇော၊ ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့(ယဉ်မျိုးစာပေ)-နှာ၂၇၅။)

ဖေဖေ တပ်မတော်မှ (၁၉၅၇)ပင်စင်ယူပြီးကာလမှစကာ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီက အာဏာသိမ်းချိန်အထိ-လုပ်ဆောင်ခဲ့တဲ့-နိုင်ငံရေးလှုပ်ရှားမှု-ဆရာကြီးမှိုင်းဦးဆောင်တဲ့-ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တလျှောက်မှာ- ဦးအောင်ဖေပါဝင်ခဲ့ပါတယ်။ နယ်ခရီးထွက်ရာမှာရော၊ ရန်ကုန်မြို့တွင်း ရပ်ကွက်အသီးသီးကို လှည့်လည် စည်းရုံးရာမှာရော ဖေဖေနဲ့တတွဲတွဲ တွေ့ရသူတွေထဲမှာ အန်ကယ်ဦးသန့်စင် (ထိုစဉ်ကအမည်မှာ-ဦးသန့်စင် ဖြစ်ပါတယ်။) ကို တွေ့ရပါတယ်။

၁၉၆၁ ခုနှစ်မှာ ဖွဲ့ခဲ့တဲ့ တရုတ်ဖြူကျူးကျော်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီမှာလည်း ပါဝင်ခဲ့ဖူးပါတယ်။ ၁၉၆၄ ခုနှစ်မှာ ဆရာကြီးမှိုင်းကွယ်လွန်ချိန်မှာဖွဲ့ခဲ့တဲ့-ဆရာကြီးမှိုင်း ဈာပနကျင်းပရေး ကော်မတီမှာရော၊ တဆက်တည်းဖွဲ့ခဲ့တဲ့ ဆရာကြီးမှိုင်းဂုဏ်မာန်တည်ဆောက်ရေးအဖွဲ့တွေမှာရော ပါဝင် တာဝန်တွေယူခဲ့ပြီး တာဝန်အားလုံးဟာလည်း(ကျွန်မမှတ်မိသလောက်)ဘဏ္ဍာရေးမှူး(ငွေထိန်း)အလုပ်များချည့် ဖြစ်ပါတယ်။

အန်ကယ်ဦးသန့်စင်ဟာ ဖေဖေတို့နဲ့အစည်းအဝေးမရှိရင်၊ အန်တီဒေါ်ခင်မေကိုရော၊ သူတို့ရဲ့ တဦးတည်းသော သမီးလေးဒေဝီသန့်စင်ကိုပါ အလည်ခေါ်လာတတ်လို့ ကျွန်မတို့တမိသားစုလုံးနဲ့ ရင်းနှီးသွားပါတယ်။ ဒေဝီက ကျွန်မ အောက် ညီမ-စန်းနဲ့ ရွယ်တူပါ။ သူက ကျွန်မကို စန်းခေါ်သလို--မမလှ--လို့ပဲခေါ်ပြီး သူ့ကိုလည်း ကျွန်မမောင်များက--မမ ဒေဝီ-လို့ ခေါ်ပါတယ်။ ဒီလိုနဲ့ ကျွန်မတို့တတွေ မောင်နှမ-ညီအမတွေလို နီးစပ်ရင်းနှီးခဲ့ကြပါတယ်။ အထူးသဖြင့် ဆရာကြီးမှိုင်း ဈာပနကာလနဲ့ ဂုဏ်မာန်တည်ဆောက်ရေးကာလတွေမှာ- သူတို့အိမ်(အနီးအနား ကန်တော်မင်ပန်းခြံထဲမှာပဲ ရှိတာကြောင့်)ဟာ အားလုံးရဲ့ စားကျက်ချရာနေရာ ဖြစ်လာပါတယ်။

အန်ကယ်ဦးသန့်စင်ဟာ ဖေဖေကို အတော်ခင်မင်လေးစားပါတယ်။ ဒေဝီ-၁၉၇၂ ခုနှစ်မှာ လက်ထပ်တော့ ဖေဖေနဲ့ မေမေကို လက်ထပ်ပေးခိုင်းပါတယ်။ လက်ထပ်ပြီးစီးကြောင်း-ကြော်ငြာထည့်ဖို့- လုပ်သားနေ့စဉ်-ကို သွားတော့ ဖေဖေနဲ့ မေမေကို ကျေးဇူးတင်ကြောင်း ထည့်ထားတာကို ဖြုတ်ပေးရမယ်-ဆိုတော့ အန်ကယ်ဦးသန့်စင်က-ဗိုလ်ချုပ်နံမည် မထည့်ရရင်- မထည့်နဲ့၊ ပြန်လာခဲ့ကြ--လို့ပြောကြောင်း သိရပါတယ်။ မဆလ-က အဲဒီကာလက ဖေဖေကို ပြည်ပြေးတွေနဲ့ ပေါင်းသွားပြီ-ဆိုပြီး သတင်းလွှင့်ထားချိန်ဖြစ်လို့- ဖေဖေနံမည် မထည့်ခိုင်းတာပါ။ အန်ကယ်ကလည်း ဒါကို သိလို့ တမင် ဖေဖေရှိနေတယ်။ သူတို့သတင်းလွှင့်တာမဟုတ်ကြောင်း ချေပဖို့လုပ်တာပါ။ ကျွန်မတို့တတွေ- ၁၉၇၆ ခုနှစ် တောတွင်း ရောက်လာတာဖြစ်တော့-အန်ကယ်အကြောင်း-သတင်းမီဒီယာတွေကပဲ နားထောင်နေရပါတယ်။ နောက်ပိုင်းအဖမ်းအဆီး ခံရတဲ့သတင်းတွေ၊ ဒေဝီတို့မောင်နှံ (ရှစ်လေးလုံးအရေးအခင်းမှာပါဝင်မှုကြောင့်) အလုပ်ပြုတ်သွားတဲ့သတင်း၊ စတာတွေ အပါ အမျိုးစုံကြားနေရပြီး ဒေါ်ဒေါ်-ဒေါ်အမာရဲ့မွေးနေ့တွေမှာ-အန်ကယ်တက်ပြီး ကဗျာတွေဘာတွေဖတ်တဲ့အကြောင်း တွေလည်းဖတ်ရပါတယ်။ သုတေသနစာတမ်းများ ဘာသာပြန်စာအုပ်စာတမ်းများ၊ ကိုယ်တိုင်ရေးအထုပ္ပတ္တိ စတာတွေ--ထွက်လာတာတွေလည်း တွေ့ရပါတယ်။ သတင်းတွေနားထောင်ရင်းနားထောင်ရင်း-အလွန့်ကို မကြားချင်တဲ့ နာရေးသတင်းများလည်း ကြားလာရပါတယ်။

အခုတော့ အန်ကယ်ဦးသန့်စင်ရော အန်တီဒေါ်ခင်မေရော မရှိတော့ပါဘူး။ အန်ကယ်ဦးသန့်စင်ကွယ်လွန်ပြီးမှ နှစ်စဉ်ချီးမြှင့်ခဲ့တဲ့-"တော်ဘုရားလေးစာပေဆု"(နိုင်ငံရေးစာပေဆု)ကို၂၀၁၃မှာ ဖေဖေ-ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ-ဆိုင်းစုမှ သည်မန်ဟိုင်းဆီသို့-(ဖြိုးမောက်သာစာပေ)စာအုပ်ကို ချီးမြှင့်ခဲ့ပါတယ်။

ကြားရတဲ့သတင်းတွေထဲမှာ သတင်းကောင်းများ ဝမ်းသာအားတက်ဖွယ်သတင်းများလည်း ပါလာပါတယ်။ အန်ကယ်ရဲ့ တဦးတည်းသောသမီးလေး ဒေဝီသန့်စင်ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ကျော်ကြားလာမှုပါ။ ဒေဝီဟာ ဗမာပြည်ရဲ့ဩဇာကြီးတဲ့-လူမှုရေးလှုပ်ရှားတဲ့ အမျိုးသမီးတဦးဖြစ်လာပြီး၊ လူအများရဲ့ လေးစားမှု ကြည်ညိုမှုတွေကို ရရှိလာတာ တွေ့ရပါတယ်။ ဒေဝီရဲ့-တွေ့ဆုံမေးမြန်းခန်းတွေလည်း တွေ့လာရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း-ဆိုတာ အလွန်မွန်မြတ်တဲ့လုပ်ငန်းဖြစ်ပြီး၊ လူသားမျိုးနွယ်စုတရပ်လုံးနဲ့ သက်ဆိုင်တဲ့ အတွက် အလွန်စိတ်ဝင်စားဖွယ်လည်း ကောင်းပါတယ်။

တကယ်တော့-သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဆန့်ကျင်ဘက်(၂)ရပ်နဲ့ ပေါင်းစည်းဖြစ်ထွန်းနေတဲ့ ပဋိပက္ခတစုံဖြစ်ပါတယ်။ ဒီအကြောင်းအရာ(၂)ရပ်ဟာ အပြန်အလှန်တွန်းဖယ်နေတဲ့ ဆန့်ကျင်ဘက်(၂)ရပ်အဖြစ် ကွဲပြားနေသလို၊ အပြန်အလှန် ဆက်သွယ်မှုတွေလည်း ရှိနေပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဂရုမစိုက်ဘဲ၊ ဖွံ့ဖြိုးတိုးတက်ရေးပဲ ဖိလုပ်နေလို့မဖြစ်သလို၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားအကြောင်းပြပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ပစ်ပယ်ထားလို့လည်း မရပါဘူး။ လွန်ခဲ့တဲ့အနှစ်(၂၀၀)ကျော် စတင်ခဲ့တဲ့ စက်မှုလက်မှုတော်လှန်ရေးများကြောင့် အကျိုးကောင်းကောင်း ခံစားခဲ့ကြရတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများ(အမေရိကန်နဲ့ဥရောပနိုင်ငံများ)က သူတို့ရဲ့ အမိုက်ထုပ်နဲ့ ဝန်ထုပ်ဝန်ပိုးတွေဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု-ကမ္ဘာကြီးပူနွေးလာမှု စတာတွေကို ကိုယ့်တာဝန် ကိုယ်ယူ ဖြေရှင်းရမယ့်အစား(ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်လည်း ပါပါတယ်။) တကမ္ဘာလုံးကပြည်သူများ (အထူးသဖြင့် ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံများ)ကိုပါ ခွဲဝေပေးလိုက်တာပါပဲ။ ဒီရာသီဥတုအပြောင်းအလဲဒဏ်တွေကို အခံရဆုံးသူတွေဟာ အဆင်းရဲဆုံးနိုင်ငံကသူများသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုမျိုး ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံများက ဒီလိုသဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး အသိပညာမြင့်မားလာတာဟာ ကောင်းတဲ့ကိစ္စတရပ်ပါ။ ဒါပေမဲ့-အားလုံးဘက်စုံအောင် (အားကောင်းချက် အားနည်းချက်- အဲဒီအားနည်းချက်တွေကို သက်သာသွားအောင်လုပ်တဲ့ နည်းလမ်းတွေ) လေ့လာရမှာဖြစ်တဲ့အပြင် ဒီလို တိုင်းပြည်မျိုးရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကိုပါ ထည့်သွင်းစဉ်းစားကြရပါလိမ့်မယ်။

အခု ဒေဝီတို့လုပ်ဆောင်နေကြတဲ့အဖွဲ့တွေဟာ နိုင်ငံတကာကိုလည်း သွားရောက်လေ့လာခွင့်တွေရကြလို့-နိုင်ငံတကာရဲ့စနစ်ကောင်းတွေ လုပ်ဟန်ကောင်းတွေကို ဗမာပြည်ကို သယ်ဆောင်လာနိုင်မယ်။ ဗမာပြည်ရဲ့လက်တွေ့ အခြေအနေများနဲ့အညီ လုပ်ဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်နေပါတယ်။

အန်ကယ်ဦးသန့်စင်ဟာ မျိုးရိုးအရ-ပဒေသရာဇ်အနွယ်ဖြစ်ပေမယ့်- အိုးပစ်အိမ်ပစ် စည်းစိမ်ဥစ္စာပါစွန့်ပစ်ကာ ပြည်သူလူထုအကျိုးစီးပွားဘက်က တသက်လုံးရပ်တည်သွားခဲ့ပါတယ်။ အဖမ်းအဆီး- အနှိပ်အစက်- ထောင်တန်းစတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးလည်း ခံခဲ့ရပြီး-ကွယ်လွန်သွားခဲ့ပါပြီ။ အခုတော့-အန်ကယ်ရဲ့ မျှော်လင့်ချက်တွေ မျှော်မှန်းချက်တွေကို အန်ကယ်ရဲ့ ကျန်ရစ်တဲ့သမီးဒေဝီက တထောင့်တနေရာက တတ်နိုင်သမျှ လုပ်ဆောင်အကောင်အထည်ဖော်နေမှုများကို တွေ့မြင် ကြားသိနေရတဲ့အတွက် ဝမ်းသာဂုဏ်ယူနေမိပါတယ်။ အန်ကယ်တို့ဇနီးမောင်နှံ ငြိမ်းချမ်းစွာအနားယူပါတော့။

လှကျော်ဇော။၃၀-၇-၂၀၁၈။

.

ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည် (၅)

ဘယ်တုန်းကမှ ချစ်ခဲ့ကြတာမဟုတ်၊ ဒါပေမဲ့....

A. ငြိမ်း

(၁)

လက်ရဲဇက်ရဲသမားများ

ဖဆပလထဲက ကွန်မြူနစ်တွေကို ထုတ်ပစ်ပြီးကတည်းက ဆိုရှယ်လစ် ကွန်မြူနစ်တွေရဲ့ ပဋိပက္ခတွေဟာ ပိုမိုပြင်းထန်သည်းသန်လာခဲ့တယ်။ အာဏာလက်ရှိ ဆိုရှယ်လစ်တွေရဲ့လက်ချက်ကြောင့် ကွန်မြူနစ်နေ့စဉ် သတင်းစာဟာ နာရေးသတင်းစာ ဖြစ်လာခဲ့တယ်။ ပြည်တွင်းစစ်ဖြစ်လာပြီးတဲ့နောက်မှာတော့ ဆိုရှယ်လစ်တွေဘက်က စံပြုလောက်တဲ့နာမည်ကြီးလက်မရွံ့ပုဂ္ဂိုလ်တွေ ပေါ်လာပါတယ်။ အထက်ဗမာပြည်က နာမည်ကြီးခဲ့သူတွေထဲမှာ မိတ္ထီလာက ဆရာထီ/ ဦးမာ၊ အောင်ပင်လယ်သိန်းဖေ၊ ပျဉ်းမနား ဗိုလ်တောက်ထိန်၊ လယ်ဝေးသခင်ကြည်ရှိန်၊ မုံရွာ ဗိုလ်ဘမောင်၊ တောင်သာ ဦးစံပြည့်၊ ငါန်းဇွန် ၆ လောင်းပြိုင်သတ်မှု ဗိုလ်မှူးတက်မြင့်.... တို့ ထင်ပေါ်ခဲ့ကြပါတယ်။ ကိုယ့်ဒေသနဲ့ကိုယ် လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ကြတယ်။ လက်နက်ကိုင်တိုက်နေကြသူများမှအပ သူတို့ကို ဘယ်သူမှ ကလန်ကဆန် မလုပ်ရဲခဲ့ကြဘူး။ သူတို့ကို ပမာမခန့်လုပ်သူဆိုလို့ မြို့ပေါ်မှာ ကျောင်းသားတွေ ရှိတယ်။ နောက်ပိုင်း အတိုက်အခံ ပမညတ နိုင်ငံရေးအဖွဲ့အစည်းရှိလာတယ်။ အဲဒီတုန်းကတော့ ကျောင်းသားတွေက အုပ်စိုးသူဆိုရှယ်လစ်ကို အသေအလဲ မုန်း။ ဆိုရှယ်လစ်တွေကလည်း လက်ဝဲကျောင်းသားဆို ကြည့်မရ။

(၂)

နေဝင်ဘုရင်များ

အထက်ပါ နောက်ခံကားကို တင်ပြပြီးတဲ့နောက် ကျွန်တော်တို့မြို့အခြေအနေကို ကြည့်ကြပါစို့။ မြင်းခြံခရိုင် အထူးသဖြင့် မြို့ပေါ်မှာ နိုင်ငံရေးသတ်မှတ်ချက်တခု ဖြစ်တည်လာပါတယ်။ ဦးစံပြည့်ကို 'နေထွက်ဘုရင်' - မြို့အနောက်တောင်ဘက် ၁၀ မိုင်လောက်အကွာမှာရှိ ဒမိုက်(တမိုက်သာ) ရွာက ပြူစောထီးခေါင်းဆောင်တွေဖြစ်တဲ့ မောင်မောင်နဲ့ ညီ ဝင်းရှိန်ကို 'နေဝင်ဘုရင်'တွေလို့ ခေါ်ကြပါတယ်။ တကယ်က ဦးစံပြည့်က တောင်သာအမတ်၊ တောင်သာမြို့နယ် သပွတ်စုရွာသား၊ ဒမိုက်ကလည်း တောင်သာမြို့နယ်ထဲပါတဲ့ အိမ်ခြေ ၁၀၀၀ ကျော်ရှိတဲ့ ရွာကြီးပဲ။ ၁၉၅၆ ခု၊ ရွေးကောက်ပွဲမှာ ဆရာ ဦးမောင်ကိုက ကျောင်းဆရာဘဝက နုတ်ထွက်ပြီး ရွေးကောက်ပွဲဝင်ပါတယ်၊ သမဂ္ဂဝင်ကျောင်းသားတွေရဲ့ အားပေးထောက်ခံမှုနဲ့ ဝိုင်းဝန်းမှုကြောင့် အနိုင်ရခဲ့တယ်။ ၁၉၅၇ ခုမှာ ဗိုလ်မှူးချစ်ကောင်းကို လက်ခံတွေ့ဆုံမှုကြောင့် ထောင်ထဲရောက်သွားပြီး တည်မြဲ-သန့်ရှင်းအကွဲမှာ ထောင်ကထွက်လာပါတယ်။ နောက် ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲဝင်ဖို့ တာစူခဲ့တော့ ထုံးစံအတိုင်း ကျွန်တော်တို့ကျောင်းသားတွေပဲ ဝိုင်းဝန်းခဲ့ကြတယ်။

ဒီအချိန် ပြူစောထီးပြောက်ကျားတွေ လက်သံပြောင်နေတဲ့ ကာလ၊ မြို့ပေါ်မှာရော ကျေးလက်မှာပါ - ဟောတယောက် ဟောတယောက် သတ်နေတဲ့အချိန်-မြို့ပေါ်မှာ ဦးမောင်ကိုက ရပ်ကွက်အလိုက် မဲဆွယ်တရားပွဲတွေ တပွဲပြီးတပွဲ ကျင်းပပြီး အရှိန်ရနေပါပြီ။ ဒါပေမဲ့ တောင်သာ မဲဆန္ဒနယ်က ဦးစံပြည့်နဲ့အပြိုင် ပမညတ-က ဝင်ရွေးမယ့်အမတ်လောင်း ပြည်သူ့ရဲဘော် ဗိုလ်ဟိန္ဒက ခေါ် ဦးသန်းက ထောင်ထဲရောက်နေတယ်။ သူ့ အတွက် ပြင်ဆင်မှုဘာမှ မလုပ်ရသေးတော့ ဆရာက ကူပြီးမဲဆွယ်ပေးဖို့ စီမံကိန်းချပါတယ်။ ဦးသန်းရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဒမိုက်ရွာက ဆိုရှယ်လစ်ကလွဲပြီး ဘယ်သူ့ကိုမှ အဝင်မခံဘဲ ပိတ်ထားတယ်။ ဒါကြောင့်ဆရာက တရားပွဲတခုမှာ ဘယ်နေ့ဘယ်ရက်တွင် ဒမိုက်ခံတပ်ကြီးကို သွားဖွင့်ပါ့မယ်။ အားပေးလိုသူများ၊ ကူညီလိုသူများ နံနက် ၆ နာရီအမီ သူ့အိမ်ရှေ့မှာ လာစုကြပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။ အဲဒီ 'ယ' ရက်မတိုင်မီညမှာ လော်စပီကာတင်ထားတဲ့ ကားကြီးတစင်း မြို့လယ်လမ်းမ ဦးမောင်ကို အိမ်ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန် စိန်ခေါ် ချလင့်လုပ်သွားပါတယ်။ "သတ္တိရှိရင် လာခဲ့ကြပါ။ ကောင်းကောင်းဧည့်ခံဖို့ အသင့်ပြင်ထားပါကြောင်း" တဲ့။

တမြို့လုံး လှုပ်လှုပ်ရွရွပဲ-ဆရာ့အိမ်ရှေ့မှာ ဂျစ်ကား ၃ စီး အသင့်ပြင်ထားတယ်။ ကျွန်တော်တို့ ကျောင်းသား ၃-၄ ယောက်က ကားမဆန့်ရင် ကျန်နေမှာစိုးတာနဲ့ ညဦးကတည်းက ကားပေါ်တက်အိပ်ကြပါတယ်။ မနက်ရောက်တော့ ကိုသန်းအိမ်က ကဗျာဆရာ မောင်လေးအောင် ဦးစီးတဲ့ ဂျစ်ကားတစီး ထိုးဆိုက်လာပါတယ်။ (တကယ်က ဦးမောင်ကို - ဦးသန်းနဲ့ ကျွန်တော်တို့က တရပ်ကွက်ထဲသားတွေပါ)။ မနက် ၆ နာရီ နံနက်စာစားကြပြီး ကား ၄ စင်းနဲ့ ပထမဆုံး ခရိုင်ဝန်ရုံးကို သွားကြပါတယ်။ ခရီးစဉ်ကို ပြောပြပြီး လုံခြုံရေးတာဝန်ယူဖို့ တခုခုဖြစ်ရင် အစိုးရတာဝန်ဖြစ်ကြောင်း ချည်တုတ်ပြောလိုက်ကြတယ်။ နောက်ကြွေးကြော်သံတွေတိုင်ပြီး ထွက်ခဲ့ကြပါတယ်။

ရွာစည်၊ ဂျုပ်ပင်၊ ထနောင်းတိုင်၊ စတဲ့ရွာတွေကို ဖြတ်သန်းပြီးမှ ဒမိုက်ကို ရောက်ပါတယ်။ တနာရီလောက်ကြာပါတယ်။

မျှော်လင့်ထားတဲ့အတိုင်း ရွာတံခါးကြီးက ပိတ်ထားပါတယ်။ ရွာပြင်ဘက်လမ်းက သဲလမ်းဖြစ်တယ်။ လမ်းတဖက်တချက်မှာတော့ ရာချီရှိမယ့် ရွာသူရွာသားတွေ လက်နက်ကိုယ်စီနဲ့ တန်းစီရပ်နေကြပါတယ်။ ခဲယမ်းမီးကျောက်တွေကို တောင်းပလုံး-ခြင်းတွေထဲ ထည့်ထားပြီး သူတို့နားမှာ ခင်းကျင်းထားပါတယ်။ ကျွန်တော်တို့ ကား ၄ စင်းပေါ်မှာ ဟွန်းကြီးတွေတပ်ထားတဲ့ လောက်စပီကာတွေ ပါပါတယ်။ မက်ခွက်ကိုင်ထားသူတွေကတော့ ဦးမောင်ကို၊ ကိုထွန်းအောင်၊ ကိုအောင်သူနဲ့ မောင်လေးအောင်-

သဲလမ်းပေါ် ကားတွေ တစီးပြီးတစီးထိုးရပ်ကာ တရားစဟောကြပါတယ်။ ကျန်တဲ့သူတွေက ကားအောက်ခုန်ဆင်းပြီး ကားတွေကို ဝိုင်းထားကြပါတယ်။ နိဒါန်းလေးမှ ပြီးအောင် မဟောကြရသေး၊ ကြိုဆိုပွဲကြီး စပါပြီ။ ရွာသားတွေဆီက ကိုင်ထားတဲ့ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး အစရှိတဲ့ တောင်ယာခင်းထွက် အသီးအနှံတွေ ပျံထွက်လာကြပြီး ကျွန်တော်တို့ကို တဘုံးဘုံးတခွမ်းခွမ်း လာမှန်ပါတယ်။ ဟောတဲ့သူတွေက အဟောမပျက်- ဆက်သယ်ပါတယ်။ အသံတွေ ဆက်ထွက်နေတော့ သူတို့ဘက်က အကြံဉာဏ်ထုတ်ပါတယ်။ သဲတွေကို ပုံးတွေနဲ့ ခပ်လာပြီး ဟွန်းအော်လံကြီးတွေထဲ ထည့်လောင်းပါတယ်။ ကိုထွန်းအောင် ဟွန်းအသံမထွက်နိုင်တော့ (လူထု) သတင်းထောက်ပီပီ ခုန်ဆင်းလာပြီး ကင်မရာတလုံးနဲ့ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပါတယ်။ ဘယ်အလွတ်ပေးမလဲ။ အရက်တွေသောက်ပြီး သရဲမရဲစီးနေတဲ့ ရွာသားတွေကို လက်ညှိုးညွှန်ပြီး အားပေးအားမြှောက်ပြုနေတဲ့ လူဆိုးတစု (၄-၅-၆ ယောက်)က ကင်မရာကို ဝိုင်းလုပါတယ်၊ ပါသွားခါနီးမှာ သူ့ထက်ဖလကောင်းတဲ့ ကိုကျော်ထွေးဆီ လှမ်းပေးလိုက်တယ်။ ဒါလည်း အလွတ်မပေး ဝိုင်းလုမရ-ဝိုင်းဂလိထိုးတော့မှ ပါသွားပါတယ်။ (မှတ်ချက် - ဒီအမှုရုံးရောက်မှ ကင်မရာ ပြန်ရပါတယ်၊ ဖလင်တော့ ပါမလာ။) ရွာသားတွေ ခဲယမ်းမီးကျောက်ပြတ်သွားရင် အထမ်းသမားတွေ အလျှိုအလျှိုရောက်လာကာ ကျည်ဖြည့်ပေးပါတယ်။ တကယ်မှာ ရွာသားတွေက ဝတ်ကျေတန်းကျေပဲ လုပ်ကြတာပါ။ သိပ်စိတ်ပါဟန် မတူပါဘူး။ မီးထိုးပေးသူတွေကြောင့် ကျွန်တော်တို့ အထိ နာကြတာဖြစ်တယ်။

ဦးမောင်ကိုက သူ့နဖူးပြောင်ကြီးကို လက်ကိုင်ပုဝါနဲ့စည်းပြီး ရပ်ဖျက်ထားပါတယ်။ ဒါပေမဲ့ တရားဟောတော့ စောစောက ပြောတဲ့လူဆိုးတစုက မှတ်မိသွားတယ်။ "ဟိုမှာ မောင်ကို-ဟေ့"ဆိုပြီး ဝိုင်းလာကြတယ်။ ဦးမောင်ကိုက ပါလာတဲ့

သေနတ်နဲ့ ထိုးချိန်လိုက်ပြီး "လာရဲတဲ့ကောင် လာကြစမ်း"လို့ စိန်ခေါ်လိုက်မှ ရှဲသွားကြတယ်။ "ကဲ-တို့ပောချင်တာတွေ ပောလိုက်ရပြီ။ ရည်ရွယ်ချက် အောင်မြင်ပြီ။ ပြန်ကြမယ်"....လို့ ဆုတ်မိန့်ပေးမှ ကားတွေကို သဲထဲက တွန်းထုတ်ကြရတယ်။ ဒါတောင် မဝသေးလို့ထင်တယ်။ ပုံးတွေနဲ့ သဲတွေခပ်ပြီး ကုပ်ပိုးကနေ လောင်းထည့်လိုက်ကြပါသေးတယ်။ မြင်ရတာက တကယ်စိတ်ပါလက်ပါ မောင်းတင်ဆဲဆိုလုပ်နေသူက အနည်းစုပါ။ ဒီအချိန်ရောက်မှ တံခါးကြီးပွင့်လာပြီး မြို့ပေါ်တက် စိန်ခေါ်တဲ့ကားကြီး ခေါင်းပြူထွက်လာကာ လောက်စပီကာကြီးနဲ့ အသားယူစကားပြောပါတယ်။ "ဒါမျိုးလာလုပ်ရင် - ဒီလိုမျိုးခံသွားရမယ်"-တဲ့၊ "ဒီလိုလုပ်လိုက်ရတာ စိတ်မကောင်းပါဘူး"- တဲ့။

(ပြန်စဉ်းစားကြည့်တော့ - ကျွန်တော်တို့အနေနဲ့ မခံချင်စိတ်၊ အာခံချင်စိတ်၊ တွန်းလှန်ချင်စိတ်- ဒီလောက်ပဲ ရှိတာပါ။ ကျောင်းသားစိတ်သက်သက်ပဲ-လို့ ပြောရမယ်ထင်ပါတယ်။ သမိုင်းကို နားလည်လွန်းလို့ မဟုတ်ပါ။ ဒါပေမဲ့ ကံအားလျော်စွာ မှန်ကန်တဲ့လမ်းကြောင်းပေါ် ရပ်မိလျက်သား ဖြစ်သွားတယ်။ ဒါကတော့ ကျေနပ်စရာပါပဲ။) ကျွန်တော်တို့တတွေ ဖုန်တွေ၊ သဲတွေ၊ အဖွေးသားနဲ့ မျောက်ဖြူတွေဖြစ်ပြီး ပြန်လာကြတယ်။ အပြန်လမ်းမှာတော့ ၂ ရွာလောက်က အသီးအနှံတွေအပြင် ကတောအိုး(မြေ သောက်ရေအိုး) တလုံးနှစ်လုံးပစ်တင်ပြီး (ဒီခေတ်စကားနဲ့ဆို) ဝိုင်းသမလှတ်လိုက်ပါသေးတယ်။ ပြူစောထိုးတချို့ လက်ချက်ပါ။

ခရိုင်ဝန်ကိုတိုင်တန်းပြီး မြို့ထဲရောက်တော့ ကားပေါ်တင်ကျန်ခဲ့တဲ့ အိုးခြမ်းပဲ့တွေ၊ အသီးအနှံတွေ မြှောက်ပြကြကာ တရားဟောကြပါတယ်။ ပျော်ပျော်မြူးမြူးပါပဲ။ အိမ်မှာ ကျန်ရစ်တဲ့ ဆွေမျိုးမိဘတွေကတော့ ရင်တထိတ်ထိတ်နဲ့ စောင့်နေကြရတာပါ။

ဒါက နေဝင်ဘုရင်တွေဖြစ်တဲ့ ဒမိုက်ရွာက မောင်မောင်၊ ဝင်းရှိန် ညီအစ်ကိုတွေရဲ့ လက်စွမ်းပြချက်ပါ။ နောက် ၂ နှစ်လောက်အကြာ လောပိတရောက်စဉ် ဒမိုက်ရွာသားတယောက်နဲ့ တွေ့လို့ ဒီညီအစ်ကိုရဲ့ သွေးအေးအေးနဲ့ အမိန့်ပေး သတ်ခိုင်းတဲ့ကိစ္စတွေ ကြားရတော့ အော့နလုံးနာမိခဲ့တယ်။ သူတို့ကို မတွေ့ဖူး၊ မဆက်ဆံဖူးပါ။ ဒါပေမဲ့ ဒမိုက်နဲ့ ရေစက်မကုန်တော့ - တခါမှာ လုပ်ငန်းကိစ္စတခုအတွက် ကိုထွန်းအောင်နဲ့ ကျွန်တော် ညကြီးမင်းကြီး လှည်းတစီးနဲ့ အဲဒီရွာကို ဖြတ်မောင်းခဲ့ဖူးတယ်။ နာမည်မသိရတဲ့ ဒေ့သည်တယောက်လည်း ပါတယ်။ ညောင်ဦးမြို့နယ်ထဲရောက် လုပ်စရာရှိတာလုပ်၊ အဲဒီကနေ ကိုတင်မိုးတို့ရွာ - ဇဂျမ်းကန်မြဲဘက်ကနေ လှည့်ပြန်ခဲ့တယ်။ ကိုတင်မိုးနဲ့ မဆုံ၊ သူ့အဖေပဲ ရှိတယ်။ ကိုထွန်းအောင်က ရောက်ဖူးပြီးသားမို့ ပြဿနာမရှိ။ တညအိပ်၊ မနက်စာစားပြီးမှ ကားနဲ့ မြင်းခြံဘက် ပြန်လာခဲ့တယ်။

(၃)

နေထွက်ဘုရင်ကြီး

သူနဲ့လည်း ကျွန်တော်မဆုံဖူးပါ။ သူ့အကြောင်းကြားသိနေတာပဲ ရှိတယ်။ ကိုအောင်သူကတော့ မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခွပ်ဒေါင်းစာစောင်မှာ "သခင်စံဝက်"ဆိုတဲ့ ဇာတ်ကောင်တကောင်ဖန်တီးပြီး သူ့ကို ကလိဖူးတယ်။ သူတကာလို 'အပြည့်မရှိ' 'တဝက်' ပဲရှိတဲ့ 'စံဝက်' ဆိုပါတော့။ ၆၆ ခုနှစ်မှာ ကျွန်တော် အဖမ်းခံရတယ်၊ မန္တလေး ထောင်ထဲ ရောက်တယ်။ ၆၇ ခု၊ ဖေဖော်ဝါရီ ၁၃ ရက်မှာကျတော့ ၂ တိုက်ထဲ ထည့် ထားတဲ့ ကျွန်တော်တို့အမှုတွဲ - ရိုးမ ပြန် ရဲဘော်ဌေးလှ၊ ငှက်ဖျားရောဂါနဲ့ ကျဆုံးတယ်။ လုံလောက်တဲ့ ဆေးဝါးကုသမှု မရလို့ဖြစ်တယ်။ ကျောင်းသားတွေ မကျေမနပ်ဖြစ်ပြီး ဆူဆူပူပူလုပ်ကြတော့ ထောင်ပိုင်ဗိုလ်မှူးမောင်မြင့်က သူ့ရုံးခန်း ခေါ်တွေ့ရာမှာ ကိုယ်စားလှယ်တွေ အဖြစ် အဆောင်ပေါ်က ဒေါက်တာ ညီညီ၊ ၂ တိုက်က ဆေးကျောင်း နောက်ဆုံးနှစ်ကျောင်းသား ကိုအေးမြင့်(ကြီးသဲ)၊ ၄ တိုက်ကတယောက်(?) နဲ့ ၁ တိုက်က ကျွန်တော် သွားတွေ့ပါတယ်။ သူတို့ဘက်က ဘယ်လို တာဝန်ယူ ကုသခဲ့ပါတယ် ပြောပြီး ချေးသိပ်တာဖြစ်တယ်။ နောက် အမျိုးသမီးဆောင်မှာ မမြင့်မြင့်တယောက်ပဲ ခေါ်တွေ့ဖျောင်းဖျတယ်လို့ သိရတယ်။ ကျွန်တော် တိုက်ထဲမှာ တနှစ်လောက် နေခဲ့ရတယ်။ ရဲဘော်ဌေးလှကိစ္စပြီးမှ အဆောင်ပေါ် အခန်း ၂ ပို့တယ်။ အခန်း ၁ က ဘုန်းကြီးခန်း(တိုက်ထဲမှာ ဆရာတော်ကြီးတွေ ၄-၅-၆ ပါး ရှိသေးတယ်။) ဦးစံပြည့်တို့ အမတ် တော်တော် များများက အခန်း ၄ မှာ ရှိနေနှင့် ကြပြီ။

အခြေအနေက ကောင်းမလာ။ ထောင်တွင်းအခွင့်အရေးတွေ တခုပြီးတခု ရုပ်သိမ်းလာတယ်။ ထောင်တွင်းဖိနှိပ်မှုတွေ ဆက်တိုက်လုပ်လာတယ်။ ဆေးကုသမှုကလည်း တိုးတက်မလာ။ အထူးသဖြင့် ထောင်ကျ အကျဉ်းသားတွေ တယောက်ပြီးတယောက် သေဆုံးခဲ့တယ်။ ဒါတွေကြောင့် ၃ ရက်ကြာ ထောင်တွင်းဆူပူမှုကြီး မေလအတွင်းမှာ ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်။ နေ့ရောညပါ ကြွေးကြော်သံတွေနဲ့ ဆူပွက်နေခဲ့တာပါ။ ထောင်ထဲမှာ တံခါးမရှိဓားမရှိ သွားလာလှုပ်ရှားခဲ့ကြတယ်။ ထောင်ကြီးကို ကျွန်တော်တို့ စီးထားမိပြီ။ ထိန်းသိမ်းနဲ့ ထောင်ကျ စည်းလုံးမိခဲ့ကြတယ်။ ထောင်ဝန်ထမ်းတွေက တန်းဖွင့်ချိန်လာဖွင့်တယ်၊ ပိတ်ချိန်မှာ ပိတ်ပြီး ပြန်ထွက်သွားကြတယ်။ ဒီကြားမှာ အာဏာပိုင်တွေဆီ ကိုယ်စားလှယ်လွှတ်ပြီး အပေးအယူ အလျှော့အတင်းလုပ်ကြတယ်။ ပြေ လည်မှုကတော့ မရ-

၃ ရက်မြောက်တဲ့နေ့ နံနက်ခင်းမှာတော့ ထောင်ထဲကို စစ်တပ်ဝင်လာပါတော့တယ်။ ကြွေးကြော်သံတွေက တော့ ရပ်မသွား။ အဆောင်တွေဘက် သေနတ်တွေနဲ့ ချိန်ထားတယ်။ တချို့က မတ်တပ်၊ တချို့က ဝမ်းလျားမှောက် - ဒေါက်ထောက် ချိန်ထားကြတာဖြစ်တယ်။ တခန်းပြီးတခန်း လိုချင်တဲ့သူတွေကို ခေါ်ထုတ်သွားတယ်။ ထောင်ကျ ခေါင်းဆောင်တွေကိုတော့ တိုက်ခန်းတွေထဲလှောင်ပိတ် ရိုက်နှက် ထမင်းမကျွေးဘဲ ထားလိုက်ကြတယ်။ အမျိုးသမီးဆောင်ပေါ်က မြစ်ဖျားတိုင်းက ဒေါ်ခင်နု၊ ဒေါက်တာခင်အေးမွန်၊ မအေးစန်း (မစိမ်းပင်)နဲ့ မမြင့်မြင့်တို့ ၄ ယောက် ခေါ်ထုတ်ပြီး အင်းစိန်ထောင်ပို့လိုက်တယ်။ တိုက်တွေထဲက ဘုန်းကြီးတွေ၊ ရဲဘော်တွေနဲ့ တခြားပုဂ္ဂိုလ်တွေ ပါမသွားကြ။ အဆောင်ပေါ် ကျန်နေရစ်တဲ့ ကျွန်တော်တို့တတွေ စပ်ပူစပ်လောင် ဖြစ်နေကြတယ်။ ပျဉ်ချပ်မှာ ဖောက်ထားတဲ့အပေါက်ကလေးကနေ အောက်ကို ကုန်းကြည့်တော့လည်း အကျဉ်းသားတွေခများမှာ မျက်စိသူငယ်နဲ့ သနားစရာပါ။ မဖြစ်ဘူး၊ ဆက်မှောက်ကြမယ်-သဘောညီပြီး တိုက်ပွဲဝင်ဖို့ လုပ်ကြပြန်တယ်။ ဒါပေမဲ့ နောက်တသုတ်ရှင်းတဲ့အနေနဲ့ အလံနီထဲက ၄ ယောက်၊ ကျွန်တော်တို့ ကျောင်းသားတွေထဲက ၅ ယောက် စစ်ထောင်ကို အပို့ခံရပြန်တယ်။ အခန်းလေးတွေထဲ ၄-၅ လ လှောင်ထားပြီးမှ ပြန်ခေါ်ပါတယ်၊ ဘူးဝရောက်တော့ "တို့ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်လို့ မင်းတို့ကို ပြန်ခေါ်တာ-စမ်းရဲရင်စမ်းကြည့်ကြ"လို့ သွေးတိုးစမ်းရင်း အချုပ်ဆောင်ဘက် ခေါ်သွားပါတယ်။ ထောင်ကျတွေနဲ့ ထိန်းသိမ်းတွေ တဆောင်ထဲ (အထက်/အောက်) အတူမထားရဲလို့ အချုပ်ဆောင်ဘက် နိုင်ငံရေးသမားတွေကို ရွှေ့ပစ်ထားနှင့်တာပါ။ ဘုန်းတော်ကြီးတွေလည်း ပါလာပါတယ်။ အဲဒီတော့မှ နေထွက်ဘုရင်ကြီးနဲ့ ဆုံမိကြတာပါ။

နောက် ဘယ်သူတွေရှိကြသလဲဆိုတော့ 'သံကွင်းစွပ်' တရားပွဲတွေနဲ့ ဗမာတပြည်လုံး ဟိုးဟိုးကျော်ခဲ့တဲ့ မုံရွာလယ်တီဆရာတော်ကြီး ဦးဝိလာသ၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တောက်ထိန်၊ ဗိုလ်သီဟ။ ငါန်းဖွန် ၆ လောင်း ပြိုင် ဗိုလ်မှူးတက်မြင့်၊ ပြည်သူ့ရဲဘော် ဗိုလ်နော်ရထာ ခေါ် ဦးတင်ညွှန့်၊ အမတ်တွေဖြစ်ကြတဲ့ မုံရွာ ဦးမြမောင်၊ ဦးဘိုနီ အပြင် မုံရွာဗိုလ်ဘမောင်အမှုတွဲက လူတွေနဲ့ -ဘာမှုလဲမေးရင် "ပြုပြုသမျှ ကုသလကြောင့်ပါ" လို့ ဖြေတတ်ကြတဲ့ မြတ်ရတနာ အဖွဲ့သားတွေ ဖြစ်တယ်။ ('မြတ်ရတနာ' ဆိုတာ မန္တလေးတောင်ခြေမှာ ကိုယ်ပိုင်လက်နက်တိုက်ကလေးတောင် ရှိတယ်ဆိုတဲ့ တည်မြဲ ဘုန်းကြီးဦးကုသလ ထုတ်ဝေနေတဲ့ ဂျာနယ်အမည်ပါ) အားလုံးဟာ ဘဝတူတွေဖြစ်လာတယ်။ လူကြီးတွေက ပုတီးကိုယ်စီနဲ့ ကျွတ်တန်းဝင်နေကြပါပြီ။ ဒါပေမဲ့ လူမိုက်ကလေးတွေနဲ့ ပေါင်းလို့သင်းလို့တော့ ရပါတယ်။

ကျွန်တော်တို့ကို နိုင်အောင်ကိုင်နိုင်လို့ ပြန်ခေါ်တာလို့ ဝံ့ဝါရခြင်း အကြောင်းကို တွေ့လာရပါပြီ။ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို အနီးကပ်ကြီးကြပ်ဖို့ အရာခံဗိုလ်သိန်းထီ ခေါင်းဆောင်ပြီး တပ်ကြပ်ကြီးဦးစိန်ထွန်း၊ ဒုတပ်ကြပ် မောင်မှန် (နောက် ဟံသာဝတီသတင်းထောက်) အခြား ၂ ယောက်ပါတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တဖွဲ့ တည်ရှိလာခဲ့တယ်။ သူတို့က ကျွန်တော်တို့အဆောင်နဲ့ ကပ်ပြီးရှိတဲ့ တိလတ်အဆောင်မှာ စတည်းချပြီး နေပါတယ်။ ပြဿနာပေါ်ရင် ချက်ချင်းရောက်လာကြတယ်။

(၄)

ကျွန်တော်တို့ ဘယ်လိုနေထိုင်ခဲ့ကြသလဲ

အိမ်က စာနယ်ဇင်းတွေ မှာဖတ်တယ်။ အိမ်က ပို့တဲ့အစားအသောက်တွေ ဘုန်းကြီးလှူတန်တာလှူ၊ ကျန်တာ ဝေမျှစားကြတယ်။ ည-ည တယောက်တလှည့် သီချင်းတွေ ဆိုကြတယ်။ ခြင်းခတ်တယ်။ တလတလုံး ထုတ်ပေးတဲ့ ဘော်လီဘော ကစားကြတယ်။ တချို့ကတော့ ဆပ်ပြာခဲကို ထွင်းထုထားတဲ့ ချက်ရုပ်တွေနဲ့ ချက်-ကျားကစားကြတယ်။ တလ ပြည့်တဲ့အခါ အခွံပါးနေပြီဖြစ်တဲ့ ဘောလီဘောကို ခြေသလုံးကြီးတွေ အယ်နေတဲ့ ဗိုလ်တောက်ထိန်ဆီ အပ်လိုက်တယ်။ သူက ပုတီးကိုချွတ်ချလိုက်ပြီး ဘော်လီဘောကို မကွဲမချင်း နံရံနဲ့ ပိတ်ကန်ပေးပါတယ်။ တဖုံးဖုံး တဒိုင်းဒိုင်းပဲ။ .... ကွဲသွားတော့မှ ထောက်လှမ်းရေးဆီအပ်လိုက်ရင် အသစ်တလုံးရပါတယ်။ နေ့ကြီးရက်ကြီးတွေမှာ ပုံစံအမျိုးမျိုးနဲ့ အထိမ်းအမှတ်လုပ်ကြတယ်။ မှတ်မှတ်ရရ ရဲဘော်ဒွေးလှကျဆုံးတဲ့ နှစ်ပတ်လည်နေ့မှာ တရက်ကြိုပြီး ဘဲဥ အသား ဟင်းစုံမစားဘဲ စုထား - ထမင်းစားချိန် ဘုန်းကြီးတွေကိုလှူ၊ ဥပုသ်စောင့် တရားနာကြပါတယ်။ ဟောကြားတဲ့ဆရာတော်က လယ်တီဆရာတော်ကြီး ဦးဝိလာသ၊ ဟောမယ့်တရားက-'သံကွင်းစွပ်' - ရေစက်ခွက်ကိုင်က ကျွန်တော်-မဟောရတာ ကြာလို့ဆိုပြီး ဟောလိုက်တာ....၊ အာတွေလို့လား မသိ၊ တနေကုန်သွားပါတယ်။

(၅)

ဇာတ်ပေါင်းသော်

ဖဆပလ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်တွေ တယောက်နဲ့တယောက် ဘယ်လောက် တူးတူးခါးခါး ဖြစ်ခဲ့ကြတယ် ဆိုတာ ဖော်ပြခဲ့ပြီ။ ခုတော့ ဘဝတူတွေဖြစ်၊ တရားနာဘက်တွေဖြစ်အောင် ဗိုလ်နေဝင်းက ဖန်တီးပေးလိုက်ပြီမို့ ခေါ်ခေါ် ပြောပြော လုပ်နေကြပါပြီ။ ၆၃ ခုနှစ် ဗိုလ်နေဝင်းတော်လှန်ရေးကောင်စီအစိုးရနဲ့ ဗကပတို့ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြစဉ် ဆိုရှယ်လစ်တွေ အဖမ်းခံကြရ၊ အနိုပ်စက်ခံကြရပါတယ်။ မြင်းခြံထောင်မှာ တယောက်ပြီးတယောက် ထုတ်ညှဉ်းဆဲနိုပ်စက်တော့ -အသံနက်ကြီးတွေနဲ့ အော်သံ၊ နားမဆံ့အောင် ကြားရတယ်လို့ ထောင်သားတွေ ပြန်ပြောပြကြတယ်။ တချို့လူကြီးတွေဆို ဗိုက်ပေါ်တက်ခုန်လို့ နေ့ခင်းက စားထားတာတွေ အကုန်ပြန်ထွက်တဲ့အထိပဲ....တဲ့။ ၆၃ စေ့စပ်ဆွေးနွေးပွဲ ပျက်သွားတဲ့အခါကျတော့ လက်ဝဲသမားတွေနဲ့ ကျောင်းသားတွေ လှိမ့်အဖမ်းခံရပြန်တယ်။ မြင်းခြံထောင်ထဲ မန္တလေးတက္ကသိုလ် မြင်းခြံခရိုင် ကျောင်းသားတသုတ် ရောက်လာတဲ့အခါ နိုပ်စက်တာတွေ ရပ်သွားပါတယ်။ သူတို့ကို မနိုပ်စက်တော့တာ ကျောင်းသားတွေကြောင့်ပဲလို့ ပြောပြီး ကျေးဇူးတင်ကြတယ်။ ဦးစံပြည့်နဲ့ မန္တလေးထောင်မှာ ဆုံကြတော့ ဦးစံပြည့်က မြင်းခြံသားချင်းဆိုပြီး အရောတဝင် ပေါင်းပါတယ်။ စိန်မောင်ကို ကြိတ်မွေးထားပြီး ဗိုလ်မှူးချစ်ကောင်းနဲ့ ဦးမောင်ကို ဖမ်းပေးသူမို့ ကျွန်တော်က ဟက်ဟက်ပက်ပက်မရှိ။ ဒမိုက်မောင်မောင်အိမ်က ပစ္စည်းပို့လာသူတွေနဲ့ မမြင့်မြင့် အိမ်က ပစ္စည်းပို့လာသူတွေ ဘူးဝမှာဆုံ သိကျွမ်းကြပြီး - ဒမိုက်မောင်မောင်က စားစရာသောက်စရာတွေ ထောင် မှူးမှတဆင့် အမျိုးသမီးထောင် မမြင့်မြင့်ဆီ ပို့-ပို့ပေးတဲ့အဖြစ်လည်း ရှိတယ်။ နောက် ကျွန်တော် ထောင်အဆင့်ဆင့် ပြောင်းသွားခဲ့တယ်။ ၄-၅ နှစ်ကြာလို့ လွတ်လာတော့ ဒွေးလေးနဲ့ အစ်မကြီးမကြင်ညွန့်က ဆီးပြောတယ်။ "အံ့သြပါရဲ့ ....ဟယ်၊ ဦးစံပြည့်ကြီး ထောင်က လွတ်လွတ်ချင်း အိမ်လာသွားတယ်၊ ထောင်ထဲမှာ မင်းတို့နဲ့အတူ နေရတာတွေ ပြောပြတယ်။ မောင် A ငြိမ်းတို့ ကျောင်းသားတွေကတော့ ဘယ်အချိန်ကြည့်ကြည့် ပျော်နေတာပဲ၊ ထောင်ပြောင်းသွားတော့လည်း ဟေးလားဝါးလားပဲ၊ ဘာမှပူမနေနဲ့-ကျန်းကျန်းမာမာ ပြန်လာမှာပါ-လို့ အားပေးသွားတယ်"တဲ့။

တကယ်က သူသိထားတာတခု အိမ်ကို ပြောမသွားဘူး၊ ကျွန်တော်တို့ကို မန္တလေးထောင်က ထုတ်သွားတော့-စိတ်ကောင်းရှိပုံရတဲ့ ချင်းအမျိုးသား ထောက်လှမ်းရေးတပ်ကြပ်ကြီး ဦးစိန်ထွန်းက လူကြီးတချို့ကို ပြောတယ်-"ဒီကလေးတွေကတော့ ပျော်နေတာပဲ၊ သူတို့ကို ဘယ်ပို့မယ်၊ ဘာဖြစ်မယ်ဆိုတာ မသိရှာကြဘူး"....တဲ့။

၂၀၁၈ မေလ ၃၁ ရက်။



ဘရာဇီးထရပ်ကားသပိတ်

မြစမ်းအေး

၂၀၁၈ မေလကုန်ပိုင်းမှာစခဲ့တဲ့ ၁၀ ရက်ကြာ ဘရာဇီးထရပ်ကားသပိတ်ဟာ မကြာခင်က ပြီးဆုံးသွားတယ်။ သိန်းချီတဲ့ ထရပ်ကားမောင်းသူများနဲ့ အလုပ်သမားများဟာ နိုင်ငံတဝှမ်း အချက်အချာနေရာ ၅၀၀ ကျော်ကို မော်တော်ယာဉ်များ အကာအရံများနဲ့ ပိတ်ဆို့ဆန္ဒပြကြလို့ တနိုင်ငံလုံး အဆက်အသွယ်တွေ ပြတ်တောက်ကုန်တယ်။ မြို့ ၈၀ လောက် အရေးပေါ်အခြေအနေ ကြေညာထားရတယ်။ ကုန်ပစ္စည်းတွေ ပြတ်တောက်ကုန်လို့ အစားအသောက် ရာရှင်စနစ် ကျင့်သုံးနေရတယ်။ ကုန်တိုက်တွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ပိတ်ထားရတယ်။ အဓိက စိုက်ပျိုးရေး ပို့ကုန်တွေဖြစ်တဲ့ အမဲသား ပဲပိစပ်စတာတွေ တင်ပို့မှုရပ်ဆိုင်းသွားတဲ့အတွက် ကော်ပိုရေးရှင်းကြီးများ ဒေါ်လာဘီလျံနဲ့ချီ အရှုံးပေါ်တယ်။

သူတို့ရဲ့ တောင်းဆိုမှုက ရိုးရိုးလေးပါပဲ။ နေထိုင်မှုစရိတ်ကြီးမြင့်မှု လောင်စာဆီမလုံလောက်မှု အကျင့်ပျက်ခြစားမှု ရဲတပ်ဖွဲ့အကြမ်းဖက်မှုတို့ကို ဆန့်ကျင်ဆန္ဒပြတာပါပဲ။ ထရပ်ကားမောင်းသူ အများစုဟာ ကိုယ်ပိုင်ကားမောင်းသူများ ကန်ထရိုက် အလုပ်သမားများနဲ့ အလုပ်ပြုတ်သွားတဲ့ ကုမ္ပဏီဝန်ထမ်းများဖြစ်တယ်။ ထရပ်ကားသပိတ်ကို ဘရာဇီးပြည်သူများက ထောက်ခံတယ်။ လူငယ်တွေ အလုပ်သမားတွေ အလယ်အလတ်အောက်ခြေလူတန်းစားတွေရဲ့ ကျယ်ပြန့်တဲ့ ထောက်ခံမှုကို ရရှိတယ်။ ပစ္စည်းပို့သူတွေ အငှားယာဉ်မောင်းတွေ ကျောင်းကားမောင်းသူတွေ စသဖြင့် အလှာစုံပါဝင်လာတယ်။ သပိတ်ထဲကို ရေနံအလုပ်သမားများလည်း ပါဝင်လာတယ်။ သူတို့က အလုပ်အကိုင်တည်မြဲဖို့ လောင်စာဆီဈေးချဖို့ နိုင်ငံပိုင်ရေနံ ကော်ပိုရေးရှင်းကြီးဖြစ်တဲ့ Petrobras ရဲ့ အမှုဆောင်အရာရှိချုပ် နုတ်ထွက်ပေးဖို့ တောင်းဆိုတယ်။ နိုင်ငံလုံးဆိုင်ရာအထွေထွေသပိတ်အဖြစ် ကြီးထွားလာမှာကို ကြောက်တဲ့အတွက် အထွေထွေသပိတ်ဟာ တရားမဝင်ကြောင်း ဘရာဇီးနိုင်ငံသမိုင်းမှာ လူကြိုက်အနည်းဆုံး သမ္မတဖြစ်တဲ့ Michael Temer ရဲ့ အလုပ်သမားတရားရုံးက ထုတ်ပြန်တယ်။

ထရပ်ကား သပိတ်ဟာ တိုက်ပွဲဝင်စိတ်ဓာတ်နဲ့ တိုးတက်တဲ့လက္ခဏာရှိသော်လည်း ပီပြင်တဲ့ နိုင်ငံရေးဦးဆောင်မှု ချို့တဲ့နေတယ်။ လက်ယာစွန်းရောက် အစိတ်အပိုင်းတရပ်က လာမယ့် အောက်တိုဘာရွေးကောက်ပွဲမှာ သူတို့ရဲ့ ဖက်ဆစ်သမ္မတလောင်း Lsonaro သာ အရွေးခံရရင် လက်ရှိအစိုးရ စည်းကြပ်ထားတဲ့ ထရပ်ကားများအပေါ် ဒဏ်ရိုက်တာ ဖမ်းဆီးတာ လျော်ကြေးတောင်းတာတွေ ပယ်ဖျက်ပေးမယ့်အကြောင်း ကတိပြုရင်း သပိတ်ကိုထောက်ခံကြောင်း ထုတ်ပြန်တယ်။ စစ်အုပ်ချုပ်ရေး ပြန်လုပ်ချင်တဲ့ လက်ယာအုပ်စုတခုကလည်း သပိတ်ကို ပြင်းပြင်းထန်ထန်ရှုံ့ချကာ စစ်တပ်က အာဏာသိမ်းဖို့ တိုက်တွန်းနေတယ်။

လက်ဝဲယိမ်း အလုပ်သမားပါတီ PT (Workers Party) က လက်ရှိ Temer အစိုးရဆန့်ကျင်ရေးနဲ့အတူ အကျင့်ပျက်ခြစားမှုနဲ့ ထောင်အကျယ်ချုပ်ကျနေတဲ့ သူတို့ရဲ့သမ္မတဟောင်း လူလာ Lula da Silva လွတ်မြောက်ရေးအတွက်Free Lula (လူလာကိုလွှတ်) ဆိုတဲ့ ကြွေးကြော်သံကိုတင်တယ်။ Lula ဟာ လက်တင်အမေရိက ပြည်သူ့အာဏာလုပ်ရှားမှုများ အတွင်း ၂၀၀၂ နဲ့ ၂၀၀၆ ရွေးကောက်ပွဲများမှာ နှစ်ကြိမ်ဆက်တိုက် အနိုင်ရထားတဲ့ အတိုက်အခံ သမ္မတဟောင်းဖြစ်တယ်။ ၂၀၀၈ အရင်းရှင်ဘဏ္ဍာရေးကပ် နောက်ပိုင်း ဘရာဇီးစီးပွားရေး ကျဆင်းလာပြီး မတည်မငြိမ်မှုများ ပေါက်ကွဲလာတယ်။ စီးပွားရေး နိုင်ငံရေး အကျပ်အတည်း ကြီးထွားလာတယ်။ ၂၀၁၀ မှာ Petrobras ရေနံကုမ္ပဏီအရှုပ်တော်ပုံ အကျင့်ပျက်ခြစားမှုကြောင့် Lula ဟာ အကျယ်ချုပ်နဲ့ အမှုရင်ဆိုင်နေရတယ်။ လာမယ့် အောက်တိုဘာရွေးကောက်ပွဲ ဝင်ခွင့်ရှိမရှိ သူ့နိုင်ငံရေးသြဇာ ဘယ်လောက်ကျန်မကျန် စမ်းသပ်တဲ့ လူထုတိုက်ပွဲလည်း ဖြစ်တယ်။ အလုပ်သမားများဟာ National

Endowment for Democracy လို အနောက်နိုင်ငံကြီးများရဲ့ အထောက်အပံ့ခံ အလုပ်သမားသမဂ္ဂများ အရပ်ဖက်အဖွဲ့အစည်းများရဲ့ အသုံးချမှုကို လက်မခံကြဘူး။ လက်ဝေခံ အလုပ်သမားသမဂ္ဂများက သပိတ်ကို ပြဿနာရှာသူတွေ အစိုးရဆန့်ကျင်သူတွေအဖြစ် ရှုံ့ချကြတယ်။ ဒါ့ကြောင့် အလုပ်သမားများက (သမဂ္ဂများဟာ ငါတို့ကို ကိုယ်စားမပြု) ဆိုတဲ့ ပိုစတာများ ကိုင်ဆောင်ဆန္ဒပြကြတယ်။

ဘရာဇီးနိုင်ငံရဲ့ တရားဝင်အမည်ဟာ ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ Federative Republic of Brazil ဖြစ်ပြီး ယဉ်ကျေးမှုစုံ မျိုးနွယ်စုံတဲ့ နိုင်ငံကြီးတနိုင်ငံဖြစ်တယ်။ တောင်နဲ့အလယ်အမေရိကတိုက်အတွင်း တခုတည်းသော ပေါ်တူဂီကိုလိုနီဖြစ်ခဲ့တဲ့ လူဦးရေအများဆုံးနဲ့ (အကျယ်အဝန်း) အကြီးဆုံးနိုင်ငံလည်းဖြစ်တယ်။ ကမ္ဘာနဲ့ချီရင် (၂၀၁၈ စာရင်းအရ) - ပဉ္စမမြောက်အကြီးဆုံး (စတုရန်းကီလို ၈ ဒသမ ၅ သန်း)၊ ဆဋ္ဌမမြောက်လူဦးရေအများဆုံး (၂၀၉ သန်း)၊ GDP အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃၉ ထရီလျံ (အဆင့် ၉)၊ တနစ်တာတဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၁၉၉ (အဆင့် ၆၅) ဖြစ်တယ်။လက်တင်အမေရိက ဒေသတွင်း အင်အားကြီးနိုင်ငံ၊ BRICS အဖွဲ့ဝင် စီးပွားထွန်းသစ်စနိုင်ငံ၊ G 20 စာရင်းဝင် နိုင်ငံ၊ ၂၀၁၀ အထိ ကမ္ဘာ့စီးပွားဖွံ့ဖြိုးမှု အမြန်ဆုံးနိုင်ငံ၊ စီးပွားရေး နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ကမ္ဘာက အာရုံအစိုက်ခံရတဲ့ နိုင်ငံတနိုင်ငံ ဖြစ်ခဲ့ပါတယ်။ သဘာဝအရင်းအမြစ်များ ပေါ်များပြီး စိုက်ပျိုးရေး စက်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။

တခြားလက်တင်အမေရိက နိုင်ငံများနည်းတူ ဘရာဇီးဟာလည်း အာဏာရှင်အစိုးရများအောက် နှစ်ပေါင်းများစွာ ကျရောက်ခဲ့ရပြီး စီးပွားရေးအကျပ်အတည်းများ လက်ဝဲသူပုန်ထမှုများ လူထုအုံကြွမှုများကို ဖြတ်သန်းပြီးနောက် မလွှဲမရှောင်သာ ပေါ်လစီပွင့်လင်းမှုနဲ့ လစ်ဘရယ်ပြုပြင်ပြောင်းလဲရေးကို ဖန်တီးပေးလာရတယ်။ ၁၉၇၉ အထွေထွေ လွတ်ငြိမ်းခွင့် ဥပဒေပြဋ္ဌာန်းပြီး ဒီမိုကရေစီဘက်သို့ တဖြည်းဖြည်း လှည့်ပြောင်းလာတယ်။ ပေါ်ပြူလာနိုင်ငံရေးနှင့်အတူ အစိုးရ အဆက်ဆက် ပြောင်းလဲခဲ့ပြီး ၁၉၉၄ ၁၉၉၈ ရွေးကောက်ပွဲနှစ်ကြိမ် ဆက်တိုက်အနိုင်ရခဲ့တဲ့ သမ္မတ Fernando Henrique Cardoso လက်ထက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်မှုရလာတယ်။ တရားလွန် ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ပြီး စီးပွားရေး တည်ငြိမ်လာတယ်။ သမ္မတလူလာ Lula da Silva လက်ထက် (၂၀၀၂ - ၂၀၁၀) ဘရာဇီးစီးပွားရေးဟာ လက်တင်နွေဦးနှင့်အတူ တည်ငြိမ်ဖွံ့ဖြိုးခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်က အစပြုတဲ့ ၂၀၀၈-၂၀၁၀ စီးပွားကပ်နှင့်အတူ ၂၀၁၀ မှ စလို့ ဘရာဇီးစီးပွားရေးအကျပ်အတည်းဟာ နိုင်ငံရေးအကျပ်အတည်းအဖြစ် ကြီးထွားလာတယ်။ အစိုးရနှစ်ဆက်ပြုတ်ကျခဲ့ပြီး ယခုတတိယမြောက် Temer အစိုးရဟာလည်း လူကြိုက်အနည်းဆုံး အစိုးရဖြစ်နေတယ်။ လက်ရှိသမ္မတ Temer အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီး ၉ ဦးနဲ့ ဥပဒေပြုအမတ် ၇၁ ဦးကို Petrobras ရေနံကော်ပိုရေးရှင်း အရှုပ်တော်ပုံအကျင့် ပျက်ခြစားမှုနဲ့ ခုံရုံးတင်တရားစွဲဖို့ ဗဟိုတရားရုံးက လုပ်ဆောင်နေတယ်။ ပြည်လုံးဆိုင်ရာ ထရပ်ကားသပိတ်ဟာ နောက်ဆုံး ပေါ်ပေါက်လာတဲ့ လူထုအုံကြွမှုဖြစ်တယ်။ အကျပ်ဆိုက်နေတဲ့အစိုးရက နောက်ဆုံးမှာ တောင်းဆိုချက်များကို လိုက်လျောပေးခဲ့သဖြင့် ထရပ်ကားသပိတ် ပြီးဆုံးသွားပါတယ်။ ဒီဇယ်ဆီ ရက် ၆၀ စာ အစိုးရမှ ပံ့ပိုးမယ်၊ လောင်စာဆီဈေးသက်သာစွာဖြင့် ဖြန့်ဖြူးပေးမယ်၊ Petrobras အမှုဆောင်အရာရှိချုပ် ပြောင်းပေးမယ်၊ အခြားတောင်းဆိုချက်များကိုလည်း လိုက်လျောပေးမယ်။

တချိန်တည်းမှာပဲ ဘရာဇီးရေနံအစမ်းတွင်း ၄ တွင်းအနက် ၃ တွင်းရဲ့ လေလံအောင်တဲ့သတင်း ထွက်ပေါ်ခဲ့ပါတယ်။ ဘရာဇီးနိုင်ငံရေး ရှုပ်ထွေးနေသော်လည်း Shell, Chevron , BP Energy , Statoil , Exxon Mobil, Petrogal စတဲ့ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများဟာ အမေရိကန်ဒေါ်လာ ၇၉၈ သန်းဖိုး လေလံအပြိုင်ဆွဲကြတယ် (ဇွန် ၇)။ လောလောဆယ် ထရပ်ကားသပိတ် ပြီးဆုံးသွားသော်လည်း ပေါ်ပြူလာအစိုးရများအနေနဲ့ စီးပွားရေး နိုင်ငံရေး အကျပ်အတည်းမှ မလွတ်မြောက်သေးပါဘူး။ လာမယ့်ရွေးကောက်ပွဲမှာ လူကြိုက်နည်းတဲ့ပါတီများပဲ ပြိုင်ကြဦးမှာဖြစ်သလို စစ်တပ်က နောက်ကြောင်းပြန် အာဏာသိမ်းဖို့ကလည်း ပြည်တွင်းပြည်ပ အကြောင်းအချက်များအရ ဖြစ်နိုင်ချေမရှိပါဘူး။ သပိတ်တိုက်ပွဲများကလည်း ရပ်တန့်သွားဦးမှာ မဟုတ်ပါဘူး။ ဘရာဇီးလူထုဟာ ဘရာဇီးနိုင်ငံရဲ့ အနာဂတ်ကို သူတို့ကိုယ်တိုင် ဖန်တီးပါလိမ့်မယ်။

(မြစ်မခ်းအေး - ၁၀ ဇွန် ၂၀၁၈)

ဥက္ကဌမော်စီတုန်းနဲ့သားမော်အန်ရင်း။

တရုတ်ပြည်ကပေးစာတစောင်

ရဲဘော်ထွန်းမြတ်

အခုတလော တရုတ်ရုပ်မြင်သံကြားဗဟိုအမှတ်(၁)က--တရုတ်ပြည်ကပေးစာ ဆိုတဲ့အမည်နဲ့ နိုင်ငံရေးပညာပေးအစီအစဉ် အဖြစ် အပတ်စဉ်ထုတ်လွှင့်နေပါတယ်။ ပြည်တွင်းကနာမည်ကျော် ခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ၊ တော်လှန်ရေး အတွင်း နေရာအသီးသီးကကျဆုံးသွားသူ၊ စတာစတာတွေအပြင် သာမန် အညတရ ရဲဘော်များသာမက အခုခေတ် တိုင်း ပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသူများ သို့မဟုတ် ထမ်းဆောင်ဆဲ သာမန်ဝန်ထမ်းများ(ဥပမာ-ကုလငြိမ်းချမ်းရေးစောင့် တပ်သားများ၊ အာဖရိကတိုင်းပြည်များသို့ စေလွှတ်ခံရတဲ့ ဆေးဝန်ထမ်းများ)ရဲ့-တိုင်းပြည် အပေါ်ထားရှိတဲ့ သူတို့တတွေရဲ့ စိတ်ဓာတ်နဲ့ တာဝန်ယူမှုတွေကို ဖော်ပြထားတဲ့ ပေးစာများအကြောင်းပါ။ အတော်လူကြိုက်များ နေပါတယ်။ အထူးသဖြင့် လူငယ်လူရွယ်များအတွက်-တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တွေ သွင်းပေးတဲ့ အစီအစဉ်လည်း ဖြစ်ဟန်ရှိပါတယ်။

ထုတ်လုပ်သူများဟာ ဒီအစီအစဉ်ကို အတော်ဂရုစိုက်ပြင်ဆင်ထားပုံရပါတယ်။ အတော်စိတ်ထိခိုက်ဖွယ်ကောင်းတဲ့ စာများ(ဥပမာ-ကူမင်တန်ခေတ် အဖမ်းခံရပြီးသေဒဏ်ခံရခါနီး-တရုတ်ကွန်မြူနစ် မြေအောက်ပါတီဝင်တဦးရဲ့ မိဘများထံပေးစာများ၊ တရုတ်တွေရဲ့ ဂျပန်ခုခံရေးစစ်ပွဲကို လာရောက်ကူညီနေတဲ့ ကနေဒါ ကွန်မြူနစ်ပါတီဝင် ဒေါက်တာဗက်သွန်းရဲ့ သေတမ်းစာ၊ စတာများ)ရဲ့ သမိုင်းဝင်အချက်အလက်များကိုပါ ပြည့်စုံအောင် လေ့လာစုဆောင်းထားပုံလည်း ရပါတယ်။

ဒ့ါကြောင့်- စာတစောင်ဖတ်တဲ့အစီအစဉ်တိုင်းမှာ အဲဒီစာရဲ့ သမိုင်းနောက်ကြောင်းတွေကိုပါ မိတ်ဆက်ပေးတာ၊ အဲဒီကာလ အချိန်အခါရဲ့ ဓာတ်ပုံဟောင်းတွေ (သို့မဟုတ်) ပန်းချီကားတွေနဲ့၊ သီချင်းနောက်ခံများနဲ့ ဝေဝေဆာဆာ တင်ဆက်တာပါ။ စာဖတ်ပေးမယ့်သူများကိုလည်း အတော်သတိထား ရွေးချယ်ထားပါတယ်။ စာရေးသူတွေရဲ့ အသက်အရွယ်နဲ့ မတိမ်းမယိမ်းတွေ ဖြစ်ကြတာများပါတယ်။ ခေတ်ပေါ်လူငယ်များအကြိုက် မင်းသားမင်းသမီးများကို သုံးထားတာဖြစ်လေတော့၊ ပရိသတ်ထုရဲ့ တခဲနက်အားပေးခြင်း ခံရပါတယ်။ စာတစောင်တင်ဆက်ပြီးတိုင်းလည်း အဲဒီ စာဖတ်သူတွေရဲ့ခံစားချက်များကို အခမ်းအနားမှူးကမေးလေတော့- အဲဒီမင်းသားမင်းသမီးလေးတွေက မျက်ရည်လည်ရွဲနဲ့-ဒီလို အေးချမ်းသာယာတဲ့ဘဝ- ကျွန်တော်-ကျွန်မတို့နေရအောင်-အဲဒီမျိုးဆက်ဟောင်းတွေက စွန့်လွှတ်သွားကြရတာ၊ သူတို့ကို ဘယ်တော့မှမမေ့ဘူး။ သူတို့ရဲ့ မပြီးဆုံးသေးတဲ့တာဝန်ကိုလည်း ဆက်လက်ပြီးထမ်းဆောင်သွားပါ့မယ်---စသဖြင့် တိုင်းကျိုးပြည်ကျိုး ဆောင်ချင်စိတ်တွေပေါ်လာအောင် ပြောဆိုတာတွေ၊ ကတိပေးတာတွေ လုပ်ဆောင်သွားပါတယ်။ အဲဒီ အစီအစဉ်များထဲက တခုမှာ- ဥက္ကဋ္ဌမော်စီတုန်းရဲ့သားကြီး- မော်အန်ရင်းရဲ့စာတစောင်အကြောင်းပါလာပါတယ်။

တရုတ်ပြည်ရဲ့လုပ်ဟန်တရပ်ဖြစ်တဲ့-ခေတ်အဆက်ဆက်က တိုင်းပြည်အတွက်-တော်လှန်ရေးအတွက် - ကွန်မြူနစ်ပါတီအတွက် စွန့်လွှတ်စွန့်စားသွားကြသူများကို အခါကြီး၊ ရက်ကြီးများမှာ ပြန်သတိတရ ဖော်ထုတ်ဂုဏ်ပြုတဲ့၊ နောက်မျိုးဆက်များအတွက် နိုင်ငံရေးပညာပေးအစီအစဉ်တရပ်လည်းဖြစ်တဲ့ လုပ်ဆောင်ချက်များအဖြစ် သမိုင်းအဖြစ်အပျက်များ၊ မှတ်တမ်းမှတ်ရာရေးသားချက်များကိုမှီးပြီး ရုပ်ရှင်၊ ပြဇာတ်၊ သီချင်းတွေ ထုတ်လုပ်တတ်လေ့ရှိပါတယ်။ ဒါတွေကြောင့်ပဲ၊ မော်စီတုန်းနဲ့သူ့သားကြီး မော်အန်ရင်းတို့နှစ်ယောက်အကြောင်းဟာ အလွန်လွမ်းမောဖွယ်ကောင်းတဲ့ ဒဏ္ဍာရီပုံပြင်လေး တပုဒ်လို တရုတ်ပြည်သူများကြား ပျံ့နှံ့နေခဲ့တာပါ။

မော်အန်ရင်း(၂၄-၁၀-၁၉၂၂----၂၅-၁၁-၁၉၅၀) ဟာ မော်စီတုန်းနဲ့ သူ့ပထမဇနီး ယန်ခိုင်ဟွေ့တို့ရဲ့ သားကြီးပါ။ မော်စီတုန်း-ကျင်ကန်းစန်း ပျောက်ကြားအခြေခံစခန်းတည်ဆောက်ပြီး ကူမင်တန်အစိုးရကို တော်လှန်ရေးစတင်ချိန် (၁၉၂၇) မှာ သူတို့သားအမိတတွေ-ဟူနန်ချန်ရှားမှာ ကျန်နေရစ်ပါတယ်။ ဒီတော့ ဟူနန်စစ်ဘုရင်က ယန်ခိုင်ဟွေ့ကို ဖမ်းရာမှာ မော်အန်ရင်းလေးဟာ အသက်(၈)နှစ်သားအရွယ်ထဲက ထောင်ထဲနေခဲ့ရတာပါ။ မိခင်နဲ့အတူသတ်ပစ်ဖို့ လုပ်ခဲ့ပေမယ့် သားကလေးရှိရင် မော်စီတုန်းလာတွေ့နိုင်တယ်-ဆိုပြီး တည်ကြက်အဖြစ် လွှတ်လိုက်လို့လွတ်လာတာပါ။ တရုတ် ကွန်မြူနစ်-မြေအောက်ပါတီဝင်တွေရဲ့ အကူအညီနဲ့ သူတို့ညီအကိုလေး(၃)ယောက်၊ ရှံဟဲရောက်လာပုံ၊ ရှံဟဲမှာ ချန်ကေရှိတ် ထောက်လှမ်းရေးတွေလက်ချက်နဲ့ မြေအောက်အဖွဲ့ ပြိုပျက်သွားတော့၊ ညီအကိုတတွေ သူတောင်းစားအုပ်ထဲရောက်သွားပုံ၊ အကိုကြီးမော်အန်ရင်းက သတင်းစာရောင်း၊ မြေပဲလှော်ရောင်းပြီး ညီကလေးတွေကို ရှာဖွေကျွေးခဲ့ရပုံ၊ ညီအငယ်ဆုံးလေး ဖျားသေဆုံးသွားရတာ ဒုတိယညီ(မော်အန်ချင်း)သူတောင်းစားအုပ်က ဝိုင်းရိုက်ခံရပုံ၊ စတဲ့ကြေကွဲဖွယ် ဖြစ်ရပ်တွေဟာ-ပုံပြင်တွေလို-တရုတ်ပြည်သူတွေအကြား မော်နဲ့သားများအပေါ် ကရုဏာစိတ်တွေ ယိုဖိတ်စေခဲ့တဲ့-အဖြစ်အပျက်များပါ။ ခေတ်ဟောင်းဖြစ်တဲ့ ကူမင်တန်ခေတ် အဖိနှိပ်ခံပြည်သူများရဲ့ပုံရိပ်ကိုလည်း ထင်ဟပ်စေပါတယ်။

နောက်ပိုင်း မြေအောက်ရဲဘော်များအကူအညီနဲ့ သူတို့ညီအကိုနှစ်ယောက်ကို ရှာတွေ့ပြီး တိုင်းပြည်က အဆင့်ဆင့် ခိုးထုတ်ကာ-ဆိုဗီယက်ယူနီယံဆီပို့ပြီး ပညာသင်ခွင့်ရသွားပါတယ်။ မော်အန်ရင်းဟာ ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက် တပ်နီထဲဝင်ပြီး ပိုလန်စစ်မြေပြင်မှာ အမြောက်တပ်သားအဖြစ် ထမ်းဆောင်ဖူးပါတယ်။ ၁၉၄၃ မှာ တရုတ်ကွန်မြူနစ်ပါတီ-ဗဟိုရုံးစိုက်ရာ ယင်အန်းကိုပြန်ရောက်လာပါတယ်။ နှစ်ပေါင်း (၁၈)နှစ်ကျော် ကြာပြီးမှ ပြန်တွေ့ကြရတဲ့ သား အဖနှစ်

ယောက်ရဲ့တွေ့ဆုံခန်း(ရုပ်ရှင်လည်းဖြစ်လေတော့)ဟာ လူတိုင်းမျက်ရည်ကျရတဲ့အခန်းပါပဲ။ အသက်(၅)နှစ်သားလေးက တည်းက ကွဲသွားရတဲ့သားကို ဆိုဗီယက်တပ်နီတော်ယူနီဖောင်း အကျအနနဲ့ လေယာဉ်ပေါ်က ဆင်းလာတာကို လာကြိုနေတဲ့မော်၊(မှတ်ချက်-အဲဒီကာလကတရုတ်ပြည်မှာ ကူမင်တန်နဲ့ ကွန်မြူနစ်ပါတီ- ဂျပန်ခုခံရေးစစ်ပွဲအတွက် တပ်ပေါင်းစု ဖွဲ့ထားချိန်ဖြစ်လို့-ယင်အန်းလေယာဉ်ကွင်းလူစည်နေပါတယ်။)သားက တွေ့တွေ့ချင်း အဖေကိုဖက်၊ ငိုယိုပြီး-သူ့ အမေမှာခဲ့တဲ့ စကားတွေကို ပြန်ပြောပြနေတာ၊ သူညီအငယ်ဆုံးလေးကို ကောင်းကောင်းမစောင့်ရှောက်နိုင်ခဲ့လို့ ခွင့်လွှတ်ဖို့ တောင်းပန်နေတာ--စတာစတာတွေကတော့ ပွဲကြည့်ပရိသတ်ကြီးကို မျက်ရည်ချူတဲ့အခန်းများပါပဲ။

မော်က ဆိုဗီယက်ပြန်သူ့သားကို-တို့တိုင်းပြည်ဟာ လယ်သမားတိုင်းပြည်၊ မင်းလယ်သမားတွေအကြောင်း အရင်သိအောင်လုပ်-ဆိုပြီး ယင်အန်းအနီးတဝိုက်ရွာတွေမှာ လုပ်ဆောင်နေတဲ့-မြေယာပြုပြင်ရေးလုပ်ငန်းတွေထဲ ထည့်လိုက်ပါတယ်။ -၁၉၄၉ တရုတ်ပြည်သစ်ကြီးပေါ်ထွန်းလာပြီး မော်က သမ္မတကြီးဖြစ်လာပါတယ်။ ၁၉၅၀ ခုနှစ်-ကိုရီးယားစစ်ပွဲကို ကူညီဖို့ တရုတ်အပျော်ထမ်းတပ်များလွှတ်ဖို့ တနိုင်ငံလုံးကို တရုတ်ကွန်မြူနစ်ပါတီက လှုံ့ဆော်တဲ့အခါ၊ ပီကင်းက စက်ရုံတရုံမှာ အလုပ်လုပ်နေတဲ့မော်အန်ရှင်း(၁၉၄၃-မှာ တရုတ်ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့)က စာရင်းပေးလာပါတယ်။ အားလုံးဝိုင်းတားနေတဲ့ကြားက(တရုတ်ပြည်မှာ အာဏနည်အိမ်ထောင်က ဆင်းသက်သူတွေကို ရှေ့တန်းတာဝန်တွေ မပေးရပါဘူး။ မော်အန်ရှင်းအမေဟာ အာဏနည်အဖြစ်ကျဆုံးထားတာပါ။)-

မော်စီတုန်းက--တတိုင်းပြည်လုံးကပြည်သူတွေကို ရှေ့တန်းစစ်မြေပြင်ကို ချီတက်ကြဖို့ ပြောနေရတဲ့ငါ့အဖို့-ငါ့သားက အခုလို သူ့သဘောနဲ့သူ စာရင်းပေးလာတာကို ဂုဏ်ယူတယ်။---လို့ဆိုပြီး သဘောတူပေးခဲ့ပါတယ်။ ၁၉၅၀-နိုဝင်ဘာ၂၅ ရက်နေ့-ရှေ့တန်းစခန်းတွေကို အမေရိကန်ဗုံးကြဲလေယာဉ်များ လာဗုံးကြဲရာမှာ-မော်အန်ရှင်း ကျဆုံးသွားပါတယ်။ မော်အန်ရှင်းအလောင်းကို တရုတ်ပြည်ပြန်သယ်ဖို့ မော်ကသဘောမတူခဲ့ပါဘူး။ ကျန်ပြည်သူများရဲ့သားသမီးများလည်း စစ်မြေပြင်မှာကျဆုံးနေကြတာပဲ။ ကျန်ကျဆုံးသူများနဲ့အတူတူပဲ သဘောထား-လို့ပြောလို့ မြောက်ကိုရီးယား ပြုံယမ်းမှာရှိတဲ့-တရုတ်အပျော်ထမ်းတပ်ဖွဲ့များရဲ့အာဏနည်ဗိမာန်မှာပဲ မြှုပ်နှံထားရပါတယ်။ မော်အန်ရှင်းဟာ အသက်(၂၈)နှစ်ပဲရှိသေးပြီး၊ လက်ထပ်ထားတာ တနှစ်ကျော်လေးပဲ ရှိပါသေးတယ်။

ဒီအကြောင်းအရာတွေဟာ ရုပ်ရှင်များ၊ ပြဇာတ်များအဖြစ်နဲ့ရော၊ စာအုပ်စာတမ်းများအဖြစ်နဲ့ရော အကြိမ်ကြိမ်ဖတ်ဖူး၊ ကြည့်ဖူးကြရပေမယ့် တရုတ်ပြည်သူများအနေနဲ့ကတော့ ဘယ်တော့မှမရိုးနိုင်ပါဘူး။ တရုတ်ကွန်မြူနစ်ပါတီအဖို့ကလည်း တိုင်းပြည်ရဲ့အမြင့်ဆုံးခေါင်းဆောင် သားအဖနှစ်ဦးရဲ့ကွန်မြူနစ်ပါတီဝင်များပီသစွာ ဘာအခွင့်ထူးမှမခံဘဲ၊ အနစ်နာခံစရာရှိ ရှေ့ဆုံးက စံပြအဖြစ်စွန့်လွှတ်စွန့်စားသွားမှုတွေကို နောင်မျိုးဆက် အဆက်ဆက်အတွက်-နိုင်ငံရေးအရ ပညာပေးနိုင်တဲ့သင်ခန်းစာလိုသဘောထားပြီး အကြောင်းအရာတိုက်ဆိုင်လာတိုင်း တင်ပြဖော်ထုတ်ခြင်းပြုတတ်ပါတယ်။ တကယ်လည်း မော်သားအဖဟာ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ အလွန်ဂုဏ်ယူဝင့်ကြွားနိုင်တဲ့ ပါတီဝင်နှစ်ဦးပါပဲ။

တရုတ်ဗဟိုရုပ်မြင်သံကြားက၂၀၁၈-ဧပြီလ-၁၃-ရက်နေ့ကတင်ဆက်သွားတဲ့--"တရုတ်ပြည်ကပေးစာ"-ဆိုတဲ့ အစီအစဉ်မှာမော်အန်ရှင်းရဲ့စာတစောင်ကို အကြောင်းချင်းရာ အစုံအလင်နဲ့ ဖတ်ကြားတင်ဆက်သွားတာတွေ့လိုက်ရတော့၊ တရုတ်ပြည်သူတွေအကြား-တရုတ်ကွန်မြူနစ်ပါတီဝင်တွေရဲ့စံပြ-အာဏနည်သူရဲကောင်းအဖြစ် သတ်မှတ်ခံထားရတဲ့ မော်အန်ရှင်းရဲ့ ရုပ်သွင်ဟာ ပိုကြွတက်လာရပါတယ်။ အဲဒီအစီအစဉ်မှာ-မော်အန်ရှင်းစာကိုဖတ်တဲ့ အခုခေတ် လူငယ်များ အသဲစွဲ ရုပ်ရှင်မင်းသားလေး- ကျန်းလော့ရှင်က ဒီလိုမှတ်ချက်ပြုပြောသွားပါတယ်။

"ဒီစာဟာ ဒီလိုမျိုး တခမ်းတနား ဖတ်ကြားသင့်တဲ့စာပါ။ ကျွန်တော့်ကို ဒီစာဖတ်ဖို့ ဖိတ်ကြားခံရတော့ ကျွန်တော်က မော်အန်ရှင်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ရသမျှ လေ့လာကြည့်မိပါတယ်။ ကျွန်တော်တို့လူငယ်တွေ အတွက်တော့ သူဟာ စံပြအဖြစ်ထားပြီး လေ့လာထိုက်တဲ့သူပါ။"---တဲ့။

ဒီစာရဲ့နောက်ခံအကြောင်းတွေကိုလည်း-အခမ်းအနားမှူးကပြောပြသွားပါသေးတယ်။

တရုတ်တော်လှန်ရေးခေါင်းဆောင် မော်စီတုန်းနဲ့ပတ်သက်ရာပတ်သက်ကြောင်းတွေကို ကူမင်တန်အစိုးရက သဲကြီးမဲကြီး ဖိနှိပ်တဲ့ကာလတလျှောက် ဟိုတိုးဒီတိုး ဆင်းဆင်းရဲရဲ သိမ်သိမ်ငယ်ငယ်နေခဲ့ကြရတဲ့ ဆွေမျိုးသားချင်းတွေက-၁၉၄၉ အောက်တိုဘာ(၁)ရက်နေ့ တရုတ်သမ္မတနိုင်ငံကြီး တည်ထောင်လိုက်ပြီး၊ မော်စီတုန်း သမ္မတကြီးဖြစ်သွားတော့၊ အကူအညီတွေ၊ အခွင့်အရေးတွေ၊ နည်းနည်းပါးပါးတော့ တောင်းသင့်၊ ရသင့်တယ်-လို့ ထင်လာမြင်လာကြပါတယ်။ ဒါ့ကြောင့် မော်စီတုန်းဆီလှမ်းပြီး စာရေးကြ၊ လာတွေ့ကြနဲ့၊ -ဒါတွေကို ဖြေကြားရှင်းလင်းဖို့ မော်က သူ့သားမော်အန်ရင်းကို တာဝန်ပေးထားပါတယ်။

အဲသလိုမျိုးစာတွေထဲမှာ မော်အန်ရင်းရဲ့ဦးလေး(ယန်ခိုင်ဟွေ့ရဲ့အကို)က ဟူနန်-ချန်ရှားအစိုးရအဖွဲ့မှာ နေရာတ ခုပေးဖို့တောင်းတဲ့ စာတစောင် ပါလာပါတယ်။ တကယ်တော့၊ ယန်ခိုင်ဟွေ့သေဒဏ်ခံသွားရပြီးနောက်၊ ယန်ခိုင်ဟွေ့ရဲ့မိခင်ကြီးအပါ တဆွေလုံးတမျိုးလုံး၊ ကူမင်တန်ထောက်လှမ်းရေးတွေရဲ့ဖိနှိပ်မှုကြောင့် အတော် ဒုက္ခဆင်းရဲရောက်ခဲ့ပါတယ်။ မော်အန်ရင်းတို့ညီအကိုတတွေကိုလည်း ချန်ရှားမှာရှိနေစဉ်က ဝိုင်းဝန်းပြုစုစောင့်ရှောက်ခဲ့ကြပါတယ်။ အဲဒီစာကို မော်အန်ရင်းကပြန်တဲ့ စာအကြောင်း ဖြစ်ပါတယ်။ ကျေးဇူးတွေရှိခဲ့ဖူးပြီး၊ အနစ်နာခံခဲ့ရတယ်လို့လည်း ခံယူထားတဲ့၊ နိုင်ငံရေးသမားလည်း မဟုတ်တဲ့ ဦးလေးဆီကို တောင်းတဲ့အကူအညီမပေးနိုင်တဲ့အကြောင်းကို အဖိနှိပ်ခံလူတန်းစားတရပ်လုံး လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေရတဲ့ ကွန်မြူနစ်တယောက်စိတ်ဓာတ်အခြေခံပေါ်ကနေ ရှင်းလင်းရေးသား ရတာဖြစ်လေတော့ စာက(၆)မျက်နှာတောင်ရှိတဲ့စာရှည်ကြီးပါ။ အဲဒီထဲက တချို့အချက်များကတော့ အခုအချိန်(စာရေးပြီး-အနှစ် ၇၀နီးပါးကြာပြီးနောက်)ထိ လေ့လာသင့်တဲ့အချက်များ ပါနေပါသေးတယ်။

၁၉၄၉-အောက်တိုဘာ-၂၄ ရက်နေ့စွဲနဲ့-စာပါအကြောင်းအရာများကတော့-----

ချန်ရှားအစိုးရအဖွဲ့တွင်း ရာထူးတနေရာစီစဉ်ပေးဖို့ အဖေ့ကို ဦးလေးက အကူအညီတောင်းတဲ့အပေါ် ကျွန်တော် သိပ် စိတ်အနှောင့်အယှက်ဖြစ်မိပါတယ်။ ကျွန်တော်တို့တတွေ အခုခေတ်သစ်ရောက်နေပါပြီ၊ ဆွေမျိုးသားချင်း မှီပြီး ရာထူးရာခံရတဲ့ခေတ် ကုန်သွားပါပြီ။ တရုတ်ပြည်သစ်နဲ့တရုတ်ပြည်ဟောင်းအကြား၊ တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်ကူမင်တန်ပါတီအကြား၊ မော်စီတုန်းနဲ့ချန်ကေရှိတ်အကြားနဲ့ မော်စီတုန်းဆွေမျိုးနဲ့ချန်ကေရှိတ်ဆွေမျိုးအကြားမှာ-ကမ္ဘာခြားပါတယ်။ ချန်ကေရှိတ်နဲ့သူ့အစိုးရက သူတို့အတွက်၊ သူတို့မိသားစုအတွက် အထူးအခွင့်အရေးတွေရယူတာဟာ မှန်တယ်၊ တရားတယ်-လို့ သဘောထားပေမယ့်-ကျွန်တော်တို့ကတော့ ဒါမျိုးကို မှားတယ်-လို့ သဘောထားပါတယ်။လူ့အဖွဲ့အစည်း အတွင်း အုပ်စိုးသူများက အခွင့်ထူးဟူသမျှယူတဲ့ခေတ် လုံးဝကုန်ဆုံးသွားပါပြီ။ လူတိုင်းတန်းတူညီမျှတဲ့ ခေတ်ရောက်လာနေပါပြီ။ တဦးခေါင်းပေါ်တဦး တက်အနိုင်ကျင့်တဲ့ခေတ် ကုန်သွားပါပြီ။ ဒီနေရာမှာ တရုတ်ပြည်သူတွေက အချက်အချာကျတဲ့တိုက်ပွဲ အောင်ခဲ့တာပါ။ ဒီအပြောင်းအလဲကိုသဘောမပေါက်ရင်-ဦးလေးအနေနဲ့ ကျန်တတိုင်းပြည်လုံးက အခြေအနေတွေကို မျက်ခြည်ပြတ်သွားပါလိမ့်မယ်။------

----ကျွန်တော်တို့တတွေ လွတ်မြောက်ရေးအတွက်တိုက်ပွဲဝင်တာဟာ-လူလေးလက်တဆုပ်စာသာ လွတ်မြောက်ဖို့ မဟုတ်ဘူး။ ပြည်သူအားလုံး လွတ်မြောက်ဖို့ပါ။ မိမိဘဝတွင်း ကြုံတွေ့လာရတဲ့ပြဿနာတွေကို ဖြေရှင်းရမှာဖြစ်ပေမယ့် အထူးအခွင့်အရေးတွေကို ရဖို့တော့ မမျှော်လင့်သင့်ပါဘူး။ အများအကျိုးကို ဦးစားပေးစဉ်းစားရမှာပါ။-----

ကူမင်တန်တွေက ကွန်မြူနစ်တွေကို သွေးအေးသတ္တဝါစက်ရုပ်တွေလို့ စွပ်စွဲပါတယ်။ ကျွန်တော်တို့တတွေက မိမိမိသားစုဝင်များအတွက်၊ မိတ်ဆွေများအတွက်-ဝင်ငွေရရှိရာရရှိကြောင်း၊ ရာထူးရရှိရာရရှိကြောင်း မလုပ်ဆောင်မှုများ အပေါ် ရည်ညွှန်းတာဆိုရင်တော့၊ ကျွန်တော်တို့ သူတို့စွပ်စွဲချက်ကို လက်ခံပါတယ်။ ဒါပေမဲ့-ကျွန်တော်တို့ဟာ ခံစားမှုကင်းတဲ့ သွေးအေးသတ္တဝါများ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ပြည်သူတွေ အထူးသဖြင့် အပင်ပန်းဆုံးအဆင်းရဲဆုံး သာမန် တရုတ်ပြည်သူတွေကို ချစ်ပါတယ်။ ဒါ့အပြင်-ကျွန်တော်တို့ဟာ ကိုယ့်မိဘ၊ အိမ်ထောင်၊ သားသမီး၊ ဆွေမျိုးသားချင်း အားလုံးကို အလွန်ချစ်ခင်ပါတယ်။ ဒါပေမဲ့ ဒီမေတ္တာတရားတွေကို အခွင့်ထူးတွေရရှိဖို့ အသုံးမချသင့်ပါဘူး။----

ကျွန်တော် အဖွားကို အလွန်ချစ်ပါတယ်။ အခုအချိန်မှာ အဖွားအနေနဲ့ ကျွန်တော့်အပေါ် မိသားစုဝင်တွေကို ပြန်မကြည့်ရှုလို့ စိတ်ပျက်မိမှာပါ။ ကျွန်တော်ဟာ အလွန်မြင့်မြတ်တဲ့အဖွဲ့အစည်းတခုက သာမန်အဖွဲ့ဝင်လေးတယောက်သာဖြစ်ပြီး၊ တရုတ်ကွန်မြူနစ်ပါတီရဲ့မူဝါဒတွေနဲ့ မကိုက်ညီတဲ့ကိစ္စတွေကို မလုပ်ဆောင်နိုင်ပါဘူး။ အဖေအနေနဲ့ကလည်း၊ ဒီလိုမျိုးလုပ်ဟန်ပေဟာင်းတွေကို အပြင်းထန်ဆုံးဆန့်ကျင်သူဖြစ်ပြီး၊ ဒါတွေကိုလည်း မတရားဘူး။ တရားမျှတမှုမရှိဘူး-လို့ သတ်မှတ်ယူဆထားတာပါ။

ကျွန်တော်တို့ဟာ အောက်ခြေကစ အလုပ်လုပ်ရမှာဖြစ်ပြီး၊ သူများတွေဆီက လေ့လာသင်ယူရမှာဖြစ်ပါတယ်။ ကိုယ့်ကိုကိုယ်အထင်ကြီးပြီး မနိုင်ဝန်ကိုမထမ်းသင့်ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဒီအခြေခံသဘောကို နားမလည်ခင်က နာခေါင်းကျည်ပွေ့ တွေ့ခဲ့ရဖူးပါတယ်။ အခုတော့ကျွန်တော်လည်း ပြည်သူကို ဘယ်လိုအလုပ်အကျွေးပြုရမယ်-ဆို တာ နည်းနည်း သဘောပေါက်လာပါပြီ။---

ဒါတွေကတော့ စာပါအကြောင်းအရာအချို့ဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့နိဂုံးချုပ်မှတ်ချက်ကို အခမ်းအနားမှူးက ဒီလိုပြောသွားပါတယ်။

ဥက္ကဋ္ဌမော်တို့သားအဖဟာ အလွန်တာဝန်ကျေပွန်တဲ့ တရုတ်ကွန်မြူနစ်ပါတီဝင်နှစ်ဦးပါ။ ဒီသားအဖအကြောင်း ကျွန်တော်တို့ မကြာခဏ ပြောဆိုနေရတဲ့အကြောင်းကတော့-ယခုအခါ တာဝန်ကြီးတွေထမ်းဆောင်ကြတဲ့ ခေါင်းဆောင်ကြီးများက သားသမီးအတွက် အခွင့်ထူးတွေမပေးမိဖို့ သတိပေးတာရော၊ ကေဒါကြီးများရဲ့ သားသမီးများကလည်း မော်အန်ရင်းလို ဖခင်ရဲ့အရှိန်အဝါကို တလွဲအသုံးမချဘဲ၊ နှိမ်နှိမ်ချချ နေထိုင်လုပ်ဆောင်သွားတဲ့လုပ်ဟန်ကို အတုယူ လေ့လာကြဖို့အပြင်၊ မော်အန်ရင်းဦးလေးလိုလူမျိုး အခုခေတ်မှာပေါ်များလာလို့၊ တရားမျှတစွာ ယှဉ်ပြိုင်တဲ့စိတ်တွေ ပေါ်ပေါက်စေဖို့လည်း ရည်ရွယ်ပါတယ်။--တဲ့။

တရုတ်ကွန်မြူနစ်ပါတီဟာ ပါတီဝင်တွေကိုရော၊ ပြည်သူတွေကိုပါ အဲသလို နိုင်ငံရေးအရအမြဲမပြတ်ပညာပေးပြီး၊ အချိန်မီ သတိပေး၊ပြုပြင်တည့်မတ်ပေးနေတဲ့အတွက် ဒီနေ့အထိ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်နေနိုင်ပြီး၊ ပြည်သူလူထုရဲ့ထောက်ခံမှုကိုရနေတာဖြစ်ဟန်ရှိပါတယ်။

တိုင်းကျိုးပြည်ကျိုးဆောင်ချင်တဲ့နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအားလုံး လေ့လာအတုယူသင့်ပါတယ်။

ရဲဘော်ထွန်းမြတ်။
၂၉-၆-၂၀၁၈။

တရုတ် - အမေရိကန် ကုန်သွယ်ရေးစစ်

ကြည်ဝင်း

ဒီနှစ် ဇူလိုင် ၆ ရက်နေ့မှာ အမေရိကန်က ဒေါ်လာ ၃၄ ဘီလျံတန်ဖိုးရှိတဲ့ တရုတ်သွင်းကုန်တွေအပေါ် အခွန် ၂၅% စည်းကြပ်ဖို့ သတ်မှတ်ခဲ့တယ်။ တရုတ်ပြည်ကလည်း အလားတူပဲ ဒေါ်လာ ၃၄ ဘီလျံတန်ဖိုးရှိ အမေရိကန်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်စည်းကြပ်မယ်လို့ ကြေညာခဲ့တယ်။ နောက်မကြာခင်မှာပဲ သမ္မတထရမ့်က ဒေါ်လာ ၂၀၀ ဘီလျံတန်ဖိုးရှိတဲ့ တရုတ်သွင်းကုန်စာရင်းထုတ်ပြန်ပြီး အခွန် ၁၀% စည်းကြပ်မယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံကလည်း ဒီလုပ်ရပ်ဟာ လုံးဝကျိုးကြောင်းမဆီလျော်ဘူး၊ လုံးဝလည်း လက်ခံနိုင်စရာမရှိဘူးလို့ တုံ့ပြန်ပြောဆိုခဲ့တယ်။ ဒ့ါအပြင် တရုတ်ပြည်အနေနဲ့ အလားတူ လက်တုံ့ပြန်သွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

သမ္မတထရမ့်ဟာ သမ္မတရွေးပွဲမဲဆွယ်ကာလကတည်းက တရုတ် - အမေရိကန် ကုန်သွယ်ရေးဟာ တရားမျှတမှု မရှိဘူး။ တရုတ်နိုင်ငံဟာ သူ့နိုင်ငံရဲ့ငွေကြေးတန်ဖိုးကို ရှိသင့်တဲ့တန်ဖိုးထက် လျှော့ချသတ်မှတ်တဲ့နည်းအပါ အခြားနည်းပေါင်းစုံနဲ့ အမေရိကန်နဲ့ကုန်သွယ်ရေးမှာ မတရားအမြတ်ထုတ်နေတယ်။ ဒါကို လက်သင့်မခံနိုင်ဘူး စသဖြင့် ပြောဆိုမဲဆွယ်ခဲ့တာ ဖြစ်တယ်။ တရုတ် - အမေရိကန် ကုန်သွယ်ရေးမှာ အမေရိကန်ဘက်က နှစ်စဉ်နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလျံ ၂၀၀ မှ ၆၀၀ အကြား အရှုံးပေါ်နေတယ်လို့လည်း ဆိုပါတယ်။ နောက်ပြီး တရုတ်နိုင်ငံဟာ အမေရိကန်ရဲ့ ဉာဏပစ္စည်း (Intellectual Property IP) တွေကိုလည်း နည်းမျိုးစုံနဲ့ ခိုးယူသုံးစွဲနေတယ်လို့လည်း စွပ်စွဲပါတယ်။ ဒါတွေကို သူ သမ္မတဖြစ်လာရင် ဖြေရှင်းမှာဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ အခုတော့ ရွေးကောက်ပွဲကတိကို အကောင်အထည်ဖော်လာတာလို့ ဆို

သူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ် နိုဝင်ဘာမှာ ကျင်းပမယ့် အမေရိကန်လွှတ်တော် နှစ်လည်ရွေးကောက်ပွဲနဲ့ အချိန်ကိုက်နေတာကတော့ စဉ်းစားစရာ ဖြစ်လာပါတယ်။

တရုတ်နိုင်ငံဟာ ၁၉၇၈ မှာ တံခါးဖွင့်ပေါ်လစီ စတင်ကျင့်သုံးခဲ့စဉ်ကစပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အမေရိကန်ပြီးရင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာခဲ့ပါပြီ။ မကြာခင်မှာ အမေရိကန်နေရာကို ဝင်ယူတော့မှာဖြစ်တယ်လို့လည်း အများက ခန့်မှန်းနေကြတာဖြစ်တယ်။ ဒါကြောင့် အမေရိကန်ဟာ လက်ဦးမှုယူပြီး တရုတ်ပြည်အပေါ် စီးပွားရေးထိုးစစ် စတင်လိုက်တာလို့ ဆိုနိုင်ပါတယ်။ ဒီနှစ် မတ်လမှာ အမေရိကန်နိုင်ငံထဲ တင်သွင်းတဲ့ သံမဏိကို ၂၅% နဲ့ အလူမီနီယမ်ကို ၁၀% အခွန်စည်းကြပ်မယ်လို့ သမ္မတထရမ့်က ကြေညာခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ကနေဒါ (သံမဏိအများဆုံးတင်သွင်းတဲ့နိုင်ငံ)၊ ဘရာဇီးလ် (ဒုတိယအများဆုံးတင်သွင်းနိုင်ငံ)၊ ဂျာမနီနဲ့ တောင်ကိုးရီးယား စတဲ့နိုင်ငံတွေကို ဒီစာရင်းကနေ ပယ်ဖျက်ပေးခဲ့တယ်။ ဒါကြောင့် အမေရိကန်ရဲ့ အဓိကဦးတည်ချက်ဟာ တရုတ်နိုင်ငံပဲဆိုတာ ပိုထင်ရှားလာတယ်။

အမေရိကန်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံဆီက အဓိကအချက် ၃ ချက်လိုချင်နေတာ ဖြစ်တယ်။ ပထမအချက်အနေနဲ့ အမေရိကန်ဘဏ်ကြီးတွေနဲ့ကော်ပိုရေးရှင်းကြီးတွေဟာ တရုတ်နိုင်ငံတွင်းရှိ သူတို့လုပ်ငန်းတွေအပေါ် ပိုင်ဆိုင်ခွင့် ၅၁% ရပြီး နောက်ပိုင်းမှာ ၁၀၀% ပိုင်ဆိုင်ခွင့်အထိ ရချင်တယ်။ ဒုတိယအားဖြင့် နှစ်စဉ် အမေရိကန်ကုန်ပစ္စည်း အထူးသဖြင့် အနောက်အလယ်ပိုင်းဒေသထွက် (ရီဘတ်ပလီကန်ရဲ့အမာခံမဲဆန္ဒနယ်တွေဖြစ်တယ်။ တရုတ်နိုင်ငံကလည်း ဒီနယ်တွေကထွက်တဲ့ ပဲပုပ်၊ ဝက်သား စတာတွေကို ပစ်မှတ်ထားတယ်။) လယ်ယာထုတ်ကုန်တွေ အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံဖိုး ထပ်ဝယ်စေချင်တယ်။ တတိယအချက်ကတော့ ဥာဏပစ္စည်းဆိုင်ရာဖြစ်တယ်။ တရုတ်နိုင်ငံတွင်း လုပ်ငန်းလာလုပ်တဲ့ အမေရိကန်ကုမ္ပဏီတွေဟာ တရုတ်ပြည်ကို နည်းပညာမျှဝေပေးရတာကို ပယ်ဖျက်ပေးဖို့ ဖြစ်တယ်။ ဒါဟာ အမေရိကန် အထူးသဖြင့် ကာကွယ်ရေးနဲ့ထောက်လှမ်းရေးဌာနတွေက အစိုးရိမ်ဆုံးကဏ္ဍဖြစ်တယ်။ နောက်လာမယ့် နည်းပညာမျိုးဆက်တွေဖြစ်တဲ့ ၅ ဂျီ (5 G) နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)နဲ့ ဆိုက်ဘာ လုံခြုံရေးဆိုင်ရာကဏ္ဍတွေမှာ အမေရိကန်ကို တရုတ်က ကျော်တက်သွားမှာကို အထူးစိုးရိမ်နေကြတာ ဖြစ်တယ်။ ဒီကဏ္ဍတွေမှာ အမေရိကန်ကို တရုတ်က ကျော်တက်သွားရင် စီးပွားရေးမှာသာမက စစ်ရေးဘက်မှာပါ တရုတ်နိုင်ငံက အသာစီးရသွားမှာ ဖြစ်တယ်။ အမေရိကန်ရဲ့ စီးပွားရေးကော စစ်ရေးအရပါ ကမ္ဘာ့နံပါတ်တစ်နေရာကို တရုတ်က ဝင်ယူသွားမှာကို ကြိုစိုးရိမ်နေတာ ဖြစ်တယ်။

ဒီနံပါတ်တစ်နေရာကို နှစ်ပေါင်းများစွာ ရယူထားတဲ့ အမေရိကန်နိုင်ငံဟာ နည်းမျိုးစုံသုံးပြီး အသေအလဲ ကာကွယ်မယ်ဆိုတာ ဇေန်မုချပဲ ဖြစ်တယ်။ တရုတ်နိုင်ငံကလည်း နည်းပညာမှာ နောက်ကျကျန်ခဲ့လို့ မဖြစ်ဘူးဆိုတာ သိတယ်။ ဒီ ၃ ချက်မှာ ပထမ ၂ ချက်ကို တရုတ်နိုင်ငံက လိုက်လျောနိုင်တယ်လို့ ဆိုတယ်။ တတိယ ဥာဏပစ္စည်းကဏ္ဍမှာ ထစ်နေတာ ဖြစ်တယ်။ နောက်ပြီး ထရမ့်ဟာ ဒီလွှတ်တော်သက်တမ်းဝက် ရွေးကောက်ပွဲမပြီးခင်မှာ မဲဆွယ်နိုင်ဖို့ တရုတ်ဖဲချပ်ကိုင် ကစားနေဖို့များတယ်လို့ ခန့်မှန်းတာတွေလည်း ရှိတယ်။ ဒါကြောင့် တရုတ်နဲ့ ဒီကြားထဲ သဘောတူညီချက်ရသွားဖို့ ဖြစ်နိုင် ခြေနည်းတယ်လို့ဆိုတယ်။

အခု အမေရိကန်နဲ့တရုတ် အပြန်အလှန် အခွန်တိုးကောက်နေကြတဲ့ပမာဏဟာ တကယ်ပြောရရင် များလှတယ်လို့ မဆိုနိုင်ပါ။ တရုတ်နိုင်ငံက အမေရိကန်ထံ တင်သွင်းတဲ့ ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလျံနဲ့ သံမဏိနဲ့ အလူမီနီယမ် ၂-၃ ဘီလျံပဲ ရှိပါသေးတယ်။ ၂၀၁၇ စုစုပေါင်း အမေရိကန်သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၃၆ ထရီလျံနဲ့နှိုင်းယှဉ်ရင် များလှတာမဟုတ်ပါ။

အခုလို အခွန်တိုက်ပွဲဖြစ်လာတာကြောင့် ဘယ်လိုဆုံးရှုံးမှုတွေ ဖြစ်သလဲ။ လောလောဆယ်တော့ တရုတ်အပါအဝင် နိုင်ငံအတော်များများရဲ့ငွေတန်ဖိုးဟာ ဒေါ်လာနဲ့ယှဉ်ရင် ကျကုန်ပါတယ်။ အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်လာတာ ဟာ ကုန်သွယ်ရေးစစ်ပွဲကြောင့်သက်သက်တော့ မဟုတ်ပါ။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်လိုက်တာကြောင့် လည်း ပါပါတယ်။ ဒီကုန်သွယ်ရေးစစ်ပွဲရဲ့သက်ရောက်မှုဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာက ပိုများတယ်လို့ ပညာရှင်တဦးက တော့

ကောက်ချက်ပေးပါတယ်။ အထက်မှာဆိုသလို အခွန်တိုးကောက်တဲ့ ကုန်ပစ္စည်းပမာဏဟာ များလှတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ တရုတ်နိုင်ငံတွင်းမှာ စတော့ရှယ်ယာဈေးတွေ ကျပါတယ်။ အမေရိကန်စတော့ဈေးကတော့ အနည်းငယ်တက်တာ တွေ့ရတယ်။

တရုတ်နိုင်ငံဟာ ပို့ကုန်အပေါ် အဓိကမှီခိုပြီး စီးပွားရေးကြီးထွားအောင်လုပ်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ပြည်တွင်းစားသုံးအားကို ချဲ့ထွင်တဲ့နည်းနဲ့ စီးပွားရေး ကြီးထွားစေတဲ့နည်းဘက် ပြောင်းလာနေတာ ဖြစ်ပါတယ်။ ပြည်ပပို့ကုန်အပေါ် မှီခိုတာဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ လျော့ကျလာခဲ့တာ တွေ့ရတယ်။ တရုတ်နိုင်ငံရဲ့ ပြည်ပပို့ကုန်ဟာ ၂၀၀၆ ခုနှစ်မှာ ပြည်တွင်းစုစုပေါင်းထုတ်ကုန် (GDP) ရဲ့ ၃၅.၅% ရှိခဲ့ရာက ၂၀၁၇ ခုနှစ်မှာတော့ ၁၈.၁% ပဲ ရှိတော့တယ်။ တရုတ်နိုင်ငံရဲ့ပြည်ပပို့ကုန် ကြီးထွားနှုန်းဟာ ၁၉၉၈-၂၀၀၇ ဆယ်စုနှစ်က ၂၂.၆% ရှိပြီး ၂၀၀၈-၂၀၁၇ ဆယ်စုနှစ်မှာတော့ ၇.၉% ပဲ ရှိတော့တယ်။ အလားတူပဲ အမေရိကန်နိုင်ငံကို တရုတ်နိုင်ငံက တင်ပို့တဲ့ ပို့ကုန်ကြီးထွားနှုန်းဟာ ၁၉၉၈-၂၀၀၇ ဆယ်စုနှစ်တုန်းက ၂၂% ရှိရာက ပြီးခဲ့တဲ့ ဆယ်စုနှစ်မှာတော့ ၇% ပဲ ရှိတော့တယ်။ ပြည်ပပို့ကုန်ဟာ တရုတ်နိုင်ငံ ရဲ့ စီးပွားရေးကို အဓိကမောင်းနှင်နေတဲ့ အင်ဂျင်မဟုတ်တော့ဘူး။ ဒါကြောင့် အခွန်တိုးကောက်တာကြောင့် တရုတ်နိုင်ငံရဲ့ ပို့ကုန်ကျဆင်းမှုဟာ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) အပေါ် သက်ရောက်မှု နည်းပါလိမ့်မယ်။

တရုတ်-အမေရိကန် ကုန်သွယ်မှုကိုကြည့်ရင် အမေရိကန်တင်ပို့ကုန်တွေက အများစု လယ်ယာထွက်ပစ္စည်းတွေနဲ့ အပြီးသတ်ကုန်ချောတွေ ဖြစ်တယ်။ အများစုက အမေရိကန်ကုမ္ပဏီပိုင်တွေ အမေရိကန်ပြည်တွင်းမှာပဲ ထုတ်လုပ်တာတွေ ဖြစ်တယ်။ ရာနှုန်းပြည့် အမေရိကန်ပိုင်လို့ ဆိုနိုင်တယ်။ တရုတ်ပြည်က တင်ပို့ကုန်တွေကျတော့ တခြားနိုင်ငံမျိုးစုံကလာတဲ့ ပစ္စည်းအစိတ်အပိုင်းတွေကို တရုတ်ပြည်တွင်းမှာတပ်ဆင်ထားတဲ့ ကုန်ပစ္စည်းတွေ များတယ်။ တရုတ်ပြည်တွင်းရှိ အမေရိကန်ကုမ္ပဏီနဲ့ ကုမ္ပဏီခွဲတွေရဲ့ ထုတ်ကုန်တွေလည်း ပါကြတယ်။ ဥပမာ တရုတ်ပြည်မှာတပ်ဆင်တဲ့ အိုင်ဖုန်းအိတ်စ် (iPhone x) မှာ ပါဝင်တဲ့အစိတ်အပိုင်းတွေဟာ တောင်ကိုးရီးယား၊ ဂျပန်နဲ့ အမေရိကန်အပါ နိုင်ငံအတော်များများက ထုတ်တာတွေ ဖြစ်တယ်။ (iPhone x) ရဲ့ ထုတ်လုပ်တပ်ဆင် ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၃၇၀ ဖြစ်တယ်။ အဲဒီတန်ဖိုးရဲ့ ၃-၆% သာ တရုတ်ပြည်နဲ့သက်ဆိုင်တယ်။ (iPhone x) လက်လီရောင်းဈေးကတော့ ၉၉၉ ဒေါ်လာ ဖြစ်ပါတယ်။ တရုတ်ပြည်မှာတပ်ဆင်ပြီး အမေရိကန်နိုင်ငံကို တင်ပို့တာကြောင့် အဲဒီ ၃၇၀ ဒေါ်လာက တရုတ်ပြည်ပို့ကုန်စာရင်းထဲ ဝင်သွားပေမယ့် တရုတ်နဲ့ဆိုင်တာက အဲဒီတန်ဖိုးရဲ့ ၃ - ၆% ပဲ ဖြစ်တယ်။ (iPhone x) က အခွန်တိုးကောက်တဲ့အထဲတော့ မပါပါဘူး။ ရှင်းပြရာမှာလွယ်ကူလို့ ဥပမာပေးတာ ဖြစ်ပါတယ်။ ဆိုလိုချင်တာက တရုတ်ပြည်ပို့ကုန်ဆိုပြီး အခွန်တိုးကောက်တာမှာ တရုတ်နိုင်ငံတနိုင်တည်း ထိခိုက်မှာမဟုတ်ဘဲ အမေရိကန်ကုမ္ပဏီတွေအပါ အခြားနိုင်ငံအတော်များများကိုပါ ထိလိမ့် မယ်ဆိုတာပါ။

သမ္မတထရမ့်က သံမဏိနဲ့ အလူမီနီယမ်တွေအပေါ် အခွန်တိုးကောက်မယ်ဆိုတာကို အမေရိကန် ပြည်တွင်းက သံမဏိနဲ့ အလူမီနီယမ်ထုတ်လုပ်သူတွေက ကြိုဆိုကြပေမယ့် အဲဒီကုန်ကြမ်းကိုသုံးပြီး ထုတ်လုပ်နေတဲ့ အလုပ်ရုံစက်ရုံတွေအတွက်ကတော့ သတင်းဆိုးပဲ ဖြစ်ပါလိမ့်မယ်။ ဥပမာ သံမဏိကို ကြည့်ပါ။ သံမဏိကိုသုံးပြီး ကား၊ ရထား၊ လေယာဉ်တွေ ထုတ်လုပ်တယ်။ အဆောက်အအုံတွေ၊ တံတားတွေ တည်ဆောက်ရာမှာလည်း သံမဏိချောင်းကို သုံးရတယ်။ စက်မျိုးစုံ ထုတ်ရာမှာလည်း မပါမဖြစ်ဘူး။ အမေရိကန်နိုင်ငံမှာ သံမဏိနဲ့ဆက်နွယ်နေတဲ့ လုပ်ငန်းမျိုးစုံမှာ အလုပ်သမား ၆.၅ သန်းရှိတယ်။ သံမဏိထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေမှာတော့ အလုပ်သမား ၁၄၀, ၀၀၀ ပဲ ရှိတယ်။ သံမဏိဈေး တက်ပြီဆိုရင် သံမဏိသုံးထုတ်ထားတဲ့ ပစ္စည်းတွေလည်း ကျွဲကူးရေပါ တက်ကြမှာ ဖြစ်တယ်။ သိသာတဲ့ ဥပမာတခုပေးရရင် အမေရိကန်ထုတ် မော်တော်ကားတွေ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်တဲ့အခါ တပန်းရှုံးတော့မှာ ဖြစ်တယ်။ နေရောင်ခြည်က နေစွမ်းအင်ထုတ်ပေးတဲ့ ဆိုလာပြားတွေမှာလည်း အလားတူတွေ့ရမှာ ဖြစ်တယ်။ အမေရိကန်မှာ ဆိုလာပြားထုတ်လုပ်မှုမှာ တိုက်ရိုက်လုပ်ကိုင်နေတဲ့ အလုပ်သမားဟာ ၂, ၀၀၀ ပဲ ရှိတယ်။ ဒါပေမဲ့ ဆိုလာပြားတပ်ဆင်တာနဲ့ ထိန်းသိမ်းရေးအပိုင်းမှာတော့ အလုပ်သမားပေါင်း ၂၆၀, ၀၀၀ ရှိတယ်။ အခု အဲဒီလုပ်ငန်းဟာ တုံ့ဆိုင်းနေပြီမို့ အဲဒီအလုပ်သမားတွေအတွက်တော့ ရင်လေးစရာပါ။

အခု ထရမ့်က ဒုတိယအကျော့အဖြစ် အမေရိကန်ဒေါ်လာ ၁၆ ဘီလျံတန်ဖိုးရှိ တရုတ်သွင်းကုန်တွေအပေါ် အခွန် ၂၅% ကောက်မယ်လို့ ကြေညာလိုက်ပြန်ပါတယ်။ အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (US Trade Reprensitive Office) မှာ အမေရိကန်ကုမ္ပဏီတွေနဲ့စက်မှုလုပ်ငန်းအုပ်စုကြီးတွေ ဒါဇင်ပေါင်းများစွာက လာရောက်အစစ်ခံရာမှာ အခွန်တွေ ဆက်တိုးကောက်နေမယ်ဆိုရင် သူတို့အနေနဲ့ မတတ်သာဘဲ ကုန်ဈေးနှုန်းတွေ တိုးမြှင့်ရလိမ့်မယ်လို့ ထွက်ဆိုခဲ့ကြတဲ့ကြားက အခုလို ထပ်တိုးစာရင်းကို ထုတ်ပြန်ခဲ့တာပါ။ တရုတ်နိုင်ငံကလည်း ချက်ချင်းပဲ အခွန်တိုးကောက်မယ့် စာရင်းထုတ်ပြီး လက်တုံ့ပြန်ခဲ့ပါတယ်။

အမေရိကန်ဟာ တရုတ်နိုင်ငံအပြင် တူရကီနဲ့လည်း အမေရိကန်နိုင်ငံသားတရားဟောဆရာကို ဖမ်းထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားနေတာ ဖြစ်တယ်။ အဲဒါကို အကြောင်းပြုပြီး ဒဏ်ခတ်အရေးယူမှုလုပ်နေတာကြောင့် တူရကီနိုင်ငံသုံး ငွေကြေးတန်ဖိုး ထိုးကျပြီး အကျပ်ဆိုက်နေတယ်။ ဒီထက်ပိုဆိုးမှာက အီရန်ဖြစ်တယ်။ တရုတ်၊ ရုရှား၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်စတဲ့နိုင်ငံတွေနဲ့ အမေရိကန်ပါ သဘောတူလက်မှတ်ထိုးထားတဲ့ အနုမြူဆိုင်ရာ အီရန်နဲ့သဘောတူစာချုပ်ကနေ အမေရိကန်က နုတ်ထွက်ခဲ့တယ်။ သူ့တနိုင်ငံတည်းသဘောနဲ့ စည်းကမ်းချက်အသစ်တွေ တောင်းဆိုတယ်။ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုတွေ ကြေညာထားတယ်။ ဒီပိတ်ဆို့မှုကို ဖောက်ဖျက်ပြီး အီရန်နဲ့ ကုန်သွယ်မှုလုပ်တဲ့ ကုမ္ပဏီတွေကိုပါ အရေးယူမယ်လို့ ဆိုထားတာဖြစ်တယ်။ ဘယ်လိုဆက်ဖြစ်မလဲဆိုတာတော့ စောင့်ကြည့်ရမှာဖြစ်တယ်။ အခုဖြစ်နေတဲ့ အမေရိကန် - တရုတ်ကုန်သွယ်ရေးစစ်ပွဲက အစပဲ ရှိပါသေးတယ်။ အရပ်ရပ် ကုန်သွယ်မှုပမာဏနဲ့ ယှဉ်ရင်လည်း များလှတယ်လို့ မဆိုနိုင်သေးပါဘူး။ ဒါပေမဲ့ ကမ္ဘာ့အကြီးဆုံးစီးပွားရေးပိုင်ရှင်နဲ့ ဒုတိယအကြီးဆုံးစီးပွားရေးပိုင်ရှင်တွေအကြားမှာ ဖြစ်နေတာမို့ ဂယက်ကတော့ သေးမှာမဟုတ်ပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မို့ ဒီ ၂ နိုင်ငံအကြားမှာပဲ ပြီးသွားမှာလည်း မဟုတ်ပါ။ အခုလို အမေရိကန်က အခွန်တိုးကောက်နေတာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဆီ တရုတ်နိုင်ငံက တိုင်ကြားမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ (WTO)လည်း ဒီကိစ္စ ဖြေရှင်းပေးနိုင်မယ်မထင်ပါ။ ဖြေရှင်းချိန်ကလည်း တနှစ်ကျော်ကြာလေ့ရှိပါတယ်။ အခု ကုန်သွယ်ရေးစစ်ကနေ ငွေကြေးစစ်အထိ ဖြစ်သွားမယ်၊ ဘဏ်လုပ်ငန်းတွေ ဖရိုဖရဲ ဖြစ်လာမယ်ဆိုရင် အခြေအနေတွေက ပိုဆိုးသွားမှာ ဖြစ်ပါတယ်။ အခုကိုပဲ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဒီကုန်သွယ်ရေးစစ်ပွဲကြောင့် ၂၀၂၀ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကြီးထွားမှု ထိခိုက်ကျဆင်းလိမ့်မယ်လို့ ထုတ်ပြန်လာပါတယ်။ တရုတ်က အဆောက်အအုံ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ အစောကြီးကတည်းကလုပ်ထားတာဖြစ်တဲ့အတွက် တောင့်ခံနိုင်သော်လည်း တူရကီလို အလယ်အလတ်ဖွံ့ဖြိုးဆဲနိုင်ငံတခုအဖို့ အတော်ဖရိုဖရဲဖြစ်သွားတာ မြင်တွေ့ရပါတယ်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့ကောင်ကြား နိုင်ငံငယ်များက မြေဇာပင်ဖြစ်ကြမှာပါ။

ကြည်ဝင်း
၂၄ - ၈ - ၂၀၁၈

ထရမ့်-ကင် ထိပ်သီးဆွေးနွေးပွဲ

ညီဌေးကျော်

ရှုထောင့်အသွယ်သွယ် အမြင်အမျိုးမျိုး ရပ်ခံမှုအသီးသီးဖြင့် တကမ္ဘာလုံးက စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေကြတဲ့ ထရမ့်-ကင် စင်္ကာပူထိပ်သီးဆွေးနွေးပွဲဟာ သမိုင်းတွင်မယ့်ရလဒ်ကောင်းနှင့်အတူ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ (၁၂ ဇွန် ၂၀၁၈)။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားခေါင်းဆောင် ကင်ဂျုံအန်း Kin Jong-Un တို့ကိုယ်တိုင် လက်မှတ်ထိုးတဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေး သဘောတူစာချုပ်အပြည့်အစုံကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ဒေသတွင်း နျူကလီးယားကင်းစင်ရေး လုပ်ငန်းစဉ်နဲ့ ကြီးမားတဲ့စစ်ရေးလေ့ကျင့်မှုများ ရပ်ဆိုင်းဖို့ဆိုတဲ့ အရေးကြီးဆုံး သဘောတူချက်ကိုတော့ ထုတ်ဖော်ပြောကြားကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာန ထုတ်ပြန်ချက်အရ - ကောင်းမွန်တဲ့ ဆက်ဆံရေး၊ ခိုင်မာတဲ့ ငြိမ်းချမ်းရေး၊ နျူကလီးယား ကင်းစင်ရေး၊ စစ် အကျဉ်းသားများ ပြန်လွှတ်ရေးတို့ ပါဝင်ကြောင်း သိရတယ်။ ဥရောပသမဂ္ဂ ဂျပန် တရုတ် ရုရှား အပါအဝင် နိုင်ငံခေါင်းဆောင်အသီးသီးက ချီးကျူးဂုဏ်ပြု ကြိုဆိုကြောင်း ထုတ်ပြန်ကြတယ်။ တချို့သံသယကြီးသူတွေက သတိထားကြိုဆိုတဲ့ အာဘော် ဖော်ပြကြတယ်။

စိတ်လှုပ်ရှားတက်ကြွ အပျော်ရွှင်ဆုံးကတော့ မိမိတို့ဘဝအနာဂတ်နဲ့ တိုက်ရိုက်သက်ဆိုင်မှုရှိတဲ့ သန်း ၈၀ သောနှစ်ဖက်ကိုရီးယားပြည်သူများပဲ ဖြစ်ပါတယ်။ ဒါတင်မက ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးရေးလမ်းပေါ်လျှောက်လှမ်းလာခြင်းဖြင့် ကိုရီးယားနှစ်နိုင်ငံနှင့်တကွ ဂျပန် တရုတ် ရုရှား မွန်ဂိုလီးယား စတဲ့ အရှေ့မြောက်အာရှ လုံခြုံရေးမျက်နှာစာ အကြီးအကျယ် ပြောင်းလဲသွားစေပါလိမ့်မယ်။ ဒါတင်မက အိန္ဒိယတိုက်ငယ်ပါ အကျုံးဝင်တဲ့ အာရှပစိဖိတ်ဒေသကြီး ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ သက်ရောက်မှုရှိပါတယ်။ ဒ့ါအပြင် အမေရိကန်အပါအဝင် နျူကလီးယား အရိပ်မိုးခံနေရတဲ့ ကမ္ဘာ့ပြည်သူတွေအတွက် စိတ်လှုပ်ရှားဖွယ် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး လိုအင်ဆန္ဒတွေ သယ်ဆောင်လာမယ့်ပွဲလည်း ဖြစ်တယ်။

၁၉၇၂ ခုနှစ်၊ မော်-နစ်ဆင် ပီကင်းထိပ်သီးတွေ့ဆုံပွဲကဲ့သို့လည်းကောင်း၊ ၁၉၉၀ စစ်အေးပြီးဆုံး ဘာလင်တံတိုင်းပြိုပျက် ဂျာမနီနှစ်နိုင်ငံပေါင်းစည်းမှုကဲ့သို့လည်းကောင်း မဟာဗျူဟာ အလှည့်အပြောင်းတရပ်ဆီ ဦးတည်စေပါလိမ့်မယ်။ စင်္ကာပူ ထိပ်သီးဆွေးနွေးပွဲသတင်းကို ရုပ်မြင်သံကြား ဖန်သားပြင်မှတဆင့် တကမ္ဘာလုံးက အချိန်နဲ့တပြေးညီ စိတ်လှုပ်ရှားတက်ကြွစွာ စောင့်ကြည့်ကြတယ်။ တကမ္ဘာလုံးက သတင်းသမား ၃၀၀၀ လောက်က စင်္ကာပူမှ တိုက်ရိုက်ပေးပို့တဲ့ သတင်းကို ကမ္ဘာ့သတင်းဌာနအသီးသီးမှ တကမ္ဘာလုံးသို့ ဘာသာအသီးသီးနဲ့တင်ဆက်ကြတယ်။ တောင်ကိုရီးယားသမ္မတ

မွန်ဂျေးအင်က အိပ်လို့မရဘူး၊ သမ္မတအိမ်တော် ခန်းမထဲမှာ အရာရှိတွေနဲ့အတူ ရုပ်သံတိုက်ရိုက်လွှင့်တာ ထိုင်ကြည့် ကြောင်း ပြော တယ်။

၁၀ ဇွန် ၂၀၁၈ တနင်္ဂနွေ နံနက်ပိုင်း ကင်က တရုတ်လေကြောင်း ဘိုရင်း ၇၄၇ လေယဉ်ဖြင့် ပြုံယမ်းမှ တိုက်ရိုက် လာတယ်။ ထရမ့်က G 7 ကနေဒါ ကွီးဘက် ထိပ်သီးဆွေးနွေးပွဲမှအပြန် ညပိုင်းမှာရောက်တယ်။ အစဉ်အလာ မဟာမိတ် များအကြား ကုန်သွယ်ရေး သဘောကွဲလွဲမှုတွေ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေ ဖြစ်လာခဲ့လို့ ထုံးစံအတိုင်း ထရမ့်က စက်ာပူ ကိုလာတဲ့ လမ်းတလျှောက် Air Force One လေယာဉ်ပေါ်မှာ တွစ်တာမှတဆင့် သူ့ဒေါသကို မှုတ်ထုတ်နေ တယ်။ ငါတို့ဟာ piggy bank ဝက်ရုပ်စုဘူးလေး မဟုတ်ဘူး၊ လူတိုင်းက ခါးပြတိုက်တာ ခံနေရတယ်လို့ ဆိုတယ်။ ကနေ ဒါဝန်ကြီးချုပ် ထရူးဒိုး Justin Trudeau ရဲ့ ကနေဒါဟာ မတရားလုပ်တာမခံဘူး ဆိုတဲ့စကားအပေါ် ဒေါပွနေတယ်။

ထရမ့်-ကင်နှစ်ဦးတွေ့ဆုံပွဲ အဆင်ပြေပါ့မလား၊ နှစ်ယောက်စလုံးဟာ ထူးခြားလွတ်လပ်တဲ့ ကိုယ်ပိုင်ဟန်ရှိကြပြီး တယောက်နဲ့တယောက် နစ်နစ်နာနာ ပြောဆိုတိုက်ခိုက်ခဲ့ကြဖူးတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ထရမ့်က တွေ့ဆုံပွဲကို ဖျက်သိမ်းမယ်ပြောလိုက် ရန်စောင်စကားပြောလိုက်၊ နိုင်ငံရေးဆိုတာ ဖဲကစားသလိုပဲ၊ ရှီကျင့်ဖျင်ဟာလည်း ပိုကာကစား သမားကောင်း တဦးပါပဲလို့ပြောလိုက် လုပ်နေခဲ့တာပါ။ ထရမ့်က ကင်ကို ဒုံးငနဲလေး Little Rocket Man လို့ နာမည်ပြောင် နဲ့ ခေါ်သလို ကင်ကလည်း ထရမ့်ကို Dotard သူငယ်ပြန်အရူးကြီး လို့ ခေါ်ခဲ့ကြတာပါ။

၁၁ ဇွန် ၂၀၀၈ တနင်္လာတနေ့လုံး အမေရိကန် - မြောက်ကိုရီးယား သံတမန်တွေ ညှိနှိုင်းပြင်ဆင်ကြ ပိုမိုရင်းနှီးခဲ့ ကြပါတယ်။ ထိပ်သီးတွေ့ဆုံပွဲကို (ဒေါင်းတို့ပျော်ရာ) စန်တိုဆာကျွန်း Sentosa Island ကပ်ပယ်လာဟော်တယ် Capella Hotel ပြန်လည်မွမ်းမံထားတဲ့ ကိုလိုနီလက်ရာ တိုက်ဖြူကြီးမှာ ဆွေးနွေးပွဲအတွက် ပြင်ဆင်တယ်။ နှစ်နိုင်ငံအလံများဖြင့် ဆင်ယင်ထားတဲ့ မှန်ဦးမျက်နှာစာရှေ့ နိုင်ငံတကာသတင်းသမားများ ရှေ့မှောက်မှာ အစီအစဉ်စတင်တယ်။ အသက် ၃၅ နှစ်အရွယ် ကင်က အသက် ၇၃ နှစ်အရွယ် ထရမ့်ကို လေးစားသမှုနဲ့ ၇ မိနစ် စောရောက်တယ်လို့ ဆိုတယ်။

(၁၂ ဇွန် ၂၀၁၈) ဒေသစံတော်ချိန် နံနက် ၉ နာရီ မှန်ဦးရှေ့သို့ ထရမ့် နဲ့ ကင် တဖက်တချက်စီမှ လျှောက်လာကာ လက်ဆွဲနှုတ်ဆက်ကြတယ်။ သူတို့ ကနဦးဆုံတွေ့မှုမှာ ပွင့်လင်းရင်းနှီးတဲ့လေထုကို ဖော်ဆောင်နိုင်ပြီး နှစ်ယောက်စလုံးက ရွှင်ရွှင်ပျပျနဲ့ တဦးလက်မောင်းတဦးကိုင်ကာ နှုတ်ဆက်ကြတယ်။ ကင်က တွေ့ရတာဝမ်းသာပါတယ် သမ္မတကြီးလို့ ပြော ဆိုတယ်။ ၁၂ စက္ကန့်လောက် လက်ဆွဲနှုတ်ဆက်တယ်။ ထို့နောက် ထရမ့်က ဦးဆောင်ကာ အခန်းထဲဝင်သွား ထိုင်ခုံ အသီး သီးမှာ ထိုင်ကြပြီး သတင်းသမားများရှေ့မှာ စကားအနည်းငယ်စီ ပြောတယ်။ ထရမ့် ပြောတာက - မိနစ်ပိုင်းအတွင်းမှာပဲ ကြီးမားတဲ့အောင်မြင်မှုရဖို့ ကြီးမြင့်တဲ့ဆက်ဆံရေးရှိဖို့ ဂုဏ်ယူရမယ့်ကိစ္စတွေ စတင်ပါ့မယ်။ ကင်က စကားပြန်ကတဆင့် ပြောတာက - အလွယ်တကူနဲ့ ဒီလိုဖြစ်လာတာ မဟုတ်ပါဘူး၊ အဟန့်အတားတွေ ရှိပေမယ့် ဒီလိုဆုံတွေ့ဖို့ ကျွန်တော်တို့ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

ထရမ့်က လက်မထောင်ပြပြီး နှစ်ဦးသား ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ခေါင်းဆောင်နှစ်ယောက် စ ကားပြန်နှစ်ယောက်နှင့်အတူ အခန်းတံခါးပိတ်ပြီး မိနစ် ၄၀ ကြာ ဆက်ဆွေးနွေးကြတယ်။ ထို့နောက် လက်ထောက်များ နှင့်အတူ နှစ်ဖက်မျက်နှာချင်းဆိုင် ဆွေးနွေးကြတယ်။ ထရမ့်ဘက်က နိုင်ငံခြားရေးဝန်ကြီး Mike Pompeo စစ်ဦးစီးချုပ် John Kelly အမျိုးသားလုံခြုံရေးအကြံပေး John Bolton တို့ ပါဝင်တယ်။ ကင်ဘက်က ဒုဥက္ကဌ Ri Su Yong စစ်ဘက် အကြီးအကဲ Kim Yong Chol နိုင်ငံခြားရေးဝန်ကြီး Ri Yong Ho တို့ပါဝင်တယ်။ ဆွေးနွေးပွဲဟာ ၅ နာရီလောက်ကြာတယ်။ အလုပ်သဘော နေ့လည်စာကို စင်္ကာပူစားဖိုမှူးများ လက်စွမ်းပြထားသော ဟင်းလျာများကိုစားရင်း စကားဆက်ပြောကြ တယ်။ နေ့လည်စာမစားခင် ထရမ့်က အားလုံးကို ဓာတ်ပုံကောင်းကောင်းရိုက်ပါ၊ ကောင်းကောင်းမွန်မွန် လှလှပပ ပိန်ပိန် ပါးပါး ပြည့်ပြည့်စုံစုံ ဖြစ်အောင်ပေါ့လို့ ရယ်စရာစကားပြောတယ်။ ထို့နောက် ခေါင်းဆောင်နှစ်ယောက် သတင်းသမားများ ရှေ့ စကားပြောစင်သို့ ရောက်လာတယ်။ သတင်းထောက်များအမေးကို ဖြေကြားရာမှာ-ထရမ့်က ယခုလိုပြောတယ် - ကျွန် တော်တို့ ပြည့်စုံတဲ့စာချုပ်တရပ် လက်မှတ်ထိုးဖို့ လုပ်နေတယ်။ တွေ့ဆုံပွဲဟာ လူတကာမျှော်မှန်းတာထက် ပိုကောင်းတယ်

- နျူကိစ္စဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်၊ အတူတကွ ဂရုတစိုက်လုပ်ဆောင်သွားမယ် - ပြည်သူအများ သိပ်စိတ်လှုပ်ရှား ပျော်ရွှင်စေဖို့ ကမ္ဘာကြီးအတွက် အလွန်အန္တရာယ်ကြီးတဲ့ပြဿနာကို ကျွန်တော်တို့ ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းကြပါတယ် - (ကင်ကို အိမ်ဖြူတော်သို့) သေချာပေါက်ဖိတ်မှာပါ - သူဟာ သိပ်တော်တယ် very smart သိပ်လေးစားဖို့ကောင်းတယ်။ သိပ်မာတဲ့စေ့စပ်ရေးသမား - သူ့နိုင်ငံကိုချစ်ကြောင်း သိခဲ့ရတယ်၊ စသဖြင့်ပြောတယ်။ သူဆက်ပြောတာ - တောင်ကိုရီးယားနဲ့ ပူးတွဲ စစ်ကစားပွဲတွေ war games ရပ်ဆိုင်းထားမယ်။ ငွေအမြောက်အမြား ကုန်ကျမှုမှ သက်သာစေဖို့၊ ကျွန်တော်တို့စစ်သည်တွေကို တောင်ကိုရီးယားမှ ပြန်ခေါ်လိုတယ်။ အိမ်ပြန်ပို့ချင်တယ်။ ကင်က စကားပြန်ကတဆင့် ပြောတာက - အတိတ်ကို နောက်မှာထားခဲ့ပြီ၊ ကမ္ဘာကြီးဟာ အဓိကအပြောင်းအလဲကို မြင်တွေ့ရပါလိမ့်မယ်။ သံသယနဲ့ မယုံသင်္ကာမှုများကို ဖယ်ရှားပစ်ခြင်းဖြင့် ငြိမ်းချမ်းရေးအတွက် ကောင်းမွန်သော နိဒါန်းပါပဲ လို့ပြောတယ်။ (သူက ငြိမ်ငြိမ်သက်သက်ပဲ ရပ်နေတယ်)

ဒေသစံတော်ချိန် နေ့လည် ၁း၄၀ မှာ ခေါင်းဆောင်နှစ်ဦး စာချုပ်လက်မှတ်ရေးထိုးကြတယ်။ ထရမ့်က မြောက်ကိုရီးယားလုံခြုံရေးကို အာမခံတယ်၊ ကင်က ကိုရီးယားကျွန်းဆွယ် ပြီးပြည့်စုံတဲ့ နျူကင်းစင်ရေး ကတိပြုတယ်။ ကင်နှင့်အဖွဲ့က အဲဒီနေ့ ညနေပိုင်းမှာပဲ ပြန်တယ်။ ထရမ့်က ညပိုင်းမှပြန်တယ်။ တကမ္ဘာလုံးက စောင့်ကြည့်နေတဲ့ ၂၁ ရာစု ခေတ်သစ်သမိုင်းမှာ သမရိုးကျမဟုတ်တဲ့ ထိပ်သီးတွေ့ဆုံပွဲအဖြစ် ကမ္ဘာကအာရုံအစိုက်ခံရတဲ့ ထရမ့်-ကင် သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲဟာ ရလဒ်ကောင်းတွေနဲ့အတူ အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ မြောက်ကိုရီးယား KCNA သတင်းဌာနမှ ခေါင်းဆောင်နှစ်ယောက် အပြန်အလှန် တရားဝင်အလည်အပတ် ဖိတ်ကြားမှုကို နှစ်ဖက်စလုံးက လက်ခံခဲ့ကြောင်း ကြေညာသွားပါတယ်။

ထိပ်သီးဆွေးနွေးပွဲ အောင်မြင်မှုဂယက်ကြောင့် ဒေါ်လာဈေး စတော့ဈေး ကိုရီးယားအိမ်ခြံမြေဈေးတွေ တက်ကုန်တယ်။ နိုင်ငံခေါင်းဆောင်အများအပြားက မြင့်မြင့်မားမား ချီးကျူးကြိုဆိုကြသော်လည်း စစ်အေးခေတ် သူငယ်နာမစင်သူများက အထီးကျန်အာဏာရှင် ကွန်မြူနစ်မြောက်ကိုရီးယားဟာ မင်းပြောင်းမင်းလွဲဖြစ်မှာကြောက်လို့ ငတ်နေလို့ အာဏာလုပွဲဖြစ်နေလို့ စစ်ရေးအရဖိအားကိုမခံနိုင်လို့ လက်နက်ချအညံ့ခံပြီး နျူကလီးယား စွန့်လွှတ်လိုက်တာဖြစ်ကြောင်း အမေရိကန်စစ်တပ် ရုပ်သိမ်းတာမှားကြောင်း အာဘော်လွှင့်ကြတယ်။

သမိုင်းကို နည်းနည်းပြန်ကြည့်ရအောင်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်စစ်ရှုံးတော့ ဂျပန်ကိုလိုနီဘဝကတည်းက လွတ်လပ်ရေးအတွက်တိုက်ခဲ့တဲ့ ကိုရီးယားအလုပ်သမားပါတီ အာဏာသိမ်းတော့မယ်။ ကိုလိုနီလက်သစ် အမေရိကန်နယ်ချဲ့ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး စွက်ဖက်ရေးပေါ်လစီကြောင့် ကိုရီးယားစစ် (၁၉၅၀ - ၅၃) ဖြစ်တယ်။ တောင်-မြောက် နှစ်ပိုင်းကွဲတယ်။ စစ်ရပ်စဲသော်လည်း တရားဝင်စစ်ပြေငြိမ်းသေးတာ မဟုတ်ဘူး။ စစ်အေးလွန်ခေတ် ကိုရီးယားတောင်မြောက်ပြန်လည်သင့်မြတ်ရေး စာချုပ် (၁၉၉၁)၊ ကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး စာချုပ်(၁၉၉၂) ချုပ်ဆိုခဲ့သော်လည်း မြောက်ကိုရီးယားအပေါ် တဖက်သတ်ဖိအားနဲ့ စစ်ရေးခြိမ်းခြောက်မှုဟာ ရပ်ဆိုင်းမသွားခဲ့ပါဘူး။ တောင်ကိုရီးယား လစ်ဘရယ် အစိုးရလက်ထက် ၁၉၉၈-၂၀၀၈ အထိ ပြန်လည်ပေါင်းစည်းရေးအတွက် နေခြည်ဖြာပေါ်လစီ Sunshine policy နှင့်အတူ ၂၀၀၀ ဆစ်ဒနီအိုလံပစ် ၂၀၀၄ အေသင်အိုလံပစ်၊ ၂၀၀၆ တူရင်ဆောင်းရာသီအိုလံပစ် တို့မှာ နှစ်နိုင်ငံပူးတွဲ ယှဉ်ပြိုင်ခဲ့တယ်။ နှစ်နိုင်ငံဆွေမျိုးများ အပြန်အလှန်လည်ပတ်တာ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်တာတို့ လုပ်လာသော်လည်း အမေရိကန်အစိုးရအဆက်ဆက်ရဲ့ မြောက်ကိုရီးယားအပေါ် ရန်လိုတဲ့သဘောထားကို မပြောင်းလဲခဲ့ပါဘူး။

၂၀၀၃ မှာ မြောက်ကိုရီးယားက နျူမပြန့်ပွားရေးစာချုပ်မှ နုတ်ထွက်ကြောင်း ကြေညာတယ်။ (တရုတ်၊ ရုရှား၊ ဂျပန်၊ အမေရိကန်၊ တောင် မြောက် ကိုရီးယားနှစ်နိုင်ငံ) ၆ နိုင်ငံဆွေးနွေးပွဲများ (၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅) ကျင်းပသော်လည်း တိုးတက်မှုမရှိဘူး။ မြောက်ကိုရီးယား နုတ်ထွက်တယ်၊ နျူအစီအစဉ် ပြန်စမယ်ကြေညာတယ် (၂၀၀၇ ဧပြီ ၁၄)။ မြောက်ကိုရီးယား ပထမဆုံး နျူအငယ်စား စမ်းသပ်မှုကို (၉ အောက်တိုဘာ ၂၀၀၆) မှာလုပ်တယ်။ ၂၀၀၉ မှာ ဒုတိယ အကြိမ်လုပ်ပြီး အိုဘားမားလက်ထက်မှာ ရပ်ထားတယ်။ ဆွေးနွေးပွဲပြန်စဖို့ အရိပ်အယောင် ပြခဲ့သော်လည်း ဒဏ်ခတ်အရေးယူမှု စစ်ကစားမှုများဖြင့် အင်အားပြခြိမ်းခြောက်မှု မရပ်ဘူး။ မြောက်ကိုရီးယားနိုင်ငံ ပြိုကွဲမှုမဖြစ်မချင်း ဖိအားကိုရပ်မှာ မဟုတ်

ဘူး။ (လက်ရှိ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ၂၀၁၁ တက်လာပြီးနောက်)၂၀၁၆ မှာ တတိယနဲ့ စတုတ္ထအကြိမ် စမ်းသပ်မှုလုပ်တယ်၊ ၂၀၁၇ ထဲမှာပဲ နျူစမ်းသပ်မှုအပြင် တာတိုနှင့်တာဝေး ဒုံးစမ်းသပ်မှုများပါ ၂၈ ကြိမ် ပြုလုပ်ခဲ့တယ်ဟုဆိုတယ်။

၂၀၁၇ ဇူလိုင် နျူထိပ်ဖူးသယ်ဆောင်နိုင်တဲ့ တာဝေးပစ်ဒုံး အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့တယ်။ ထရမ့်က မဟာဗျူဟာမြောက် စိတ်ရှည်သည်းခံမှု ကုန်ဆုံးပြီဟုဆိုကာ စစ်ကစားပွဲတွေ အကြီးအကျယ် လုပ်တော့တာပါပဲ။ အပြန်အလှန် စကားလုံးစစ်ပွဲဖြင့် အကြီးအကျယ် ထိုးနက်တိုက်ခိုက်ကြလို့ ကမ္ဘာကြီးဟာ နျူကလီးယားစစ်ပွဲ အန္တရာယ်အတွက် စိုးရိမ်ပူပန် လာကြရပါတယ်။

ကိုရီးယားကျွန်းဆွယ်အရေး ထင်ရှားတဲ့တိုးတက်မှုက ၂၀၁၈ နှစ်ဆန်းမှာစတယ်။ တောင်ကိုရီးယားမှာ ကျင်းပတဲ့ ဆောင်းရာသီအိုလံပစ်မှာ တောင်-မြောက် နှစ်နိုင်ငံ အားကစားသမားများ အပြာရောင်ကျွန်းဆွယ်အလံ ကိုင်ဆောင်ကာ ပူးတွဲယှဉ်ပြိုင်ခြင်း၊ အိုလံပစ်ပွဲကို ခေါင်းဆောင်လာတဲ့ ကင်ဂျုံအန်း Kim Jone-Un ရဲ့နှမ ကင်ရိုဂျုံး Kim Yo-Jong နဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင် Moon Jae-In တို့ ၃ ရက်ခရီးအတွင်း ၄ ကြိမ် တွေ့ဆုံခြင်း၊ ကင်ဂျုံအန်းရဲ့ ပုဂ္ဂိုလ်ရေး ပေးစာကို မွန်ဂျေအင်ထံ ပေးအပ်ခြင်း။

၂၇ ဧပြီ ၂၀၁၈ ကင်-မွန် ထိပ်သီးဆွေးနွေးပွဲ နှင့် ပန်မန်ဂျုံကြေညာစာတမ်းဖြင့် နှင်းခဲပျော်ချိန် ရောက်ခဲ့ပါပြီ။ ထရမ့်-ကင် စင်ကာပူထိပ်သီးတွေ့ဆုံပွဲ မတိုင်ခင် တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ ကင် နှစ်ကြိမ်တွေ့တယ်။ မွန်နဲ့လည်း နှစ်ကြိမ်တွေ့တယ်။ သမ္မတထရမ့်နဲ့ Hot Line မှ မကြာခဏ စကားပြောတယ်။ ကိုရီးယားကျွန်းဆွယ်အရေး တွေ့ဆုံဆွေးနွေးခြင်းသည်သာ တခုတည်းသောလမ်းဖြစ်ကြောင်း တိုက်တွန်းပြောကြားတယ်လို့သိရတယ်။

၂၅-၂၈ မတ် ၂၀၁၈ ကင်-မွန် တွေ့ဆုံပွဲမတိုင်ခင် ရှီရဲ့ဖိတ်ကြားမှုဖြင့် ကင် တရုတ်ပြည်သို့ အလည်အပတ်ရောက်တယ်။ ဒါဟာ ကင် ၂၀၁၁ အာဏာရလာပြီးနောက် ပထမဆုံး ပြည်ပခရီးဖြစ်တယ်။ ရှည်ကြာတဲ့ မိတ်ဆွေကောင်းဆက်ဆံရေး ရှိခဲ့တဲ့ နှစ်နိုင်ငံအကြား ကာလတခု ဖြစ်ရပ်တခုကြောင့် (UN ရဲ့ ဒဏ်ခတ်အရေးယူမှုကို ဆိုလိုတယ်) ပြောင်းလဲသွားမှာ မဟုတ်ကြောင်း၊ ဝါရှင်တန်နဲ့ ရင်ဆိုင်ရာမှာ တဦးတည်း အထီးကျန်မဟုတ်ကြောင်း၊ DPRK ကို ကျော ထောက်နောက်ခံ ပေးသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်အောင်မြင်ဖို့ အားပေးတိုက်တွန်းခဲ့တယ် လို့ဆိုတယ်။

ထရမ့်ကလည်း ၂၇ ဧပြီ ၂၀၁၈ မှာ တွစ်တာမှတဆင့် ယခုလို ထုတ်ဖော်ပြောကြားပါတယ်။ "ကျေးဇူးပြု၍ ကျွန်တော့်ရဲ့မိတ်ဆွေကောင်း တရုတ်သမ္မတကြီးရှီရဲ့ ကြီးမားတဲ့ကူညီမှုကို မမေ့ကြပါနဲ့။ အထူးသဖြင့် ကိုရီးယားနယ်စပ်မှာ (ပန်မန်ဂျုံ ထိပ်သီးဆွေးနွေးပွဲကို ရည်ညွှန်းတယ်) သူသာမပါရင် ဒီကိစ္စဟာ သိပ်ကို ရှည်ကြာခက်ခဲပါလိမ့်မယ်"။

စစ်အေး ခေတ်လက်ကျန် ကိုရီးယားပြဿနာဟာ ပြေလည်ရေးလမ်းစ ပွင့်ခဲ့ပါပြီ။ စစ်အေးလွန် အရင်းရှင်စီးပွား ကပ်နှင့်အတူ ၂၁ ရာစု ကမ္ဘာ့မှုခေတ်သစ်တရပ်ကို ဝင်ရောက်နေချိန် ကိုရီးယားပြည်သူတွေ နိုးကြားလာတာ၊ တောင်ကိုရီးယားမှာ ဒီမိုကရက်တစ်အစိုးရတရပ် တက်လာတာ၊ အမေရိကန်က စီးပွားရေးကောစာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ Protectionism ကျင့် သုံးလာတာ၊ ကမ္ဘာ့စည်းစနစ် အပြောင်းအလဲကို ငြိမ်းချမ်း-တည်ငြိမ်-ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် အတူတကွ ပူးပေါင်း ဆောင်ရွက်ဖို့ တရုတ်က လမ်းခင်းလာတာ၊ တိုင်းပြည်တပြည်ရဲ့ တကယ့်အင်အားဟာ အတတ်ပညာနဲ့ တီထွင်ဆန်းသစ်မှုအပေါ် အခြေခံတဲ့ စီးပွားရေးအင်အားဖြစ်ကြောင်း သိမြင်လာကြလို့ ဖြစ်တယ်။ ရဲရင့်နိုးကြားတဲ့ ကိုရီးယားပြည်သူတွေ ကိုယ်တိုင်ကသာလျှင် ကိုရီးယားနိုင်ငံရဲ့ အနာဂတ်သစ်ကို ဖန်တီးမှာပါ။

ညီဌေးကျော်
(၁၄ ဇွန် ၂၀၁၈)

မြောက်ကိုရီးယားအရေး-----စစ်အေးခေတ်ကြီးပြီးတော့မလား။

ရဲဘော်ရှုယည်

၁၉၇၂-ဖေဖော်ဝါရီ(၂၁)

ပီကင်းနိုင်ငံတကာလေဆိပ်မှာ အမေရိကန်သမ္မတရစ်ချတ်နစ်ဆင်နဲ့ တရုတ်ဝန်ကြီးချုပ်ချိုအင်လိုင်းတို့ လက်ဆွဲနှုတ်ဆက်လိုက်တဲ့ သတင်းဓာတ်ပုံ ကမ္ဘာကိုပြန့်သွားတော့-ကမ္ဘာနိုင်ငံရေးဇာတ်ခုံပေါ်မှာ အပြောင်းအလဲကြီးတွေ ချက်ချင်းပဲ ပေါ်လာတော့မလို ထင်ခဲ့ကြပါတယ်။

မဟုတ်ပါဘူး။ ဒါဟာ-ကမ္ဘာ့အင်အားချိန်ခွင်လျှာအပြောင်းအလဲရဲ့ အစပြုချက်ကလေးပဲ ဖြစ်တာပါ။ နစ်ဆင်ရဲ့ တရုတ်ပြည်ခရီးစဉ်ရဲ့ အကျိုးသက်ရောက်မှုတွေဟာ နှစ်ရှည်လများကြာမှ ပေါ်ထွက်လာတာပါ။

ဥပမာ----၁။ တရုတ်-အမေရိကန်-သံတမန်ဆက်ဆံရေးကို-၁၉၇၉ ခုနှစ်မှ ထူထောင်နိုင်ပါတယ်။

၂။ တရုတ်ပြည်ရဲ့ အရင်းရှင်နိုင်ငံများနဲ့ စီးပွားရေးပူးပေါင်းလုပ်ဆောင်ရေး (တံခါးဖွင့်ပေါ်လစီ)ကို ၁၉၇၈ ခုနှစ်မှ စတင်နိုင်ပါတယ်။ ထို့အတူ-ထိုစဉ်ကတည်းက ရှိနေခဲ့ပြီး အခုအထိ မပြေလည်သေးတဲ့ကိစ္စများလည်း ရှိနေပါသေးတယ်။ ဥပမာ-ထိုင်ဝမ်ပြဿနာ။

ဒါပေမဲ့-အဲဒီအချိန်ကစလို့-ကမ္ဘာကြီးဟာ အပြောင်းအလဲအဆစ်အချိုးတခုကို ကျော်ဖြတ်လိုက်တာပါပဲ။ ကမ္ဘာကြီးကို အနုမြူစစ်ပွဲနဲ့ခြိမ်းခြောက်နေတဲ့ စစ်အေးခေတ်ကြီး ပြီးဆုံးသွားတော့မယ်-ဆိုတဲ့သင်္ကေတလို့ တချို့ပညာရှင်တွေက ဆိုပါတယ်။ အဲဒီအတွက် နိုင်ငံတွေအတော်များများ မူဝါဒထိန်းညှိမှုတွေ လုပ်လာကြပါတယ်။(Survival of the fittest) ဆိုတဲ့အတိုင်း--ခေတ်-စနစ်အပြောင်းအလဲနဲ့အညီ-ထိန်းညှိနိုင်သူများသာ ရှင်သန်ကျန်နိုင်ပါတယ်။

သို့သော် စစ်အေးခေတ်ရဲ့အဓိကလက္ခဏာဟာ နယ်ချဲ့နိုင်ငံကြီးတွေက တတိယကမ္ဘာနိုင်ငံတွေကို အမျိုးမျိုးခြိမ်းခြောက်အကျပ်ကိုင်ရုံမက စစ်အင်အားနဲ့ပါဝင် စွက်ဖက်တာလည်း မမေ့ဖို့ လိုပါတယ်။

အဲဒီဖြစ်စဉ်နဲ့ အလားသဏ္ဍာန်တူတဲ့ အဖြစ်အပျက်တခုလည်း အခုဖြစ်ပေါ်နေပါတယ်။

၂၀၁၈- ဇွန်လ (၁၂)ရက် စင်ကာပူနိုင်ငံမှာ အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်နဲ့ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်းတို့လက်ဆွဲနှုတ်ဆက်လိုက်ချိန်မှာလည်း-ကမ္ဘာကိုပေးလိုက်တဲ့ သတင်းစကားရှိပါတယ်။ နှစ်ပေါင်း(၆၀)ကျော်-ရန်သူကြီးတွေအဖြစ် တဦးအပေါ်တဦး သဘောထားခဲ့သူများအနေနဲ့- မျက်နှာချင်းဆိုင် ဆွေးနွေးအဖြေရှာတဲ့ နည်းလမ်းလည်း သုံးနိုင်တယ်---ဆိုတာပါပဲ။ သူတို့နှစ်ဦး လက်မှတ်ထိုးထုတ်လိုက်တဲ့ သဘောတူညီချက် ထွက်ပေါ်လာတဲ့အခါမှာတော့ သဘောထားအမြင်တွေအမျိုးမျိုးပေါ်ထွက်လာပါတယ်။ အဆိုး-အကောင်း အစွန်းနှစ်ဖက်အမြင်များအပါ သတိနဲ့ အကောင်းမြင်ကြတာကတော့ များပါတယ်။ သဘောတူညီချက်များထဲမှာ-အဓိကနှစ်ချက်ကတော့- မြောက်ကိုးရီးယားက-လုံး ၀ အနုမြူဖျက်သိမ်းရေးကိုလက်ခံလိုက်ရပြီး အမေရိကန်ကတော့-မြောက်ကိုရီးယားလုံခြုံရေးကိုအာမခံတဲ့အနေနဲ့- တောင်ကိုရီးယားနဲ့ ပူးတွဲလုပ်ဆောင်နေတဲ့-စစ်လေ့ကျင့်ခန်းတွေကို ရပ်ပေးလိုက်ရတာပါပဲ။ ဘက်နှစ်ဖက်စလုံးက အပေးအယူလုပ်လိုက်ရတာပါ။ အဆင့်အကန့်အသတ်၊ အချိန်အကန့်အသတ်စတဲ့ အသေးစိတ်ခြေလှမ်းတွေမပါလို့- အဆိုးမြင်သူများရဲ့ ထောက်ကွက်တွေရှိနေပေမယ့်- အဲဒီအဆင့်တွေကို အကောင်အထည်ဖော်မယ့်-ယန္တရားတွေ အဆင်သင့်ပါဝင် လာတာတွေ့လာရပါတယ်။ (ဥပမာ--မြောက်ကိုရီးယားနဲ့တောင်ကိုရီးယားအကြား စစ်တပ်နှစ်တပ်-ဆွေးနွေးပွဲတွေ၊ အားကစားအဖွဲ့များ အတူယှဉ်ပြိုင်ရေး-ဆွေးနွေးပွဲ၊ ကြက်ခြေနီအဖွဲ့များရဲ့ ကွဲကွာသွားတဲ့မိသားစုများ ပြန်တွေ့ရေး ဆွေးနွေးပွဲတွေ ဆက်တိုက်လုပ်နေတာတွေ့ရပါတယ်။)

တကယ်တော့-ဒီလိုမျိုးသဘောတူညီချက်တွေကို အခုမှရတာတော့မဟုတ်ပါဘူး။ မြောက်ကိုရီးယားအရေးနဲ့ပတ်သက်ပြီး ၂၀၀၃ ခုနှစ်ကစပြီး၂၀၀၉ အထိ အကြိမ်ကြိမ်လုပ်ခဲ့တဲ့ ခြောက်နိုင်ငံ(တောင်-မြောက်ကိုရီးယား၊ တရုတ်၊ အမေရိကန်၊ ရုရှား၊ ဂျပန်)အစည်းအဝေးများမှာ သဘောတူညီချက်အမျိုးမျိုး ရခဲ့ဖူးပါတယ်။ အကောင်အထည်ဖော်ရာမှာ နောက်ဆုတ်သွားမှုတွေရှိခဲ့လို့ မအောင်မြင်ခဲ့ပါဘူး။ ဒါ့ကြောင့်လည်း တချို့က အဆိုးမြင်နေကြတာပါ။ ဒါဖြင့်၊ ဒီတချီရတဲ့ သဘောတူညီချက်များကရော-ဘာထူးသလဲ။ ထူးခြားမှုကတော့---

အဓိက-ကတော့ သက်ဆိုင်ရာနိုင်ငံများရဲ့ (က)ပြည်တွင်းအခြေအနေအပြောင်းအလဲများနဲ့ (ခ)ကမ္ဘာ့အခြေအနေအပြောင်းအလဲများအပေါ် ထားရှိတဲ့ သေနင်္ဂဗျူဟာအမြင်များ ပြောင်းလဲသွားတာပါ။

၁။ အမေရိကန်ပြည်သူများအနေနဲ့- ကမ္ဘာပေါ်မှာ မိမိတို့နိုင်ငံက-ပုလိပ်ကြီးလို နေရာတကာပါဝင်ပြီး ငွေရေးကြေးရေးသာမက လူတွေပါဝင် အသေခံလုပ်နေရတာကို မကျေမနပ်ဖြစ်လာပြီး၊ ကိုယ့်နိုင်ငံအတွက်သာ ဦးစားပေးလုပ်ဆောင်လာစေလိုလာပါတယ်။ ဒီလို မလုပ်ရင် ကမ္ဘာ့ဇာတ်ခုံပေါ်က တွန်းအချခံရတော့မှာပါ။ ဒီအချိန်မှာ- အမေရိကန်သာ ပထမ---ဆိုတဲ့ကြွေးကြော်သံတင်လာတဲ့-ဒေါ်နယ်လ်ထရန့်သမ္မတဖြစ်လာပါတယ်။ ရမ်းရမ်းကားကားတွေပြော-လုပ်လာတဲ့ သမ္မတထရန့်ဟာ နိုင်ငံရေးမှာ-အထီးကျန်လာပါတယ်။ သမရိုးကျမဟာမိတ်များ(ဥပမာ-ဥရောပနိုင်ငံများ)နဲ့တောင် အကွဲအပြဲတွေဖြစ်လာပြီး လူထုထောက်ခံမှုပါ ကျလာလို့-သံခင်းတမန်ခင်းအောင်ပွဲခပ်ကြီးကြီး (ဇာတ်ဟာပဲဖြစ်ဖြစ်) လိုအပ်လာတဲ့ အချိန်လည်း ဖြစ်လာနေတာပါ။ ဒါ့အပြင်-ထရန့်ရဲ့ရည်ရွယ်ချက်ကလည်း မြောက်ကိုရီးယားကို တရုတ်တို့ရုရှားတို့ရင်ခွင်ထဲက ဆွဲ

ထုတ်ပြီး တောင်ကိုရီးယားနဲ့တွဲလျက် အမေရိကန်ရဲ့လုံခြုံရေးကွန်ရက်ထဲ ဆွဲသွင်းပြီး-ကိုရီးယားကျွန်းဆွယ်တခုလုံးအပေါ် အင်အား အသာစီးရလာရေးကိုပါ။ နိုင်ငံငယ်တွေရဲ့အရေးကိစ္စတွေကို နိုင်ငံကြီးတွေက အမျိုးမျိုးဖိအားပေး (sanction အပါ) တာကို အစဉ်အလာအဖြစ် ခံကြမလား။ ဒါကလည်း စဉ်းစားစရာ ပြဿနာ တရပ်ဖြစ်ပါတယ်။

၂။ မြောက်ကိုရီးယားအနေနဲ့ အနှစ်(၂၀)လောက် တိုင်းပြည်အင်အားအားလုံး ပုံအောပြီး အကြီးအကျယ် လုံးပန်းခဲ့တဲ့ အနုမြူဗုံးကို အဆင့်မီထုတ်လုပ်နိုင်ရုံမက- အဲဒီဗုံးကိုသယ်ဆောင်ပြီး-အမေရိကန်ထိရောက်အောင် ပစ်နိုင်တဲ့ တာဝေးပစ်ဒုံးကျည်ကိုလည်း အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုက သူ့ကိုလူရာသွင်းဆက်ဆံရဖို့ ဖြစ်လာတာပါ။ အမေရိကန်များအနေနဲ့ သူ့နိုင်ငံပထဝီအနေအထားအရ သမရိုးကျစစ်ပွဲများကို ရှောင်နိုင်ခဲ့နိုင်ရုံမက၊ အဲဒီစစ်ပွဲများအပေါ်မှီပြီး အကျိုးအမြတ် တွေရခဲ့တာပါ။(ဥပမာ-ကမ္ဘာစစ်ကြီးများအတွင်း အမေရိကန်ရဲ့ အခြေအနေကိုကြည့်ပါ။) သမရိုးကျစစ်ပွဲ ဖြစ်လာလည်း အမေရိကန်က မကြောက်ပါဘူး။ သမရိုးကျလက်နက်မှာ အမေရိကန်က ကမ္ဘာပေါ်မှာအင်အားအကြီးဆုံးပါ။ ဒါ့အပြင် ရိုးရိုးစစ်ပွဲများမှာဆို-အောက်ခြေအဆင့်စစ်သားများသာ သေဆုံးထိခိုက်တာပါ။ အနုမြူစစ်ပွဲဆိုရင်တော့-မကောင်းသူထိပ်- ကောင်းသူထိပ် ဘယ်သူမှ မလွတ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် မြောက်ကိုရီးယားရဲ့အနုမြူရန်ကို ကြောက်ကြတာပါ။ ဒီနိုင်ဖဲကို မြောက်ကိုရီးယားကကိုင်ပြီး အမေရိကန်လူထုရဲ့စိတ်အခြေခံ၊ ထရန့်ရဲ့အကျပ်အတည်းများ---စတာ စတာတွေအားလုံး အချိန်မီဆုပ်ကိုင်လိုက်ပြီး အခွင့်အရေးပေါ်လာတာနဲ့ (တောင်ကိုးရီးယားမှာကျင်းပတဲ့ ဆောင်းရာသီအိုလံပစ်ပွဲတော်)ကမ္ဘာဇာတ်ခုံပေါ် တက်လာတာပါပဲ။ နိုင်ငံတကာ(အထူးသဖြင့်တရုတ်)ရဲ့ ဝိုင်းဝန်းပိတ်ဆို့မှုများကြောင့် စီးပွားရေးကလည်း အထိနာနေတာလည်းပါပါတယ်။ ဒါ့ကြောင့် သူ့နိုင်ငံလုံခြုံရေးအာမခံချက်ရရှိရေး-ဆိုတဲ့အကြောင်းပြချက်ကို ကိုင်စွဲပြီး၊ အနုမြူလက်နက်များ ဖျက်သိမ်းပေးပါ့မယ်-ဆိုတဲ့ ကတိပေးကာ၊ ချွတ်ခြုံကျနေတဲ့စီးပွားရေး ပြန်ထူထောင်နိုင်ရေးဘက် လှည့်လာတာပါ။

၃။ တရုတ်ရဲ့အခန်းကလည်း အတော်အရေးပါပါတယ်။ တရုတ်အနေနဲ့ မြောက်ကိုရီးယားနိုင်ငံ အနုမြူလက်နက်ပိုင်ဆိုင်တဲ့နိုင်ငံ ဖြစ်မသွားစေချင်ပါဘူး။ မြောက်ကိုးရီးယာ-အနုမြူပိုင်သွားရင်-ဒါကိုအကြောင်းပြပြီး တရုတ်ရဲ့ရန်သူတော်ဂျပန်ကလည်း အနုမြူဗုံးတပ်ဆင်လာနိုင်ပါတယ်။ အခုတောင်-အမေရိကန်က တောင်ကိုရီးယားကာကွယ်ရေးအတွက် ဆိုပြီး ဒုံးပျံကာကွယ်ရေးစနစ် လာတပ်ဆင်ရေးအစီအစဉ်တွေ စနေပါပြီ။ အဲဒီက ရေဒါစနစ်ဖြန့်ကျက်မှုစက်ဝန်းဧရိယာတွေဟာ တရုတ်အရှေ့မြောက်ဒေသနဲ့၊ ရုရှားရဲ့အရှေ့စွန်းအရပ်တွေအထိ ရောက်ပါတယ်။ တရုတ်နဲ့ရုရှားနိုင်ငံလုံခြုံရေးတွေအတွက် အန္တရာယ်ပါ။ ဒါ့ကြောင့် တရုတ်ရော၊ရုရှားပါ-ကိုးရီးယားကျွန်းဆွယ်အနုမြူလက်နက်ကင်းစင်ရေးဟာ-သူတို့နိုင်ငံများရဲ့သေနင်္ဗျူဟာ-အကျိုးစီးပွားနဲ့ဆက်စပ်နေပါတယ်။ တရုတ်ရော ရုရှားပါ ဒီလိုသဘောထားကြပေမယ့် အခြားတဖက်မှာကျတော့ အနုမြူနဲ့ နျူကလီယာဗုံးကိစ္စမှာ ဒီဗုံးတွေကိုအများဆုံးပိုင်ဆိုင်ထားတဲ့ နိုင်ငံကြီးတွေက တလုံးမှလျှော့မချဘဲ တခြားနိုင်ငံတွေကို အမျိုးမျိုးအကျပ်ကိုင်တာကို လုံးဝဆန့်ကျင်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးကို ဒီဗုံးတွေရဲ့ရန်ကကင်းဝေးရေးထက် နိုင်ငံကြီးတွေရဲ့ တကမ္ဘာလုံးကိုချုပ်ကိုင်၊ အနိုင်ကျင့်နိုင်ရေးအတွက်ဘဲ အထောက်အကူ ဖြစ်စေမှာလို့ ယုံပါတယ်။ ဒါကြောင့် မြောက်ကိုရီးယားရဲ့ဗုံးတွေ ဖျက်သိမ်းရတာကို တကမ္ဘာလုံးရဲ့အောင်ပွဲလို့ သဘောထားလို့ မဖြစ်ပါဘူး။

တရုတ်အနေနဲ့-ငြိမ်းချမ်းရေး၊ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွေးနွေးညှိနှိုင်းအဖြေရှာရေး-ဆိုတဲ့ ကြွေးကြော်သံများ တင်ပြီး သူ့နိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ပေါ်လစီ ကျင့်သုံးလာရာမှာ အနှစ်(၄၀)(၁၉၇၈-၂၀၁၈)ကြာပြီးနောက်၊ အခုအခါ ကမ္ဘာ့မှာစီးပွားရေးအရ ဒုတိယအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာပါတော့တယ်။ ဒါ့အပြင် စစ်ရေးအရလည်း ဘက်စုံက (အထူးသဖြင့် ရေတပ်)အင်အား တောင့်တင်းလာပါတယ်။ ဒါ့ကြောင့်-နိုင်ငံရေးအရ-သံခင်းတမန်ခင်းအရ လက်ဦးမှုရယူပြီး ရှေ့တန်းကို တဖြည်းဖြည်းတိုးလာနေပါတယ်။ သဘောက-တရုတ်အနေနဲ့ ဒေသဆိုင်ရာအင်အားကြီးနိုင်ငံတရပ်အဖြစ်ကနေ-ကမ္ဘာ့အင်အားကြီးနိုင်ငံတနိုင်ငံအဖြစ်သို့ တက်လှမ်းလာတဲ့ဖြစ်စဉ်ကို မြင်တွေ့လာရပါတယ်။ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းက လွတ်ရာလွတ်ကြောင်း နည်းလမ်းများကိုရှာလာရာမှာ-လူကြိုက်နည်းလာနေတဲ့ (အရင်းရှင်) ဂလိုဘယ်လိုက်ဖေးရှင်းကို ဆိုရှယ်လစ်ဂလိုဘယ်လိုက်ဖေးရှင်း(ကံကြမ္မာများကိုမျှဝေထားတဲ့ လူ့အဖွဲ့အစည်းထူထောင်ရေး-Community of

shared destiny) နဲ့ အစားထိုးရေးအတွက်-သေနင်္ဂဗျူဟာခြေလှမ်းကြီးဖြစ်တဲ့ ခေတ်သစ်ပိုးလမ်းမစီမံကိန်း(One Belt One Road—OBOR)ကို တင်ပြလုပ်ဆောင်လာနေပါတယ်။ ဒီအခြေခံပေါ်မှာ တရုတ်အနေနဲ့-ကမ္ဘာပေါ်ရှိ အပူကွက်(hotspot) တွေ ဖြေရှင်းနိုင်တဲ့နည်းနာတွေကိုပါ တင်ပြတာတွေလုပ်လာရုံမက-ဒါတွေအတွက် ဝန်းဝိုင်းကူညီတာ၊ အခွင့်အခါကောင်းတွေကို ဖန်တီးပေးတာ---စတာတွေ လုပ်ဆောင်ပေးလာနေပါတယ်။ တရုတ်ရဲ့ ဒီလမ်းသစ်ဖောက်လုပ်မှု အောင်မြင်-မအောင်မြင်ကိစ္စကိုတော့ စောင့်ကြည့်ကြရပါမယ်။

မြောက်ကိုရီးယားပြဿနာဖြေရှင်းရေးမှာ တပြိုင်တည်းနှစ်မျိုးရပ်ရေး-(မြောက်ကိုရီးယားကလည်း အနုမြူလက်နက်နဲ့ ဒုံးပျံများ စမ်းသပ်မှုများရပ်-အမေရိကန်နဲ့ တောင်ကိုရီးယားတို့ကလည်း စစ်ရေးပူးတွဲလေ့ကျင့်မှုများရပ်ရေး)-ဆိုတဲ့ အဆိုကိုတင်လာနေပြီး မြောက်ကိုရီးယားနဲ့တောင်ကိုရီးယားအကြား ဆက်ဆံရေး၊ မြောက်ကိုရီးယားနဲ့အမေရိကန်အကြား ဆက်ဆံရေးများမှာလည်း-အဆင်ပြေရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ တွန်းတွန်းတိုက်တိုက် ကူညီလုပ်ဆောင်ပေးတာတွေ တွေ့ရပါတယ်။

ဥပမာ-- မြောက်ကိုရီးယားရဲ့ လုံခြုံရေးအတွက်ပူပန်မှုများကို ကူညီဖြေရှင်းပေးတာများ၊ ကင်ဂျုံအန်းခရီးစဉ်များအတွက် (နိုင်ငံတကာထောက်လှမ်းရေးကွန်ရက် အပြည့်အစုံရှိတဲ့) တရုတ်လေယာဉ်များ စီစဉ်ပေးတာမျိုး။ ဒီလိုနည်းနဲ့ မြောက်ကိုရီးယားက အနုမြူလက်နက်တွေစွန့်လွှတ်ပြီး၊ အတုံ့အပြန်အနေနဲ့ မြောက်ကိုရီးယားနိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွေအတွက်၊ တရုတ်က(စီးပွားရေးအရ) အကူအညီတွေပုံပေးဖို့ ပြင်ဆင်နေတာတွေလည်း ရှိပါတယ်။ တရုတ်နဲ့ မြောက်ကိုရီးယားနယ်စပ်ကြားဒေသက ယာလူးမြစ်ကမ်းတွေမှာ လွတ်လပ်စွာကုန်သွယ်ခွင့်ရ အထူးဒေသတွေ စတင် တည်ဆောက်နေတာတွေလည်း ရှိပါတယ်။ ဒါ့အပြင် အခုတလော တရုတ်ပြည်ကို ခပ်စိပ်စိပ်လာနေတဲ့ မြောက်ကိုရီးယား စီးပွားရေးကိုယ်စားလှယ်အဖွဲ့များကို သမ္မတရှီကျင့်ဖင်အပါ ထိပ်တန်းခေါင်းဆောင်တွေ ထွက်တွေ့ဆုံနေရုံမျှမက-တရုတ်ရဲ့စီးပွားရေးအင်အားကောင်းနေတဲ့ ဒေသတွေ၊ လုပ်ငန်းတွေကို လှည့်လည်ပြတာတွေ လုပ်နေတာ တွေ့ရပါတယ်။

ဒီနေရာမှာ အနောက်နိုင်ငံသားများနားမလည်နိုင်တဲ့၊ ထည့်လည်း တွက်ချက်ရကောင်းမှန်းမသိတဲ့-အာရှသားများရဲ့တန်ဖိုးများ(Asian Values)အကြောင်းကလည်း တကြောင်းအဖြစ် ပါဝင်နေပါတယ်။ တရုတ်ပြည်သူများနဲ့ မြောက်ကိုရီးယားပြည်သူများအကြားက နက်ရှိုင်းလှတဲ့ သံယောဇဉ်အကြောင်းပါ။ မြောက်ကိုရီးယားပြည်သူများအနေနဲ(-၁၉၅၀-၅၃) ကိုရီးယားစစ်ပွဲအတွင်း၊(ကုလသမဂ္ဂအလံခြုံထားတဲ့)အမေရိကန်ရဲ့ကျူးကျော်မှုကို အသေအကျေ (အကျအဆုံး ၁ သိန်းကျော်) အများကြီးခံပြီး ကူညီတားဆီးပေးခဲ့တဲ့-တရုတ်တွေရဲ့ကျေးဇူးကို အမြဲသတိတရရှိနေတာပါ။ အဲဒီကျဆုံးသူတွေထဲမှာ အဲဒီကာလ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်လည်းဖြစ်၊ တရုတ်နိုင်ငံရဲ့သမ္မတကြီးလည်းဖြစ်တဲ့ ဥက္ကဋ္ဌမော်စီတုန်းရဲ့ သားကြီးသြရသ-အသက်၂၈နှစ်ရွယ်-မော်အန်ရင်း ပါခဲ့ပါတယ်။

မော်အန်ရင်းအတွက် အထိမ်းအမှတ် ဘာတခုမှ တရုတ်ပြည်မှာမရှိပေမယ့် ပြုံယမ်းက-ကိုရီးယားစစ်ပွဲမှာ ကျဆုံးတဲ့ တရုတ်တပ်ဖွဲ့ဝင်များရဲ့ အာဇာနည်ဗိမာန်မှာတော့ မော်အန်ရင်းရဲ့ကိုယ်တပိုင်း ရုပ်ထုလေးနဲ့ ဂူသချိုင်း ရှိပါတယ်။ ဒါကြောင့်ပဲ၊ တရုတ်များရဲ့ တိုးတိုးတိတ်တိတ်နားချမှုတွေကို သူတို့လက်ခံနိုင်တာပါ။ သူတို့ရဲ့ အကျိုးစီးပွားပေါ်ကနေ ပြောနေတယ်-ဆိုတာ-သူတို့ယုံကြည်လို့ပါ။

တရုတ်တွေအနေနဲ့ကလည်း-အခုကာလ မြောက်ကိုရီးယားရဲ့ အခြေအနေ(နိုင်ငံရေးစီးပွားရေး)တွေဟာ သူတို့တတွေ ကျော်ဖြတ်ခဲ့ရတဲ့-ယဉ်ကျေးမှုတော်လှန်ရေးကာလ အခြေအနေမျိုးဖြစ်နေတယ်။ ဒီအတွက်-စာနာစွာ ကူညီရလိမ့်မယ်--လို့သဘောထားပါတယ်။ ဒါ့ကြောင့် အလွန်စိတ်ရှည်စွာ ဖျောင်းဖျမှုတွေလုပ်ပါတယ်။ ဥပမာ-တရုတ်ပါတီ-၁၉ ကြိမ်မြောက် ကွန်ဂရက်အပြီး အဆင့်မြင့်ခေါင်းဆောင်တယောက်လွှတ်ပြီး-တရုတ်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်တွေကို ရှင်းပြတာတွေ လုပ်ပါတယ်။ ဒါတွေက မြောက်ကိုရီးယားတွေကို နိုင်ငံရေးအရ အတွေးအခေါ်လွတ်မြောက်ပြီး ပြုပြင်ပြောင်းလဲရေးလမ်းပေါ်ရောက်အောင် ကူညီတာပါ။

၄။ တောင်ကိုရီးယားမှာ သမ္မတသစ်တက်လာနိုင်တာကလည်း-ဒီဖြစ်စဉ်ကို တတပ်တအား ရှေ့တိုးလာနိုင်စေခဲ့ပါတယ်။ သမ္မတမွန်ဂျေအင်းဟာ-ငယ်စဉ်က မြောက်ကိုရီးယားက ပြေးလာရတဲ့သူတွေကိုထားတဲ့ ဒုက္ခသည်စခန်းမှာ ကြီးလာခဲ့သူတဦးပါ။ ဒ့ါအပြင် တောင်ကိုရီးယားပြည်သူများကလည်း မြောက်ကိုရီးယားနဲ့ အလွန်ပေါင်းစည်းချင်နေကြပါပြီ။ ဒ့ါကြောင့် မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးကောင်းမွန်ချင်တဲ့ မွန်ဂျေအင်းကို အစောကတည်းက ထောက်ခံခဲ့ကြတာပါ။ ဒါပေမဲ့-တောင်ကိုရီးယားစစ်တပ်က မလိုလားလို့၊ ၂၀၁၂ရွေးကောက်ပွဲမှာ ဝင်ညစ်လို့၊ သူ ရှုံးခဲ့ရတာပါ။ ပတ်ကွမ်ဟေး-လာဘ်စားမှုနဲ့ထောင်ကျသွားပြီး ကျင်းပတဲ့သမ္မတရွေးကောက်ပွဲမှာမှ သူအနိုင်ရပြီး သမ္မတဖြစ်လာတာပါ။ သမ္မတဖြစ်လာကတည်းက မြောက်ကိုရီးယားနဲ့ဆက်ဆံရေးကောင်းမွန်ဖို့ အခွင့်အရေးရှိသမျှ ကြိုးစားနေရုံမျှမက-ဒီအရေးမှာ အရေးပါတဲ့နိုင် ငံကြီးများဖြစ်တဲ့- အမေရိကန်နဲ့ရော- တရုတ်နဲ့ပါ ဆက်ဆံရေးကောင်းအောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ဒါတွေအားလုံးက-မြောက်ကိုရီးယားအနုမြူပြဿနာဖြေရှင်းရေးမှာ အထောက်အကူပြုခဲ့တာပါပဲ။ ဒါပေမဲ့-ဒီပြဿနာကို တဆင့်ချင်းသာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့-(မြောက်ကိုရီးယားခေါင်းဆောင်-ကင်ဂျုံအန်းစကား ယူသုံးရရင်) အတွေးအခေါ်ဟောင်းတွေ လုပ်ဟန်ဟောင်းတွေရဲ့ တားဆီးပိတ်ဆို့မှုတွေရှိနိုင်လို့ပါပဲ။ ဘက်အသီးသီးမှာ အကျိုးစီးပွားဆိုင်ရာ ပြဿနာများ ရှိနေလို့ဖြစ်ပါတယ်။

ဥပမာ-အားဖြင့်-အမေရိကန်ကနိုင်ငံရေးမှာ ဩဇာအရှိန်ကြီးမားလှတဲ့-(Industrial Military Complex)-ခေါ်-လက်နက်ထုတ်လုပ်တဲ့အုပ်စုရဲ့သဘောထားက အချက်အချာကျပါတယ်။ ဇွန်လ(၁၂)ရက်နေ့ ထိပ်သီးဆွေးနွေးပွဲအပြီး ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ သမ္မတထရန့်က-တောင်ကိုရီးယားမှာ ချရပ်ထားတဲ့ အမေရိကန်မရိန်းတပ်သား သုံးသောင်းနဲ့ပတ်သက်ပြီးပြောရာမှာ-ကျွန်တော့်စိတ်ဆန္ဒအရဆိုရင် အခုပြန်ခေါ်ချင်ပေမယ့်-ဒီကိစ္စကို ကျွန်တော်တယောက်တည်းက ဆုံးဖြတ်လို့မရပါဘူး။--လို့ပြောသွားတာကိုကြည့်ပါ။(ထရန့်အနေနဲ့ ဒီအစည်းအဝေးတက်ဖို့တောင် အတော်ကြိုးစားခဲ့ရတာပါ။)

ဒ့ါကြောင့်-ဒီပြသာနာကိုဖြေရှင်းရာမှာ-အလွန်စိတ်ရှည်ရမှာဖြစ်ပြီး နည်းလမ်းပေါင်းစုံကို တီထွင်ဖန်တီးမှုရှိစွာ ပျော့ပျောင်းစွာ ကိုင်တွယ်ရပါလိမ့်မယ်။ ဒီကာလရဲ့သတင်းကောင်းကတော့-ကမ္ဘာ့ပြည်သူလူထုကြီး တရပ်လုံး ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အလွန်လိုလားနေကြပြီး-သတင်းမီဒီယာများရဲ့ ပွင့်လင်းလာမှုများကလည်း ဒီစိတ်ဓာတ်တွေကို အထောက်အကူပြုနေတယ်ဆိုတာပါပဲ။

ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့-အနုမြူစစ်ကြီးဖြစ်တော့မယ့်အခြေအနေကနေ-တင်းမာမှုတွေ လျှော့ချလိုက်နိုင်တာပါပဲ။ စစ်သံတွေ တငြိမ်းငြိမ်းပေးနေရာကနေ-ဆွေးနွေးပွဲတွေအမျိုးမျိုး ပေါ်ထွက်လာနေပြီး၊ ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းတွေပေါ် ပြန်ရောက်လာနေကြပါပြီ။

ရဲဘော်ရှုယဉ်။

၂၅-၆-၂၀၁၈

ကွန်မြူနစ်ပါတီကြေညာစာတမ်း

နှစ် ၁၇၀ ပြည့်မြောက်တဲ့ အခါသမယကို

အထိမ်းအမှတ်ပြုခြင်း

ရဲဘော်သိန်းမောင်

ဒီနှစ် ၂၀၁၈ ခုနှစ်ဟာ အလွန်အဓိပ္ပာယ်ရှိတဲ့ နှစ်တနှစ် ဖြစ်တယ်။ ဘာကြောင့်ပါလဲ။

မာ့က်စ်ဟာ ၁၈၁၈ မေလမှာ မွေးဖွားခဲ့သူဖြစ်လို့ ဒီနှစ် ၂၀၁၈ မေလဟာ မာ့က်စ်ရဲ့ အနှစ် ၂၀၀ ပြည့် မွေးနှစ် ဖြစ်တယ်။ ကွန်မြူနစ်ပါတီကြေညာစာတမ်းဟာ ၁၈၄၈ ဖေဖော်ဝါရီမှာ ပုံနှိပ်ထုတ်ဝေခဲ့တာဖြစ်လို့ ၂၀၁၈ ခု နှစ် ဖေဖော်ဝါရီဟာ ကြေညာစာတမ်း ပေါ်ထွက်လာတဲ့ အနှစ် ၁၇၀ ပြည့်မြောက်တဲ့ ထူးခြားတဲ့ အခါသမယဖြစ်တယ်။

ဒါကြောင့် ကွန်မြူနစ်ပါတီ ကြေညာစာတမ်း နှစ် ၁၇၀ ပြည့်မြောက်တဲ့ အခါသမယကို ဒီစာတမ်းနဲ့ အထိမ်းအမှတ် ပြုလိုက်ပါတယ်။

ကွန်မြူပါတီ ကြေညာစာတမ်း ပေါ်ထွက်လာတဲ့ ခေတ်ကာလရဲ့ နောက်ခံ

(က) စီးပွားရေးနောက်ခံ

၁၉ ရာစု အလယ်ပိုင်း၊ ဥရောပတိုက်နဲ့ မြောက်အမေရိကတိုက် ကုန်းမြေပေါ်မှာ လယ်ယာလုပ်ငန်းစီးပွားရေးမှ စက်မှုလုပ်ငန်းစီးပွားရေးဖြစ်ထွန်းတိုးတက်မှုတွေဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ပြုပြင်ပြောင်းလဲရေးကာလသို့ ရောက် ရှိ နေပါပြီ။ လူ့အဖွဲ့အစည်း ကုန်ထုတ်စွမ်းအားစုဟာ ရေတွေပန်းထွက်နေသလို အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုးပွားနေတယ်။ ဥပမာ - မီးရထားကို တီထွင်လိုက်ခြင်းအားဖြင့် မီးရထားရဲ့သယ်ယူပို့ဆောင်နိုင်မှု စွမ်းအားနဲ့ လျင်မြန်မှုတို့ဟာ မူလ ရှိပြီး သားဖြစ်တဲ့ နွား၊ မြင်းစတဲ့ တိရစ္ဆာန်စွမ်းအားတို့နဲ့ သယ်ယူပို့ဆောင်ခြင်းထက် အများကြီး သာလွန်တယ်။ အကြီးစား အ ထည်ရက်ကန်းစက်၊ ချည်ငင်စက်တွေ ပေါ်ထွန်းလာခြင်းက လုပ်အားပေး ကုန်ထုတ်လုပ်မှု (Productivity) ဟာ အဆ ပေါင်းများစွာ မြင့်တက်သွားခဲ့တယ်။ စီးပွားရေးရှုထောင့်ကကြည့်ရင် ကုန်ထုတ်စွမ်းအားစု အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုး တက်လာခြင်း၊ စက်မှုလုပ်ငန်းများဖြစ်ထွန်း ပေါ်ပေါက်လာခြင်းတို့က အစဉ်အလာဖြစ်တဲ့ လယ်ယာ ထွန်ယက်စိုက်ပျိုးတဲ့ စီး

ပွားရေး၊ လယ်သမားကလေးစီးပွားရေးတို့ကို အစားထိုးလိုက်ပြီး အကြီးအကျယ် ကုန်ထုတ်လုပ်ငန်းတွေ ပေါ်ပေါက်လာနေတဲ့ ခေတ်ဖြစ်တယ်။

(ခ) လူမှုရေးနောက်ခံ

စက်မှုလုပ်ငန်းကြီးတွေ ပေါ်ထွက်လာတာနဲ့အမျှ ဥရောပတိုက်ရဲ့ အဓိကနိုင်ငံတွေဟာ အစဉ်အလာ လူ့အဖွဲ့အစည်းမှ အရင်းရှင်စနစ်လူ့အဖွဲ့အစည်းသို့ အလျင်အမြန် ပြောင်းလဲသွားရေးကာလသို့ ရောက်ရှိသွားခဲ့တယ်။ ဒီလို အကြီးအကျယ် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာမှုက တဖက်မှာ ကုန်ထုတ်စွမ်းအားစု တဟုန်ထိုးမြင့်တက်လာရေးကို တွန်းဆော်ပေးပြီး၊ လူ့အဖွဲ့အစည်းဥစ္စာခနေ တဟုန်ထိုး တိုးပွားမှုကို ရရှိစေတယ်။ တချိန်တည်းမှာလည်း လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားခံစားရမှုပုံစံ မတူကွဲပြားမှုကို အကြီးအကျယ်ဖြစ်ပေါ်စေတယ်။ ဒီလိုနည်းနဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုနဲ့ ဥစ္စာခနေ တိုးပွားမှုတို့က ဆန့်ကျင်ဘက်အားဖြင့် လူ့အဖွဲ့အစည်းပဋိပက္ခအမျိုးမျိုးကို အဆက်မပြတ် ပြင်းထန်လာစေခြင်းနှင့် အချင်းပွားမှုများ ပြင်းထန်လာစေခြင်းပါပဲ။ ဥပမာ-ဥရောပတိုက်ရဲ့ အလုပ်သမားလှုပ်ရှားမှုကြီး ၃ ရပ် -- ပြင်သစ် လီယွန်အလုပ်သမားလုပ်ရှားမှု၊ ဗြိတိန်ချားလ်တစ်လှုပ်ရှားမှု၊ ဂျာမနီ ဆီလီဆာ(Silesia) ရက်ကန်းအလုပ်သမားများ ပုန်ကန်မှု။ ဂျာမနီနဲ့ ပြင်သစ်အလုပ်သမားတွေ လမ်းပေါ်တက်၊ လမ်းထိပ်တွေမှာ လမ်းခံကတုတ်တွေ ဆောက်ပြီး ပုန်ကန်တော်လှန်ကြခြင်းအားဖြင့် သူတို့အပေါ် အရင်းရှင်များ၊ အရင်းရှင်ကြီးများက သွေးစုပ်မှုများကို ခုခံဆန့်ကျင်ကြတယ်။ ဒီလိုအခြေအနေအောက်မှာ ဒီအလုပ်သမားတွေကို ဒီလိုမဆီလျော်တဲ့ လူမှုအခြင်းအရာတွေကို ဆီလျော်စွာ၊ သိပ္ပံနည်းကျစွာ ရှင်းလင်းဖွင့်ဆို ရေးပြနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အဲဒါမှသာ သူတို့ကိုယ်တိုင် သူတို့ရဲ့ အဆင့်နေရာ၊ သူတို့ရဲ့ အခြေအနေကို ရှင်းရှင်းလင်းလင်း နားလည်သိမြင်သွားစေပြီး အဲဒီနောက် တဆင့်တက်ကာ ဒီအဆင့်နေရာနဲ့ အခြေအနေပြုပြင်ပြောင်းလဲပစ်ရေးအတွက် ပုံစံနဲ့လမ်းကြောင်းကို စူးစမ်းလေ့လာသွားစေပါလိမ့်မယ်။

(ဂ) သဘောတရားနောက်ခံ

လူ့အဖွဲ့အစည်းရဲ့ ရောမအပြောင်းအလဲများက လူမှုရေးအတွေးအခေါ် ရေစီးကြောင်းအမျိုးမျိုးကို အလွန့်အလွန် သက်ဝင်လှုပ်ရှားလာစေသလို သဘောတရားအမျိုးမျိုးလည်း ပြန့်ပွားဖို့အခွင့်အလမ်းတွေ ရရှိစေတယ်။ အင်္ဂလိပ်စီးတင်ဘောဂဗေဒပညာရှင် အဒမ်စမစ်၊ ဒေးဗစ်ရီကာဒိုတို့ဟာ စီးပွားရေးရှုထောင့်ကနေ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ ရေသောက်မြစ်ကို ခွဲခြမ်းစိတ်ဖြာကြတယ်။ ဟီဂယ်နဲ့ ဖျူးဝါးဘတ်တို့ဟာ ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲတွေကို ပိုမိုတွေ့မြင်ခဲ့ကြတယ်။ ဟီဂယ်က ဖွံ့ဖြိုးတိုးတက်မှုနဲ့ အပြောင်းအလဲတွေဟာ အရာဝတ္ထုတွေရဲ့ လှုပ်ရှားမှု၊ ဖွံ့ဖြိုးတိုးတက်မှု တရားဥပဒေတွေနဲ့ ဆီလျော်မှုရှိစွာ ဖြစ်ပေါ်နေတာလို့ မှတ်ယူပါတယ်။ ဒါကြောင့် သူက အရာဝတ္ထုတွေရဲ့ အဆက်မပြတ်လှုပ်ရှားမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အလေးထားပြီး ဒါကို အဘိဓမ္မာရှုထောင့်ကနေ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ အပြောင်းအလဲအဖြစ် အတည်ပြုခဲ့တယ်။ အင်္ဂလိပ်နဲ့ ပြင်သစ် ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်ပညာရှင်များဖြစ်တဲ့ တနည်းအားဖြင့် စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒီ ၃ ဦးဖြစ်တဲ့ စိန့်ဆိုင်မွန်၊ ဖိုရီးယား၊ အိုဝင်တို့ဟာ အစဉ်အလာ ဥရောပ ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်တွေကို လူ့အဖွဲ့အစည်း ပိုမိုသမာသမတ်ကျရေး၊ လူ့အဖွဲ့အစည်း ပိုမိုဖြောင့်မတ်ရေး ရှုထောင့်ကနေ ဆက်ခံခဲ့ကြတယ်။ စက်မှုလုပ်ငန်းကြီးများ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် အရင်းရှင်စနစ်ရဲ့ ပဋိပက္ခနဲ့ ချွတ်ယွင်းချက်များ ပေါ်ထွက်လာခြင်းအားဖြင့် ဒီလိုလူ့အဖွဲ့အစည်းနဲ့ မဆီလျော်တဲ့ အခြင်းအရာတွေကို ပြုပြင်ပြောင်းလဲရန် သဘောတရားနဲ့ နည်းနာတွေကို ရှင်းလင်းဖွင့်ဆိုပြပါတယ်။ ဒါကြောင့် အဲဒီတုန်းက ပြန့်ပွားလာတဲ့ သဘောတရားအမျိုးမျိုးဟာ မာ့က်စ်ဝါဒ ဖြစ်တည်လာရေးအတွက် ကြွယ်ဝတဲ့ အတွေးအခေါ်ရေသောက်မြစ်ကို ဖြည့်ဆည်းပေးပါတယ်။ မာ့က်စ်ဝါဒဟာ မာ့က်စ်နဲ့ အိန်ဂယ်တို့က ရှေ့လူများရဲ့ အတွေးအခေါ်အသီးအပွင့်များမှ ဆီလျော်ရာများကို စုပ်ယူတဲ့ အခြေခံအုတ်မြစ်ပေါ်မှာ မိမိတို့ကိုယ် တိုင်

ကြိုးပမ်းအားထုတ်မှုနဲ့ မိမိတို့ဘာသာ တီထွင်ဖန်တီးမှုတွေ ထပ်လောင်းမှုဖြင့် ဖြစ်တည်လာတဲ့ သဘောတရား ဖြစ် တယ်။

(ဃ) မိမိကိုယ်ကိုယ် ပြုပြင်ပြောင်းလဲမှု

မာ့က်စ်ဝါဒ သဘောတရားဖြစ်တည်လာရာမှာ အထက်ဖော်ပြပါ ပကတိဘာဝနောက်ခံများအပြင် အရေးကြီးဆုံး ကတော့ မိမိဘာသာ တွေးခေါ်ယူဆမှုပိုင်းဆိုင်ရာ အရင်းခံကျတဲ့ အပြောင်းအလဲတွေ ပေါ်ပေါက်ခဲ့ခြင်းပါပဲ။

မာ့က်စ်ဟာ ၁၈၁၈ မှာ မွေးဖွားသူ၊ အိန်ဂယ်က ၁၈၂၀ မှာ မွေးဖွားသူဖြစ်တယ်။ သူတို့ မွေးဖွားလာချိန်ဟာ ပဒေသရာဇ်စနစ်ကနေ အရင်းရှင်စနစ်သို့ ဂျာမနီမှာ ပြောင်းလဲနေတဲ့ အချိန်ကာလဖြစ်တယ်။ အရင်းရှင်စနစ် အပြောင်းအ လဲများက လူ့အဖွဲ့အစည်းတရပ်လုံး နက်နက်နဲနဲ အပြောင်းအလဲဖြစ်ပေါ်စေခဲ့တာကို သူတို့ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ ကြရတယ်။ အကြီးအကျယ် ကုန်ထုတ်လုပ်မှုတွေက ရောမဥစ္စာဓနတွေကို ဆောင်ကြဉ်းလာတာနဲ့ တချိန်တည်းမှာ အလုပ် သမားလုတန်းစားအတွက် ဆင်းရဲဒုက္ခတွေလည်း ဆောင်ကြဉ်းပေးလာတယ်။ မာ့က်စ်နဲ့အိန်ဂယ်တို့ လူလားမြောက်လာ တာနဲ့အမျှ သူတို့ဟာ မဆီလျော်တဲ့ လူ့အဖွဲ့အစည်းစနစ်ကို ပြောင်းလဲပစ်ပြီး၊ ပိုမိုဆီလျော်တဲ့၊ တရားနည်းလမ်းကျတဲ့၊ အများစုဖြစ်တဲ့ ပြည်သူလူထု အကျိုးစီးပွားနဲ့ ဆန္ဒကို ထင်ဟပ်နိုင်တဲ့ လူ့အဖွဲ့အစည်းသစ် ထူထောင်နိုင်ရေးကို မျှော်လင့် ခဲ့ကြတယ်။ သူတို့ဟာ ဆင်းရဲသားလုပ်သားထုရဲ့ ထောက်ခံစာနာ ကူညီမှုတို့ဖြင့် ဒီအခြေအနေကို ပြောင်းလဲပြုပြင်ပြီး အဲဒီ ကနေ အရင်းရှင်စနစ်ကို အကုန်အစင် ပြုပြင်ပြောင်းလဲပစ်ကာ ပိုမိုသစ်လွင်ဆီလျော်တဲ့ စနစ်တခု ထူထောင် သွားရေးဖြစ်တယ်။ တကယ်တော့ ဒါဟာ တော်လှန်တဲ့ဒီမိုကရက်တစ်ဝါဒမှ ကွန်မြူနစ်ဝါဒသို့ဆိုတဲ့ သမိုင်းအ ပြောင်းအလဲ ကို အကောင်အထည်ဖော်ဆောင်ခြင်း ဖြစ်တယ်။ သူတို့ရဲ့ ဒီလိုအပြောင်းအလဲကို မျက်မှောက်ကာလမှာတော့ အလွန် တော်လှန်တဲ့ အပြောင်းအလဲဖြစ်တယ်လို့ ပြောဆိုနိုင်ပါပြီ။

မာ့က်စ်ဟာ ဂျာမနီ၊ ရိုင်းမြစ်ဘေးက မြို့တမြို့ဖြစ်တဲ့ ထရှိုင်ယာမြို့မှာ မွေးဖွားခဲ့သူပါ။ သူ့အဖေဟာ ထရှိုင်ယာမြို့ အစိုးရအဖွဲ့ရဲ့ ဥပဒေအကြံပေးဖြစ်တယ်။ မိသားစုအခြေအနေကတော့ တင့်တောင့်တင့်တယ် နေထိုင် စားသောက်နိုင် လောက်အောင် စီးပွားရေးအင်အား တောင့်တင်းပါတယ်။ အိန်ဂယ်ဟာလည်း ဂျာမနီ၊ ရိုင်းပြည်နယ် ဘာမင်မြို့(Barmen) မှ စည်းစိမ်ဥစ္စာ အလွန်တောင့်တင်းတဲ့ ရက်ကန်းစက်ရုံပိုင်ရှင် မိသားစုမှ ဆင်းသက်လာခြင်းဖြစ်တယ်။ ဒါပေမဲ့ သူတို့နှစ်ဦးဟာ စည်းစိမ်ယစ်မူးနေရတဲ့ဘဝမျိုးကို မလိုလားကြဘဲ၊ လူသားတွေအတွက်၊ လူ့အဖွဲ့ အစည်းတရပ်လုံးအတွက် တစုံတခုသော တာဝန်ကို ထမ်းရွက်လိုကြတယ်။ ဒီစိတ်ကူးစံအတွက် သူတို့နှစ်ယောက်လုံးဟာ သူတို့ ဘဝတသက်တာလုံး ပေးဆက်ကာ ကြိုး ပမ်းအားထုတ်ရင်း လူသားလူ့အဖွဲ့အစည်းတရပ်လုံး ပျော်ရွှင်ချမ်းမြေ့ရေးကို ဆောင်ရွက်သွားတယ်။

မာ့က်စ်နဲ့အိန်ဂယ်ဟာ ၁၉ ရာစု ၄၀ ခုနှစ်များ အစောပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ဆုံစည်းမိခဲ့ကြတယ်။ အဲဒီ နောက် မျှော်မှန်းချက်ချင်း တူညီကြတဲ့ သူတို့ ၂ ယောက်ဟာ သဘောတရား သုတေသနလုပ်ငန်းကို စတင်လုပ်ဆောင် ကြပါတယ်။ ၁၈၄၃ ကနေ ၁၈၄၄ ခုနှစ် အစောပိုင်းရောက်တဲ့အခါ မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ကမ္ဘာ့အမြင်နဲ့ ရပ်တည် ချက်ပြောင်းလဲရေး အခြေခံပြီးမြောက်သွားခဲ့တယ်။ မာ့က်စ်ဟာ "ဟီဂယ်ရဲ့ အဘိဓမ္မာ ဥပဒေသများကို စိစစ်ဝေဖန်ခြင်းနဲ့ နိဒါန်း" စာအုပ်ကိုလည်းကောင်း၊ အိန်ဂယ်က "အမျိုးသားစီးပွားရေး စိစစ်ဝေဖန်မှုစတ်တမ်း"ကိုလည်းကောင်း ရေးသားကြ တယ်။ ၁၈၄၆ ခုနှစ်ရောက်တဲ့အခါ သူတို့နှစ်ဦး စတင်ပူးပေါင်းပြီး "မွန်မြတ်သော မိသားစု" စာအုပ်ကို အောင်မြင်စွာ ရေး သားနိုင်ခဲ့တယ်။ "ဂျာမန် တွေးခေါ်ယူဆမှု"စာအုပ်ကို ရေးသားပြီးစီးသွားခြင်းဟာ သူတို့ နောက်ဆုံးမှာ သမိုင်းရုပ်ဝါဒအမြင် ကို ထူထောင်ပြီးမြောက်သွားခြင်းရဲ့ အမှတ်လက္ခဏာဖြစ်တယ်။

ကွန်မြူနစ်ပါတီ ကြေညာစာတမ်းကို ထုတ်ဝေခြင်း

မာ့က်စ်နဲ့ အိန်ဂယ်တို့အား ကွန်မြူနစ်အဖွဲ့ချုပ် ဒုတိယကွန်ဂရက်မှ တာဝန်ပေးအပ်ချက်အရ ၁၈၄၇ ဒီဇင်ဘာနှင့် ၁၈၄၈ ဇန်နဝါရီအတွင်း ရေးသားခဲ့တာဖြစ်ပြီး၊ ၁၈၄၈ ဖေဖော်ဝါရီမှာ ဒီစာတမ်းကို ပထမဆုံးအကြိမ် ဂျာမန်ဘာသာဖြင့် လန်ဒန်မှာ ပုံနှိပ်ထုတ် ဝေလိုက်ပါတယ်။ ၁၈၄၈ ဖေဖော်ဝါရီမှာ အသက် ၂၉ နှစ်နဲ့ အသက်၂၇ နှစ်သာရှိသေးတဲ့ မာ့က်စ်နဲ့ အိန်ဂယ်တို့ ရေးသားပြုစုလိုက်တဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဟာ ကမ္ဘာပေါ်မှာ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီများရဲ့ ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်လာပါတယ်။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" ထုတ်ဝေလိုက်ခြင်းဟာ မာ့က်စ်ဝါဒ ပေါ်ထွန်းလာခြင်းရဲ့ မှတ်တိုင်ဖြစ်တယ်။ မာ့က်စ်ဝါဒကို စနစ်တကျ ပြည့်စုံကုံလုံစွာ ပထမဆုံး တင်ပြလိုက်ခြင်းလည်း ဖြစ်တယ်။ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုရဲ့ လုပ်ငန်းစဉ်သဘောဆောင်တဲ့ စာတမ်းတစောင်လည်း ဖြစ်တယ်။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဟာ ကမ္ဘာ့သမိုင်းကို တီထွင်ဖန်တီးခဲ့တဲ့၊ တီထွင်ဖန်တီးနေတဲ့ စာအုပ်အနည်းငယ်အနက်မှ တအုပ်အဖြစ် လူအများက အသိအမှတ်ပြုထားတဲ့ စာအုပ်တအုပ်ဖြစ်သလို မာ့က်စ်ဝါဒရဲ့တေးသံလည်း ဖြစ်တယ်။

၁၈၄၈ ဖေဖော်ဝါရီမှာ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ကိုထုတ်ဝေလိုက်တဲ့အချိန်မှ ဒီနေ့အထိ ၎င်းဟာ ကမ္ဘာပေါ်မှာ အလွန်ကို ကျယ်ပြန့်စွာ ပြန့်နှံ့နေပြီး မာ့က်စ်ဝါဒရဲ့မော်ကွန်းဝင်ကျမ်းများအနက် အကျယ်ပြန့်ဆုံး ပြန့်နှံ့နေတဲ့ နိုင်ငံတကာလက္ခဏာဆောင်တဲ့ ကျမ်းတဆူဖြစ်တယ်။ ဒီနေ့အထိ မပြည့်စုံသေးတဲ့စာရင်းများအရ ဘာသာပေါင်း ၂၀၀ ကျော် ဘာသာပြန်ထားပြီး အကြိမ်ပေါင်း ၂၁၀၀ ကျော် ထုတ်ဝေထားပြီးဖြစ်တယ်လို့ သိရပါတယ်။

အနှစ်သာရများ

"ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဟာ ဆိုရှယ်လစ်ဝါဒသဘောတရားနဲ့ပတ်သက်လို့ ပထမဆုံးအကြိမ် ရှင်းလင်းဖွင့်ဆိုပြလိုက်ခြင်းဖြစ်ပြီး၊ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုဟာ ဘယ်သူမှ တားဆီးလို့မရနိုင်တဲ့ သမိုင်းရေစီးကြောင်းဖြစ်တယ်လို့ ညွှန်ပြလိုက်ပါတယ်။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ကို ဖွဲ့စည်းထားတဲ့ အမြုတေအခြေခံမူတွေကတော့- သမိုင်းခေတ်ကာလတိုင်းရဲ့ အရေးကြီးတဲ့ ကုန်ထုတ်လုပ်မှုနဲ့ဖလှယ်မှု၊ ၎င်းတို့မှ ပေါ်ထွန်းလာတဲ့ လူ့အဖွဲ့အစည်း အဆောက်အအုံဟာ ၎င်းခေတ်ကာလရဲ့ နိုင်ငံရေးနဲ့ စိတ်ဓာတ်တို့ရဲ့ သမိုင်းအခြေခံပေါ်မှာ တည်ဆောက်ထားတာဖြစ်တယ်၊ ဒီအခြေခံက အစချီမှသာ သမိုင်းကို ရှင်းလင်းဖွင့်ဆိုနိုင်ပါလိမ့်မယ်။

သမိုင်းဦးခေတ်လူ့အဖွဲ့အစည်း ပြိုကွဲသွားပြီးနောက် လူသားလူ့အဖွဲ့အစည်းအားလုံးရဲ့သမိုင်းဟာ လူတန်းစားတိုက်ပွဲရဲ့သမိုင်း ဖြစ်တယ်။ ဒီသမိုင်းမှာ တစီတတန်းကြီးသော ဖွံ့ဖြိုးတိုးတက်မှု အဆင့်ကာလများ ပါဝင်တယ်။ ဆိုလိုတာက ပစ္စည်းမဲ့လူတန်းစားဟာ မိမိကိုယ်တိုင် အရင်းရှင်လူတန်းစားရဲ့ သွေးစုပ် စိုးမိုးခြယ်လှယ်မှုအောက်က မလွတ်မြောက်သေးသမျှ လူ့အဖွဲ့အစည်းတရပ်လုံးဟာ သွေးစုပ်မှု၊ ဖိနှိပ်မှု၊ လူတန်းစား ကွဲပြားမှုနဲ့ လူတန်းစားတိုက်ပွဲများမှ ဘယ်လိုမှ ရှောင်လွှဲမရနိုင်ဘူးဆိုတာပါပဲ။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း" အတွင်း မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ သူတို့ရဲ့အမြင်များကို စနစ်တကျ စုစည်းရှင်းလင်းဖွင့်ဆိုပြထားတယ်။ သူတို့ရဲ့အမြင်က "ပုဂ္ဂလိကပိုင်စနစ် ဖျက်သိမ်းရေး""အရင်းရှင်လူတန်းစားရဲ့ စိုးမိုးအုပ်ချုပ်မှုကို တွန်းလှန်ပစ်ရေး၊ ပစ္စည်းမဲ့လူတန်းစားက အာဏာသိမ်းပိုက်ရေး"တို့ဖြစ်တယ်။ အဲဒီနောက်မှ "အရင်းရှင်းလူတန်းစားရဲ့ အရင်းအနှီးအားလုံးကို တလှမ်းချင်းသိမ်းပိုက်၊ ကုန်ထုတ်လုပ်ရေးကိရိယာအားလုံးကို နိုင်ငံတော်လက်ထဲ စုစည်းထားရေး ဆိုလိုတာက အုပ်စိုးသူလူတန်းစားဖြစ်လာတဲ့ ပစ္စည်းမဲ့လူတန်းစားလက်တွင်း စည်းရုံးဖွဲ့စည်းထားကာ ကုန်ထုတ်စွမ်းအားစုရဲ့ အထွေထွေအင်အားကို မြန်နိုင်သမျှလျင်မြန်စွာ တိုးပွားသွားရေးဖြစ်တယ်"။ ဒ့ါအပြင် ကွန်မြူနစ်တွေဟာ မိမိတို့ရဲ့ အ

မြင်နဲ့ အကြံအစည်များကို ဘယ်တော့မှ ဖုံးကွယ်မထားဘူး။ လက်ငင်းတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းစနစ်ကို အကြမ်းဖက် အင်အားဖြင့် တွန်းလှန်ပစ်မှသာ မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလိမ့်မယ်ဆိုတာကို သူတို့က အတိအလင်း ကြေညာခဲ့ကြတယ်။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"ဟာ အနပဋ္ဌိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒတို့အရ ကုန်ထုတ်စွမ်းအားစုနဲ့ ကုန်ထုတ်ဆက်ဆံရေး၊ စီးပွားရေးအခြေခံအုတ်မြစ်နဲ့ အပေါ်ထပ်အဆောက်အအုံတို့ရဲ့ပဋိပက္ခကို ခွဲခြမ်းစိတ်ဖြာတယ်။ လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲ၊ အထူးသဖြင့် အရင်းရှင်စနစ်လူ့အဖွဲ့အစည်းမှာ လူတန်းစားတိုက်ပွဲ ပေါ်ထွက်လာမှု၊ ကြီးထွားဖွံ့ဖြိုးလာမှုဖြစ်စဉ်တို့ကို ခွဲခြမ်းစိတ်ဖြာကာ အရင်းရှင်စနစ် မုချကျဆုံးပြီး ဆိုရှယ်လစ်စနစ် မုချအောင်ပွဲခံမယ့် ပကတိဘာဝတရားဥပဒေသများကိုလည်းကောင်း၊ အရင်းရှင်စနစ်ကို မြေမြှုပ်သင်္ဂြိုဟ်မယ့်သူများအဖြစ်နဲ့ ပစ္စည်းမဲ့လူတန်းစား ထမ်းဆောင်ရမယ့် ကမ္ဘာ့သမိုင်းပေးတာဝန်များကိုလည်းကောင်း အကျိုးသင့်အကြောင်းသင့် သက်သေထူပြခဲ့တယ်။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"မှာ အရင်းရှင်လူတန်းစားရဲ့ စိုးမိုးအုပ်ချုပ်မှုကို အကြမ်းဖက်တော်လှန်ရေးဖြင့် တွန်းလှန်ပစ်ရေး၊ ပစ္စည်းမဲ့လူတန်းစားရဲ့"နိုင်ငံရေးအရ စိုးမိုးအုပ်ချုပ်မှု" ထူထောင်ရေးတို့ကို အတိအလင်း ကြေညာထားပြီး၊ ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ်နဲ့ အရင်းရှင်လူတန်းစားအာဏာရှင်စနစ်အား အစားထိုးရေးအတွေးအခေါ်ကို ဖော်ပြထားတယ်။

"ကွန်မြူနစ်ပါတီကြေညာစာတမ်း"မှာ ပစ္စည်းမဲ့လူတန်းစားဟာ နိုင်ငံရေးအာဏာ သိမ်းပိုက်ရရှိပြီးနောက် ကုန်ထုတ်စွမ်းအားစု အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်စေရမယ်ဆိုတဲ့ အခြေခံအုတ်မြစ်ပေါ်မှာ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးကြီးများကို တလှမ်းချင်းဆောင်ရွက်ခြင်းအားဖြင့် လူတန်းစားအတိုက်အခံဖြစ်မှုနဲ့ လူတန်းစားတည်ရှိနေမှု အကြောင်းအချက်များကို ဖျက်သိမ်းသွားရမယ်လို့လည်း ညွှန်ပြထားသေးတယ်။

"ကွန်မြူနစ်ပါတီကြေညာစာတမ်း"မှာ အဲဒီခေတ်က ဖောက်ပြန်တဲ့ ဆိုရှစ်လစ်ဝါဒအတွေးအခေါ် ရေစီးကြောင်း အမျိုးမျိုးကို စိစစ်ဝေဖန်ကာ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနဲ့ပတ်သက်လို့ သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာ တန်ဖိုးဖြတ်ထား တယ်။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း" မှာ ပစ္စည်းမဲ့လူတန်းစားရဲ့ ရှေ့တန်းရောက်၊ တိုးတက်တဲ့ တပ်ဖွဲ့အနေနဲ့ ကွန်မြူနစ်ပါတီရဲ့ လက္ခဏာ၊ ထူးခြားချက်နဲ့ တိုက်ပွဲနည်းပရိယာယ်များကို ရှင်းလင်းဖွင့်ဆိုပြထားတယ်။ ဒါ့အပြင် ပါတီရဲ့ ရည်မှန်းချက်အတွက် ကြိုးပမ်းအားထုတ်ရေးနဲ့ နောက်ဆုံးရည်မှန်းချက်ဖြစ်တဲ့ ကွန်မြူနစ်ဝါဒ ရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးအကြား ဆက်စပ်မှုတို့ကိုလည်း ညွှန်ပြထားပါတယ်။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"ရဲ့ နောက်ဆုံးမှာ "ပစ္စည်းမဲ့လူတန်းစားများအဖို့ ဒီတော်လှန်ရေးအတွင်း ဆုံးရှုံးစရာရယ်လို့ သူတို့ကိုတုပ်နှောင်ထားတဲ့ နှောင်ကြိုးမှတပါး တခြားဘာမျှမရှိ၊ သူတို့ရရှိလိုက်မှာကတော့ ကမ္ဘာကြီးတခုလုံးပါပဲ"လို့ တည်ကြည်လေးနက်စွာ ကြေညာထားပါတယ်။ ဒါ့အပြင် နိုင်ငံတကာဝါဒရဲ့ တိုက်ပွဲကြွေးကြော်သံအနေနဲ့ "တကမ္ဘာလုံးက ပစ္စည်းမဲ့များ သွေးစည်းညီညွတ်ကြ" လို့ လှုံ့ဆော်တင်ပြထားပါတယ်။

လောလောဆယ်ဆယ် နှစ်များအတွင်း အနောက်တိုင်း မီဒီယာတွေနဲ့ ပညာရှင်တွေရဲ့ မာ့က်စ်နဲ့ "ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"နဲ့ ပတ် သက်တဲ့ အကဲဖြတ်ချက်

(၁) မာ့က်စ်နဲ့ ပတ်သက်တဲ့ အကဲဖြတ်ချက်

ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲဖြစ်ပေါ်ပြီးနောက် ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ဒီရေနိမ့်သို့ ကျဆင်းသွားသလို မာ့က်စ်ဝါဒလည်း ဒီရေနိမ့်သို့ ကျဆင်းသွားခဲ့တယ်။ အဲဒီအချိန်က အနောက်တိုင်းမီဒီယာတွေက မာ့က်စ်ဝါဒနဲ့ ပတ်

သက်လို့ ထိုးနက်တိုက်ခိုက်မှုတွေ၊ သွားပုပ်လေလွင့် စွပ်စွဲချက်တွေ၊ "ပြစ်တင်ကဲ့ရဲ့မှုတွေ"လုပ်ဆောင်ခဲ့ကြလို့ သူတို့ရဲ့ ရပ်တည်ချက်တွေ တဖွဲဖွဲ ပေါ်ထွက်လာခဲ့ကြတယ်။ တချို့ မာ့က်စ်ဝါဒ ဆန့်ကျင်သူများကဆိုရင် မာ့က်စ်ဝါဒကို အာဏာရှင်စနစ်လို့ ပြောဆိုကြရုံမက ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ဆိုတဲ့ အမည်တောင် ပေးလိုက်ကြပါသေးတယ်။ အဲဒီတုန်းက မာ့က်စ်ဝါဒကို ဆန့်ကျင်သူအားလုံးဟာ အရှေ့ဥရောပ အသွေးအရောင်ပြောင်းသွားခြင်းနဲ့ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခြင်းတို့ကို မာ့က်စ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒ ရှုံးနိမ့်သွားမှုရဲ့ မှတ်တိုင်အဖြစ် မှတ်ယူနေကြတယ်။ ဖရန်စစ် ဖူကူယားမာက "သမိုင်း ရဲ့ နိဂုံးနဲ့ နောက်ဆုံးလူ"(The end of history and the last man) ဆိုတဲ့ စာအုပ်တအုပ်တောင် ရေးခဲ့တယ်။ အဲဒီ စာအုပ်ရဲ့ အမြုတေအမြင်ကတော့ ၂၀ ရာစုဟာ ဆိုရှယ်လစ်စနစ်ကို လုံး၀ မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်တဲ့ ရာစုနှစ်ဖြစ်တယ်။ ၂၁ ရာစုဟာ ကွန်မြူနစ်ဝါဒကို လုံး၀ မြေမြှုပ်သင်္ဂြိုဟ်ပစ်တဲ့ ရာစုနှစ်ဖြစ်လိမ့်မယ်။ အရင်းရှင်စနစ်သာ လူသားလူ့အဖွဲ့ အစည်းအတွက် နောက်ဆုံးစနစ်ဖြစ်လိမ့်မယ်ဆိုတဲ့ အမြင်ပါပဲ။

ဒါပေမဲ့ ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ထွက်လာတဲ့ ပြဿနာဟာ အရင်းရှင်စနစ်ရဲ့ မွေးရာပါ ပဋိပက္ခများနဲ့ မွေးရာပါ ချွတ်ယွင်းချက်များ လျော့ပါးမသွားလို့ ဒါမှမဟုတ် ဖြေရှင်းမရလို့ ဖြစ်တယ်ဆိုတဲ့ သက်သေသာဓကပါပဲ။ ၎င်းရဲ့ ပဋိပက္ခနဲ့ ပြဿနာတွေဟာ ပေါ်ထွက်နေဆဲ၊ အချဉ်ပေါက်နေဆဲဖြစ်တယ်။ ၂၀ ရာစု ၉၀ ခုနှစ်များ ထက်ဝက်ကျိုးသွားပြီးနောက် အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေဟာ သည်းသန်သထက် သည်းသန်လာနေတယ်။ နောက်ဆုံး ၁၉၉၇ ခုရောက်တဲ့အခါ ငွေကြေးအကျပ်အတည်း ပေါ်ပေါက်လာတော့တယ်။ အဲဒီကာလက အနောက်တိုင်း နာမည်ကြီး ပညာရှင်အချို့ အထူးသဖြင့် ပြင်သစ်အဘိဓမ္မာပညာရှင် တယ်ရီဒါ(Derrida) က "မာ့က်စ်ရဲ့ဝိညာဉ်"ဆိုတဲ့ စာအုပ်ထဲမှာ "ကျွန်တော်တို့ ဒီခေတ်ကာလဟာ မာ့က်စ်ရဲ့ အတွေးအခေါ် အမွေအနှစ်တွေကို မမေ့အပ်ဘူး။ မေ့သွားရင်တော့ အနာဂတ်မဲ့သွားလိမ့်မယ်"လို့ တင်ပြထားတယ်။ မာ့က်စ်က သူရဲ့ အဲဒီခေတ်ကာလမှာ အရင်းရှင်စနစ်နဲ့ ပတ်သက်လို့ ခွဲခြမ်းစိတ်ဖြာချက်တွေနဲ့ ဝေဖန် ဆန်းစစ်ချက်တွေဟာ ဒီနေ့လူတွေကို အရင်းရှင်စနစ်နဲ့ပတ်သက်လို့ သိမြင်နားလည်ဖို့ ကြွယ်ဝတဲ့ အတွေးအခေါ် အမွေအနှစ်များကို ချန်ထားပေးခဲ့တာဖြစ်တယ်။ ဒါကြောင့် မေ့ပစ်လိုက်လို့ မဖြစ်နိုင်ဘူး။ ၂၁ ရာစု ဝင်လာပြီးတဲ့နောက် အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေဟာ လျော့ပါးမသွားရုံမက ဆန့်ကျင်ဘက်အားဖြင့် ဆက်လက်ဖြစ်ထွန်းတိုးပွားနေတယ်။ ၂၀၀၈ မှာ တကမ္ဘာလုံးလက္ခဏာဆောင်တဲ့ ငွေကြေးအကျပ်အတည်းကပ် ထပ်မံဖြစ်ပေါ်လာပြန်တယ်။ ဒီအကျပ်အတည်းဟာ အမေရိကမှာ စတင်ဖြစ်ပွားခဲ့တာဖြစ်တယ်။ အဲဒီအချိန်မှာ အနောက်တိုင်းအရင်းရှင်ကမ္ဘာတခုလုံး အထိတ်တလန့်နဲ့ အကျပ်အတည်းသစ်တခုအတွင်းသို့ ကျရောက်သွားလိုက်ခြင်းဖြစ်တယ်။ ၂၀၁၁ မှာ ဗြိတိသျှပညာရှင်(Eagleton)က "မာ့က်စ် ဘာကြောင့် မှန်ကန်ရသလဲ"(Why Marx was Right) ဆိုတဲ့စာအုပ်မှာ သူက ဒီနေ့လူတွေ မာ့က်ဝါဒအပေါ် သံသယဝင်နေတဲ့ ပြဿနာ ၁၀ ရပ်ကို အဓိက အဖြေပေးထားတယ်။ ဒါတွေထဲမှာ အနောက်တိုင်းက တချို့လူတွေ မာ့က်စ်ဝါဒကို ထိုးနက်တိုက်ခိုက်ထားတာတွေနဲ့ ပတ်သက်တဲ့ပြဿနာတွေလည်း ပါဝင်တယ်။ ဒီပြဿနာ ၁၀ ရပ်ကို ရည်စူးပြီး Eagleton က "အရင်းရှင်စနစ် သမိုင်းစတင်လိုက်ကတည်းက အကုန်စင်ဆုံး၊ အပြင်းထန်ဆုံး၊ ဘက်အစုံဆုံး ဝေဖန်စိစစ်ချက်များအနေနဲ့ မာ့က်စ်ဝါဒက ကျွန်တော်တို့ရဲ့ကမ္ဘာကြီးကို အကြီးအကျယ် ပြောင်းလဲပစ်လိုက်တယ်။ အဲဒီကနေ ကောက်ချက်ချနိုင်တာကတော့ အရင်းရှင်စနစ် အသက်ရှင်တည်ရှိနေသမျှ မာ့က်စ်ဝါဒဟာလည်း တည်ရှိနေဦးမှာပဲ" ဆိုတဲ့အချက်ကို အထူး အလေးထား ဖော်ပြခဲ့တယ်။ အထက်ပါ အကဲဖြတ်ချက် ၂ ခုကနေ တွေ့နိုင်တာကတော့ တော်တော်များများ ပညာရှင် တွေအတွင်း မာ့က်စ်ဝါဒရဲ့ အဆင့်နေရာဟာ အလွန် တန်ဖိုးမြင့်ပါတယ်ဆိုတဲ့အချက်ပါပဲ။

၁၉၉၉ ခုနှစ်၊ လန်ဒန် BBC အသံလွှင့်ဌာနက ဒုတိယထောင်စုနှစ်ရဲ့ "ဩဇာအရှိဆုံး အတွေးအခေါ်ပညာရှင်"ကို အကဲဖြတ်ရွေးချယ်မှု ပြုလုပ်ခဲ့ပါတယ်။ အားလုံးဟာ မိမိစိတ်ဆန္ဒအရ ပါဝင် မဲပေးနိုင်ပါတယ်။ ရလဒ်ကတော့ မာ့က်စ်ဟာ နံပါတ် ၁ နေရာမှာ ရှိနေခဲ့တာကို အထင်အရှားတွေ့မြင်ခဲ့ကြရတယ်။ ၂၀၀၅ ခုနှစ် ဇူလိုင်မှာပဲ လန်ဒန် BBC အသံလွှင့်

ဌာနက "ဒီနေ့ အင်္ဂလိပ်လူမျိုးများရဲ့ စိတ်နှလုံးမှာ ဘယ်သူဟာ အကြီးမြတ်ဆုံး အဘိဓမ္မာပညာရှင်လဲ"ဆိုတာ အကဲဖြတ်ရွေးချယ်မှု ပြုလုပ်ခဲ့ပြန်ပါတယ်။ ဒီတချီမှာလဲ မာ့က်စ်ပဲ။ ဒုတိယနေရာ ရရှိသူထက် မဲအရေအတွက် တစ်ဆပိုရပြီး ဗယားရဲ့ ထိပ်ဆုံးနေရာမှာ ရရှိခဲ့ပြန်တယ်။ ဒီဖြစ်ရပ် ၂ ခုကနေ တွေ့မြင်နိုင်တာကတော့ အနောက်တိုင်းသားတွေအပေါ် မာ့က်စ်ဟာ အလွန်သြဇာကြီးသူဖြစ်တယ် ဆိုတာကို တွေ့နိုင်ပါတယ်။

(၂) "ကွန်မြူနစ်ပါတီကြေညာစာတမ်း"အပေါ် တန်ဖိုးဖြတ်ချက်အချို့

"ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဆိုတဲ့စာအုပ်ဟာ အထူကြီးတော့ မဟုတ်ပါဘူး။ ခပ်ပါးပါးလို့ပဲ ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူဟာ လူသားတွေရဲ့ အတွေးအခေါ်နယ်ပယ်မှာ သြဇာသက်ရောက်မှုကတော့ အလွန်ကြီးပါတယ်။ ကမ္ဘာ့မီဒီယာလောက-က ထောက်ခံတဲ့ ကနေ့အထိ ကမ္ဘာပေါ်မှာ သြဇာသက်ရောက်မှုအကြီးဆုံး စာအုပ် ၁၀ အုပ် သို့မဟုတ် ၂၀ စာရင်းအတွင်းမှာ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"စာအုပ်ဟာ ထည့်သွင်း ဖော်ပြခြင်း ခံခဲ့ရတဲ့ စာအုပ်လည်းဖြစ်တယ်။

ဒါ့အပြင် အနောက်တိုင်းပညာရှင်တွေက "ကွန်မြူနစ်ပါတီကြေညာစာတမ်း"စာအုပ်အပေါ် အကဲဖြတ်ချက်ဟာလည်း အလွန်မြင့်ပါတယ်။ ဗြိတိန် ကင်းဘရစ်တက္ကသိုလ်မှ ပါမောက္ခတဦးဖြစ်တဲ့ ဂရက်ဂျုန်း(Gareth Jones)က "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဟာ အလွန်ခွန်အားကြီးတဲ့၊ အံ့ဖွယ်စာအုပ်တအုပ်ပါလို့ ဆိုပါတယ်။ ၎င်းဟာ အံ့သြစရာကောင်းလောက်အောင် လက်တွေ့ကျတဲ့ အမိဟ္ပာယ်တွေ ပါရှိနေတယ်။ ဗြိတိသျှသမိုင်းပညာရှင် အဲရစ် ဟော့စ်ဘွမ်း(Eric hobsbawm)က "ကွန်မြူနစ်ပါတီကြေညာစာတမ်းဟာ ဂလိုဘယ်လိုက်ဖေးရှင်းရဲ့ အနှစ်သာရနဲ့ အကျိုးဆက်တွေကို အံ့သြဖွယ်ရာကောင်းလောက်အောင် ကြိုတင်နိမိတ်ဖတ်ခဲ့တယ်"လို့ ဆိုပါတယ်။

အထူးသဖြင့် ဒီနေ့ ဂလိုဘယ်လိုက်ဖေးရှင်းကမ္ဘာကြီးအကြောင်း ပြောဆိုဆွေးနွေးနေမှုတွေကို မာ့က်စ်က လွန်ခဲ့တဲ့ နှစ် ၁၇၀ လောက်ကတည်းက ဂလိုဘယ်လိုက်ဖေးရှင်းရဲ့ သြဇာသက်ရောက်မှု၊ အခန်းကဏ္ဍအားလုံးကို အလွန် နက်ရှိုင်းစွာနဲ့ အလွန်နိုက်နိုက်ချွတ်ချွတ် ခွဲခြမ်းစိတ်ဖြာမှုတွေ လုပ်ဆောင်ထားခဲ့ခြင်းပါပဲ။

ကွန်မြူနစ်ပါတီကြေညာစာတမ်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ

ဗမာပြည် ကွန်မြူနစ်ပါတီကို ၁၉၃၉ သြဂုတ် ၁၅ ရက်မှာ လျှို့ဝှက်ထူထောင်တယ်။ ပါတီအနေနဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" ကို ဗမာဘာသာနဲ့ ၃ ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ဖူးတယ်။

"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"ကို ၁၉၄၈ ခုနှစ်အစောပိုင်း၊ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းနဲ့ ပတ်သက်လို့ ဒုတိယအကြိမ် ထုတ်ဝေခြင်းအမှာစကားမှာ ဥက္ကဋ္ဌသခင်ဇသိန်းတင်က အောက်ပါအတိုင်း ရေးထားပါတယ်။

"၁၉၄၇ လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ "ဗြိတိသျှအင်ပိုင်ယာအတွင်းရှိ ကွန်မြူနစ်ပါတီများကွန်ဖရင့်"မှာ ဆုံးဖြတ်ချက်တခု ချမှတ်ခဲ့တယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ ၁၉၄၈ ခုနှစ်ဟာ ကွန်မြူနစ်ပါတီကြေညာစာတမ်း အနှစ် ၁၀၀ ပြည့်နေ့ဖြစ်တဲ့အတွက် တတ်နိုင်တဲ့ ကွန်မြူနစ်ပါတီများက မိမိတို့ တိုင်းရင်းဘာသာစကားဖြင့် ဘာသာပြန် ပုံနှိပ်ထုတ်ဝေကြရန်နဲ့ မိတ္တူ ၅ အုပ်မှ ၁၀ အုပ်စီလောက်ကို လန်ဒန်ရှိ မာ့က်စ် အထိမ်းအမှတ်ဗိမာန်မှာ ထားရှိရန် ဆုံးဖြတ်ခဲ့တယ်။

"ဒီအစည်းအဝေးကို ကျွန်တော်တို့ပါတီကလည်း ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ခဲ့ပါတယ်။

"ဒီဆုံးဖြတ်ချက်အတိုင်း ၁၉၄၈ ခုနှစ် အစောပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ဒီစာအုပ်ကို ဗမာဘာသာပြန် ထုတ်ဝေခဲ့ပါတယ်။ မိတ္တူ ၁၀ စောင်ကိုလည်း လန်ဒန်မြို့ရှိ မာ့က်စ် အထိမ်းအမှတ်ဗိမာန်သို့ ပို့ခဲ့ပါတယ်"လို့ ဖော်ပြခဲ့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ ပြည်သူ့အာဏာပုံနှိပ်တိုက်က ထုတ်ဝေခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒုတိယအကြိမ် ထုတ်ဝေမှုနဲ့ ပတ်သက်လို့ ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်ရဲ့ အထက်ဖော်ပြပါ အမှာစာထဲမှာပဲ "အခုအခါ ပါတီတွင်းပညာပေးရေး လိုအပ်မှုအတွက် ဒီစာအုပ်ကို ထပ်မံဘာသာပြန် ပုံနှိပ်ထုတ်ဝေလိုက်ပါတယ်"လို့ ရေးသားထားပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အရှေ့မြောက် လွတ်မြောက်ရေးအခြေခံဒေသတနေရာရှိ၊ ဘာသာပြန်နဲ့ ဗဟိုပုံနှိပ်တိုက်က ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာ နောက်ပိုင်းမှာ ထုတ်ဝေခဲ့ပါတယ်။

တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းကို ကြေညာစာတမ်း နှစ် ၁၆၀ ပြည့်ကာလ၊ ၂၀၀၈ ဖေဖော်ဝါရီမှာ၊ အထွေထွေ အတွင်းရေးမှူး ရဲဘော်ကြင်မောင်ရဲ့ အမှာစာနဲ့ ဗဟိုဝါဒဖြန့်ချိရေးက ထုတ်ဝေခဲ့ပါတယ်။

တတိယအကြိမ် ထုတ်ဝေခြင်း၊ အထွေထွေအတွင်းရေးမှူး ရဲဘော်ကြင်မောင်ရဲ့ အမှာစာမှာ " 'ကြေညာစာတမ်း' နှစ် ၁၆၀ တင်းတင်းပြည့်ခဲ့ပြီ။ 'ကြေညာစာတမ်း'ဟာ မာ့က်စ်ရဲ့ ပစ္စည်းမဲ့တော်လှန်ရေးကျမ်းဖြစ်သည်။ နှစ် ၁၆၀ အတွင်းမှာ ခေတ်ကာလနှင့် လိုက်လျောညီစွာ မာ့က်စ်ဝါဒကို တိုးချဲ့ခဲ့ကြပါသည်။ မာ့က်စ်ကိုယ်တိုင် တိုးချဲ့ခဲ့တာရှိသလို အိန်ဂယ်၊ လီနင်၊ မော်စီတုန်းတို့ကလည်း ခေတ်နှင့်အညီဖြစ်အောင် တိုးချဲ့ခဲ့ပါသည်။ ယခုလည်း ၂၁ ရာစု ခေတ်နဲ့အညီ တိုးချဲ့နေကြပါသည်။ တိုးချဲ့တာမလုပ်လျှင် မာ့က်စ်ဝါဒ၏သက်ဝင်လှုပ်ရှားမှု ရပ်သွားပြီး တရားသေဖြစ်သွားလိမ့်မည်။ မိမိတို့ လုပ်ရမည်မှာ ဘာတွေကို ၂၁ ရာစုခေတ်နဲ့အညီဖြစ်အောင် တိုးချဲ့ မလဲဆိုတာကို စဉ်းစားတွေးခေါ်ဖို့ဖြစ်ပါသည်"လို့ အစချီထားပါတယ်။ "နောက်ဆုံးပြောချင်တာက ကြေညာစာတမ်းကို မိမိတို့ တော်လှန်ရေးလက်တွေ့ဖြင့် ပေါင်းစပ်ပြီး လေ့လာကြဖို့ဖြစ်သည်။ ကြေညာစာတမ်း၏ အနှစ်ကိုယူ၊ အကာကို ပယ်ကြဖို့ဖြစ်သည်။ မာ့က်စ်၊ အိန်ဂယ်တို့ခေတ်ကနဲ့ အခုခေတ် မတူတော့တာကို သတိပြုရမည်။ မီးရထားခေတ်နှင့် အခုကျည်ဆန်ရထားခေတ်၊ ဂျက်လေယာဉ်ပျံကြီးများခေတ် မတူနိုင်ပါ"လို့ ရှင်းပြပြီး - "ကြေညာစာတမ်းကို နောက်တဖန် လေ့လာကြပါ။ ၂၁ ရာစုလက်တွေ့နှင့် ပေါင်းစပ်စဉ်းစားကြပါဟု တိုက်တွန်းပါသည်"လို့ သူ့အမှာစာကို အဆုံးသတ်ထားပါတယ်။

ယခုအခါ ကြေညာစာတမ်းထုတ်ဝေတဲ့ နှစ် ၁၇၀ ပြည့်ကာလရောက်ရှိခဲ့ပါပြီ။ ဆောင်းပါးအစမှာ အစချီထားတဲ့အတိုင်း "၂၀၁၈ ခုနှစ်ဟာ အဓိပ္ပာယ်ရှိတဲ့ နှစ်တနှစ် ဖြစ်ပါတယ်"။ ကျွန်တော်တို့ပါတီဝင်များအနေနဲ့ မိမိတို့ရောက်ရှိနေတဲ့ အနေအထားများအရ တဦးချင်းဖြစ်စေ၊ စုပေါင်းဖြစ်စေ အခိုင်အမာအရ မိမိတို့ရဲ့ မာ့က်စ်ဝါဒရေချိန် တဆင့်မြှင့်တင် ရေးအတွက် "ကြေညာစာတမ်း"လေ့လာရေးကို ဆုပ်ကိုင်သင့်ပါတယ်။ အဲဒီလို ဆုပ်ကိုင်ရာမှာလည်း အထက်ဖော်ပြပါ အထွေထွေ အတွင်းရေးမှူးရဲ့လမ်းညွှန်ချက်ကို ဆုပ်ကိုင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း၊ "ကြေညာစာတမ်း" နှစ် ၁၇၀ ပြည့် အခါသမယ ကို အထိမ်းအမှတ်ပြုခြင်း စာတမ်းကို အဆုံးသတ်လိုက်ပါတယ်။

မာ့က်စ်ဝါဒ အဓွန့်ရှည်ပါစေ။
ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

ရဲဘော်သိန်းမောင်
မတ် ၂၀။ ၂၀၁၈။

ကိုးကား။ ။

၁။ တရုတ်ဘာသာနဲ့ စာတမ်းများ

၂။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ တတိယအကြိမ်ထုတ် "ကွန်မြူနစ်ပါတီကြေညာစာတမ်း"

အရေးတော်ပုံဂျာနယ်
(ဖောင်ပိတ်ဆောင်းပါး)

စက်ဘီးပူကို ကျော်မတက်ခင် ခရီးတထောက်ရောက်သွားတဲ့ ဒေါ်စုခရီး

အေးငြိမ်း

အချိန်အားဖြင့် ပြည်တွင်းမှာ ဒီချုပ်အစိုးရအနေနဲ့ အကုန်လုံးလက်ဦးမှု မဲ့နေချိန်သွားတဲ့ခရီးဖြစ်တယ်။

- တချိန်မှာ စိတ်ကောင်းလေးများ ဝင်လာလေမလား ထင်ထားခဲ့တဲ့ စစ်တပ်နဲ့ရင်ကြားစေ့ရေးကလည်း ရွှေငုံးမင်း အမြီးမျှော်သလို နီးလျက်နဲ့ ဝေးနေဆဲ။

- လူသိန်းသောင်းထဲက မိမိစိတ်ကြိုက် ခေါင်းခေါက် ရွေးချယ်လိုက်တဲ့ သမ္မတတယောက် လက်လန်သွားခဲ့ပြီ။ လက်ရွေးစင်ထဲက ဖြုတ်ပစ်လိုက်ရတဲ့ ပြည်ထောင်စု ဝန်ကြီးက ၂ ပါး၊ တိုင်းနဲ့ ပြည်နယ်ဝန်ကြီးချုပ် ၂ + ဝန်ကြီး ၇ ပါး ရှိလာခဲ့ပြီ။ ဖြုတ်ရတော့မယ့်သူတွေကလည်း တန်းစီနေဆဲ။

- တချိန်က မိမိကို ယုံကြည်ကိုးစားခဲ့၊ ထောက်ခံခဲ့၊ မဟာမိတ်ပြုခဲ့တဲ့ (လက်နက်ကိုင်/ လက်နက်မဲ့) တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးပါတီတွေနဲ့လည်း ကင်းကွာနေခဲ့ပြီ။

- ပြည်သူတွေ မမြင်မတွေ့လိုတော့တဲ့ ၂၀၀၈ ကိစ္စလည်း မပြီးမပြတ် ချောင်ထိုးထားလိုက်ရပြီ၊ လွှတ်တော်ထဲက ၂၅% သော တပ်မတော်သား ကိုယ်စားလှယ်တွေကို ဖယ်ရှားသွားနိုင်ဖို့ ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ တဆင့်ပြီးတဆင့် လုပ်ဆောင်သွားမယ်ဆိုတဲ့ ချွေးသိပ်စကားပဲ ကြားလိုက်ရတယ်၊ အင်မတန် လက်တွေ့မကျတဲ့စကားပါ၊ အချိန်ဘယ်လောက်

ယူမယ် မပြော၊ ဦးပေါ်ဦးဆင်ဖြူတော်လို ဖြစ်မှာကိုတော့ စိုးမိတယ်၊ ဒါမှမဟုတ် လွှတ်တော်မှာ NLD အနေနဲ့ ၇၅% ပိုင်ထားပြီးသား ၂၅ % သော စစ်တပ်ကိုယ်စားလှယ်တွေထဲက ဒုရဲမှူး မိုးရန်နိုင်လိုလူတချို့ ထွက်လာဖို့များ မျှော်လင့်ပြောသလားတော့ မသိ။

- တိုင်းပြည်စီးပွားရေးကလည်း ဂျက်လေယာဉ်ကြီး ပျံတက်သလို တရှိန်ထိုးတက်မလာဘဲ တလိမ့်ခေါက်ကွေး ကျဆင်းကာ ပြည်သူတွေ ငတ်ပြတ်စ ပြုနေတဲ့ချိန်။

- နိုင်ငံရဲ့ ကုန်သွယ်ရေးလိုငွေက ၃ လအတွင်း ဒေါ်လာသန်း ၁၀၀၀ ကျော် ရှိနေချိန်။ ကျပ်ငွေတန်ဖိုး တလအတွင်း စံချိန်တင်ထိုးကျနေတယ်၊

- ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ သတ်ဖြတ်မှု၊ မုဒိန်းမှု မူးယစ်ဆေးကုန်ကူးမှု စတဲ့ ရာဇဝတ်မှုကြီး/ငယ်တွေ ပြောင်ပြောင်တင်းတင်း လုပ်လာကြလို့ ပြည်သူတို့ဘဝ မလုံမခြုံဖြစ်လာချိန်။

- သဘာဝ ရေကြီးရေလျှံဘေးနဲ့ လူလုပ်ဘေး(ရခိုင်၊ ကချင်၊ ရှမ်းပြည်နယ်တွေဘက် စစ်တပ်သောင်းကျန်းမှုတွေ) ကြောင့် တပြည်လုံး ကျီးလန့်စာစားဖြစ်နေကြချိန်။

- စစ်တပ်အနေနဲ့ လူမျိုးတုံး မျိုးဖြုတ်မှုတွေ လုပ်ခဲ့တယ်ဆိုပြီး နိုင်ငံတကာက ဗမာပြည်က တာဝန်ရှိသူ အာဏာပိုင်တွေကို အပြစ်ပေးအရေးယူဖို့ တောင်းဆိုလာချိန်မှာ သူပေးချင်တဲ့ မက်ဆေ့ချ်(သတင်းစကား)ကို ပြည်ပထွက် ပြောတာဖြစ်တယ်။

- ရေဘေးသင့်၊ စစ်ဘေးသင့်၊ ဝမ်းရေးဘေးသင့်၊ ၂၀၀၈ ဘေးသင့်နေတဲ့ပြည်သူတွေ လမ်းပေါ်မထွက်ကြနဲ့ဆိုတဲ့ အကြောင်းကြားချက်ပါသလို နိုင်ငံတကာကိုလည်း စစ်တပ်နဲ့ ကျွန်မတို့ကို ခွဲမနေပါနဲ့ တသဘောတည်းပဲ .... ဆိုတာကို ပြလိုက်တာဖြစ်တယ်။

"ကျမတို့အနေနဲ့ နိုင်ငံကို ကပြောင်းကပြန်ဖြစ်တဲ့ တော်လှန်ရေးလုပ်ပြီး ပြောင်းလဲတာမျိုး အားမပေးဘူး၊ ကျမတို့ စိတ်ရှည်ပါမယ်၊ ကျမတို့ မဆုတ်မနစ် ကြိုးစားမယ်၊ ကျမတို့ ဥပဒေဘောင်အတွင်းက လုပ်မယ်" .... ဆိုတဲ့ မိန့်ခွန်းကို ကြည့်ရင် သူ့ရဲ့ရပ်တည်ချက်၊ သဘောထား၊ လုပ်ငန်းစဉ်ကိုပါ-ဝါကျ ၄ ကြောင်းနဲ့ ရှင်းရှင်းလင်းလင်းဖော်ပြလိုက်တာ ဖြစ်တယ်။

ဒီလိုပြောတာကို - မြန်မာ့နိုင်ငံရေးကို တပ်မတော်က ထာဝရ ဦးဆောင်သွားမယ်.... ဆိုတဲ့ စစ်အုပ်စုက ကြိုက်ပါမယ်၊ ဒေါ်စုကိုယ်တိုင်လည်း အန္တရာယ်စက်ကွင်းထဲက လွတ်ကင်းသွားနိုင်ပါတယ်။

ဒါပေမဲ့ ဒါဟာ နိုင်ငံရေး ချွတ်ခြုံကျမှုပဲ ဖြစ်တယ်။ သူတို့စိတ်ရှည်နိုင်ကြပေမယ့် ပြည်သူတွေ စိတ်ရှည်ကြတော့မှာ မဟုတ်တာ -သူတို့ သိဖို့ကောင်းပါပြီ။

အေးငြိမ်း

(၂၄-၈-၂၀၁၈)

မာတိကာ

စာတည်းအဖွဲ့အမှာ(၃)

ဒီတိုင်းပြည်၊ ဒီပြည်သူနဲ့ဒီဒီမိုကရေစီ(၆)

၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းမှ ဒီမိုကရေစီလမ်းစပွင့်မယ်။(၈)

၇၊၇၊၆၂ ကို မမေ့ကြနဲ့(၁၂)
၂၁ ဂလိုဘယ်ပင်လုံ(၁၅)

ဖွတ်ထွက်မှ တောင်ပို့မှန်းသိလို့ကတော့(၁၇)
သေနတ်နဲ့သတိအမြဲရှိနေမှ(၂၁)

ရမ်းရမ်းမိုက်မိုက်ပြောသွားတဲ့ ကာချုပ်မိန့်ခွန်း(၂၃)

ပိုလ်ရွှေမန်းရေးတဲ့စာအုပ်ထဲက(၂၆)

ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။(၃၅)

ဖေဖေရဲ့မင်းသားကြီး(၃၉)

ဘယ်တုန်းကမှ ချစ်ခဲ့ကြတာမဟုတ်၊ ဒါပေမဲ့....(၄၂)
ဘရာဇီးထရပ်ကားသပိတ်(၄၇)
တရုတ်ပြည်ကပေးစာတစောင်။(၄၉)

တရုတ် - အမေရိကန် ကုန်သွယ်ရေးစစ်(၅၄)

ထရမ့်-ကင် ထိပ်သီးဆွေးနွေးပွဲ(၅၈)

မြောက်ကိုရီးယားအရေး-----စစ်အေးခေတ်ကြီးပြီးတော့မလား။(၆၂)

ကွန်မြူနစ်ပါတီကြေညာစာတမ်း နှစ် ၁၇၀ ပြည့်......(၆၇)

.....ခရီးတထောက်ရောက်သွားတဲ့ ဒေါ်စုခရီး(၇၅)